www.burmeseclassic.com

ရွှေပြည့်သိမ်းစာပေ

# ဂျူမ

## အချစ်ဆိပ်သင့်စေ

(အချစ်လုံးချင်းဝတ္ထု)



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း၊
ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၈) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လုံမ
အချစ်ဆိပ်သင့်စေ / လုံမ။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ x ၁၈ စင်တီမီတာ
(၁) အချစ်ဆိပ်သင့်စေ

# လုံမ

## အချစ်ဆိပ်သင့်စေ

www.burmeseclassic.com

# အခန်း (၁)

''အဘိုး . . . အဘိုးသားဆယ်တန်းအောင်တယ်၊ မာမီရေ မာမီ၊ သားဂုဏ်ထူးငါးဘာသာပါတယ်ဗျ၊ ဒယ်ဒီ. . . လေးလေးအန်တီလေး'' အိမ်ထဲပြေးဝင်လာပြီးအော်ဟစ်နေသော သရထံရဲ့အသံကြောင့် အိမ်ရှိလူကုန်ဧည့်ခန်းထဲ အပြေးရောက်လာကြသည်။ အဘိုးဖြစ်သူဦးပြည်သာအောင်က မြေးပခုံးကို ဖက်ပွေ့ကာ ဂုဏ်ယူလေသံကြီးနှင့် ''အဘိုးမြေးက တော်လိုက်တာကွ၊ အဘိုးကအနည်းဆုံး ဂုဏ်ထူးငါးခုလို့ ပြောတာကို ဖြစ်အောင်လုပ်ပေးနိုင်တယ်၊ မြေးကအတော်ဆုံး၊ ဒါကြောင့် အဘိုးကအချစ်ဆုံး၊ အမယ်လေးမြေးကြီးရာ၊ အဘိုးက ဂုဏ်ပြုပွဲလုပ်ပေးမယ်ကွကြားလား''

''ဟုတ်ကဲ့အဘိုး၊ ပါတီပဲနော်၊ အကျဉ်းမရဘူးသူငယ်ချင်းတွေလည်းဖိတ်မှာ''

''ဟုတ်ပါပြီမြေးရယ်၊ မြေးသဘောပါ''

''အဘိုး. . . ကားလဲပေးမှာလို့ ပြောထားတာလည်း မမေ့နဲ့ဦး''

''မေ့ပါဘူးဗျာ၊ ညနေသားကြိုက်တဲ့ကားရစေရမယ်၊ အဘိုးက အဆင်သင့်မှာပြီးသားပါ''

''ဒယ်ဒီ. . . ဒယ်ဒီကရော သားကိုဘာပေးမှာလဲ''

သရထံမေးလိုက်တော့ ဦးကျော်ထင်မျက်နှာက ယောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



မှုပြုးလျက်

"အဘိုးက အားလုံးလုပ်ပေးနေတာပဲ၊ ဒယ်ဒီက ပေးစရာလို သေးလို့လားကွ"

"အဘိုးပေးတာနဲ့ ဘာဆိုင်လို့လဲ၊ ဒယ်ဒီသားပဲဥစ္စာ ဒယ်ဒီ ပေးရမှာပေါ့"

"အရင်လည်းသားလိုအပ်တာ ဒယ်ဒီဝယ်ပေးနေတာပဲကွာ"

"အဲဒါနဲ့ မတူဘူးလေ၊ အခုသားကိုဂုဏ်ပြုရမှာ"

"အေးပါကွာ၊ သားလိုချင်တာပေးပါမယ်"

ဒယ်ဒီဆီကရပြန်တော့ သရထံမာမီကိုချွဲနွဲ့စွာ ဖက်တွယ်လိုက် ပြီး

BURMESE CLASSIC

"မာမီရော"

"သားကကွယ် တစ်ယောက်ချင်းစီက တောင်းနေတော့တာ ပဲ"

"သားမှာ ဒီအဘိုးဒီအဖေဒီအမေနဲ့ ဒီဦးလေးအဒေါ်တွေပဲရှိ တာ။ တစ်ခုစီတောင်းရမှာပေါ့ဗျ။ သားကအားလုံးအတွက် ဂုဏ်ထူးတစ် ခုစီယူပေးထားတာ၊ ဟုတ်တယ်နော်၊ အန်ကယ်လေးနဲ့ အန်တီလေး"

"ဟားဟား ငါ့တူကြီးကတော့လုပ်ပြီ၊ အန်ကယ်လေးဆီက လည်းယူဦးမလို့ပေါ့လေ"

"အန်ကယ်လေးတင်မဟုတ်ဘူး၊ အန်တီလေးဆီကပါတောင်း ဦးမှာ၊ အန်တီလေးသားအတွက် ပါတီဝတ်စုံတစ်စုံပဲနော်"

"အဟင်းဟင်း ပေးရမှာပေါ့ကွယ်၊ ဒီတူလေးတစ်ယောက်တည်း ရှိတဲ့ဟာကို"

အားလုံးရဲ့မျက်နှာမှာ အပြုံးကိုယ်စီနှင့် သရထံအတွက် ဂုဏ်ယူ နေကြသည်။ သရထံက ဒီမိသားစုမှာ တစ်ဦးတည်းသောမြေးလေး သား လေး တူလေးပါ။ ဦးပြည်သာအောင်မှာ ကိုကျော်ထင်နှင့် ကိုမောင်လွင်

[redacted]



ဆိုသောသားနှစ်ယောက်ရှိပြီး အိမ်ထောင်ကိုယ်စီကျသော်လည်း ကို ကျော်ထင်နှင့် ခင်နန္ဒာမှာသာ သရထံဆိုသည့် သားတစ်ယောက်မွေးခဲ့ သည်။

ကိုမောင်လွင်နှင့် ဒေါ်သီရိကြွေတို့မှာ သားသမီးတစ်ယောက်မှ မမွေး။ ကိုမောင်လွင်မှာ ချွတ်ယွင်းချက်ရှိတာလား၊ ဒေါ်သီရိကြွေမှာ ချွတ်ယွင်းချက်ရှိနေတာလားဆိုတာတော့မသိ။

ဒါကြောင့်မို့ သရထံကိုပဲ အားလုံးအကဲပိုစွာ ဝိုင်းချစ်နေကြရ သည်။ သရထံကလည်း သူ့ကိုချစ်အောင် ခင်တွယ်အောင် လိမ္မာရေး ခြားရှိ၏။ ဆယ်တန်းကို အဘိုးကဂုဏ်ထူးငါးဘာသာပါစေချင်သည် ပြောလိုက်တာနှင့် စာကိုအာရုံစိုက်ကာ ဂရုတစိုက်ကြိုးစားခဲ့သည်။ သူ လိုချင်တာကိုလည်း ချွဲနွဲ့ကာရအောင်တောင်းတတ်၏။

အားလုံးရဲ့အလိုလိုက်ခံထားရသော်လည်း သရထံက လူဆိုး လူသွမ်းလေးမဟုတ်ခဲ့ပေ။ ဒါကြောင့် အဘိုးဦးပြည်သာအောင်က သရထံ ကိုသားတွေထက် အချစ်ပိုနေခဲ့တာဖြစ်သည်။

"တီ . . တီ"

"ခဏလေးနော်အဘိုး၊ သူငယ်ချင်းတွေဆီက ဖုန်းလာတာ ပြောလိုက်ဦးမယ်၊ သူတို့လည်း ဂုဏ်ထူးတွေပါကြတယ်အဘိုးရ၊ ဘယ် လိုပျော်ပွဲရှင်ပွဲလုပ်မလဲ လှမ်းမေးတာထင်တယ်"

အဘိုးကိုပြောလိုက်ပြီး တိုက်ကြီးရဲ့ပေါ်တီကိုတက် သရထံထွက် လာခဲ့သည်။

"ဟယ်လိုငွေလ၊ အပြင်ရောက်နေပြီလား၊ ကျော်သက်နဲ့ရော တွေ့ပြီးပြီလား၊ နင့်ဆီလာမယ်ပြောတယ်"

"အခုသူလာခေါ်လို့ နင့်အိမ်ကိုထွက်လာနေပြီ၊ ငါတို့နင့်အိမ် မှာ ဘာရိတ်ဖတ်စ်စားမယ်နော်"

"ဩော် . . . အေး စီစဉ်ခိုင်းထားမယ်လေ၊ ညကျရင်လည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကဲရဦးမှာ၊ အဘိုးက ပါတီလုပ်ပေးမှာတဲ့ဟ''

''အိုကေပေါ့ လန်းမယ်လေ၊ ငါ့အိမ်ကတော့ သိပ်မမိုက်ဘူး။ ဘုန်းကြီးဆွမ်းကျွေးပြီး လူတွေကိုညှော်ခံကျွေးမွေးရုံပဲ''

''ဘာပဲဖြစ်ဖြစ် ဆွဲရတာပေါ့ဟာ''

''နင့်အဘိုးကတော့ နင့်စိတ်ကြိုက်နင်ဖြစ်ချင်တာ အကုန်လုပ်ပေးတာပဲ၊ နင့်အဘိုးက နင့်မိဘတွေထက်တောင် နင့်ကိုပိုချစ်သေးတယ်''

''အေး. . ဟုတ်တယ် အဲဒါကတော့ မြေကြီးလက်ခတ်မလွဲဘဲ၊ အဲဒါကြောင့် ငါကလည်း မိဘတွေထက် အဲ. . ဒယ်ဒီထက် အဘိုးကိုပိုချစ်တယ်၊ ဒယ်ဒီကတော့ မာမီလောက်ငါ့အပေါ် မနွေးထွေးသလိုဘဲ၊ အဘိုးကလည်း အဲဒီကိစ္စဒယ်ဒီကို အရမ်းပြောတာ၊ မင်းပုံစံအေးစက်စက်နဲ့ဆိုပြီးလေ၊ ငါလိုတာ ဒယ်ဒီဝယ်မပေးရင် ဆိုတော့တာပဲ''

''အေးပါ၊ နင်ကတော့ နင့်အိမ်မိသားစုအကြောင်းပြောရင် ရွှန်းရွှန်းကိုဝေနေတာပဲ၊ ဒါပဲနော် ဆုံမှဆက်ပြောကြမယ်''

''အိုကေ ငွေလဒါပဲနော်''

ဖုန်းပိတ်ပြီး သရေထဲအိမ်ထဲပြန်ဝင်လာခဲ့သည်။ မိသားစုတွေက ညှော်ခန်းမှာပဲရှိနေကြသေးသည်။

''အဘိုး သူငယ်ချင်းတွေလာမယ်၊ ဘာရိတ်ဖတ်စ်ဒီမှာဆွဲမယ်တဲ့၊ စီစဉ်နိုင်းလိုက်ဦးနော်''

အဘိုးက အာဏာအရှိဆုံးမို့ အမိန့်ပေးလို့ရအောင် ချွဲနွဲ့၍ အပူကပ်လိုက်သည်။ အဘိုးကပြုံးပြုံးကြီးနှင့်

''ကဲ. . သမီးနှစ်ယောက်လုပ်ပေးလိုက်ကြစမ်း၊ အကောင်းဆုံးစီစဉ်ပေးလိုက်နော်၊ မြေးလေးမျက်နှာမငယ်စေနဲ့''

''ဟုတ်ကဲ့ပါဖေဖေ''

ဒေါ်ခင်နန္ဒာက သားအတွက်သွက်လက်စွာ ပြောလိုက်ပေမယ့် ဒေါ်သီရိကြွေက အနည်းငယ်နှာခေါင်းရှုံ့ချင်သည်။ မိုးလင်းလို့အလုအခ



ပြင်ပြီးလျှင် ဘာမှမလုပ်ချင်သော်လည်း ဦးပြည်သာအောင် ငြိုငြင်အောင်တော့ မနေရဲပေ။

ဦးပြည်သာအောင်က ဒီမြေးမှဒီမြေးပါ။ မွေးကင်းစအရွယ်ကဘည်းက သည်းသည်းလှုပ်အကဲပိုလွန်းခဲ့သည်။ ဖအေဖြစ်သူဦးကျော်ထင်က ဒီလောက်မဟုတ်။

ထွေးထွေးပွေ့ပွေ့ ချော့မြှူထိန်းကျောင်းခြင်းမရှိ၊ ဝတ္တရားကျေရုံလောက်ပဲလို့တောင် သတ်မှတ်လို့ရသည်။ မိခင်ဖြစ်သူ ခင်နန္ဒာကတော့ မိခင်မေတ္တာအပြည့်အဝနှင့် သားအပေါ်ကြင်နာတတ်သူပါ။

အဘိုးစိတ်တိုင်းကျရုံထက် သားကိုတကယ်ချစ်မြတ်နိုးတာ အမှန်ပင်ဖြစ်လိမ့်မည်။

''ကဲ. . ခင်ကကောင်မလေးတွေကို သေချာနိုင်းထားနော်၊ ကြွေလိုအပ်တာလေးတွေ ပြေးဝယ်လိုက်ဦးမယ်၊ ကုန်တိုက်ကနီးနီးလေးဆိုတော့ မြန်ပါတယ်''

''ဟုတ်ကဲ့ပါကြွေ''

''လိုအပ်တာမရှိအောင် ပြည့်ပြည့်စုံစုံလေး လုပ်ပေးလိုက်နော်၊ မြေးလေးလုံးဝမျက်နှာမငယ်စေနဲ့၊ ကဲ သားနှစ်ယောက်က ကုမ္ပဏီ သွားကြမှာမဟုတ်လား၊ ညီအစ်ကိုနှစ်ယောက် တိုင်တိုင်ပင်ပင်လုပ်ကြနော်၊ စီးပွားရေးလုပ်တယ်ဆိုတာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတိုးတက်လာတာမျိုးပဲဖြစ်ရမယ်''

''ဟုတ်ကဲ့ပါဖေဖေ''

ဦးကျော်ထင်နှင့် ဦးမောင်လွင်၊ တစ်သံတည်းဖြစ်အောင် ပြောရသည်။ အသက်လေးဆယ်ကျော် ဒီအရွယ်ထိရောက်တာတောင် ဖအေဖြစ်သူရဲ့ ဩဇာအာဏာအောက်မှာ နာခံနေရတုန်းပါ။ ဆေးဝါးထုတ်လုပ်တင်သွင်းသော ကုမ္ပဏီကြီးက ဖခင်လက်ထက်ကတည်းကအောင်မြင်လာခဲ့တာမို့ ကိုယ်တွေက အသာလေးစီးကွပ်ကဲသည့်နေရာမှာ အသာ

www.burmeseclassic.com



လေးနေရာရရုံပင်။

အခုချိန်ထိ အဖေက အိမ်ကနေဥက္ကဋ္ဌနေရာကို ယူထားဆဲပင် ဖြစ်၏။ ဘယ်သားကို ဥက္ကဋ္ဌနေရာပေးရမလဲ၊ ဆုံးဖြတ်မရသေးလို့ ဖြစ်မည်။

''မင်းတို့စိတ်တူကိုယ်တူလုပ်ကြ။ ခွဲဝေပြီးပေးလိုက်ရင် စိတ်ဝမ်းကွဲကုန်မှာစိုးလို့ စုစုစည်းစည်းနဲ့ တစ်အိမ်တည်းမှာနေပြီး တစ်ယောက်နဲ့တစ်ယောက် မနာလိုမဖြစ်ကြနဲ့ အမွေတွေကို ငါမသေခင်တော့ အညီအမျှခွဲပေးခဲ့မှာပါ။ စိတ်ဝမ်းကွဲချင်တဲ့သူရှိရင်တော့ အဲဒီလူအတွက်လည်း စဉ်းစားမှာမဟုတ်ဘူး''

ပြတ်သားစွာပြောထားတာမို့ ဘယ်သူမှမလှုပ်ရဲ။ ဦးပြည်သာအောင်က သားတွေကိုလည်း မျက်နှာသာမပေး။ ချွေးမတွေကိုလည်း မျက်နှာမလိုက်။ ခပ်တင်းတင်းသာ ဆက်ဆံလျက် စိတ်တိုင်းမကျစရာတွေ့လျှင် အရှက်ရအောင်နစ်နာစွာပြောဆိုပြီး အိမ်ပေါ်ကနှင်ချတတ်တာကြောင့် ဘယ်သူမှအများမလုပ်ရဲပေ။ ဦးပြည်သာအောင် အပြစ်မမြင်တတ်တာ၊ ဦးစားပေးအလိုလိုက်တာဆိုလို့ သရထံတစ်ယောက်သာရှိသည်။

သရထံဆိုသည့် ဒီကလေးကလည်း . . .။

●●●



## အခန်း (၂)

''ကဲ . . သူငယ်ချင်းတို့ ဆွဲကြ၊ မင်းတို့အကြိုက်တွေချည်း စီစဉ်နိုင်းထားတာ၊ မင်းတို့ငတ်ကြီးကျမယ်ဆိုတာသိလို့''

''အေး . . မင်းအိမ်လာရင် စားရမယ်ဆိုတာသိလို့ ငါတို့ကလည်းရောက်အောင်လာတာ၊ ငွေလကလည်း ဆိုင်တစ်ဆိုင်မှာ ဝင်ဆွဲရအောင်ဆိုတာ လက်မခံဘူးလေ၊ မင်းမာမီနဲ့ အန်တီလေးရဲ့လက်ရာက ပိုမိုက်တယ်တဲ့''

''အဟင်း . . . ငွေလကအဲလိုပဲ မြှောက်ပင့်စားနေကျလေ''

သရထံပြောတော့ အဘိုးရော မာမီနှင့်အန်တီလေးရော ရယ်ကြသည်။ ငွေလနှုတ်ခမ်းလေးကတော့ ခပ်ရှူရှူလေးဖြစ်သွားကာ

''အံမယ် . . ငါကစားချင်လို့ မြှောက်ပင့်ပြောတာမဟုတ်ပါဘူးနော်၊ ငါ့အိမ်ကလူတွေ လုပ်တာထက် အန်တီတို့လုပ်တာက တကယ်ပရော်ဖက်ရှင်နယ်ပဲ၊ အရမ်းမိုက်တယ်၊ ဒါကြောင့် အဘိုးက အိမ်အကူတွေကို မချက်ခိုင်းဘဲ အန်တီတို့ကို ချက်ခိုင်းတာ၊ ဟုတ်တယ်မဟုတ်လားအဘိုး''

''ဟုတ်ပါ့ဗျာ မှန်ပါ့၊ ငွေလ အတွေးမှန်ပါတယ်ဗျာ''

အဘိုးက သရထံသူငယ်ချင်းတွေကိုတော့ ဓာတ်တည့်အောင် ပေါင်းသင်းပေးတတ်သည်။ သရထံပျော်ရွှင်ဖို့ဆိုရင် အမြဲလိုဖြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အဆင်သင့်ပင်။

၎ သရထံရဲ့အမေကို အစက သားကြီးနှင့်လုံးဝကို သဘောမတူခဲ့။ ခါးခါးသီးသီးကို ငြင်းဆန်ခဲ့ပြီး ဖွတ်အတင်းအကျပ်ခွဲဖို့ ကြိုးစားသေးသည်။ ကိုယ့်လောက်အဆင့်အတန်းမရှိ နွမ်းပါးသူကို ပတ်သက်ရမှာမလားလို့ သားကိုအမျိုးမျိုး ကြိမ်းမောင်းဆူပူခဲ့၏။

နောက်ဆုံးသားကျော်ထင်က ခင်နန္ဒာကို လက်လှမ်းမမီနိုင်သော နယ်စပ်မြို့လေးအထိ နိုးပြေးသွား၏။

ခင်နန္ဒာကို အဲဒီလောက်ထိချစ်သောသားကို ဦးပြည့်သာအောင်အရမ်းစိတ်ဆိုးသွားကာ အမွေပြတ်ကြေညာပစ်လိုက်သည်။

ကိုယ့်စကားလွန်ဆန်သောသူကို ဦးပြည့်သာအောင် စိတ်ထဲမှာအလေးအနက်မထား တန်ဖိုးလည်းမထားတတ်ပေ။

ဒီမြေးလေးနဲ့မှ စိတ်တွေပြောင်းလဲလာရတာပါ။ မြေးယောက်ျားလေးမွေးသည်ဆိုသောသတင်းကြားမှ သားကြီးကိုပြန်ခေါ်ခဲ့သည်။

မြေးအမေကိုလည်း လက်မခံချင်ဘဲ လက်ခံခဲ့ရခြင်းဖြစ်၏။

''အဘိုး''

''ဟင်. . . မြေးလေး''

''ဘာတွေတွေးနေတာလဲ အဘိုးရဲ့၊ အဘိုးက ငိုင်ငိုင်ကြီးဖြစ်နေတယ်၊ သားသူငယ်ချင်းတွေလာလို့ အဘိုးစိတ်ရှုပ်သွားတာလား''

''ဟာ. . . မဟုတ်ပါဘူး မြေးရယ်၊ အဘိုးစိတ်မရှုပ်ပါဘူး၊ မြေးတို့ကိုကြည့်ပြီး အဘိုးကပျော်နေတာပါ၊ ကဲ. . . မြေးတို့လွတ်လွတ်လပ်လပ်နေကြ၊ ပါတီအတွက် အဘိုးကွန်တက်ချိတ်ပေးမယ်၊ ခင်နဲ့ကြေ မြေးတို့ကိုလိုအပ်တာအကုန်လုပ်ပေးနော်၊ အိမ်ဖော်တွေနဲ့ လွှဲမထားနဲ့''

''ဟုတ်ကဲ့ပါဖေဖေ''

''ဟုတ်ကဲ့. . . ခင်တို့ဒီနားမှာပဲနေမှာပါ''

မြေးကိုအချစ်ပိုလွန်းသော ဦးပြည့်သာအောင်ကို ဒေါ်ခင်နန္ဒာ





မငြိုငြင်ရဲ။ သူဌေးချွေးမ သူဌေးကတော်နဲ့မတန်အောင် ဖိမ်ကျကျစတိုင်ကျကျ ဝင့်ဝင့်ထည်ထည်မနေရဘဲ ဒီအိမ်ကြီးကို ရောက်ကတည်းက သိမ်ငယ်စွာနေရတာပါ။

သားကိုမကျေမချမ်းဖြစ်နေဆဲမို့ ခဏသာတည်တင်းခက်ထန်စွာနေခဲ့မယ်ထင်ခဲ့ပေမယ့် နောက်ပိုင်းစိတ်တိုင်းကျလာလျှင် မိသားစုရင်းနှီးနွေးထွေးစွာနေဖြစ်ကြမယ်တွေးထားသော်လည်း မဟုတ်ပေ။

အခုချိန်ထိ ချွေးမနှစ်ယောက်ကို အိမ်ဖော်သာသာထားပြီး သားနှစ်ယောက်ကိုလည်း ခပ်တင်းတင်းသာ ဆက်ဆံခဲ့သည်။ မိမိတို့ကျိုးနွံစွာဘယ်လိုပဲနေနေ၊ အောက်သက်ကျေအောင် ဘယ်လောက်ပဲကြိုးစားကြိုးစား အသိအမှတ်ပြုမခံရ။

အမြဲတမ်း ဒေါက်ထောက်ကြည့်နေလျက် ဘယ်တော့မှ မျက်နှာသာမပေးပေ။ ဒါကြောင့်မို့ သားနှစ်ယောက်ရဲ့ရင်ထဲမှာရော ချွေးမနှစ်ယောက်ရဲ့ရင်ထဲမှာရော ဦးပြည့်သာအောင်ကို မကျေနပ်ချက်တွေရှိနေကြသည်။ ဒါပေမဲ့ ဘယ်သူမှလည်း မတွန်းလှန်ရဲ မဆန့်ကျင်ရဲကြပါ။ လေသံမာမာတောင် မတုံ့ပြန်ရဲ၊ အငြိုငြင်မခံရဲဘဲ အလိုက်အထိုက်ကျိုးနွံနာခံစွာ နေနေကြရသည်။

''မာမီ သားတို့တစ်သျှူးဘူးကုန်သွားလို့ မှူမှူကိုပေးခိုင်းလိုက်ပါဦး''

''ဩော်. . . အေး သားပေးခိုင်းလိုက်မယ်နော်''

''ဒီနားမှာမနေနဲ့တော့လေ၊ အဘိုးမှမရှိတော့တာ၊ မာမီရောဘာရိုတ်ဖတ်စ်စားပြီးပြီလား''

''အင်း. . . သားဒယ်ဒီကုမ္ပဏီမသွားခင် စားပြီးသွားပြီသားရဲ့''

''အန်တီလေးရော''

''ပြီးပါပြီသားရယ်၊ ဩော်. . . အန်တီလေးရော သားအတွက်စိတ်ပူသွားဝယ်လို့ ဖြစ်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တယ်ဝယ်ချည်ပါအန်တီလေးရဲ့၊ သားတို့လည်း စားလို့ပြီးခါနီးပါပြီ"

"အဘိုးပြန်ဆင်းလာရင် သေချာပြောပေးထားဦးနော်၊ သားအနားမှာ နေမပေးလို့ ဆူနေဦးမယ်"

"ဟုတ်ကဲ့ပါ အန်တီလေးရဲ့ စိတ်ချပါ။ အဘိုးလုံးဝမဆူစေရဘူး"

မာမီနှင့်အန်တီလေး စားသောက်နေသည့်နေရာကနေ ထွက်သွားတော့ ငွေလနှင့်ကျော်သက်တို့က စပ်စုသောမျက်လုံးများဖြင့်. . .

"ဟဲ့. . . နင့်မာမီနဲ့ အန်တီလေးက နင့်အဘိုးကို အရမ်းကြောက်ကြရတာပဲနော်၊ အရမ်းကိုကျိုးနွံပြီး ပျာနေတာပဲ"

"ကျိုးနွံတာထက် ယောက္ခမဆိုပြီး လေးစားကြတာပါဟ၊ အဘိုးက အနေတည်တယ်လေ"

"သူ့သဘောမတူတဲ့ ချွေးမတွေရလို့ ဒီလိုဆက်ဆံနေတာမဟုတ်လား၊ နင်တို့မိသားစုအကြောင်း ဒီအသိုက်အဝန်းက အားလုံးသိတယ်"

"ငါ့အဖေပြောတာလည်း မင်းအမေနဲ့ သဘောမတူလို့ မင်းအဖေကို အမွေတောင်ဖြတ်ခဲ့သေးတာတဲ့။ အဲဒါကြောင့် အခုထိလုပ်ငန်းတွေကိုတောင် ဘယ်သားကိုမှ ခွဲမပေးသေးတာဆို"

"အင်း. . . ဟုတ်မလားမသိပါဘူး၊ မာမီကိုတော့ ခါးခါးသီးသီးကို သဘောမတူခဲ့တာလို့ပြောတယ်။ အန်တီလေးကိုတော့ အဲလောက်မဟုတ်ဘူး။ အန်တီလေးအပေါ် အရမ်းလည်းမတင်းမာဘူး။ လုပ်ငန်းတွေလွှဲမပေးသေးတာကတော့ သားနှစ်ယောက်လုံးကို စိတ်တိုင်းမကျသေးလို့ဖြစ်မယ်။ ဒယ်ဒီနဲ့ အန်ကယ်လေးက အဘိုးလက်ထက်ကထက်ပိုပြီးအောင်မြင်အောင် လုပ်မပြနိုင်သေးဘူးလေ။ ပုံမှန်အတိုင်းလည်ပတ်နေရုံပဲထင်တယ်။ တခြားဘိလပ်မြေစက်ရုံနဲ့ သကြားစက်ရုံလည်း ဒီ





အတိုင်းပဲ"

"နင့်အဘိုးက လုပ်ငန်းကြီးတွေ ပိုင်အောင်ကြိုးစားနိုင်ခဲ့တာပဲနော်"

"အဲဒါကြောင့် သားတွေကိုလည်း အဲလိုဖြစ်စေချင်တာပေါ့၊ သူစိတ်တိုင်းကျဖြစ်မလာတော့ သားနှစ်ယောက်တည်းရှိတာ စွန့်ပစ်လို့လည်းမရနဲ့ အဘိုးကခပ်တင်းတင်းဆက်ဆံနေတာလို့ ထင်တယ်"

"မင်းကိုတော့ အဲလိုမဟုတ်ဘူးနော်၊ တကယ်ကိုချစ်မြတ်နိုးပြီး အလိုလိုက်တယ်၊ မင်းဖြစ်ချင်တာအကုန်လုပ်ပေးတယ်"

"ငါကလည်း အဘိုးစကားဆို တသဝေတိမ်းနာခံတာကိုးကွ၊ ဂုဏ်ထူးငါးခုဆို ငါးခုရအောင်လုပ်ပေးတာ၊ အဲဒါကြောင့် ငါကဲချင်တာကိုလည်း ခွင့်လွှတ်နားလည်ပေးတာပေါ့၊ ငါကမြေးအကောင်းစားလေးလေ"

သရဏ်က လက်မလေးထောင်ကာ ဂုဏ်ယူဝံ့ကြွားစွာပြောသည်။ တကယ်လည်း သူ့ဘဝက လိုတရမင်းသားလေးပါ။ အဘိုးကိုအများကြီးချွဲနွဲ့စရာမလိုဘဲ လိုအပ်သမျှအဘိုးက အပြည့်အဝဖြည့်ဆည်းပေးခဲ့သည်။ မိဘတွေနှင့် အန်ကယ်တို့အန်တီလေးတို့လည်း အဘိုးကိုကြောက်၍ မငြိုငြင်ရဲ။ အဘိုးပြီးလျှင် အားလုံးပြီးပြီမို့ သူကလည်း အဘိုးကိုသာ ပိုပြီးအားကိုးသည်။

"ကဲ. . . သူငယ်ချင်းတို့ စားပြီးရင် ပါတီအတွက်အစီအစဉ်ဆွဲမယ်၊ ငါကဒီနေ့ချက်ချင်းကဲလို့ရအောင် အဘိုးကိုချွဲထားတာ"

"အေး. . . နင်က အဆင်ပြေပေမယ့် ငါတို့က အိမ်ပြန်ရဦးမှာ ညနေကျမှဆုံမယ်လေ၊ လူကြီးတွေမပါဘူးမဟုတ်လား"

"လူကြီးတွေပါရင် ထိန်းနေရမှာနဲ့ ဘယ်လိုလုပ်ပျော်ရမှာကောင်းမှာလဲ၊ ဒီနေ့တစ်နေ့တော့ ငါအလွတ်ကဲမှာ၊ အဘိုးက ခွင့်တော့ပေးသွားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို . . အိုကေ''

သူငယ်ချင်းသုံးယောက်လက်ဝါးချင်းရိုက်၍ အော်လိုက်ကြသည်။ ဒီအိမ်မှာ အဘိုးအချစ်တော်သရထံ ဘာလုပ်လုပ် ဘယ်သူမှ ပြောရဲကြတာမှမဟုတ်တာ။

သရထံက လူဆိုးလေးမဟုတ်ပေမယ့် အဘိုးရဲ့ဦးစားပေးခြင်းခံထားရသူမို့ ဘယ်သူကိုမှ ကြောက်ရွံ့နေခြင်းတော့မရှိပေ။ အဘိုးကိုခွင့်တောင်းပြီးလျှင် လုပ်ချင်တာလုပ်ခွင့်ရနေသည်မို့ ကျော်သက်နှင့် ငွေလဟံသာကို အိမ်မှာခေါ်၍ ဒီလိုပဲကဲနေကျပါ။

ညဘက်ရောက်တော့ အဘိုးငှားပေးသော ကာရာအိုကေခန်းမှာ တခြားသူငယ်ချင်းတွေကိုပါခေါ်ပြီး သီချင်းတွေဆိုကြကကြသောက်ကြစားကြဖြင့် အပျော်လွန်ကဲဖြစ်ကြသည်။

ဆယ်တန်းအောင်သော အထိမ်းအမှတ်က သရထံတို့အတွက် ပျော်ပွဲရွှင်ပွဲကြီးဖြစ်သွားလျက် . . .။

ooo



## အခန်း (၂)

သူများတွေဆယ်တန်းအောင်လို့ ပျော်ရွှင်ခုန်ပေါက်အော်ဟစ်နေတာကိုကြည့်ပြီး မင်းထက်နိုင်ဆိုက်ကား ဆက်မနင်းနိုင်ဘဲ မျက်ဝန်းအိမ်မှာ မျက်ရည်တွေရစ်ဝိုင်းနေခဲ့သည်။ သူများတွေ ဆယ်တန်းအောင်စာရင်းကြည့်ဖို့အတွက် ညဉ့်ဦးပိုင်းကတည်းက ဟိုပြေးဒီလွှားသွားကြချိန်မှာ သူကဝင်ငွေများများရဖို့ လိုက်ပို့နေရသည်။

''ဒီနေ့ည ဆယ်တန်းအောင်စာရင်းထွက်မှာ၊ နေ့ဘက်မှာ ပင်ပန်းထားတယ်ဆိုပြီး အိပ်ဖို့မစဉ်းစားနဲ့၊ ပိုက်ဆံက ကလေးတွေကျောင်းပြန်တက်မှာမို့လိုနေတာ၊ ပိုက်ဆံများများရအောင်ဆွဲခဲ့'' ညကတည်းက အမေအမိန့်ချထားတာမို့ အဖေ့ဆိုက်ကားကိုယူပြီး ထွက်လာခဲ့ရတာ။ အိမ်မှာရှိသည့်ဆိုက်ကားက အဖေအရက်ဖိုးရအောင် ဆွဲတာမို့ သူကတစ်နေကုန် စျေးထဲမှာကုန်ထမ်းရခြင်းဖြစ်သည်။ ရသမျှပိုက်ဆံအကုန်အပ်သော်လည်း အိမ်စရိတ်မလောက်ဘူးဆိုလျှင် သူ့ကိုညဘက်ဆိုက်ကားထွက်နှင်းခိုင်းတတ်သည်။ စျေးကြိုရသည်ဆိုတော့ မနက်ဆိုလည်း စောစောသွားရတာပါ။

ဒီကြားထဲ ပိုက်ဆံနည်းရင် အဆူအဆဲက ခံရသေးသည်။ အဖေ့ကိုအရက်ဝယ်ပေးရတာလည်းသူ။ ကုန်စိမ်းသည်တွေကြိုရင်းကဟင်းသီးဟင်းရွက်ပါမလာရင် နင်ကအိမ်အတွက် ဒါလေးတောင်တောင်းမလာ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ သူ့ကိုယ်သူ ရှင်ဘုရင်သားများမှတ်နေလား မသိဘူးဆိုတာက ပါသေး။

အိမ်မှာနေရတာ သူတကယ်စိတ်ညစ်နေပါသည်။ အတန်းပညာဆိုလည်း လေးတန်းလောက်ပဲ သင်ခဲ့ရတာ။ သူက အရမ်းကိုပညာတတ်ကြီးဖြစ်ချင်သည်။

ပင်ပန်းဆင်းရဲပြီး ပခုံးနှင့်ကိုယ်ခန္ဓာနှင့် ထမ်းပိုးရင်းရသော အလုပ်တွေကို မလုပ်ချင်။ ဒါပေမဲ့လည်း

''ဟေး . . ငါအောင်တယ်ကွ''

''ဟဲ့ . . ငါ့နာမည်လေးပါလား ကြည့်ပေးပါဦးဟဲ့''

ဆူညံသောအသံတွေကြောင့် မင်းထက်နိုင်အတွေးတွေ လွင့်ပျောက်သွားရသည်။ အောင်သည့်သူက ပြုံးပျော်အော်ဟစ်ပြီး ကျရှုံးသည့်သူတွေက မျက်ရည်ကျငိုယိုကြသည်။ သူ့မှာတော့ ထိုအခွင့်အရေးမျိုး တစ်ခါမှမခံစားဖူးပါ။

ထိုဝေဒနာတွေဝင်လာတိုင်း သူ့ကိုမွေးပြီး စွန့်ပစ်ခဲ့သော မိဘတွေကို အရမ်းနာကြည်းမိသည်။ မမွေးချင်လျှင် ဗိုက်ထဲမှာကတည်းက စွန့်ပစ်လိုက်ပေါ့။

အခုလူဖြစ်အောင်မွေးထုတ်ပြီးမှ ကျီးတိုးထိုးခွေးစားစားစွန့်ပစ်လိုက်တော့ မရှိဆင်းရဲသားမိသားစုက မွေးစားလိုက်၍ သူဒီဘဝရောက်ရခြင်းဖြစ်သည်။

''ဆိုက်ကားအားလား''

''ဟုတ်ကဲ့၊ ဘယ်လိုက်ပို့ရမလဲ''

''နတ်မောက်လမ်း''

''ဟုတ် . . ရပါတယ်''

အတွေးနှင့်ငြိမ်သက်နေချိန်မရချေ။ လူငယ်တွေအပျော်ရွှင်ဆုံးဖြစ်နေချိန်မှာ သူကငွေရအောင်ရှာရဦးမည်။



အညာဒေသရဲ့ အနိမ့်အမြင့်မညီသော လမ်းတွေမှာ သူအားစိုက်၍ နင်းရသည်။ အအေးဓာတ်ကင်းသော အညာနွေကြောင့် သူ့ချွေးတလုံးလုံးဖြစ်နေသည်။ နေမြင့်လာတော့ သူ့ဗိုက်က တဂွီဂွီဆန္ဒပြလာ၍ အိမ်ကိုပြန်နင်းလာခဲ့သည်။

အိမ်ထဲအဝင်မှာတော့ အဖေက စောစောစီးစီးပုလင်းထောင်နေ၏။ အမေကတော့ နှုတ်ခမ်းစူစူဖြင့် ဆေးလိပ်ထိုင်သောက်နေသည်။

''အမေထမင်းကြမ်းကျန်သေးလား၊ ကျွန်တော်ဗိုက်ဆာလို့ပြန်လာတာ''

''ဟဲ့ . . ဒီမှာ နင်ပြန်မလာသေးလို့ ဈေးမှမသွားရသေးတာ၊ ဘယ်ကပိုက်ဆံနဲ့ ချက်ပြုတ်ထားရမှာလဲ၊ ညကကျန်တဲ့ပိုက်ဆံလေးလည်း နင့်အဖေက ဆိုက်ကားနင်ယူနင်းလို့ဆိုပြီး တောင်းသွားလို့ပေးလိုက်ရတယ်။ ဒီမှာမျှော်နေတာမတွေ့ဘူးလား''

''ဟင်းမကျန်လည်း ညကထမင်းကြမ်းတော့ ကျန်ဦးမှာပေါ့၊ ဆီဆမ်းပြီးကျွန်တော်စားလို့ရပါတယ်''

''နင့်ညီနဲ့ညီမစားသွားပြီလေ၊ ဘယ်ကျန်တော့မှာလဲ၊ ကဲ စကားများမနေနဲ့၊ ပါလာတဲ့ပိုက်ဆံသာ မြန်မြန်ပေးစမ်းပါ၊ ဘယ်လောက်ပါလာလဲပြော''

''လေးထောင်ရခဲ့တယ်အမေ''

''ဟိတ်ကောင် ငါ့ဆိုက်ကားယူသွားတာဆိုတော့ ငါ့နှစ်ထောင်ဆိုင်တယ်နော်၊ ငါ့ကိုနှစ်ထောင်ပေး''

''ရှင်ကရှိတဲ့တစ်ထောင်ယူပြီးလည်း သောက်ထားသေးတယ်၊ နှစ်ထောင်ယူလို့ဖြစ်မလား''

''ဟာ . . ငါ့ဆိုက်ကားယူနင်းလို့ လေးထောင်ရတာ၊ ငါ့နှစ်ထောင်သင့်တာပေါ့။ မင်းကဘာလျှာရှည်တာလဲ၊ ပေးစမ်းနှစ်ထောင်''

အမေ့လက်ထဲက ပိုက်ဆံကို အဖေကဆွဲယူသည်၊ အမေက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆွဲယူပြီး အဖေလက်ကိုကုန်းကိုက်၏။ အဖေကအမေကို နားရင်းပြန်ရိုက်သည်။ နားမခံသာအောင် ဆဲကြဆိုကြ၏။ ထိုမြင်ကွင်းက ရိုးနေပြီဖြစ်သော်လည်း ဒီနေ့ကျောင်းနေခွင့်မရသော သူ့စိတ်တွေက အကောင်းအတိုင်းမဖြစ်ချင်။

သူလှည့်ထွက်မည်ပြင်လိုက်စဉ်မှာ..

"ဟဲ့..ဖအေနဲ့မအေရန်ဖြစ်နေတာမြင်လျက်နဲ့ ဆွဲဖော်တားဖော်တောင် မရဘူး၊ နင့်အဖေအမေအရင်းဆို နင်အဲလိုမျက်နှာလွှဲခဲပစ်နေနိုင်မှာလား၊ ဟဲ့ကောင်ရဲ့၊ ကျွေးမွေးစောင့်ရှောက်ရကျိုးမနပ်လိုက်တာ"

"ငါ့အဲဒီကတည်းက ပါလာတဲ့ငွေကိုယူပြီး သူ့ကိုကျိုးထိုးထိုးချွေးစားစားပစ်ထားခဲ့လိုက်ရမှာ၊ ဒီလိုကျေးဇူးကန်းတတ်မှန်းသိရင် ဒီလိုမျိုးအသက်ရှင်အောင် မမွေးဘူး"

"ရှင်ကိုက အဲဒီအချိန်က ကလေးအရမ်းလိုချင်နေတာကို၊ သူ့အချိန်တန်ရင်ရလိမ့်မပေ့ါ။ အခုတော့ သူ့ကိုမွေးစားလိုက်ပြီးမှ ထွက်လာလိုက်တာ နှစ်ယောက်တောင်၊ လူကပျင်း၊ တစ်ယောက်အပေါ်မှာ တာဝန်ကျေဖူးတာမရှိဘူး၊ ကိုယ့်အရက်ဖိုးတောင် ကိုယ်ဝအောင်ရှာသောက်နိုင်တဲ့လူက"

"ဟ..မင်းနိုင်းစားဖို့ ငါခေါ်လာတယ်လေ၊ ဘာတွေမကျေမနပ်ဖြစ်နေတာလဲ၊ ဟိတ်ကောင် မင်းအမေငွေရအောင် ထပ်ရှာပေးလိုက်၊ သောက်ကန်းမ နားပူနေတာမခံနိုင်ဘူး"

ရင်ထဲမှာ မတော်တော်လေးကို မခံသာပေ။ မွေးစားသားလို့ သိရသည့်အချိန်က မကြာသေးပါ။ ဒီလိုပဲရန်ဖြစ်ကြရင်းနှင့် စကားနိုင်လုပြောရင်းနှင့် သိလိုက်ရတာ။

မွေးစားသားလို့ သိလိုက်ရသည့်အချိန်မှာ သူထူးပြီးဝမ်းနည်းသွားတာမျိုးတော့မဖြစ်ခဲ့။ သားအရင်းသာဆို ဒီလိုပညာသင်မပေး





ခန်နှင့်မမျှအောင်အနိုင်ကျင့်နှိပ်စက်နေမှတော့ သားအရင်းမှဟုတ်ပါ့မလားဆိုသည့်အတွေးမျိုး သူ့အချိန်တိုင်းတွေးဖြစ်နေခဲ့တာမို့ပါ။

ငယ်ငယ်လေးကတည်းက လက်ဖက်ရည်ဆိုင်တွေမှာ စားပွဲထိုးဝင်လုပ်ရသည်။ မုန့်ကြော်လည်းရောင်းခဲ့ရသည်၊ မုန့်ဟင်းခါးဆိုင် ထမင်းဆိုင်တွေမှာ ပန်းကန်ဆေးခွက်ဆေးအစုံလုပ်ခဲ့ရ၏။

အဖေဖြစ်သူကဆို သူ့အရက်ဖိုးရဖို့အတွက် မိဘမဲ့လေးပါ၊ ထမင်းလေးစားဖို့ သောက်ဖို့အတွက် ပိုက်ဆံလေးနည်းနည်းလောက်ပါခင်ဗျာလို့ လည်တောင်းပြီး ပိုက်ဆံအပ်ခဲ့ရ၏။

ပိုက်ဆံနည်းလျှင် အရိုက်ခံရသည်။ အရက်ဝယ်သွားရင်း အရက်ပုလင်းကိုမနိုင်လို့ ကွဲသွားတော့ သွေးထွက်အောင် အရိုက်ခံခဲ့ရတာလည်း သူမမေ့။

"ဟိတ်ကောင် ပေကပ်ကပ်နဲ့ ငါပြောနေတာမကြားဘူးလား၊ ငွေထပ်ရှာပေးလိုက်လို့"

"ကျွန်တော်မနေ့က တစ်နေကုန် ကုန်ထမ်းလို့ရသမျှ အမေ့ကို ပိုက်ဆံအကုန်အပ်တယ်။ ညဘက်ကျတော့ ဆိုက်ကားထွက်ဆွဲဆိုလို့ ထွက်ဆွဲရတယ်၊ အခုဗိုက်ဆာလို့ အိမ်ပြန်လာတာ အိမ်မှာဘာမှစားစရာမရှိဘူး၊ ဘာမှမစားရဘဲ ကျွန်တော်ဘယ်လိုလုပ် ငွေထွက်ရှာနိုင်တော့မှာလဲအဖေ"

"ဟိတ်ကောင်..သားသမီးအရင်းသာဆို မိဘတွေကို အဲလိုဆင်ခြေပေးမှာမဟုတ်ဘူး"

"ကျွန်တော်သာသားအရင်းဆိုလည်း အဖေတို့ အဲဒီလိုခိုင်းရက်မှာ မဟုတ်ဘူးမဟုတ်လား၊ ညီလေးအရွယ်တုန်းက အဖေ့အတွက် သူတောင်းစားလို ကျွန်တော်ပိုက်ဆံလည်းတောင်းခဲ့ရတယ်။ စားပွဲထိုး ပန်းကန်ဆေး အမှိုက်ကောက် ကျွန်တော်လုပ်ခဲ့ရတာပါ။ အဲဒါ မွေးစားသားမို့ ခိုင်းရက်ခဲ့တာမဟုတ်လား၊ အခုအဖေတို့သားသမီးအရင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖေတို့အဲလိုနိုင်းဖူးသလား၊ ကျွန်တော်ရှာပေးတဲ့ငွေတွေနဲ့ အဖေတို့
သားသမီးအရင်းတွေကို ကျောင်းကောင်းကောင်းထား အစားကောင်
ကောင်းကျွေး ပညာကောင်းကောင်းသင်ပေးနေတာမဟုတ်ဘူးလား"

သူ့စကားအတွက် အဖေဒေါသဖြစ်သွားသလို အမေလည်
မျက်နှာကြီးတင်းမာလျက် ဆတ်ဆတ်ခါသွားကာ

"အောင်မာ. . . နင့်ကို နင့်မိဘအရင်းတွေကတောင် မမွေးချ
လို့စွန့်ပစ်ထားတာ၊ ငါတို့ကကိုယ့်သွေးသားမဟုတ်ဘဲ နင့်ကိုဒီအရွယ်
ကျွေးမွေးစောင့်ရှောက်လာရတာဟဲ့၊ ကျေးဇူးတင်ရမှန်းမသိ စော်ကာ
ချင်နေသလား ဟုတ်လား"

"ကျွေးမွေးစောင့်ရှောက်ရကျိုးမနပ်အောင် စော်ကားခံနေရတာ
ကောင်းသေးလားကွ၊ ဒီကောင်ငါလုပ်လိုက်ရသေတော့မယ်၊ သွားစ
ကွာ၊ မင်းပိုက်ဆံမပါဘဲပြန်မလာနဲ့"

"ဟဲ့. . . ဟိုကပြောနေတာကြားလား။ ဒီပိုက်ဆံက နင့်ညီ
ညီမကိုမုန့်ဖိုးပေးလိုက်ရင်ကုန်ပြီ၊ နေ့လယ်စာအတွက် ဈေးဝယ်ဖို့ကလည်
နင့်အဖေက တစ်ဝက်ယူသွားတယ်၊ နင်ပိုက်ဆံပါလာမှ နေ့လယ်
ညနေစာချက်လို့ရမှာ နားလည်လား၊ နင်ကျေးဇူးမသိတတ်ရင်တော
ငါတို့ကို အငတ်ထားပေါ့ဟယ်၊ ဘယ်တတ်နိုင်မလဲ"

သက်ပြင်းချပြီး ပုဆိုးလေးကွင်းသိုင်း၍ ပြန်ထွက်လာခဲ့ရသည်
သူ့ဒီဝဋ်ကြွေးက ဘယ်ချိန်ကျွတ်မှာလဲ။

ဒီလိုဒုက္ခတွေ ခံစားနေရတာ၊ မွေးမိဘတွေကြောင့်ပင်။ ဒီဘ
ဒီဝဋ်ကြွေးက ကျွတ်ချင်နေပါပြီ။

ဘယ်လိုရုန်းထွက်ရမလဲ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြ
ကိုယ့်ထမင်းကိုယ်ရှာစားနိုင်မှ ခြေစုံကန်ထွက်ရင်ရော သင့်တော်ပါ့မလာ

သူတို့ပြောသလို မွေးမိဘတွေက ရက်ရက်စက်စက် စွန့်
ရက်ပေမယ့် သူတို့ကမှ သွေးသားမတော်စပ်ဘဲ ကျွေးမွေးပြုစုတော





ရှောက်ခဲ့သေးတာပါ။

မွေးကင်းစအရွယ်လေးမှာ မွေးစားခဲ့ကြတာမို့ ချေးသုတ်သင်
သေးသုတ်သင်အရမ်းကိုဒုက္ခများခဲ့ကြမှာပါ။ ဆိုက်ကားနင်း ပန်းရံလုပ်
၍ သူ့အတွက်နို့မှုန့်ဘူးဖိုးရှာခဲ့ရသည့် အဖေ့ကျေးဇူးတွေကလည်းနည်း
ဘာမဟုတ်။ ဒီကျေးဇူးတွေအတွက် . . .။

✪✪✪



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

''ကျေးဇူးရှိတာတော့ ရှိတာပေါ့ကွာ၊ ဒါပေမဲ့ သူတို့ကလွန်လွန်းတယ်။ မင်းကိုနိုင်းလို့ရတဲ့အရွယ်ကတည်းက နိုင်းစားလာတာ၊ သူတို့ပြုစုစောင့်ရှောက်ခဲ့တာနဲ့တောင် မတန်ဘူး၊ သူတို့က မွေးစားသားလို့ အတိအလင်းကြေညာပြီး သေသေချာချာကို နိုင်းစားတာ ရှုဖို့ကောင်းတယ်''

ဝင်းအောင်က မျက်နှာကိုရှုံ့မဲ့ပြီး ပြောနေသည်။ ကုန်ထမ်းပြီးစချွေးစိုနေသောပုဆိုးကို စလွယ်သိုင်းပစ်လိုက်ပြီး မှာထားသောထမင်းသုပ်ကို အရင်ဆုံးပလုပ်ပလောင်းပါးစပ်ထဲ ခွံ့ရသည်။

''ဟကောင်ရလည်နင်ဂါဦးမယ် ဖြည်းဖြည်း''

''မနက်ကတည်းက ဗိုက်ဆာနေတာကွ၊ အိမ်မှာဘာမှမရှိလို့ ကုန်ထမ်းလို့ရတဲ့ပိုက်ဆံနဲ့ ဝယ်စားရတာ''

''မင်းကကွာ၊ ပိုက်ဆံကိုမအပ်ဘဲ အပြင်မှာကိုယ့်ဗိုက်ကို အရင်ဖြည့်ပါလား။ ကျန်တဲ့ပိုက်ဆံမှ အပ်လိုက်ပြီးတာပဲ''

''ငါအဲဒီလိုမျိုးမလိမ့်တစ်ပတ်မလုပ်ချင်ဘူး၊ ငယ်ငယ်ကတည်းက ရသမျှပိုက်ဆံအကုန်အပ်ခဲ့ရတာဆိုတော့ အကျင့်ပါနေပြီ၊ ပြီးတော့ သူတို့ကမှ ငါ့မွေးမိဘအရင်းတွေထက် တော်သေးတယ်မဟုတ်လား။ ငါလူဖြစ်လာတာ မွေးမိဘတွေကြောင့်မဟုတ်ဘူး။ ငါ့ကိုသေသလား ရှင်သလားစိတ်မဝင်စားလို့ ပစ်ထားခဲ့ကြတာ၊ သူတို့က ကျွေးမွေးပြုစုစောင့်





ရှောက်လာလို့မှ ဒီလိုလူဖြစ်လာသေးတယ်''

''မင်းမိဘတွေ ဘယ်သူတွေလဲ၊ ဘယ်မှာနေလဲ၊ မင်းမေးမကြည့်ဘူးလား။ စုံစမ်းမကြည့်ဘူးလား''

''အဖေမြဝတီဘက်မှာ အလုပ်သွားလုပ်ရင်းနဲ့ လူတစ်ယောက်က တောထဲမှာလာစွန့်တာကို မြင်လို့ကောက်လာခဲ့တာတဲ့၊ အစကကလေးကို စွန့်ပစ်ခဲ့တယ်လို့ မထင်ဘူး၊ နောက်ကိုလှည့်ကြည့်လှည့်ကြည့်နဲ့ ခပ်သုတ်သုတ်ပြေးထွက်သွားတော့ မဟုတ်တာလုပ်ပြီး ရဲလိုက်လို့ ပြေးတယ်ပဲထင်တာ၊ ရှေ့ဆက်လာရင်းနဲ့မှ အဲဒီလူထွက်လာတဲ့ ဘက်ကနေ ကလေးငိုသံကြားလို့ သွားကြည့်မှ ကလေးကိုစွန့်ပစ်ထားခဲ့တယ်ဆိုတာသိတာ''

''ဟင်. . . အဲဒါဆို အဲဒီလူက မင်းအဖေဖြစ်နိုင်သလား''

ဝင်းအောင်အမေးကို မင်းထက်နိုင် ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြဖြစ်ကာ

''သေချာသလောက်ပဲ၊ တခြားသူဆိုရင် သတ်ပစ်လိုက်ပြီးမှ မှန်ချင်စွန့်မယ်၊ ဒါမှမဟုတ် နောက်ဆံတင်းသလို လည်ပြန်ကြည့်နေမှာလည်းမဟုတ်ပါဘူး''

''အေး. . . အဲဒါလည်း ဟုတ်သားကွနော်''

ဝင်းအောင်က ရေနွေးတစ်ခွက်ငှဲ့သောက်ပြီး ထောက်ခံ၏။ မင်းထက်နိုင်မျက်နှာတင်းထန်သွားကာ

''ဘာကြောင့် ငါ့ကိုမွေးပြီး စွန့်ပစ်တာလဲ ငါသိချင်တယ်။ မလိုချင်ရင် အစကတည်းက မမွေးနဲ့ပေါ့၊ အခု ငါဘယ်လောက်ဒုက္ခရောက်နေလဲ၊ ဆင်းရဲပင်ပန်းနေလဲ၊ မွေးစားထားတယ်၊ ကျွေးမွေးစောင့်ရှောက်လာခဲ့ရတယ်ဆိုပြီး ငါ့ကိုမညှာမတာနိုင်းစားနေတယ်၊ ကလေးဘဝကတည်းက အရက်ဝယ်ပေးရ၊ သူတောင်းစားလို ပိုက်ဆံတောင်းပေးခဲ့ရနဲ့ ပြီးတော့ ကျောင်းကောင်းကောင်းမနေရ ပညာမသင်ရဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ထက်နိုင်''

''ဘာလဲ''

''မင်းထွက်ပြေးပြီလားကွ''

မင်းထက်နိုင် မျက်ခုံးတစ်ချက်ပင့်တက်သွားပြီး

''ငါ့ကို ကျေးရူးကန်းနိုင်းနေတာလား။ အတောင်စုံပြီဆိုပြီး ခြေစုံကန်နိုင်းနေတာလား''

''ဘယ်လိုပဲထင်ထင် မင်းဘဝအတွက် မင်းရပ်တည်နိုင်အောင် လုပ်သင့်တယ်၊ ကျေးဇူးဆပ်ချင်ရင် မင်းပြည့်စုံမှ ဆပ်ပေါ့။ ဒီလိုပုံစံနဲ့ ဒီလိုကြီး ရှင်းပေးနေလို့ရော မင်းကိုအကောင်းထင်ကြလို့လား''

မင်းထက်နိုင်အသံတိတ်သွားလျက် လည်နင်သွားတာကြောင့် ရေနွေးတစ်ခွက်ခပ်မြန်မြန်မှုတ်၍ သောက်လိုက်ရသည်။ အနည်းငယ် သာကျန်သော ထမင်းပန်းကန်ကို တစ်ဖက်တိုးရွှေ့လိုက်ကာ..

''ငါလည်း အဲဒီလိုစိတ်ကူးတော့ရှိတယ်၊ သွားလည်းသွားချင်တယ်၊ ဒါပေမဲ့ ဘယ်သွားရမယ်၊ ဘာလုပ်စားရမယ်ဆိုတာ မသိဘူး''

''ရန်ကုန်မှာတော့ ငါ့အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်၊ သူ့ အဆောင်မှာနေပြီး အလုပ်ပေါင်းစုံလုပ်တယ်ကွ၊ မိန်းမယူချင်လို့ ငွေစု နေတာလေ၊ မိဘနဲ့ မိသားစုအတွက်ဆို အဲဒီလောက် ကြိုးစားမှာမဟုတ် ဘူး၊ ပျော်လည်းပျော်တတ်တော့ မင်းအတွက်အဆင်ပြေမှာပါ''

''အေး..အဲဒီမှာ အဆင်ပြေရင်တောင် ဒီမှာတော့ အဆင် ပြေမှာမဟုတ်ဘူး၊ သွားဖို့လမ်းစရိတ်မရှိဘူးကွ''

''ခက်တာမှတ်လို့ကွာ၊ မင်းအခုအလုပ်လုပ်တဲ့ထဲက စုသွားပေါ့ ကွ၊ အကုန်မအပ်ဘဲ တစ်နေရာရာမှာ အပ်ထားပေါ့''

''ဖြစ်ပါ့မလား''

''မင်းကငတုံးပဲ၊ မင်းဘယ်လောက်အလုပ်လုပ်ရတယ်၊ ငွေ တယ်ဆိုတာ အိမ်ကနေတဲ့သူတို့က သိပါ့မလား''





''ငွေအပ်တာနည်းရင်တောင် အိမ်မှာဆူလို့ပူလို့ ဆုံးတာမဟုတ်ဘူး၊ အဖေကဆို လက်ကပါမယ်ဆိုတာချည်းပဲ၊ အမေကလည်း ခေါင်းတွေဘာတွေ နားလည်တာမဟုတ်ဘူး။ ဒိုးခနဲဒေါက်ခနဲ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်အားငယ်ပြီး ငိုမိတယ်။ ငါနေချင်တာ ဒီလို ဘဝမျိုးမဟုတ်ဘူး''

''သေချာတယ်၊ မင်းကငွေကြေးချမ်းသာတဲ့ အသိုက်အဝန်းကြီးထဲက ဖြစ်ရမယ်၊ သားသမီးတွေကိုမွေးပြီး စွန့်ပစ်တတ်တာ အဲဒီလို အသိုက်အဝန်းကြီးထဲကများတယ်၊ ရုပ်တုန်းကရုပ် ပွေတုန်းကပွေပြီး သူတို့အရှက်ရမှာစိုး၊ မိဘတွေဂုဏ်သိက္ခာကျမှာစိုးပြီး ကလေးကိုတစ်နေရာသွားမွေးစွန့်ပစ်၊ အပြစ်မရှိတဲ့ကလေးတွေက ဒီလိုဆင်းရဲသားမိသားစုထဲရောက်သွားရင် ဒုက္ခတွေတွေ့၊ တချို့ကလေးရောင်းစားတဲ့သူတွေ လက်ထဲရောက်သွားရင်တော့ ပြီးပြီ၊ တစ်သက်လုံးနိုင်းစားခံရတော့မှာပဲ''

ဝင်းအောင်ပြောနေတာတွေက ထိတ်လန့်ကြောက်ရွံ့စရာကောင်းလှသည်။ တကယ်လည်းအဲဒီအဖြစ်မျိုးတွေ သူလည်းကြုံတွေ့ကြားမြင်နေရတာပါပဲ။ သူတို့ဈေးထဲမှာဆိုလျှင် သူငယ်စဉ်ဘဝကလို တောင်းစားတဲ့ကလေးတွေ၊ မနိုင်ဝန်ထမ်းနေရတဲ့ကလေးတွေ အများကြီးပင်။

ဒီလိုတွေမကျွေးနိုင်ဘဲမွေး၊ တာဝန်မယူနိုင်ဘဲမွေးပြီး နိုင်ငံတော်က တာဝန်မယူလို့ဆိုပြီး အပြစ်တင်ချင်ကြသေးသည်။ နောက်သူတို့ တာဝန်မဲ့သမျှ ဘုန်းကြီးကျောင်းတွေက တာဝန်ယူရတယ်၊ ပရဟိတသမားတွေက တာဝန်ယူရ၊ အလှူအတန်းတွေအတွက် ရန်ပုံငွေတွေရှာရ။ တကယ့်ကို တန်ကြေးမရှိကြသည့် သူတွေပင်။

ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်တာဝန်ကိုယ်ယူကြမည်ဆိုလျှင် ဒုက္ခသည်ဆိုတာလည်း ရှိမှာမဟုတ်၊ မိဘမဲ့ဂေဟာတွေဆိုတာလည်း

www.burmeseclassic.com



ရှိမှာမဟုတ်၊ ကိုယ့်မိဘအပေါ် သားသမီးဝတ္တရားကျေကြမယ်ဆိုရင်လည်း ဘိုးဘွားရိပ်သာတွေပေါ်လာစရာအကြောင်း ရှိမှာမဟုတ်ပေ။ အခုတော့ အသက်ကြီးလာတဲ့မိဘတွေကို မပြုစုမစောင့်ရှောက်ချင်တော့ ဘိုးဘွားရိပ်သာကိုပို့ကြ၊ ငယ်စဉ်ကကိုယ့်ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးဆိုတာတွေကို မသိကြ။ ဘာကြောင့်လူတွေ တာဝန်မဲ့နေကြတာလဲ။

ရင်ထဲမှာ ပေါက်ကွဲသံစဉ်တွေမြင်နေတာမို့ ငြိမ်သက်နေသောအခါ သူ့ကိုကြည့်ပြီးဝင်းအောင်က ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်လိုက်ကာ

''ထက်နိုင်. . . မင်းဘာတွေတွေးပြီး တွေဝေနေတာလဲ''

''ငါဒီလိုဘဝနဲ့နေရတာ၊ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ရမလား၊ မိဘတွေကို စိတ်နာရမလားမသိဘူး''

''မင်းရဲ့ကံဇာတာဆိုတာတော့ မှန်ပါတယ်။ လူတွေမှာ တစ်ယောက်စီကံဇာတာတွေက တူကြတာမဟုတ်ဘူး၊ ချမ်းသာတဲ့သူကချမ်းသာတယ်၊ ဆင်းရဲတဲ့သူကဆင်းရဲတယ်၊ မိဘတွေရဲ့ဂရုစိုက်ပြုစုစောင့်ရှောက်ပံ့ပိုးခံရတဲ့သားသမီးရှိတယ်၊ မိဘတွေရဲ့စွန့်ပစ်ခံသားသမီးတွေရှိတယ်၊ ဒါပေမဲ့ ငါ့အနေနဲ့ပြောရရင် တာဝန်မယူနိုင်ရင် မမွေးခဲ့သင့်ဘူး''

''အဲဒါဟုတ်တယ်၊ ငါလည်းဒါပဲတွေးဖြစ်နေတာ''

''အေး. . . အဲဒီလိုပဲ အခုမွေးစားလိုက်တဲ့ မိဘတွေကလည်း မင်းကိုခိုင်းစားဖို့ သက်သက်ဆိုရင် ကျွေးမွေးပြုစုစောင့်ရှောက်တာမျိုး လုပ်မနေနဲ့ပေါ့။ မင်းကိုစွန့်ပစ်တဲ့နေရာမှာပဲ သေသေရှင်ရှင်ထားခဲ့လိုက်ပြီးတာပဲ၊ ဒီလိုဒုက္ခဆိုတာကို မင်းခံစားရမှာမဟုတ်ဘူးလေ''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ သူတို့သားသမီးတွေ မမွေးခင်ကတော့ ငါ့ကိုသူတို့သားသမီးအရင်းလို ချစ်ခဲ့ကြမှာပါပဲ၊ ဒီကျေး





တွေရှိခဲ့တာတော့ ငါမေ့ပစ်လို့ စော်ကားလို့မရဘူးလေ''

''ဒါဆိုမင်းဘာလုပ်မှာလဲ''

မင်းထက်နိုင် ခဏတွေသွားလျက်

''ငါကြိုးစားကြည့်မယ်၊ ဒီဘဝကနေ လွတ်မြောက်ချင်နေတာတော့အမှန်ပဲ၊ ဒီဘဝကို ငါအရမ်းကြောက်နေပြီ''

''အေး. . . ဒီထက်တော့ မဆိုးနိုင်တော့ပါဘူး၊ ယောက်ျားပဲဟာ၊ ခေါင်ကျကျပြားကျကျ စွန့်စားကြည့်ပါ၊ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုတဲ့စကားလည်းရှိတာပဲ''

''ဒီလိုအားပေးစကားပြောတာ ကျေးဇူးပဲဝင်းအောင်''

ဝင်းအောင်ပခုံးကို ပုတ်တာပြောလိုက်ပြီး စိတ်ထဲအနည်းငယ်ပေါ့ပါးသွားသလိုတော့ရှိသည်။ ဒါပေမဲ့ မွေးစားမိဘတွေနှင့် ရင်ဆိုင်ဖို့တော့ မွန်းကျပ်ကြောက်ရွံ့သလို ရှိနေသေး၏။ ဒဏ်ရာတွေက အရှိုးရာတွေ ထပ်နေဆဲပါ။

ooo



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အဘိုးဝယ်ပေးသောကားလေး သူအကြိုက်ဆုံးအနီရောင် မြိုင်ကားလေးဖြစ်ပြီး ထိုကားလေးနှင့် သူလည်လို့ပတ်လို့မဆုံး။ အဘိုးရှေ့မှာ အဘိုးစိတ်ကြိုက်နေပေးပြီး ကွယ်သွားလျှင်တော့ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သွားပြီမို့ အတန်းလစ်ကာ သူနေရာအနှံ့သူငယ်ချင်းတွေနှင့် လျှောက်လည်သည်။

ကာရာအိုကေ နိုက်ကလပ်နေရာစုံရောက်၏။ ငွေဆိုတာလည်း သုံးလို့မလောက်။

အဘိုးဆီက တောင်းလိုက်၊ ဒယ်ဒီနှင့်မာမီဆီကတစ်လှည့်စီ တောင်းလိုက်။ အန်ကယ်လေးနှင့် အန်တီလေးဆီကလည်း လိမ်ညာလှည့်ပတ်၍တောင်းသည်။

သူ့အတွက်က ငွေမရှားရွှေမရှားပါ။ သူတို့ရှေ့မှာ လိမ္မာပါးနပ်စွာနေပြရုံပင်။

"ဟဲ့ သရထံတို့ ဒီနေ့ဘယ်လိုမ့်ကြမလဲ၊ အတန်းတက်ရတာ ပျင်းစရာကြီး"

"ကြိုက်တဲ့နေရာဒိုးလေ၊ ငါကတော့ အဆင်သင့်ပဲ"

"ကျော်သက်ကရော"

"ပြောနေစရာလား၊ နင်တို့သွားရင် သွားပြီးသားပေါ့"



"ကျော်သက်. . မင်းကအလိုက်ကန်းဆိုးမသိဘူးကွာ"

"ဘာလဲကွ၊ ငါကဘာအလိုက်မသိတာလဲ"

"တစ်ခါတလေ ငွေလနဲ့ငါနှစ်ယောက်တည်း သွားချင်သေးတာပေါ့"

သူပြောတော့ ငွေလမျက်နှာလေးနီသွားကာ သူ့ကျောကုန်းကို အုန်းခနဲထု၍

"သရထံ နင်ဘာပြောတာလဲ၊ နင်နဲ့ငါ သူငယ်ချင်းနော်၊ ပေါက်ကရမပြောနဲ့ ဆွဲထိုးလိုက်မှာ"

"ငွေလရာ ငါတို့တွေကလေးမဟုတ်တော့ပါဘူး၊ တက္ကသိုလ်ကျောင်းသားတွေတောင်ဖြစ်နေပြီ၊ နင်ကအရမ်းလုလာတော့ ရင်ခုန်ဘာပေါ့ဟ"

"အံမယ်. . ငါလုတာပဲ နင်ကရင်ခုန်စရာလား၊ အလယ်တန်းကနေ ခုချိန်ထိ သူငယ်ချင်းတွေလို ပေါင်းသင်းလာတာ စိတ်တွေမပြောင်းနဲ့၊ ငါတို့လွတ်လွတ်လပ်လပ်ပျော်ပျော်ပဲနေမယ်၊ အရောင်တွေဆိုးဖို့စဉ်းစားမနေနဲ့နော်၊ ငါကနင်တို့ကို ယုံကြည်လို့ဒီလိုမျိုးပေါင်းသင်းနေတာ၊ မရိုးမသားဆို နောက်နေ့ကစပြီး နင်တို့နဲ့မခေါ်တော့ဘူး" ငွေလဟံသာနဲ့ အချုပ်စကားက ရှေ့ဆက်တိုးဖို့ ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်ရတော့မလိုပင်။

သူ့မျက်နှာရှက်အမ်းအမ်းဖြစ်သွားလျက်

"မာနကြီးတာလားငွေလ၊ ငါတို့ဘယ်လိုအသိုက်အဝန်းဆိုတာ င်လည်းသိပါတယ်၊ နင်တို့ထက်တောင် ဟဲဗီးပြည့်စုံတယ်"

"နင်တင်စီးပြီးမပြောနဲ့ သရထံ၊ အသိုက်အဝန်းကြီးတိုင်းစ်သူဖြစ်ကြကြေးလား၊ ရင်ထဲကနှစ်နှစ်ကာကာရှိမှ ချစ်သူဖြစ်မှာပေါ့"

"နင်မချစ်နိုင်သေးတာလား၊ မချစ်တတ်သေးတာလား"

"နှစ်ခုလုံးပဲ၊ အချစ်ဆိုတာကို ငါစိတ်ကိုမဝင်စားသေးတာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ မိန်းကလေးအပေါင်းအသင်းမရှိဘူး၊ ယောကျ်ားလေးအပေါင်းအသင်းဖြစ်တဲ့ နင်တို့နဲ့ပဲ သူငယ်ချင်းလို တရင်းတနှီးနေလာခဲ့တော့ ရှာနားကမြှက်၊ ရှာနွားမစားချင်တာမျိုး ဖြစ်နေလားမသိပါဘူး၊ ဟိုလိုမိ လိုစိတ်ကို ဝင်စားလို့မရတာ''

''ဘာ''

တော်တော်လေးအောင့်သီးအောင့်သက် နိုင်စေသည်။ ဒါပေမဲ့ ငွေလဟံသာဆိုသော သူငယ်ချင်းလေးကို စိတ်ဆိုးလို့တော့မရပါ။ တကယ်လည်းသူငယ်ချင်းလိုနေခဲ့ကြတာဆိုတော့ ဘယ်လိုလုပ်ချစ်သူလို စိတ်ဝင်စားချိန်ရှိပါ့မလဲ။

သွားမယ် လည်မယ် ပတ်မယ် စားမယ်ဆိုတာပဲ အာရုံရောက်နေကြတာ။ ဖွင့်တရှုတ်ပြောမိလျှင် သူမစိတ်ဆိုးသွားပေဦးမည်။ သူမစိတ်ဆိုးတာ မခံနိုင်လောက်အောင် ရင်ထဲမှာတော့ အလေးအနက်ဖြစ်နေမိတာပါ။ ဒါပေမဲ့ ကိုယ်က အရာရာပြည့်စုံနေသူမို့ မာနလေးကတော့ ရှိချင်သည်။

ဒါကြောင့် မဲ့တဲ့တဲ့လေးပြုံးဖြစ်ကာ

''နင်မကြိုက်လည်း ငါ့ကိုကြိုက်နေတဲ့ မိန်းကလေးတွေအများကြီးနော်၊ နင့်ထက်လှတဲ့ချောတဲ့ မိန်းကလေးတစ်ယောက်ကို အချိန်မရွေး ဆွဲတွဲလိုက်လို့ရတယ်''

''ရည်းစားတစ်ယောက်လောက် မနေနိုင် မထိုင်နိုင်အရမ်းလိုချင်နေတယ်ဆိုရင်လည်း နင့်သဘောပေါ့၊ အင်တာနက်တွေကြည့်ပြီး ပိုးထနေတယ်''

ငွေလဟံသာရဲ့ မျက်စောင်းကြောင့် အောင့်အီးမထားနိုင်ဘဲ ရယ်ချလိုက်သည်။ မလုံမလဲ ဖြစ်နေသောကျော်သက်လည်းရှက်ရယ်ရယ်ပြီး...

''ငါတို့ အင်ဟာနက်ကြည့်တာ နင်ဘယ်လိုလုပ်သိလဲ''





''နင်တို့ရုပ်တွေက နွားဘူးရုပ်ပေါက်နေလို့ပေါ့''

''ဟား... နင်ကလည်း ပြောလိုက်ရင် တစ်တုံးတစ်ခဲ၊ ငါတို့က ဟောသုတရေးရှုတင်ပါ၊ ကျန်တာတော့ လုံးပကိုစိတ်မဝင်စားတာ၊ တို့က ပျော်ဖို့ပဲ၊ အဲ... နင်တို့နှစ်ယောက်ရန်ဖြစ်နေတာနဲ့ ဗိုက်တောင်တော်တော်ဆာလာပြီဟ၊ ဒီနေ့အပြင်မှာ ကဲရင်းဆွဲမယ်လေ''

''ကျောင်းခေါ်ချိန်မမီရင် ပြဿနာနည်းနည်းရှိတယ်နော်၊ ဒါပေမဲ့ နေ့ဘက်မှာတစ်ခါတလေကဲဖို့စဉ်းစား၊ ညကျရင် သူငယ်ချင်းမွေးနေ့တွေ ပါတီတွေ ဆင်ခြေပေးရမှာပေါ့၊ အိမ်မှာလိမ္မာအောင်နေပေးဦးမှလည်းဖြစ်မှာ''

''မင်းပြောတာကလည်း ငါတို့ကမိုက်လုံးကြီးနေသလိုပဲ၊ တို့အသိုက်အဝန်းကြားမှာ ဒီလိုနေမှ ထင်ပေါ်တာကွ၊ အဲဒါကြောင့် မင်းအဘိုးတို့ မင်းဒယ်ဒီ မာမိတို့က အချိန်အဆနဲ့ လွှတ်ထားတာပေါ့၊ လုံးဝကြီးမသိလို့တော့ မဖြစ်နိုင်ဘူးနော်''

ကျော်သက်စကားကို ထောက်ခံသလို လက်ဖျောက်တီးကာ ခေါင်းညိတ်လိုက်ပြီး...

''အဲဒါတော့ ဟုတ်တယ်၊ အဘိုးကပြောတယ်၊ မြေးလေးပျော်ပျော်တော့နေ မပျက်စေနဲ့တဲ့၊ အဘိုးက တစ်နှစ်တစ်တန်းစာမေးပွဲအောင်ပြီး ပညာတွေစုံစေချင်တယ်၊ ပြီးတော့ မိသားစုသိက္ခာကျအောင် သမ်းမှားမရောက်စေချင်ဘူးတဲ့''

''နင်တို့ကလည်း ငါ့မိဘတွေလည်း ဒီလိုပြောတာပါပဲ၊ သရဖီနဲ့ကျော်သက်က အဆင့်အတန်းတူ အသိုက်အဝန်းတူမို့ ပေါင်းသင်းနိုင်တာတဲ့၊ တခြားယောကျ်ားလေးတွေဆို ယုံကြည်ပြီး အပေါင်းအသင်းလုပ်နိုင်ဘူး''

''နင့်အမေက ငါနဲ့သဘောတူနေလားမှ မသိတာ''

''သရဖီနော် ငါစကားအကောင်းပြောနေတာ၊ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ထက်ကျော်ချင်ရင်၊ ဒီအခွင့်အရေးတွေအားလုံး ဆုံးရှုံးသွားလိမ့်မယ်''

''ခြိမ်းခြောက်တာကတော့ ကြောက်စရာကြီး၊ အေးနော်၊ နင်တခြားကောင်တွေနဲ့တော့ ရည်းစားမထားရဘူး''

''ဟွန်း. . . ဘာမှကို စိတ်မဝင်စားတာ၊ ငါကတော့ စိတ်ချမ်းချမ်းသာသာနေရဖို့ပဲ''

ငွေလဟံသာပြောလိုက်တော့ သရထံပြုံးတုံ့တုံ့ဖြင့် ငြိမ်သက်သွားသည်။ သူငယ်ချင်းအဖြစ်နှင့်နေချင်လျှင်လည်း သူငယ်ချင်းပေါ့။ ငွေလဟံသာနှင့်က ဒီအတိုင်းသူငယ်ချင်းဖြစ်နေရတာလည်း ပျော်စရာကောင်းပါသည်။ သူနှင့်ကျော်သက် ဘယ်သွားသွားသူမလိုက်သည်။

စားကြမယ်ဟေ့၊ ကာရာအိုကေသီချင်းသွားဆိုမယ်ဟေ့ဆိုလည်း စိတ်တူကိုယ်တူပင်။ သူမကအဆိုအကဝါသနာပါ၍ သူနှင့်အပြိုင်လိုက်ဆိုလိုက်ကနိုင်သည်။ ကျော်သက်က မင်းတို့နှစ်ယောက် အတွဲညီတယ်ဆိုလို့ ငွေလဟံသာရဲ့စိတ်ကို စမ်းသပ်ကြည့်တာပါ။

အချစ်ကို စိတ်မဝင်စားသေးဘူးဆိုတော့လည်း ဘာတတ်နိုင်မှာလဲ။

စိတ်ကိုလျှော့လိုက်ရင်း သူကားလေးကို ဦးတည်ရာပြောင်းလိုက်သည်။ ပန်းခြံတွေ ကစားကွင်းတွေလည်းပတ်ပျော်ပါးစရာ နေရာတွေက သူတို့ခြေရာတွေထပ်နေခဲ့၏။

ရန်ကုန်မှာက ငွေဖြုန်းတီးဖို့နေရာက အပေါသားပင်။ ကျောင်းမတက်ချင်သည့်နေ့ဆို ဒီလိုမျိုးသုံးယောက်သားလိမ့်နေကျ။

ညနေကျ သူငယ်ချင်းတစ်ယောက်အမေ ဆေးရုံတက်လို့ဆိုပြီး အဘိုးကိုဖုန်းဆက်အကြောင်းကြား ဆင်ခြေပေးကာ ကာရာအိုကေခန်းကို လာခဲ့ကြသည်။ သုံးယောက်သား သီချင်းတွေဆိုကြ၊ အော်ဟစ်သောင်းကျန်းကြသည်။





ဝိတ်တာတွေရဲ့ ဂရုစိုက်ပြုစုမှုကိုခံဖို့ ငွေကိုအလျှံပယ်သုံးရင်း စည်းစိမ်ယူကြသည်။ ငွေကြေးချမ်းသာပြည့်စုံမှ ဒီလိုစည်းစိမ်ကို ခံစားနိုင်တာမဟုတ်ပါလား။

တစ်ခါတလေ ငွေလဟံသာမလိုက်လျှင် ကျော်သက်နှင့်နှစ်ယောက်တည်း ကဲကြသည်။ ကျော်သက်မပါလျှင်တော့ သူတစ်ယောက်တည်းရောက်လာပြီး ဝိတ်တာနှစ်ယောက်လောက်ကို ငွေကုန်ခံကာ စပွန်ဆာလုပ်၍ ပျော်ရွှင်ယစ်မူးနေတတ်သည်။

ဒီအရွယ်မှာပဲ ဒီလိုနေခွင့်ရှိတာမဟုတ်ပါလား။ သူရောက်လာသည့် တစ်ဆိုင်လုံးရှိ ဝန်ထမ်းတွေအားလုံး ပျာပျာသလဲပြုစုယုယကြ၏။ ဘောက်ဆူးများများရဖို့ ငွေဖြုန်းမည့်သူကို သူတို့ခင်မျာမျှော်လင့်စောင့်စားနေကြရရှာတာ။ ကိုယ်မရှာရသောငွေမို့ သူကလည်းသဒ္ဒါတရားထက်သန်ရက်ရောစွာဖြင့် . . .။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''ဖေဖေမြေးကတော့ သိပ်မဟုတ်တော့ဘူးနော်၊ ကျောင်းဆင်းချိန်ကို အိမ်တန်းပြန်မလာဘူး၊ အကြောင်းအမျိုးမျိုးပြပြီး နောက်ကျနေတာမကောင်းဘူး၊ တက္ကသိုလ်ကျောင်းသားကြီးဖြစ်သွားပြီဆိုတော့ အပေါင်းအသင်း များမှာစိုးရတယ်''

သားငယ်ကိုမောင်လွှင်စကားကြောင့် ဦးပြည်သာအောင် အလိုမကျသလို မျက်မှောင်ကြုတ်သွားလျက်

''ငါ့မြေးအပေါင်းအသင်းတွေက လူကုံထံအသိုက်အဝန်းကချည်းပဲ၊ မြေးပေါင်းတဲ့သူတွေကို မင်းတို့လည်း သိရဲ့သားနဲ့ မြေးလေးကိုဘာလို့အပြစ်ပြောတာလဲ''

''ငွေလည်းအသုံးများလို့ ပျက်စီးမှာစိုးလို့ပါ''

''ဟာ. . . ငါတို့ချမ်းသာသမျှက သူ့အတွက်ပဲလေ၊ မျိုးဆက်ဆိုလို့ သူတစ်ယောက်ပဲရှိတယ်၊ မင်းမိန်းမကရော ကလေးမွေးနိုင်လို့လား၊ တားဆေးတွေသောက်ရင်းသောက်ရင်းက ကလေးမရနိုင်တော့တာ၊ ဒီတူလေးသုံးတာဖြုန်းတာကို မင်းကငြိုငြင်ချင်လို့လား မောင်လွှင်''

''မ. . . မဟုတ်ပါဘူးဖေဖေ၊ တူလေးအတွက် တကယ်စိုးရိမ်လို့ပါ၊ တက္ကသိုလ်ရောက်မှ''

''မောင်လွှင်. . . မြေးလေးကို မဝေဖန်ပါနဲ့၊ ဘယ်တုန်းကမှ





သူ့ရိုင်းရိုင်းစိုင်းစိုင်းမရှိခဲ့ဘူး။ တစ်ဦးတည်းသော မြေးလေးတူလေးမို့ သူ့စိတ်ချင်တာ၊ ဆိုးချင်တာခွင့်လွှတ်နားလည်ပေးရမှာပေါ့။ မင်းတို့ငယ်ငယ်က ဒီ့ထက်တောင်ဆိုးသေးတယ်။ ထိန်းမနိုင်သိမ်းမရနဲ့ လုပ်ချင်တာလုပ်ခဲ့ကြတာ။ ငါသဘောမတူတဲ့ မိန်းမတွေကိုတောင် ငါ့ကိုအာခံပြီး ယူခဲ့ကြတာမဟုတ်ဘူးလားဟင် ဟိတ်ကောင်''

ကိုမောင်လွှင် ငြိမ်သက်သွားသည်။ ဒီအပြစ်ကို တစ်သက်လုံးပြောလို့ပြီးမှာမဟုတ်ပေ။ ဒီလိုလက်ခံပေးတာပဲကျေးဇူးတင်ရမှာပါ။ သိရိကြွနှင့်က သဘောမတူချင်ဘူးဆိုပေမယ့် အဆင့်အတန်းက သိပ်မကွာသော့ အစ်ကိုကြီးမိန်းမခင်နန္ဒာလောက်တော့ ခါးခါးသီးသီးမဖြစ်ခဲ့ပေ။

ဒါပေမဲ့ ဖေဖေကစိတ်ကြီးသည်။ သူယူစေချင်သည့်မိန်းမကိုယူ၍ ညီအစ်ကိုနှစ်ယောက်လုံးကို လုပ်ငန်းတွေလွှဲမပေးခဲ့။

အချိန်တန်ရင် မင်းတို့ရသင့်ရထိုက်သလောက်ပေးမယ်၊ နေနိုင်ရင်နေ၊ မနေနိုင်ရင်အိမ်ပေါ်က ဆင်းသွားကြဆိုတာကြောင့် ညီအစ်ကိုနှစ်ယောက် ဖေဖေကို မလွန်ဆန်ရဲဘဲ နေခဲ့ကြရသည်။

''ဟိတ်ကောင်''

''ဗျာဖေဖေ''

''ငြိမ်ပြီးဘာတွေတွေးနေတာလဲ၊ ငါပြောတာကြားတယ်မဟုတ်လား''

''ဟုတ်. . . ဟုတ်ကဲ့''

''အဲဒါဆိုသွားတော့၊ နောက် ငါ့မြေးနဲ့ပတ်သက်ပြီး ဘာမှမပြောနဲ့၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ထက်လိမ္မာတယ်၊ ပညာကုန်သင်ပြီးရင် ငါ့မြေးက မင်းတို့ထက်အားကိုးရမှာ၊ ငွေလဟံသာဆိုတဲ့မိန်းကလေးကို ငါကိုယ်တိုင်သဘောတူလို့ လွှတ်ပေးထားတာ၊ အဲဒီကလေးလေးက ငါတို့လိုအသိုက်အဝန်းကြီးထဲက လုပ်ငန်းရှင်သမီးပဲ၊ အစကတည်းက ငါစုံစမ်းထားပြီးသား သူတို့ချင်းချစ်သူဖြစ်သွားရင် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်လက်ထပ်ပေးလိုက်ဦးမယ်''

ကိုမောင်လွင်ဘာမှမပြောတော့ဘဲ ကိုယ့်အခန်းကိုယ်ပြန်လာခဲ့ရသည်။ တကယ်တော့ စိုးရိမ်စိတ်နှင့် သွားသတိပေးခြင်းမဟုတ်ပေ သရထံကို တူလေးတစ်ယောက်တည်းမို့ အချစ်ပိုပေမယ့် ဖေဖေအလ လိုက်မြှောက်ပင့်လွန်းနေတာတော့ မကြိုက်ပေ။

သားအချစ် မြေးအနှစ်ဆိုပြီး သားတွေထက်ပိုလွန်းတာ သဘော မှမကျတာ။

''ကိုမောင်''

အခန်းတံခါးဖွင့်ပြီးဝင်လာသော ကိုမောင်လွင်မျက်နှာသုန်မှု နေတာမို့ ဒေါ်သီရိကြွေအနားရောက်သွားကာ..

''ဖေဖေက ဘာပြောလိုက်လို့လဲကိုမောင်''

''သရထံနဲ့ပတ်သက်ရင် ဆတ်ဆတ်ထိကိုမခံဘူး၊ ဒီကလေ ကိုအပြစ်ကိုမမြင်တာက ဆိုးတယ်''

''ချစ်လွန်းလို့ အပြစ်မမြင်တာ ကိစ္စမရှိပါဘူး။ အမွေကိစ္စဘယ် လိုစီစဉ်မယ်ဆိုတာ မသိရတာက စိုးရိမ်စရာပဲ၊ ကိုမောင်တို့ကို အခု လည်း လုပ်ငန်းတွေခွဲမပေးသေးဘူး။ ဒီကုမ္ပဏီရော ဘီလပ်မြေစက် ရော တစ်လုံးစီသာ တာဝန်ယူနိုင်းတယ်။ ဘယ်ဟာကို ဘယ်သူ့ ပေးမယ်ဆိုတာ ခွဲတမ်းလည်းမချသေးဘူး''

''အဲဒါကို ကိုကျော်နဲ့တိုင်ပင်ကြည့်သေးတယ်၊ တကယ် ဖေဖေက စိတ်သွားတိုင်းကိုယ်ပါတော့တာမဟုတ်ဘူး။ မင်းကဒါယူ သူ ဒါယူဆိုရင် ကိုယ်တို့လည်းအားကြိုးမာန်တက်ကြိုးစားဖို့ အားရှိသေ တယ်''

''အဲဒါပေါ့၊ အခုက တာဝန်ပဲအပေးခံနေရတာ၊ အမွေပေး မဟုတ်လို့ ဘယ်သူ့အတွက် လုပ်နေရမှန်းမသိဘူး။ ပြောတော့လ ရသင့်တဲ့အချိန် ပေးသင့်သလောက်ပေးမယ်တဲ့၊ မရေမရာမသေမချာ



''ညီအစ်ကိုနှစ်ယောက်တည်းရှိတာဆိုတော့ တစ်ယောက် တစ်ဝက်ပဲပေးရမှာပေါ့၊ တခြားဘယ်သူ့ကို ပေးရဦးမှာလဲ''

''သရထံကို ဘယ်သွားထားမှာလဲ၊ ဒီမြေးကို ဒီလောက်ချစ် နေတာ၊ ကိုမောင်တို့ထက်တောင် ပိုပေးချင်ပေးနေဦးမယ်''

ကြွေပြောတာ ဖြစ်နိုင်တာမို့ ကိုမောင်လွင်ထောက်ခံသလို ခေါင်းညိတ်မိသည်။ တူလေးလည်း ရသင့်သည့်သူမို့ မနာလိုစရာမရှိပေ မယ့် ရသင့်တာထက်ပိုသွားလျှင်တော့ စိတ်မကောင်းဖြစ်ရပေမည်။ ဒါဆို ကိုကျော်က သားအတွက်ပါ ဝေစုနှစ်ခုတောင်ရမှာပေါ့။ အခုမှ သား သမီးမယူမိတာ နောင်တရမိသလိုပင်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါတော့ မလဲ။ သားသမီးမှ မရနိုင်တော့တာ။ အစက ကလေးစောစောမယူချင် လို့ တားဆေးတွေအမျိုးမျိုးသုံးစွဲရင်းက တကယ်ယူမည့်အချိန်ကျတော့ ဘယ်လိုဆေးကောင်းဝါးကောင်းသုံးသုံး မရနိုင်တော့ပေ။ ဒါကြောင့် ကိုကျော်ကမွေးသော တူလေးကိုပဲ အချစ်ပိုခဲ့ရတာ။ လသားအရွယ် လေးနှင့် ဖေဖေကပြန်ခေါ်လို့ ရောက်လာကြတော့ ကလေးမရှိဖူးသော အိမ်မှာ ဆည်းလည်းလိုသာယာငြိမ်းချမ်းခဲ့ရသည်။

ကလေးလေးအနားမှာရှိလျှင် ဖေဖေဆီမှာ ဒေါသလည်းမမြင် ရ။ ခက်ထန်ခြင်းတွေလည်းမရှိ။ ညီအစ်ကိုနှစ်ယောက် စိတ်သက်သာ ရာရသလို၊ ချွေးမတွေလည်း အနေချောင်ခဲ့၏။

ဒါပေမဲ့လည်း ကိုကျော်မိန်းမခင်နန္ဒာအပေါ် ဖေဖေအခုချိန်ထိ နူးနူးညံ့ညံ့တော့ မဆက်ဆံသေးပါ။ အဆင့်အတန်းမတူဘဲ ခိုးရာလိုက် ပြေးရဲသောမိန်းမကို အထင်မကြီးနိုင်လို့ ချွေးမအရာမသတ်မှတ်နိုင် သေးတာဖြစ်သည်။

ခင်နန္ဒာက တော်တော်လေးသည်းညည်းခံနိုင်ပါသည်။ ဖေဖေ ဘယ်လိုပဲပြောပြော ဘယ်လိုပဲဆက်ဆံဆက်ဆံ အရိုအသေပျက် ငြို ငြင်မှုလည်းမရှိခဲ့။ အိမ်အကူ ဒေါ်ဆွဲမိတစ်ယောက်သာရှိလျှက် တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လုံးအလုပ်ကို သိမ်းကျုံးလုပ်သည်။

ကြွေကတော့ ဖေဖေ့ရှေ့မှာ မျက်နှာကောင်းရရုံ ဟန်ပြသာ လုပ်သည်။ ဖေဖေကလည်း သိပေမယ့် မသိချင်ယောင်ဆောင်ပြီး ဘာမှ သိပ်မပြော။ ကြွေက အဆင့်အတန်းမြင့်သည့်အသိုက်အဝန်းကမို့ အောက်ခြေသိမ်းအလုပ်တွေ သိပ်လုပ်တတ်မှာမဟုတ်ဘူးဟု ခင်နန္ဒာ ကြားလောက်အောင် အသိပေးထားခဲ့သည်။

ဒါကိုလည်း ခင်နန္ဒာက စိတ်မဆိုးသလိုပုံစံပါ။ သရထံကို ချစ်ပေးတာပဲ ကျေးဇူးတင်နေသလိုဖြင့် အပြုံးမပျက်ကျိုးနွံပြီးနေခဲ့သည်။ မိန်းမကိုကြည့်ပြီး ကိုကျော်တစ်ခါတစ်ရံ စိတ်မကောင်းဖြစ်တတ်တာကိုတော့ ကိုယ်လည်းသိနေ၏။

"ကိုမောင်. . ဘာတွေတွေးပြီး ငြိမ်နေတာလဲ၊ စကားပြောနေရင်းက ဘယ်လိုဖြစ်သွားတာတုန်း"

"သြော်. . ကြွေပြောတာဖြစ်နိုင်တယ်လို့ တွေးမိလို့ပါ၊ တူလေးသရထံကို ပိုပေးချင်လည်းပေးနိုင်တယ်၊ အခုဘာမှခွဲဝေမပေးသေးတာက သရထံကျောင်းမပြီးသေးလို့ ဖြစ်ရတယ်"

"ကျွန်မကတော့ မကျေနပ်ချင်ဘူးကိုမောင်"

"ဘာကိုလဲကြွေ"

"ဖေဖေ့ကိုလေ၊ ချွေးမတွေကို အခုထိအသိအမှတ်မပြုသေးဘူး၊ ကြွေကဒီလောက်မဟုတ်ပေမယ့် ခင်ကတော့ ပိုပြီးခံစားချက်တွေရှိနေနိုင်တယ်၊ သားရဲ့မိန်းမလို့သာပြောတာ အိမ်ဖော်သာသာအဆင့်ပဲထားတာ၊ မြေးကိုတုန်နေအောင်ချစ်ပြီးတော့ ချွေးမကိုတော့ ဟက်ဟက်ပက်ပက် နွေးနွေးထွေးထွေးမဆက်ဆံဖူးဘူး၊ ခင့်မျက်နှာက ပြုံးနေပေမယ့် ရင်ထဲမှာတော့ ဝေဒနာတွေ၊ ဒဏ်ရာတွေရှိနေမှာသေချာတယ်"

"အင်း. . ကြွေပြောသလို ကိုယ်လည်းတွေးမိပါတယ်။ ကိုကျော်





လည်း သူ့မိန်းမအတွက်တော့ စိတ်မကောင်းဖြစ်နေမှာပဲ၊ မိန်းမကိုအရမ်းချစ်လို့ ကွယ်ရာမှာတော့ ဖျောင်းဖျပေးနေမှာပါ၊ ဒီလိုလက်ခံပေးတာကိုလည်း ဖေဖေ့ကိုကျေးဇူးတင်ရမှာ၊ ဖေဖေ့စိတ်က အရမ်းပြတ်သားပြီးမာတယ်၊ မေမေ့ကိုတောင် စိတ်တိုင်းမကျစရာတစ်ခုရှိတာနဲ့ ကွာရှင်းပစ်ခဲ့တာ၊ သေတဲ့အချိန်မှာလည်း တစ်ခေါက်မှသွားမတွေ့ခဲ့ဘူး။ သားတွေရဲ့အမေပါလို့လည်း ငဲ့ညှာရမှန်း ကြင်နာရမှန်းမသိခဲ့ဘူး။ မေမေလုပ်ခဲ့တဲ့အပြစ်က ကြီးလို့လည်းဖြစ်မှာပေါ့လေ"

ကိုမောင်လွင်ပြောတာကို စိတ်ဝင်စားသွားလျက်

"ဘယ်လိုအပြစ်မျိုးမို့လဲ ကိုမောင်"

"မေမေက ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ခဲ့တယ်၊ ရိုးရိုးသားသားလား။ မိတ်ဆွေအပေါင်းအသင်းအဆင့်လား၊ ဒီထက်ပိုသလားဆိုတာတော့ မေမေကိုယ်တိုင်ပဲသိလိမ့်မယ်။ ဖေဖေက ဖြေရှင်းမခံခဲ့ဘူးလေ။ ကိုယ်တို့လည်း နည်းနည်းသိတတ်တဲ့အရွယ်ရောက်နေပြီဆိုတော့ မင်းတို့အမေနဲ့ လိုက်သွားချင်တဲ့ကောင်လိုက်သွား၊ ငါ့အိမ်ကိုတော့ ငါသေတောင်တက်မလာခဲ့နဲ့လို့ ပြောခဲ့တာ"

"ကိုမောင်တို့ဖေဖေက တစ်ယူသန်လွန်းတယ်ပြောရမလားမသိဘူးနော်၊ ကိုကျော်တို့ညီအစ်ကိုလည်း စိတ်ဒဏ်ရာတော့ ရခဲ့ကြမှာပဲ"

ကိုမောင်လွင်ခေါင်းညိတ်လိုက်ပေမယ့် ဘာမှတော့မပြောဖြစ်။

အဖေအပေါ် နာကြည်းစရာရှိပါတယ်။ စိတ်နာပါတယ်လို့ ထုတ်ဖော်ပြောလို့ဖြစ်ပါ့မလား။ ရင်ထဲမှာပဲ ထားတာကောင်းပါလိမ့်မည်။ ပညာရှိအမျက် အပြင်မထွက်ဆိုသည့်စကားလည်း ရှိတာကြောင့် . . .။

❂❂❂



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

“ဘာကြောင့်သား ဒီလောက်အိမ်ပြန်နောက်ကျနေရလည်း မသိဘူး ကိုကျော်ရယ်၊ ခဏခဏဆိုရင် ဖေဖေအပြစ်မြင်တော့မှာပဲ”

ခင်နန္ဒာစကားကြောင့် ကိုကျော်ထင် ကွန်ပျူတာကိုပိတ်လိုက်ပြီး မိန်းမပခုံးလေးကိုလှမ်းဖက်လိုက်ကာ

“ဘာတွေစိတ်ပူနေတာလဲခင်၊ သားကသူ့အဘိုးကို ဘယ်သွားမယ်၊ ဘယ်လာမယ်၊ ဘယ်အချိန်ပြန်လာမယ်ဆိုတာ ခွဲပြီးပြောပြီးသားပါ၊ ကိုယ်တို့ကိုသာ ဂရုမစိုက်ချင်မစိုက်မယ်၊ သူ့အဘိုးကိုတော့ အပ်ကိုင်ပြီးသားပဲ”

“အဲလိုဆိုရင်တောင် သားပျက်စီးသွားမှာတော့ စိုးရိမ်တာပဲ ကိုကျော်ရယ်၊ သားကသူ့ဘက်မှာ သူ့အဘိုးရှိတယ်ဆိုပြီး အလိုလိုက်ခံထားရလို့ ဆိုးချင်နေတာ”

“ခင်ရယ် ဘာတွေစိုးရိမ်နေတာလဲ၊ ခင့်သားအတွက်ရဲစခန်းမှာ လိုက်ဖြေရှင်းရတယ်ဆိုတာ ရှိဖူးလား၊ ဆေးရုံဆေးခန်းရော လိုက်ဖူးလား၊ လူငယ်ဆိုတာ ဒီလောက်တော့ အိမ်ပြန်နောက်ကျတတ်ပါတယ် ခင်၊ ပြီးတော့ သားပေါင်းတဲ့အပေါင်းအသင်းတွေက လူကုံထံအသိုက်အဝန်းကချည်းပါ၊ ငွေလဟာသာမိဘတွေကိုလည်း ဖေဖေသိသလို ကိုယ်လည်းသိတယ်။ ကျော်သက်မိဘတွေနဲ့လည်း ခင်တာပဲ၊ အဆင့်အတန်း



ရှိကြပါတယ်”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့”

ခင်နန္ဒာဘာပြောရမှန်းမသိဖြစ်နေချိန်မှာ ကိုကျော်ထင်နဖူးလေးကိုနမ်း၍ ပခုံးလေးကိုဖက်တွယ်ထားကာ

“ခင့်သားက ဘာမှမဖြစ်ဘူး။ စိတ်ပူချင်ရင် ကိုယ့်ကိုပဲစိတ်ပူစမ်းပါ”

“ဟင်. . . ကိုကျော်ဘာဖြစ်လို့လဲ၊ ဘယ်နေရာနေမကောင်းလို့လဲဟင်”

ခင်နန္ဒာပျာပျာသလဲဖြစ်သွားလျက် ကိုကျော်ထင်မျက်နှာလေးကို ဟိုစမ်းဒီစမ်းလုပ်သည်။ ကိုကျော်ထင်က ခင်နန္ဒာလက်ကလေးနှစ်ဖက်ကို ဆွဲယူပြီး ရှိုက်ခနဲနမ်းလိုက်ကာ

“ဟင်းဟင်း. . . ခင်အဲလိုစိုးရိမ်တတ်တာလေးတွေကို ကိုကချစ်တာ၊ ခင့်ကို ကိုယ်ရအောင်လက်ထပ်ခဲ့တာ မှန်သွားပြီကွာ၊ မြင့်ဖော်ဆိုတဲ့ကောင်ကိုပေးလိုက်ရရင်တော့ ကိုယ်တစ်သက်လုံးရင်ကျိုးပြီး နောင်တရနေရမှာပဲ”

“အဲဒီလူအကြောင်းက ဘာလို့ပါလာပြန်တာလဲ ကိုကျော်ရယ် ကိုကျော်က မြင့်ဖော်ကိုမုန်းတယ်၊ ခင်နဲ့ပတ်သက်ပြီး သဝန်တိုတယ်လို့သာပြောတာ၊ ခဏခဏ သူ့နာမည်ကိုထည့်ပြောတာပဲ”

တစ်သက်စာ မမေ့နိုင်စရာအကြောင်းတွေရှိလို့ပေါ့ခင်ရယ်လို့ ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ ဒီအိမ်မှာနေရတာ သိမ်ငယ်မွန်းကျပ်နေရတာမို့ ဒီအကြောင်းနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲမှုတွေတော့ မပေးချင်ပေ။

အခုကိုယ့်ရင်ခွင်ထဲမှာ ကိုယ့်မျက်စိအောက်မှာ ခင်ရှိနေပြီပဲ။

“ခင်”

“ရှင်”

www.burmeseclassic.com



"ကိုအရမ်းကျေးဇူးတင်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ကိုလက်ထပ်ပေးလို့ပေါ့၊ ကိုယ့်ကိုယုံယုံကြည်ကြည်နဲ့ချစ်ပြီး ကိုယ့်အဖေခါးခါးသီးသီး သဘောမတူတဲ့ကြားက စွန့်စားပြီးနိုးရာလိုက်ပေးလို့ ကိုယ်ကျေးဇူးတင်တာပါခင်"

"အစကတည်းက မြင့်ဇော်ကို ခင်ချစ်ခဲ့တာမှမဟုတ်ဘဲကိုကျော်ရယ်၊ ကိုကျော့်အဖေက ကိုကျော်နဲ့ချစ်နေတာကို ခါးခါးသီးသီးကန့်ကွက်တားဆီးတယ်၊ အဆင့်အတန်းမတူလို့ နောက်ဆုတ်ပေးပါဆိုပြီး ခဏခဏလာပြောတယ်။ မတူမတန်အရမ်းနှိမ့်ချပြောလို့ မြင့်ဇော်နဲ့ရှုပြီး တွဲလိုက်တာပါ"

"ကိုယ်သိပါတယ်ခင်ရယ်၊ အဲဒါကြောင့် ခင့်ကိုအပြစ်မမြင်ဘဲကိုရအောင်ယူခဲ့တာပေါ့၊ ဖေဖေအမွေဖြတ်မယ်၊ ကိုတို့အရမ်းပင်ပန်းဆင်းရဲဒုက္ခရောက်မယ်ဆိုတာ သိသိကြီးနဲ့ ခင့်ကို ကိုယ်စွန့်စားပြီး လက်ထပ်ခဲ့တာ"

"ဒါပေမဲ့ ခင်တို့ကံကောင်းတယ်နော်၊ သားလေးမွေးတဲ့အချိန်မှာ ဖေဖေကပြန်ခေါ်ခဲ့တယ်။ အခုလိုဒီဘဝမျိုး ပြန်ရောက်လာတာ ဖေဖေ့ကိုကျေးဇူးတင်ရမှာပါပဲ"

"ကိုယ်ကတော့ ခင့်ကိုသမီးချွေးမအဖြစ် အသိအမှတ်မပြုသေးလို့ စိတ်မချမ်းသာ ဝမ်းမသာနိုင်သေးပါဘူးခင်၊ ခင့်ကို အိမ်မှုကိစ္စတွေပင်ပင်ပန်းပန်းခိုင်းနေတာလည်း ကိုယ်မကြိုက်ဘူး။ ကိုယ်တို့အနေအထားနဲ့ အိမ်အကူဆယ်ယောက်လောက်ငှားတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ၊ အခုက ခင့်ကိုဒီလိုအဆင့်အတန်းက မိန်းကလေးပဲဆိုပြီး ဒီလိုအလုပ်မျိုးတွေ ခိုင်းနေတာ"

အဖေကို ဒေါသဖြစ်နေတာကြောင့် ကိုကျော့်ရင်ဘတ်ကို မှီတွယ်ရင်း မျက်နှာလေးကို ပွတ်သက်ကာ ဖျောင်းဖျရသည်။





"ခင့်ကိုဘယ်လိုပဲသဘောထားထား ခင်သည်းညည်းခံနိုင်ပါတယ်။ သားလေးကို ချစ်ခင်ပေးတာနဲ့တင် ခင်ကျေနပ်ပါတယ်ကိုကျော်ရယ်၊ သားလေးက အခုဆို အားလုံးရဲ့ချစ်ခင်အလိုလိုက်ခံရတယ်၊ သားရဲ့နောင်ရေးလည်း စိတ်အေးရပြီ၊ ခင်သေသွားရင်တောင် ဒီမိသားစုအတွင်းမှာ သားလေးကိုထားခဲ့ရမှာ နောက်ဆံတင်းစရာလည်းမလိုတော့ဘူးလေ"

"ခင်. . . ထားခဲ့ရမှာတွေ နောက်ဆံမတင်းတာတွေ မပြောပါနဲ့ကွာ၊ ကိုယ်ကလေ ခင့်ကိုကျန်းကျန်းမာမာလှလှပပလေးပဲမြင်ချင်တာ။ ကျန်တဲ့အရာတွေ စွန့်လွှတ်နိုင်တယ်။ ခင့်ကိုတော့ ကိုယ်ဘယ်တော့မှ မစွန့်လွှတ်ဘူး"

"အဲဒီအတွက် ကိုကျော့်ကို ကျေးဇူးတင်ပါတယ်။ အရာရာစွန့်လွှတ်ပြီး ခင့်ကိုချစ်ပေးလို့ပါ၊ အဲလိုသာအစတည်းက စွန့်စားဖြစ်မယ်ဆိုရင် ကိုကျော့်အဖေကိုရှုပြီး မြင့်ဇော်နဲ့ခဏလေးတောင်တွဲဖြစ်မှာမဟုတ်ပါဘူး၊ တကယ် ကိုမြင့်ဇော်ကိုချစ်လည်းမချစ်ပါဘူး၊ မာနပေါ့လေ၊ အရမ်းကြီးနှိမ့်ချခံနေရတော့ ရှင်တို့သားကိုမယူဘူးလို့ပြချင်ခဲ့တာ၊ အဲဒါကြောင့်လည်း ဖေဖေကခင့်ကိုအခုထိ စိတ်မပြေသေးတာနေမှာ"

"ခင်ဘာမှမတွေးပါနဲ့ခင်ရယ်၊ ကိုယ်ကလေ ခင်မျက်နှာလေးပွင့်ပြီး စိတ်ချမ်းသာတာပဲမြင်ချင်တာ၊ တကယ်လို့ ဖေဖေ့ဆက်ဆံရေးအတွက်ခင်စိတ်ပင်ပန်းတယ်ဆိုရင် ဖေဖေ့ကို ကိုယ်ပြောလိုက်မယ်"

စိတ်လိုက်မာန်ပါအဖြစ်မခံနိုင်တာမို့ ကိုကျော်ထင်လက်ကို ကမန်းကတန်းဆုပ်ကိုင်ထားလျက်

"ကိုကျော်အဲလိုတွေလုပ်ရင် ခင်ပိုပြီးအနေရခက်လိမ့်မယ်၊ အခုလိုနေရတာ ခင်စိတ်ချမ်းသာပါတယ်၊ သားဘဝလေးပြည့်စုံနေတယ်၊ သူ့အဘိုးရဲ့ချစ်ခင်အလိုလိုက်ခြင်းခံနေရတယ်၊ ဒါတွေမိခင်တစ်ယောက်အနေနဲ့ အားလုံးကိုကျေနပ်ပေးနိုင်တယ်၊ တစ်ခုပဲ သားလေးကိုလိမ္မာစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ''

''လွှတ်ထားလိုက်ပါခင်ရယ်၊ ခင့်သားဘာမှမဖြစ်ပါဘူး။ ဖြစ်သွားလည်း သူ့အဘိုးပြောလိမ့်မယ်''

''ကိုကျော်ကလည်း''

သားနှင့်ပတ်သက်လျှင် ကိုကျော်ထင်ဒီလိုမျိုး ဥပေက္ခာပြုတတ်တာကိုတော့ ခင်မကြိုက်ပေ။ မိမိအပေါ်တော့ ကိုကျော်ထင်လေးလေးနက်နက်နှစ်နှစ်ကာကာချစ်တာ ခံစားလို့ရပါသည်။ ဟိုအရင်ကတည်းက တယုတယကြင်ကြင်နာနာရှိသည်။ တန်ဖိုးထားကာ မြတ်နိုးခဲ့၏။

ဒါကြောင့်လည်း သူ့အဖေသဘောမတူသည့်ကြားက သူ့အချစ်ကို တန်ဖိုးထားပြီး ခိုးရာလိုက်စွန့်စားခဲ့တာပါ။ နှစ်ယောက်သား နယ်စပ်မြို့လေးမှာ အတော်လေးကို ကသီလင်တဆင်းရဲဒုက္ခရောက်ခဲ့သည်။

ကိုကျော်ထင်က ပင်ပန်းသည့်အလုပ်တွေမှ မလုပ်နိုင်တာ။ ဖအေအိမ်ပေါ်ကနေ မိမိနှင့်လက်ထပ်ဖို့ အဝတ်တစ်ထည်ကိုယ်တစ်ခုဆင်းလာခဲ့တာမို့ သူများဝန်ထမ်းဘဝမျိုးရောက်ခဲ့တာပါ။ ဒါပေမဲ့ မိမိကိုချစ်တာကြောင့် ကိုကျော်ထင်တတ်နိုင်သမျှ ရှာဖွေလုပ်ကိုင်ကျွေးခဲ့ရှာပါသည်။

သားလေးမွေးလို့ သူ့အဖေက ပြန်ခေါ်မှ ဒီဒုက္ခတွေငြိမ်းခဲ့တာ။ ဒါကြောင့်မို့ သူ့အဖေဘယ်လိုပဲဆက်ဆံဆက်ဆံ သားနှင့်ယောက်ျား ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ တင့်တောင့်တင့်တယ်နေနိုင်မည်ဆိုလျှင် မိမိအနစ်နာခံရကျိုးနပ်ပါသည်။

''ခင်. . . ဘာဖြစ်သွားတာလဲ''

''ကိုကျော့်စကားက သားကိုဥပေက္ခာပြုသလိုကြီးပဲ၊ အဲဒီလိုတွေပြောတာ ခင်မကြိုက်ပါဘူး။ ကြွေတို့လင်မယားရော ဖေဖေရော သားကိုဒီလောက်ဂရုစိုက်နေကြတာ''

''ဩော်. . . ခင်ရယ်၊ ကိုယ်က သားအတွက် ခင်အရမ်းစိတ်ပူ





နေမှာစိုးလို့ စိတ်သက်သာအောင်ဖျောင်းဖျတဲ့သဘောပါ၊ ကိုယ်ကလေ ခင့်ကိုမျက်နှာလေးညှိုးတာတောင် မမြင်ချင်ဘူး''

''ခင့်ကိုချည်းဂရုမစိုက်ပါနဲ့ကိုကျော်ရယ်၊ သားကိုလည်း ဂရုစိုက်ပါ၊ သားကတက္ကသိုလ်ကျောင်းသားကြီးဖြစ်နေပြီ၊ လမ်းမှားရောက်သွားရင် ဘယ်လိုလုပ်မလဲ၊ ခင်အသက်နဲ့ရင်းပြီး မွေးလာခဲ့ရတဲ့သားပါ၊ သားကြောင့်လည်း ခင်တို့ဒီလိုနေနိုင်လာတာ၊ ခင်တို့အတွက် သားက တန်ဖိုးဖြတ်လို့မရဘူး''

''သားနဲ့ကိုယ် ခင်ဘယ်သူ့ကိုပိုချစ်လဲ''

ကိုကျော်ထင်ရဲ့မေးခွန်းကြောင့် ခင်မျက်ခုံးပင့်သွားမိလေသည်။

''ကလေးကလားစကားတွေ ဘာလို့မေးနေတာလဲ ကိုကျော်၊ သားကိုလည်းခင်ချစ်တယ်၊ ကိုကျော်ကိုလည်း ခင်ချစ်တယ်၊ ဒါပေမဲ့ ငါးရာနှစ်ဆယ့်ရှစ်နဲ့ ထောင့်ငါးရာအချစ်ချင်းတော့ မတူဘူးပေါ့''

''ကိုယ့်ကိုနည်းနည်းလေးတောင် မပိုဘူးလားခင်''

ဖွတ်တရွတ်ကလေးဆန်နေတာကြောင့် ခင်ပြုံးပင်ပြုံးချင်လာသည်။ သားကိုတောင်မနာလိုဖြစ်နေလားမသိပေ။

ကိုကျော်ထင်က တစ်ခါတစ်ရံဒီလိုမျိုးကလေးဆန်တတ်ပါသည်။ သားနှင့်သူ့ကို ဘယ်သူပိုချစ်လဲဆိုတာ ခဏခဏမေးတတ်၏။ အမြဲတမ်း မိန်းမကို ချွဲနွဲ့နေချင်သူပင်။

သားက သူ့အဖေကိုတူတာဖြစ်လိမ့်မည်။ အဘိုးကိုချွဲလိုက် အဖေအမေကိုချွဲလိုက် ဦးလေးနှင့်အဒေါ်ကိုချွဲလိုက်ဖြင့် သူလိုချင်တာကို ရအောင်ယူ၊ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သူပါ။

''ခင်. . . ဘာလို့ ပြုံးနေတာလဲ၊ ကိုယ်မေးတာဖြေလေ''

''အဟင်း. . . ကိုယ်ကျော်ကလေ ဒီအသက်အရွယ်ရောက်တာတောင် ချွဲချင်နေတုန်းပဲ၊ သားက အဲဒါကြောင့် သူ့အဖေတူတာ''

''ဘာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သူ့အဘိုးကိုလည်း သားကိုချစ်တယ်မဟုတ်လား ဘာညာပြောပြီး သူလုပ်ချင်တာလုပ်တာ၊ အဖေအမေကိုခွဲနွဲ့ချင်တယ်၊ သူ့ဦးလေးနဲ့အဒေါ်ကိုလည်း"

"တော်ပြီခင်၊ ကိုယ်ကသားအကြောင်း ပြောခိုင်းနေတာမဟုတ်ဘူး၊ ကိုယ့်ကိုသားထက်ပိုချစ်သလားလို့မေးနေတာ"

လေသံက မာနေပြီမို့ ကိုကျော်စိတ်ကောက်တော့မည်ဆိုတာ သိလိုက်သည်။ ဒီယောကျ်ားကို အသက်ပေးကာချစ်ရသည်မို့ မျက်နှာလေးတစ်ချက်တောင် အညိုးမခံနိုင်ပါ။ ရင်ခွင်ကျယ်မှာ မျက်နှာအပ်လိုက်ပြီး ရှိုက်ခနဲနမ်းလိုက်မိလျက်

"ကိုကျော်ကို ချစ်တာပါရှင် ကျေနပ်ပြီလား။ ဘာမှန်းမသိဘူး"

"ဘာမှန်းမသိတော့ ပေါ့ပေါ့တန်တန် မပြောပါနဲ့ခင်ရယ်၊ ကိုယ်တို့က တစ်ယောက်နဲ့တစ်ယောက် အသက်ပေးပြီးလေးလေးနက်နက်ချစ်ကြလို့ စွန့်စားပြီးတောင် ခိုးပြေးခဲ့ကြတာပါ၊ ခင့်ကိုကိုယ်ချစ်တယ်၊ လောကကြီးတစ်ခုလုံး အရာအားလုံးထက်ပိုချစ်တယ်၊ သားထက်လည်းပိုချစ်တယ်ခင်"

ရင်မှာကြည်နူးသက်ပါလျက် ခင်သက်ပြင်းတွေချလိုက်မိသည်။ ကိုကျော် ခင့်ကိုတန်ဖိုးထားကာချစ်သည်ဆိုတာ ခင်ယုံပါသည်။ ဒါပေမဲ့ ဒီအသက်အရွယ်မှာ သားထက်ပိုချစ်သည်ဆိုတာတော့ မဖြစ်သင့်ပေ။ ဒီယောကျ်ားကတော့ မိန်းမကိုချွဲနွဲ့ချင်လို့ ဖြစ်မှာပါ။ ခင်ကလည်း ဒီယောကျ်ားကိုပဲ လင့်တစ်မျက်နှာတစ်ရှာထင်လျက် . . .။

❂❂❂



## အခန်း (၆)

"တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုတော့ မင်းကဘယ်သွားဖို့ စိတ်ကူးနေတာလဲဟိတ်ကောင်၊ မင်းက ဒီမိသားစုကို တာဝန်မယူချင်လို့ ထွက်ပြေးချင်တာလား"

ဦးတင့်ဝေအသံကြောင့် နောက်ဖေးဘက်ကနေ ဒေါ်မြသက်သတိစွန်တောင်ဆွဲ၍ ပြေးထွက်လာသည်။

"ဘာပြောတာလဲ၊ ဒီကောင်ဘာပြောတာလဲကိုတင့်ဝေ"

"မြို့တက်အလုပ်လုပ်ချင်လို့တဲ့လေ"

"ဘာ‌. . နင်က မြို့တက်အလုပ်လုပ်နေတော့ ငါတို့ကဒီမှာ အငတ်နေရမှာလား"

"အလုပ်လုပ်ငွေစုပြီး ကျွန်တော်ငွေလွှဲမှာပေါ့အမေ"

"ဟဲ့. . နင်က ဘယ်ချိန်ဘယ်ကာလမှ လွှဲမှာလဲ၊ နင်မလွှဲခင်ငါတို့ကအငတ်နေရမှာလား။ မြို့တက်အလုပ်လုပ်တိုင်း အဆင်ပြေတယ်လို့ နင့်ကိုဘယ်သူပြောလဲ၊ နင့်လိုပညာမတတ် ဘာမတတ်နဲ့ လွယ်မလား"

"ဒီမှာထက်သာတဲ့အလုပ်မျိုးတော့ ရမယ်ထင်ပါတယ်အမေ"

"ဘာ. . နင်ကဒီမှာငါတို့ကို ရှာကျွေးရတာ ပင်ပန်းတယ်လို့ပြောချင်တာလား။ ဒါကြောင့် ကိုယ်လွတ်ရုန်းထွက်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အမေရယ်၊ ရေကြည်ရာမြက်နုရာပေါ့၊ ဒီမှာ ပင်ပင်ပန်းပန်းထမ်းပိုးရှာလို့ရတဲ့ငွေက ထမင်းတောင်နပ်မှန်ဖို့မလွယ်ဘူး တစ်သက်လုံးဒီအတိုင်းနေသွားလို့တော့ မဖြစ်ဘူးမဟုတ်လား၊ တိုးတက် ရာ တိုးတက်ကြောင်းလေးရှာဦးမှပေါ့"

ဒေါ်မြသက်ခါးခါးသီးသီးပင် ခေါင်းယမ်းသည်။ ဦးတင့်ဝေ အရက်ကို နှစ်ခွက်ဆင့်သောက်ပြီးမှ . . .

"မင်းမရှိရင် ငါတို့ခြေမဲ့လက်မဲ့ဖြစ်သွားလိမ့်မယ်၊ မင်းရှာကျွေ လို့ငါတို့ ထမင်းလည်းစားရတယ်၊ ကလေးတွေကိုလည်း ကျောင်းထား ရတယ်၊ အခုချက်ချင်းကြီးမင်းက သွားမယ်ဆိုတော့ တို့ခြေတွေလက် တွေချိုး၊ ပါးစပ်ပေါက်တွေပိတ်ခဲ့သလိုဖြစ်မှာပေါ့ကွ"

"အေးလေ . . နင်သာ ငါတို့သားအရင်းဆို၊ အဲလိုပြောထွက် မှာ၊ အဲလိုလုပ်ရက်မှာမဟုတ်ဘူး၊ ဟဲ့ . . နင့်ကိုကျွေးမွေးစောင့်ရှောက် လာရကျိုးနပ်လုချည်လားဟဲ့၊ နင့်ကိုမွေးထုတ်တဲ့ မိဘတွေက လမ် ဘေးမှာစွန့်ပစ်ရက်တာတောင်၊ ငါတို့က သွေးမတော်သားမစပ်ဘဲ ပြု စောင့်ရှောက်လာခဲ့တာ၊ ချေးသုတ်သင် သေးသုတ်သင်လုပ်၊ နင့်နို့မှု ဘူးဖိုးရဖို့အတွက် ငါကအကြော်လည်ရောင်း၊ ဒီလူကြီးက ကုန်ထမ်းပြ ရှာလာခဲ့ရတာ၊ အိမ်သာကျင်းတောင်တူးခဲ့ရတယ်ဟဲ့သိလား၊ တခြာ ပင်ပန်းတဲ့အလုပ်တွေလည်း အကုန်လုပ်ခဲ့ရတာ၊ နင်ကအခုမှ ငါတို့ ရှာကျွေးရတာကို နာအုံ့ထင်နေလား"

မင်းထက်ခိုင်ဘာပြောရမှန်းမသိတော့ပေ။ အမေတို့ပြောနေ တာလည်း အမှန်တွေပဲဖြစ်မှာပါ။ ကလေးတစ်ယောက်ကို မွေးမြူစော ရှောက်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ။

ဒီတာဝန်တွေမယူနိုင်လို့ မိဘအရင်းတွေက စွန့်ပစ်ခဲ့တာ ဖြ မည်။ မွေးစားမိဘတွေကြောင့်သာ သူအသက်ရှင်နေတာပါ။ ဒါပေ ဒီဘဝကြီးမှာတော့ သူမနေနိုင်တော့ပေ။



"ကျွန်တော့်ကို ခွင့်လွှတ်ပါအမေ၊ ကျွန်တော် အခုသွားမှာက ကျွန်တော်ကိုယ်လွတ်ရုန်းထွက်ပြေးတာမဟုတ်ဘူး၊ အမေတို့ကို ငွေလွှဲ ပါ၊ ငွေများများလွှဲနိုင်အောင် ကျွန်တော်အလုပ်လည်း များများလုပ် ပါ၊ ဒီအတိုင်းနေရင် ဒီဘဝကြီးက လွတ်မြောက်မှာမဟုတ်ဘူးအမေ၊ အမေတို့လည်း တစ်သက်လုံးမပြည့်မစုံ ချို့ချို့တဲ့တဲ့ပဲဖြစ်နေမှာ၊ လူတစ် သူတစ်လုံးနေရဖို့ဆိုရင် နေရာရွှေ့ပြီး စွန့်စားကြည့်ရမှာပေါ့"

"ဟဲ့ . . နင်က ဘယ်လောက်တောင် အစွမ်းအစရှိတဲ့ကောင် လဲ၊ နေပါဦး နင်ကသွားဖို့လာဖို့ ဘယ်မှာလမ်းစရိတ်ရှိလို့လဲ"

"ဟို . . ကျ . . ကျွန်တော်စုထားပါတယ်"

"ဘာ"

ဦးတင့်ဝေနှင့် ဒေါ်မြသက် သံပြိုင်ထွက်သွားသည်။ ဦးတင့်ဝေ က ဝုန်းခနဲခုန်ထကာ လက်သီးလက်မောင်းတန်းလျက် ဒေါ်မြသက်က ကျောပြင်ကို အုန်းခနဲနေအောင်ထုတ်။

"နင်ကကြိတ်ပြီး ကြံစည်နေခဲ့တာပေါ့လေ၊ ဒါကြောင့် အခုတ ပိုက်ဆံအရနည်းတာကိုး၊ ငါကတော့ အလုပ်လုပ်မကောင်းလို့ ဒီ က်ပဲရတယ်ဆိုဘာကို အဟုတ်မှတ်နေတာ"

"မင်းက လိမ်တတ်ညာတတ် ခိုးဝှက်စုတတ်နေတာပေါ့လေ။ တ်ကောင် အဲဒီစုထားတဲ့ပိုက်ဆံ အကုန်ထုတ်စမ်း ပေးစမ်း"

"ဟဲ့ . . နင့်အဖေပြောနေတာမကြားဘူးလား"

"ကျွန်တော်မပေးနိုင်ပါဘူး"

"ဘာ"

"ကျွန်တော်ရန်ကုန်ကိုသွားဖြစ်အောင်သွားမှာပါ၊ အခုအမေ ကို ခွင့်တောင်းတာမဟုတ်ပါဘူး၊ ကျွန်တော်သွားမယ်ဆိုတာ အသိ တာပါ၊ ကျွန်တော်ဒီလိုဘဝကြီးနဲ့ မနေနိုင်ပါဘူး"

"ဟိတ်ကောင် ကြီးကြီးကျယ်ကျယ်တွေမပြောစမ်းနဲ့၊ မင်းဒီလို

www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်လာတာပဲ ကျေးဇူးတင်ဦး။ မင်းကစွန့်ပစ်ခံထားရတဲ့ သေလုကျ ငါတို့ကြောင့် အသက်ရှင်လာတာ''

''ကျေးဇူးရှိမှ ကျေးဇူးကန်းတယ်ဆိုတာအမှန်ပဲ၊ ခြေနှစ်ချောင်း ကယ်လို့ ဘာအကျိုးကျေးဇူးရှိမှာလဲ၊ ငါတို့က လူမှတ်လို့ကယ်ခဲ့တာ တိရစ္ဆာန်ကယ်မိတာမှ ကျေးဇူးဆိုတာ သိဦးမယ်''

ပြောနေတာတွေက သူ့ကိုလူတစ်ယောက်လို့တောင် မသတ် မှတ်တော့။ သူခွန်းတုံ့မပြန်ဘဲ ပေခံနေလိုက်သည်။ ထိုချင်ထိုး ကြိတ်ချ ကြိတ် ငြိမ်နေလိုက်တော့ အဖေကဒေါသဖြစ်လျက် လက်သီးနှင့်နှစ်ချ ထိုးကာ ရင်ဘတ်ကိုခြေထောက်ဖြင့် ဆောင့်ကန်သည်။

ဒီနေရာမှာ အသေသတ်လည်း သေရုံပင်။ မသေလျှင်တော့ ဒီဘဝက လွတ်မြောက်အောင်ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။ အမေ နောက်ဖေးဘက်ပြေးဝင်ကာ သူ့အကျီတွေဘောင်းဘီတွေ အိတ်တွေ မှာ သူပိုက်ဆံဝှက်ထားမလား၊ ဆွဲမွှေပြီးရှာ၏။

မတွေ့တော့ သူ့ရှေ့ပြန်ရောက်လာကာ

''ဘယ်မှာလဲ နင်ဝှက်ထားတဲ့ ပိုက်ဆံပေးစမ်း ငါ့ကိုအခုယူ စမ်း''

''ကျွန်တော်သွားမှာပါအမေ၊ အမေတို့ကို ကျွန်တော်ကျေ ကန်းတာမဟုတ်ပါဘူး။ ဒီအတိုင်းဘဝကို အသေမခံနိုင်လို့ပါ၊ ကျွန်တော် တစ်ယောက်တည်းအတွက် ရှန်းထွက်တာမဟုတ်ပါဘူး။ အမေတို့မိသာ စုအတွက်ပါ၊ ကျွန်တော်ကြိုးစားမှာပါ''

''တော် မပြောနဲ့၊ နင့်ရဲ့အဲဒီရည်ရွယ်ချက်ကနောက်မှ အခု ငါတို့ဘယ်သူ့ကို အားကိုးရမှာလဲ''

''ကျွန်တော့်ကိုမမွေးစားခဲ့ဘူး။ ကျွန်တော်မရှိဘူးလို့ အောက် ပြီး''

''ဟဲ့ . . အေးအဲလိုသဘောထားရမယ်ဆိုရင် မင်းအခုအိမ်



ကဆင်း။ အခုထွက်သွား . . သွားစမ်း''

''အမေ''

''ဟိတ်ကောင် ငါ့မိန်းမပြောနေတယ်လေ၊ မင်းကိုအားကိုးနေ တယ်ဆိုပြီး မင်းကဒီလိုသောက်ချိုးချိုးတာ ငါတို့က ထိုင်ငိုနေလိမ့်မယ် ထင်သလား၊ မွေးစားရကျိုးမနပ်တဲ့ကောင်၊ ဆင်းသွားဟိတ်ကောင်၊ မင်းမျက်နှာမမြင်ချင်ဘူး ခုထွက်''

တွန်းတိုးကန်ကြောက်ပြီး အိမ်ပေါ်ကဆင်းခိုင်းနေတာမို့ သူဘာ အဝတ်အစားမှမယူနိုင်ဘဲ ထွက်လာခဲ့ရသည်။ နောက်မှ ဆဲဆိုကျိန်စာ တိုက်သံတွေကြားရသည်။ သူမှုမနေချင်တော့။

အဆုံးသတ်ပြီလို့ မတွေးပေမယ့် ရေစက်ပြတ်လောက်အောင် တော့ စိတ်ထဲမှာ ဒဏ်ရာရသွားခဲ့သည်။ ဒါပေမဲ့ ကျေးဇူးရှိခဲ့တာကိုတော့ မေ့ပေ။ မွေးမိဘတွေထက်တော့ ကျေးဇူးရှိခဲ့တာ အမှန်ပဲမဟုတ်လား။

သူ့ဘဝကို ဆိုးဝါးစွာစီမံခဲ့တာ မွေးမိဘတွေပါ။

ထိုမွေးမိဘအရင်းတွေဟာ ဘယ်လိုလူမျိုးတွေလဲ သူအရမ်းသိ ချင်တွေ့ချင်လှသည်။

ဘယ်နေရာဘယ်ဒေသမှာနေသည့် ဘယ်လိုလူစားမျိုးတွေလဲ။

မသေခင်တော့ တွေ့ဖူးကြည့်ချင်လှပါသည်။ ဘာကြောင့်သူ့ကို စွန့်ပစ်ခဲ့တာလဲဆိုတာလည်း မေးကြည့်ချင်သောဆန္ဒတွေက ရင်မှာလောင် မြိုက်ပြင်းပြလျက် . . .။

◎◎◎

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ဒါဆိုမင်းတကယ်သွားတော့မှာပေါ့''

''အိမ်မှပြန်လို့မရတော့တာ၊ အခုပဲသွားရတော့မှာပေါ့''

''ဟာ. . အဝတ်အစားတွေလည်း မပါဘဲနဲ့ မင်းဘယ်လိုလုပ်မှာလဲ''

''ရှိတာလည်း သုံးလေးထည်ပါကွာ၊ ဒါလည်း လူတောတိုးတဲ့အဝတ်အစားမပါပါဘူး။ အိမ်ပေါ်လည်း ပြန်အတက်ခံမှာမဟုတ်ဘူး။ ငါ့ကိုကန်ချမှာ''

''နားမလည်ပုံများတော့ကွာ၊ မင်းကိုမွေးစားခဲ့တာ မွေးစားခဲ့တာပဲ၊ အခုက မင်းရှာကျွေးတာကို သူတို့စားနေတာ၊ တကယ်ဆို မင်းရဲ့ကျေးဇူးကိုလည်း သူတို့သိသင့်တယ်၊ ကျေးဇူးပြန်တင်သင့်တယ်''

ဝင်းအောင်က သူ့ဘက်ကနေ မခံမရပ်နိုင်ဖြစ်နေသည်။ ကိုယ်လည်းခံစားချက်ရှိပေမယ့် မွေးမိဘတွေထက်စာလျှင် တော်သေးသည်ဆိုပြီး ဖြေနေခဲ့ရတာပါ။

''ငါမမျှော်လင့်ပါဘူးကွာ၊ သူတို့ကျေးဇူးကိုပြန်ဆပ်နိုင်ဖို့ပဲ ငါဆုတောင်းပါတယ်။ တကယ်ဆို သူတို့မှာအပြစ်မရှိဘူးလေ၊ သွေးသားအရင်းမှမဟုတ်တာ၊ မိဘအရင်းတွေက ကိုယ့်သားသမီးဆီက ဘာမှပြန်မမျှော်လင့်ဘူးဆိုပေမယ့် မွေးစားတဲ့သူတွေကတော့ သူတို့ပြုစုစောင့်





ရှောက်ခဲ့တာတွေအတွက် အကျိုးအမြတ်ပြန်လိုချင်မှာပေါ့။ သူတို့အမှားမဟုတ်ပါဘူး''

''မင်းအခုတကယ်လို့ သွားပြီဆိုရင် သူတို့ကိုပြန်ကြည့်ဦးမှာလား''

''ငါကျေးဇူးမကန်းဖြစ်မှာတော့ သေချာတယ်၊ ငါ့ဘဝငါရုန်းကန်ကြိုးစားကြည့်မယ်။ အဆင်ပြေရင် သူတို့ကိုမေ့မထားဘူး။ ကလေးတွေအတွက် ငါတာဝန်ယူနိုင်သလောက် ပြန်ယူမယ်၊ မင်းငါ့ကိုတစ်ခုပဲကူညီပေးပါ၊ မင်းအစ်ကိုဝမ်းကွဲနဲ့ ငါ့ကိုဆက်သွယ်ပေး''

''အဲဒါက ဟိုတစ်ခါ သူဖုန်းလာကတည်းက ငါပြောထားတယ်၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရန်ကုန်လာချင်လို့လို့၊ အေး ကောင်းတာပေါ့၊ အဆောင်ခတစ်ယောက်တစ်ဝက်ပေးရရင် သူသက်သာတာပေါ့တဲ့၊ အလုပ်ကလည်း ရန်ကုန်မှာပေါတယ်၊ လုပ်နိုင်ဖို့ပဲအရေးကြီးတယ်တဲ့''

''လုပ်နိုင်ပါတယ်ကွာ၊ ဒီမှာတောင် ဒီလောက်ပင်ပန်းနေတာ၊ ဘာမလုပ်နိုင်စရာရှိလဲ၊ တစ်ခုပဲ အခုငါစုထားတာက လမ်းစရိတ်လောက်ပဲ ရှိဦးမယ်ထင်တယ်၊ ဟိုမှာအဆောင်ခနဲ့ စားစရိတ်အတွက် ငါထပ်ရှာဦးမှဖြစ်မှာ''

''အဲဒီအတွက်တော့ မပူနဲ့၊ ငါ့အစ်ကိုကို ပြောထားလိုက်တယ်၊ သူကအဆင်ပြေနေသားကျပြီးသားဆိုတော့ မင်းအလုပ်ရမှ နှိမ်ယူနိုင်းလိုက်ရင် ဖြစ်ပါတယ်''

''အဲ. . အဲဒါဆိုရင်တော့ ကျေးဇူးပဲကွာ၊ ငါမင်းကျေးဇူးကို မမေ့ပါဘူး''

သူ့ဝမ်းသာအားရစိတ်ပေါ့ပါးသွားကာ ဝင်းအောင်ပခုံးကို ဖက်လိုက်မိသည်။ ခင်ရာဆွေမျိုးမြန်ရာဟင်းကောင်းဆိုသည့်အတိုင်း ဝင်းအောင်က ခင်ရာဆွေမျိုးထဲမှာပါသည်ဟု ပြောလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက် အားပေးဖော်သူငယ်ချင်းကောင်းပါ။

"ငါဟိုရောက်လည်းမမေ့ပါဘူးကွာ၊ အဆက်အသွယ်လုပ်ဖို့လည်း မမေ့ဘူးသိလား၊ မင်းကိုတကယ်ကျေးဇူးတင်တာပါ"

"အေးပါ. . .ငါလည်း မကြာခင်လိုက်လာခဲ့မယ်၊ ဒီမှာနည်းနည်းအခြေအနေကောင်းအောင် စောင့်ပြီးရင် ရန်ကုန်မှာအလုပ်လုပ်ပြီး ငွေစုမယ်၊ ရည်ရွယ်ချက်ထားမှ ဖြစ်တော့မယ်ကွ"

"မင်းလိုက်လာမယ်ဆို ငါလည်းအားရှိတာပေါ့ကွာ၊ ငါတို့အတူတူကြိုးစားကြမယ်လေ"

"အိုကေသူငယ်ချင်း မင်းအဆင်ပြေပါစေ"

ဒီရပ်ဒီရွာနှင့် ဒီမိသားစု ဒီသူငယ်ချင်းကို ဒီလိုပုံစံမျိုးနှုတ်ဆက်ကာ အဝေးကိုထွက်သွားရမည်ဟု တွေးပင်မတွေးမိချေ။ အခုတော့ တားဆီးမည့်သူမရှိသောနေရာက ထွက်လာပြီး ကြိုဆိုမည့်သူမရှိသော နေရာသစ်ကိုသွားရတော့မည်။

ကံကြမ္မာဟာ အခုထိမှုန်ဝါးနေဆဲ . . . ။

ဝဝဝ

## အခန်း (၁၀)

မှုန်ဝါးမှိန်ဖျော့နေသော အခန်းထဲမှာ ရောင်စုံမီးတဖျပ်ဖျပ်သာ လင်းလဲ့နေပြီး သီချင်းသံဘောက်(စ်)သံက ဆူညံနေသည်။ ဒီနေ့ငွေလဟာသာနှင့် ကျော်သက်မပါတာကြောင့် သူစောစောပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"အစ်ကိုပြန်တော့မလို့လား၊ ဒီနေ့ဘာမှလည်း သိပ်မလှုပ်ရှားပါလား၊ အများကြီးကျန်သေးတယ်"

"မင်းတို့ဝေမျှပြီး စားလိုက်သောက်လိုက်ကြတော့ကွာ၊ သူငယ်ချင်းတွေမပါတော့ သိပ်မလန်းဘူးကွာ"

"စော်အလန်းလေးတွေရှိပါတယ်၊ အစ်ကိုတွဲကချင်ရင် ခေါ်ပေးမယ်လေ"

"ဒီနေ့တော့ စိတ်မပါတော့ဘူးကွာ၊ သူငယ်ချင်းတွေမပါတဲ့နေ့ကျရင် မင်းတို့ခေါ်ပေးလေ ကဲတာပေါ့"

"ဟုတ်ကဲ့"

"ရော့. . .မင်းတို့မုန့်ဖိုး"

"ကျေးဇူးတင်ပါတယ်အစ်ကို"

သောက်စရာစားစရာတွေ အကုန်ထားခဲ့ပြီး ဝန်ထမ်းလေးယောက်ကို တစ်သောင်းတန်တစ်ရွက်စီထုတ်ပေးခဲ့တော့ ကောင်လေးတွေဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာအားရပျော်ရွှင်သွားကြသည်။ ဒီလိုရက်ရောမှုကြောင့် သူ့ကိုဝန်ဆောင်မှုကောင်းကောင်းနှင့် ပြုစုနေကြခြင်းပါ။

ကားလေးကိုကိုယ်တိုင်မောင်းရင်း ဒီနေ့တော့ အိမ်ကိုစောစီးစွာ ပြန်လာခဲ့သည်။ အိမ်ကိုရောက်တော့ အဘိုးကခြံရှေ့မြက်ခင်းပြင်မှာ လမ်းလျှောက်နေ၏။

အဘိုးနားရောက်အောင် ကားကိုမောင်းသွားပြီး ကားပေါ်က ခုန်ဆင်းလိုက်ကာ အဘိုးကိုပြေးဖက်လိုက်သည်။

"အဘိုး"

"မြေးလေးဒီနေ့စောလှချည်လား၊ အခုမှ နေဝင်ပြီးစရှိသေးတယ်၊ ငါ့မြေးလီမွာနေပါလားကွ"

"အဘိုးက သားပြန်တဲ့အချိန်ကို သေချာသိနေတာပေါ့လေ၊ ဒါကြောင့် အဘိုးကိုသားကချစ်တာ၊ သားကိုအရမ်းဂရုစိုက်လို့လေ၊ ဟုတ်တယ်နော်အဘိုး၊ ဒယ်ဒီနဲ့ မာမီဆိုတစ်ခါတလေ သားပြန်လာတာတောင် မသိကြဘူး၊ သားကလည်း အဲဒါကြောင့် အဘိုးလောက်ကို ဘယ်သူမှ မချစ်ဘူး"

ဒီလိုချွဲနွဲ့သိမ်းသွင်းမှုတွေကြောင့် ဦးပြည်သာအောင် မျက်နှာကြီးပြုံးဖြီးသွားရသည်။ မြေးရဲ့ဒီလိုအပြောတွေကြောင့်ပဲ မြေးကိုအလိုလိုက်ချစ်မြတ်နိုးနေရတာပါ။

သားတွေက တစ်ယောက်မှ ယုံကြည်အားကိုးခဲ့ရတာမဟုတ်၊ စိတ်တိုင်းမကျမှုတွေကြောင့် ညစဉ်ညတိုင်းလည်း အိပ်မပျော်ခဲ့။

သူ့တို့အမေက အောက်တန်းစားနှင့်ပတ်သက်ပြီး အိမ်ထောင်ရေးဖောက်ပြန်ခဲ့သည်။ ကိုယ့်ကြောင့် စိတ်ဆင်းရဲရသည်ဆိုပြီး သာယာမှုရှာခဲ့သည်။

မိန်းမပါ။ ဒါကြောင့် သားတွေကိုတန်ဖိုးရှိသော မိန်းမတွေနှင့် လက်ထပ်စေချင်ခဲ့တာ။



ထိုမိန်းမနှင့် လိုက်မသွားသောသားတွေကို သေသေချာချာ ပြုစုပျိုးထောင်ပြီး အစွမ်းအစရှိအောင် လုပ်ပေးခဲ့သည်။ ဒါပေမဲ့ သားတွေက သူတို့ချစ်သောမိန်းမတွေအတွက် ဖအေကိုတောင်ပုန်ကန်ရဲခဲ့ကြ၏။

သရက်ထံဆိုသောမြေးလေးကိုသာ မမွေးခဲ့လျှင် ဒီသားတွေနှင့် ဒီလိုမျိုးတောင် ဆုံဆည်းရတော့မှာမဟုတ်ပေ။

"အဘိုး"

"မြေးလေး"

"အဘိုးအခန်းထဲကိုသားလိုက်ပို့မယ်၊ ပြီးရင်အဘိုးကို သားနှိပ်ပေးမယ်နော်"

"အေး.. မြေးက အဲလိုလုပ်ပေးမယ်ဆိုတော့ တစ်ခုခုလိုချင်တာရှိလို့မဟုတ်လား၊ မြေးမုန့်ဖိုးလိုရင် အဘိုးပေးမှာပေါ့၊ အဘိုးမီးခံသေတ္တာထဲမှာ မြေးလိုသလောက်သာယူ၊ ဒါပေမဲ့ မြေးလေး"

"ဟုတ်ကဲ့အဘိုး"

"အဆင့်အတန်းရှိတဲ့ မိန်းကလေးနဲ့ပဲ ပတ်သက်ရမယ်နော်၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပတ်သက်ပြီး ချစ်မြတ်နိုးတဲ့သူနဲ့ လက်ထပ်ရမယ်၊ အချစ်မပါဘဲ ယူလိုက်ရင် ပေါင်းသင်းနေရပေမယ့် မရင်းနှီးဘူး၊ မရင်းနှီးလို့ ဆက်ဆံရေးတွေက လင်နဲ့မယားကြားမှာ တင်းမာမှုတွေနဲ့ မသာယာဘူးဆိုရင် မိန်းမတွေက သာယာမှုရှာဖို့ အိမ်ထောင်ရေးဖောက်ပြန်သွားတတ်ကြတယ်။ မြေးက ငွေလဟံသာနဲ့ ချစ်သူတွေဖြစ်နေပြီလား"

"မဖြစ်သေးပါဘူးအဘိုးရဲ့ သူငယ်ချင်းအဆင့်ပဲရှိသေးတယ်။ ဟို.. ပရိုပို့စ်တော့လုပ်ထားတယ်၊ သူက သူငယ်ချင်းလိုပဲနေချင်တယ်တဲ့"

"ဒါပေါ့ အဲဒါတန်ဖိုးရှိတဲ့ မိန်းကလေးလို့ခေါ်တယ်၊ မြေးက

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမှန်း ရုပ်ချောမှန်းသိပေမယ့် လွယ်လွယ်အဖြေမပေးဘူး၊ စဉ်းစားဦးမယ်ဆိုတာ အဲဒါ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေပဲ၊ ကောင်းတယ်မြေးလေး သူ့ကိုပဲမြေးလေးလက်ထပ်ရမယ်"

အဘိုးက မြှောက်ပင့်ပေးနေပေမယ့် သရဏံ မှင်သေသေဣန္ဒြေ ရရနှင့်

"သားကတော့ အိမ်ထောင်ပြုဖို့ လုံးဝမစဉ်းစားသေးပါဘူး။ ကျောင်းပြီးရင်တောင် အဘိုးမသေခင်အထိ အဘိုးကိုလုပ်ကိုင်ကျွေးဦးမှာ၊ အဘိုးနောက်ဆံမတင်းအောင် စိတ်ချမ်းသာသာထားဦးမှာ၊ အဘိုး စိတ်တိုင်းမကျတဲ့မိန်းမဆိုရင် သားကရည်းစားတောင်မတော်ဘူး"

"အဟုတ်လားကွင့်မြေး"

"အသက်အရှည်ကြီးနေပြီး သားကိုစောင့်ကြည့်စမ်းပါအဘိုးရယ်၊ သားကအပြောမဟုတ်ဘူး။ အဘိုးကိုစိတ်ချမ်းသာအောင်ထားမှာဒါပေမဲ့ အခုကျောင်းတက်နေတဲ့အချိန်တော့ သားကိုနားလည်ပေးနော် အဘိုး။ ဒီအချိန်လေးပဲ လွတ်လွတ်လပ်လပ်ကဲရတာမို့ပါ၊ အဟဲ.. သားက လူဆိုးလူမိုက်တော့မလုပ်ပါဘူး၊ လုံးဝမဖြစ်စေရဘူး"

ထိုစကားအတွက် ဦးပြည်သာအောင် ပီတိတွေဝေလျက် ပြုံးပြုံးကြီးဖြစ်သွားလေသည်။ မြေးပခုံးကို အားနှင့်ဆုပ်ကိုင်ဖက်တွယ်လိုက်ပြီး

"အဘိုးမြေးလေးကို အဲဒါကြောင့် အဘိုးချစ်ရတာ၊ သားတွေကိုတော့ တစ်ယောက်မှ စိတ်တိုင်းမကျဘူး"

"မာမိနဲ့ သဘောမတူခဲ့လို့ မာမီကိုဒီလိုမျိုးဆက်ဆံနေတာလားအဘိုး"

"မြေးလေး"

မြေးလေးစိတ်မကောင်းအောင် ပြောမနေချင်တော့။ သူ့အမေအပေါ် ဒီအဘိုးရဲ့တင်းမာမှုတွေ သတိထားမိလို့ ဒီစကားမျိုးမေးလာခဲ့



တာဖြစ်မည်။

"ဟိုး.. မြေးလေးအဘိုး ဗိုက်ဆာနေပြီကွ၊ မြေးစောရောက်လာတဲ့နေ့မှာ အဘိုးတို့ညစာအတူစားကြမယ်လေ၊ နော်မြေးလေး"

"ဟုတ်အဘိုး"

မြေးအဘိုးနှစ်ယောက်ထမင်းစားခန်းထဲ ဝင်လာချိန်မှာ မိသားစုစုံညီရောက်နေပြီဖြစ်သည်။

"ဖေဖေ့ကိုအခုပဲ ထမင်းစားလာခေါ်တော့မလို့၊ ဖေဖေက မြေးရောက်တာနဲ့ တစ်ခါတည်းခေါ်လာခဲ့တာလား"

"မင်းတို့က ငါ့မြေးကိုမှ ထမင်းစားမစောင့်ကြတာကိုးကွာ၊ ငါ့မြေးလေးဘယ်အချိန်ပြန်လာလာ၊ မိဘတွေအနေနဲ့ ဦးလေးအဒေါ်တွေအနေနဲ့ ထမင်းစားမစောင့်တောင် နွေးနွေးထွေးထွေးရှိသင့်တယ်"

သရဏံဘာတွေတိုင်တောထားလို့လဲဆိုပြီး အားလုံးမျက်ခုံးပင့်သွားကြသည်။ ဘယ်အချိန်ပြန်လာမှန်းမသိတာကို ဘယ်လိုထိုင်စောင့်နေရမှာလဲဆိုပြီးလည်း ဘယ်သူမှမပြောရဲကြပါ။

ဒေါ်ခင်နန္ဒာက ပျာပျာသလဲပင် ထမင်းပွဲပြင်ပေးနေသည်။

သီရိကြွေကတော့ ဘာမှသိပ်ကူမလုပ်ဘဲ ထမင်းဝိုင်းမှာ ထိုင်လျက်ရှိသည်။

"ခင် ထိုင်စားတော့လေ၊ ဒေါ်ဆွဲမိကိုလုပ်ခိုင်းလိုက်တော့"

ဦးပြည်သာအောင်ဆီက ထိုစကားကြောင့် ခင်နန္ဒာရောကျန်တဲ့လူတွေပါ အံ့အားသင့်သွားကြသည်။ ခင်နန္ဒာက အားလုံးပြင်ဆင်လုပ်ကိုင်ပေးကာ အဆင်သင့်ဖြစ်ပြီး နောက်ဆုံးမှ ဝင်ထိုင်စားရတာပါ။

မြေးတစ်မျိုးထင်မှာစိုးလို့ ဒီလိုဆက်ဆံရေးပြောင်းလဲပေးလိုက်သည်ဆိုတာတော့ ဦးပြည်သာအောင်တစ်ယောက်သာသိပေလိမ့်မည်။

"မြေးလေးစားကွ၊ မင်းအမေက ဟင်းချက်အရမ်းကောင်းတာ"

"ဟုတ်ကဲ့.. သားကလည်း မာမီ့လက်ရာကလွဲရင် စားလို့ကို

www.burmeseclassic.com



မရတာ၊ ဟိုတယ်စာတွေပိုဆိုးသေး၊ အိမ်ကမာမီချက်တဲ့ဟင်းပွဲကိုပဲ ပြေးမြင်နေတာ''

သရဖီတို့က ထိုသို့အချုပ်ကောင်းလေသည်။ ဘယ်သူ့ကိုဘယ်လိုမျက်နှာလို မျက်နှာရလုပ်ရမည်ဆိုတာ အထာကျနေသူပါ။

သူ့အတွက်အရာရာဖြည့်ဆည်းမည့်သူချည်းဆိုတော့ အရာရာဟာ လိုတရပြည့်စုံနေလျက် . . .။

✪✪✪

# အခန်း (၁၁)

ရန်ကုန်မြို့မြင်ကွင်းမှာ သူ့အတွက် အရာရာထူးဆန်းအံ့ဩဖွယ်ကောင်းနေသည်။ သူတို့မြို့လေးထက် ကြီးကျယ်ခမ်းနားမှုတွေကို မြင်တွေ့နေရတာကြောင့် သူ့မျက်လုံးများက တက္ကစီနှင့်လာကြိုပေးသော ဝင်းအောင်အစ်ကိုဝမ်းကွဲကို လျစ်လျူရှုမိသလိုတောင်ဖြစ်နေပြီလား မသိပေ။

''ဘာတွေထူးဆန်းနေလဲကွ ထက်နိုင်''

''ဗျာ . . ဩော် . . ရန်ကုန်ကလူတွေရော ကားတွေရော အရမ်းရှုပ်ယှက်ခက်နေတာကို ကြည့်နေတာ၊ ကျွန်တော်လည်း ကျွန်တော်တို့မြို့လေးရဲ့ ဈေးမှာကုန်ထမ်းနေတဲ့ကောင်ပါပဲ၊ လူတွေအများကြီးမြင်တွေ့နေရတာ ဒီလောက်မဟုတ်ဘူးထင်တယ်''

''ဟုတ်မလားကွ၊ တို့နေတာက ကျေးလက်နယ်မြို့လေးကို၊ ရန်ကုန်မြို့ကြီးကတော့ မြန်မာနိုင်ငံရဲ့ အထင်ကရပဲလေ၊ ဒါပေမဲ့ နောက်တော့လည်း မင်းဒီမှာနေတာကြာသွားရင် အခုမြင်တွေ့နေရတာတွေက ဘာမှမဟုတ်၊ ဘာမှမထူးခြားတော့ပါဘူး၊ ငါလည်းရောက်ခါစက မင်းလိုပဲ ကားတွေလူတွေကြည့်ပြီး အရမ်းထူးဆန်းအံ့ဩနေခဲ့တာပေါ့''

''ကိုထွန်းဝင်း ရန်ကုန်ရောက်တာကြာပြီလား''

''ဆိုပါတော့ ငါးနှစ်ကျော်ပြီ''

www.burmeseclassic.com

www.burmeseclassic.com



'ဒီတက္ကသိုလ်ဆီက ကိုထွန်းဝင်းကိုယ်ပိုင်လား''

''မဟုတ်ပါဘူးကွာ၊ အုံနာနဲ့ပါ၊ တစ်နေ့တစ်သောင်းပေးရတယ် စပေါ်လည်းတင်ထားရတယ်''

''ရန်ကုန်ရောက်တာကြာပြီဆို ကားဝယ်ဖို့တောင် အဆင်မပြေ သေးဘူးလား၊ ဝင်းအောင်က တော်တော်အဆင်ပြေနေပြီလို့ ပြောလိုက် တာ''

''နယ်မှာလို ရရစားစားထက်စာရင်တော့ အဆင်ပြေတာပေါ့ ကွ၊ ဒါပေမဲ့ ရန်ကုန်မှာက နေစရိတ် စားစရိတ်ကြီးတယ်၊ ငွေသုံးရမယ် အပျော်အပါးနေရာတွေကလည်းပေါတယ်၊ ဒီကားမောင်းနိုင်တာတောင် မှ အလုပ်ပေါင်းစုံ ကြိုးကြိုးစားစားလုပ်ပြီး ငွေစုခဲ့လို့ပဲ၊ နောက်နှစ်နှ လောက်ဆိုရင် ဝယ်နိုင်ပါပြီ''

''အဲဒီအချိန်မှာ မိန်းမယူမှာပေါ့''

''ဝင်းအောင်က ပြောလိုက်တာလား၊ အေးကွ၊ အဲလော ပင်ပန်းမယ်ဆိုရင် ရည်းစားတောင်ထားဖြစ်ခဲ့မှာမဟုတ်ပါဘူးကွာ၊ အ တော့ ပစ်ရမှာလည်းအဆီတဝင်းဝင်း၊ စားရမှာလည်း သဲတရှပ်ရှပ် သလိုပဲ၊ ကုန်းရုန်းရှာနေရတော့တာ၊ လက်ထပ်ပြီးရင် ပိုဆိုးမလားမ ပါဘူး''

ကိုထွန်းဝင်းစကားကြောင့် မင်းထက်ခိုင်ရယ်လိုက်မိကာ ကိုထွ ဝင်းကို ခဏချင်းမှာရင်းနှီးသွားလေသည်။ ကိုထွန်းဝင်းက သူ့ရဲ့အခေ ကို ကားမောင်းလာခဲ့ပြီး ကော်ဖီတစ်ခွက်ဖျော်ကာ မုန့်လည်းချပေးသည်

''အဆောင်မှာ ဒါပဲရှိတယ်ဆွဲလိုက်ဦး၊ ကားပြန်ထွက်ရဦးမှ မို့ လမ်းကဆိုင်မှာ ဝင်မကျွေးခဲ့တာ''

''ကျွန်တော်ကြောင့် ဘတ်ဂျက်ထိသွားပြီပေါ့''

''ကိုယ့်နယ်ကလူကိုကူညီရတာ ဒီလောက်တော့ ဘာမှမဖြ ပါဘူး၊ ဝင်းအောင်က မင်းအကြောင်းအကုန်ပြောပြထားပါတယ်၊ ဒီ





င်းက မိဘအရင်းတွေရှာဖို့ ဒီကိုလာတာလား''

''ရှာချင်ရင်တောင် ဘယ်လိုလူမျိုးတွေမှန်း မသိဘဲ ဘယ်လို မှာလဲ၊ ကျွန်တော့်လိုကောင်ကို မလိုချင်လို့ စွန့်ပစ်ပြီးမှ အမှတ်တမဲ့ တွေ့ရရင်တောင် စိတ်ဝင်စားကြမှာမဟုတ်ပါဘူး''

''ဒါဆို မင်းဘဝရပ်တည်မှုအတွက် ဘာအလုပ်လုပ်ချင်တာလဲ''

''ပညာမှမရှိတာ ဘာအလုပ်ဖြစ်ဖြစ် ကျွန်တော်လုပ်မှာပါ၊ နယ် တော့ အိမ်သာကျင်းတူးတဲ့အထိတောင် လုပ်ဖူးတယ်ဗျာ၊ လက်သမား န်းရံအကုန်ရတယ်''

မင်းထက်ခိုင်စကားကြောင့် ကိုထွန်းဝင်းမျက်ခုံးပင့်သွားကာ

''မင်းအဖြစ်ကလည်း ဆိုးလှချည်လားကွာ၊ အေးလေ ဘဝကံ ပဲ ဒါပေမဲ့ ငါလည်းဒီရောက်ခါစက အလုပ်ပေါင်းစုံလုပ်ခဲ့ဖူးတာပါပဲ၊ ခုတော့ အဆက်အသွယ်ကောင်းလေးတွေ ရနေပါပြီ၊ ဝင်းအောင်က ပြောကတည်းက ငါစုံစမ်းထားတာတော့ နှစ်နေရာရှိတယ်ကွ၊ တစ်ခုက ားရေဆေးတဲ့နေရာ၊ နောက်တစ်ခုကတော့ စားသောက်ဆိုင်ကာရာ ကေပေါ့၊ အဲဒီမှာက ပညာအရည်အချင်း၊ အတွေ့အကြုံမရှိတဲ့အ က် ဝိတ်တာအဆင့် လုံခြုံရေးအဆင့်တော့ မရနိုင်ဘူး၊ သူတို့ထက် တဲ့တာယီရသန့်ရှင်းရေး အောက်ခြေဝန်ထမ်းအဆင့်တော့ ရနိုင်တယ်၊ ဘက်အချိန်ပိုင်းဝန်ထမ်းပေါ့''

''ဒါဆိုနေ့ဘက်မှာ ကားရေဆေးတဲ့အလုပ်လုပ်ပြီး ညဘက်မှာ ဒီအလုပ်လုပ်လို့ရတာပေါ့''

မင်းထက်ခိုင်အားတက်သရောအမေးကို ကိုထွန်းဝင်းခေါင်း ညိတ်ပြလျက် သူ့အတွက်ကော်ဖီခွက်ကို ရွှေ့တိုးပေးရင်း

''အလုပ်မရွေးရင် အလုပ်ပေါတယ်၊ မင်းလုပ်ချင်ရင်နှစ်ခုလုံး ပြောပေးလို့ရပါတယ်''

''လုပ်မယ်ကိုထွန်း၊ အတွေ့အကြုံရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''အေး . . ဒါဆို ကော်ဖီသောက်မုန့်စား''

''ကျွန်တော်ဒါတွေ မသောက်တတ်မစားတတ်ဘူး၊ အိမ်မှာ ထမင်းကြမ်းပဲဆွဲတာ''

''ရန်ကုန်ရောက်လာရင် ကြုံသလိုနေတတ် စားတတ်အောင် ကျင့်၊ နယ်ကဗီဇတွေကိုဖျောက်၊ နောက်တော့လည်း ဒီကအလေ့အကျင့် တိုင်းတော့ ဖြစ်သွားမှာပါ၊ ကဲ . . ဒီနေ့တော့ မင်းနားလိုက်တော့ လည်း ကားပြန်ထွက်ဦးမယ်၊ ထမင်းဟင်းတော့ ချက်မစားဘူးကွ၊ ထမင်း ထဲမှာ ဈေးသက်သာတဲ့ထမင်းဆိုင်ရှိတယ်။ အဲဒီမှာပဲစားလိုက်တာ၊ နေ့လယ်စာဆာရင် ဝယ်စားနှင့်၊ ရေမိုးချိုးပြီးအိပ်လိုက်ရင် အားရှိသွား မှာပါ''

''ဟုတ်ကဲ့ . . ကျွန်တော့်အတွက် နောက်ဆံမတင်းပါနဲ့ ဦး ချသွားပါကိုထွန်း''

''အေးအေးသွားပြီ''

ကားသော့လေးယူကာ ကိုထွန်းထွက်သွားမှ အခန်းကျဉ်းလေး ထဲမှာ အားရပါးရကျောဆန့်ပစ်လိုက်သည်။

ဒုက္ခတွေနှင့် ကင်းဝေးလာပြီဟုတော့ မကြွေးကြော်ချင်။ အခု မှ နောက်ထပ်ဘဝတစ်ခုစရမှာပါ။

ဆင်းရဲတွင်းက လွတ်မြောက်ဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင် သောအိပ်မက်တစ်ခု . . .။

၀၀၀



# အခန်း (၁၂)

''ညကအိပ်မက်မက်တယ်''

''ဘယ်လိုအိပ်မက်လဲ''

အစပျိုးလိုက်သည်နှင့် ငွေလဟံသာ စိတ်ဝင်တစားခေါင်း ထောင်လာ၏။ ကျော်သက်မလာသေးတာကြောင့် ငွေလကို ချည်နှောင် ဖို့ အခွင့်အရေးရနေခြင်းဖြစ်သည်။

သူက ငွေလနှင့်နီးသောထိုင်ခုံဘက်ကို ရွှေ့ထိုင်လိုက်တာ

''နင်နဲ့ငါနဲ့ချစ်သူတွေဖြစ်ကြတယ်တဲ့''

''ဘာ''

''ဒေါသမဖြစ်ပါနဲ့ဦး၊ အိပ်မက်ထဲမှာပါဆို၊ နင်ကလေ ငါ့ကို အဖြေပေးတာသိလား၊ နင့်ကိုအရမ်းချစ်ပါတယ်ဆိုပြီးတော့ ပြောတာ၊ ငါကရပါတယ်ဟာ၊ နောက်မှ အဖြေပေးပါဆိုလည်း မရဘူး၊ နင်တခြား မိန်းကလေးတွေကို ချစ်သွားမှာစိုးလို့ဆိုပြီး မျက်ရည်တွေဘာတွေကျ နေတာနဲ့ ငါလက်ခံလိုက်ရတာ''

''သေနာ''

နှာခေါင်းလေးရှုံ့ကာ မေတ္တာပို့တော့ ငွေလဟံသာကို သရဲထုံး ပိုချစ်သွားသည်။ အဘိုးကလည်း သဘောတူနေတာကြောင့် ငွေလနှင့် အမြန်ဆုံးနီးချင်စိတ်နှင့် အကြံအဖန်တွေလုပ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကငွေလမျက်နှာလေးကို စူးရဲစွာပင် ငေးကြည့်နေလိုက်

"ဘယ်နေ့အဖြေပေးမှာလဲဟာ၊ ငါ့ကိုဘာတွေ စောင့်ကြ
အကဲခတ်ချင်သေးလို့လဲ၊ တစ်ယောက်အကြောင်းတစ်ယောက် ဂဃန
သိနေပြီးသားဟာကို"

"သူငယ်ချင်းကနေ ချစ်သူဖြစ်ရမှာ တစ်မျိုးကြီးပဲ၊ ငါနင်နဲ့
သူမဖြစ်ချင်ပါဘူး"

"ကိုယ်နဲ့မသိကျွမ်းတဲ့သူနဲ့ ချစ်သူဖြစ်ရင် နင်ဒုက္ခရောက်
ပေါ့ငွေလရယ်၊ စာတ်သိအကြောင်းသိချင်းမှ တစ်သက်တာလုံး လက်
သွားဖို့အဆင်ပြေမှာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု
ယူနေစရာမလိုတော့ဘူး"

"ငါနင့်ကိုရင်မခုန်ဘူး"

"ဟာ. . . ဘာပြောလိုက်တယ်ငွေလ"

သရထံအောင့်သီးအောင့်သက်ဖြစ်သလို အော်လိုက်မိသည်
ငွေလဟံသာက အပြောင်အပျက်မျက်နှာမျိုးမဟုတ်ဘဲ. . .

"ငါတကယ်ပြောတာ၊ အချစ်ဆိုတာ ရင်ခုန်ရမှ ကြည်နူးစ
ကောင်းတာမဟုတ်ဘူးလား၊ ဒါပေမဲ့ နင်ပြောသလိုပဲ၊ တခြားတ
ယောက်ကိုတော့ ချစ်လို့မဖြစ်ဘူး၊ ငါတို့အိမ်ကလည်း နင်တို့အသို
အဝန်းကိုအထင်ကြီးပြီး နင်နဲ့သဘောတူတယ်၊ တစ်ယောက်အကြော
လည်းတစ်ယောက်သိပြီးသားဆိုတော့"

"ဘာလဲ ငါ့ကိုအဖြေပေးတော့မှာလား"

"အခုတော့မဟုတ်ဘူး၊ အခုစာမေးပွဲဖြေပြီးရင် ငါတို့တစ
သားစုလုံး ဘန်ကောက်ကိုအလည်ထွက်ကြမှာ၊ ဟိုမှာ ငါ့အစ်ကိုရဲ့ သမီး
လေးမွေးနေ့ရှိတယ်၊ အဲဒီကအပြန်မှ"

"ဟိုမသွားခင် စာမေးပွဲဖြေပြီးတာနဲ့ အဖြေပေးလိုက်တော
ဘာဖြစ်လို့လဲ"





သူ့ရဲ့လောဘကြီးမှုကို ငွေလက မျက်စောင်းရွယ်လျက်

"ငါဟိုကိုသွားနေတဲ့အချိန်မှာ သေချာစဉ်းစားဆုံးဖြတ်ရမှာလေ၊
က စာမေးပွဲရက်ရောက်နေပြီ၊ ကျောင်းပျက်ရက်တွေကြောင့် စာက
စားရဦးမှာ၊ အဲဒီက ပြန်လာမှ အဖြေပေးမှာကိုမစောင့်နိုင်လည်း
သဘောပဲ၊ နင်ကြိုက်ချင်တဲ့သူသာ ကြိုက်လိုက်တော့"

"ဟင်းဟင်း. . . ဒီလောက်မျှော်လင့်ချက်ပေးတာပဲ ငါစောင့်
ပေါ့၊ နင့်ကိုငါစနေတာပါငွေလရယ်၊ နင်နဲ့ငါသာချစ်သူဖြစ်သွားရင်
က်လုံးက ကန့်ကွက်ကြမှာမဟုတ်ဘူး၊ ငါ့အဘိုးကလည်း နင်နဲ့
ဘာတူတယ်၊ နင့်ဘက်ကသာ ကတိတည်ပါစေ၊ ဘန်ကောက်က
သာရင် ငါ့ကိုတကယ်အဖြေပေးရမှာနော်"

"အေးပါဆို. . . ဒါနဲ့ကျော်သက်ကလည်း မန္တလေးမှာ သူတို့
တွေအလှူရှိလို့ စာမေးပွဲပြီးရင်သွားမှာဆို၊ နင်တစ်ယောက်တည်း
နေတော့မှာပဲ"

"အင်း. . . ဖွင်းရင် ကလပ်သွားလိုက်၊ ကာရာအိုကေသွား လိုက်
မှာပေါ့၊ သူများတွေလို အိမ်မှာနေပြီး အင်တာနက်ကလိရတာ
ဝါသနာမပါတာ"

"အေး. . . အရမ်းလည်း ကဲမနေနဲ့၊ ငါတို့နဲ့သွားတာ တစ်
ယောက်နဲ့တစ်ယောက် ထိန်းနေလို့ ဘာမှမဖြစ်ဘူး၊ တခြားအပေါင်း
အသင်းတွေနဲ့ဆိုရင် မမှားသင့်တာတွေ မှားနေဦးမယ်"

"စိုးရိမ်တယ်ပေါ့လေ"

သူစနောက်မိပြန်တော့ ငွေလဟံသာဆီက နောက်ထပ်မျက်
စောင်းတစ်ချက် လက်ဆောင်ရပြန်သည်။ ငွေလဟံသာပြောသလို သူလည်း
ရင်ခုန်ကြီးတော့ မဟုတ်ပါ။

ငွေလကိုချစ်စရာကောင်းလို့ တခြားချစ်စရာမိန်းကလေးလည်း
မရှိလို့ ချစ်မိခြင်းဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ငွေလကို တန်ဖိုးတော့ထားမိပါသည်။ ငွေလက ချစ်… ပြည့်စုံသောမိန်းကလေးဆိုပေမယ့် မောက်မာခြင်း၊ မာနကြီးခြင်း… ပေါ့ရမ်းပွေရှုပ်တတ်သည့် မိန်းကလေးမဟုတ်ပါ။ သူတို့နှင့်သာ … ပျော်နေတတ်တာ။

"ဟိတ်ကောင်တွေ ဘာပြုံးစိစိလုပ်နေကြတာလဲ၊ အချစ်… နေကြတာလား"

ကျော်သက်ဝင်ထိုင်ပြီးပြောတော့ သရဏ်ပြုံးစိစိဖြင့် . . .

"ငွေလလေ၊ ငါ့ကိုအဖြေပေးနေတာ"

"သရဏ်နော်"

"ကောင်းပါတယ်၊ အစောကြီးကတည်းက ပေးသင့်တာ"

"နင်ကမြှောက်ပင့်ပေးနေ၊ အဲဒီသရဏ်က ငါ့ကိုတန်ဖိုး… မထားဆိုတာ စောင့်ကြည့်ရဦးမယ်"

"နင်တို့နှစ်ယောက်က ဒီလောက်နေနဲ့လ ရွှေနဲ့မြလိုက်ဖက်… တာ ဘာတွေဝေနေတာလဲ၊ ဒီကောင့်မှာ တခြားမိန်းကလေးမရှိ… နင့်မှာလည်း တခြားယောကျ်ားလေးမရှိဘူး။ အဲ . . ငါ့ကိုကြိုက်ရင်… မပြောတတ်ဘူး"

"သေနာ"

"ခွေးကောင်"

သရဏ်နှင့် ငွေလပြိုင်တူဆဲကာ ကျော်သက်နောက်ကျော… အုန်းခနဲထုလိုက်ကြသည်။ ပြောမနာဆိုမနာသူငယ်ချင်းတွေမို့ စိတ်… ကိုယ်တူပေါင်းဖြစ်ကြတာပါ။

အခုလည်း စားသောက်ပြီးတာနှင့် စာသင်ခန်းကိုသွား။ ကျော… ဆင်းတော့ အိမ်တန်းမပြန်ဖြစ်ကြဘဲ သရဏ်ကားနှင့် ဟိုဟိုဒီဒီလျှော… သွား၊ လည်ပတ်စားသောက်ပြီးမှ လမ်းခွဲကာ အိမ်ပြန်ဖြစ်ကြသည်။

"ငွေလ . . ဘန်ကောက်ကအပြန် ငါ့ကိုအဖြေပေးဖို့မမေ့နဲ့…



…သွာဘဝကျရင် ငါတို့ဒီထက်ပိုကဲကြမယ်၊ ပြီးတော့ ငါ့ကိုမောင်လို့ …ခေါ်ရမယ်"

"ဟွန်း . . ခေါ်လိုက်မယ်အားကြီးကြီး"

ငွေလဟာသာဆိုက နောက်တစ်ခါမျက်စောင်းရလိုက်မှ နေသာ …သာရှိကာ အိမ်ပြန်လာခဲ့သည်။ ထုံးစံအတိုင်း တခမ်းတနားရှိလှ …သောအိမ်ကြီးက သူ့ကိုမေတ္တာတွေနှင့်ကြိုဆိုလျက်ပါ။

အရာရာပြည့်စုံနေသောဘဝမှာ နိဗ္ဗာန်ဘုံကိုရောက်နေသလို …မှုများဖြင့် . . . ။

○○○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"ဟား"

တကယ့်ကိုနိဗ္ဗာန်ဘုံရောက်နေသလို ထင်မှတ်ရပါလား။ စာ
ပွဲခုံရှည်လေးနှင့်အပြည့် စားဖွယ်ရာအစုံအလင်၊ သောက်စရာအစုံအလင်
နှင့် တီးလုံးအတိုင်းမြူးမြူးကြွကြွကနေကြကာ မြင်နေရသူစိတ်မှာတော
မြူးကြွနေစေသည်။

ဒါပေမဲ့ ထိုအခန်းထဲကို မခေါ်ဘဲဝင်ခွင့်မရှိပါ။ ဝိတ်တာတွေ
မှ သူတို့အစားအသောက်အတွက် အရက်ဘီယာငှဲ့ပေးဖို့အတွက် အခန်
ဝမှာ နေခွင့်ရသေးသည်။ သူကတော့ မူးတဲ့သူတွေရဲ့အန်ဖတ်တွေ၊ အ
ခန်းထဲမှာရှုပ်ပွနေတာတွေရှင်းလင်းသန့်စင်ပေးဖို့ လိုအပ်မှ ဝင်ရသေး
သည်။

ဝိတ်တာတွေက တောက်တိုမယ်ရနိုင်းသမျှ လုပ်ရသေးသည့်
အဆောက်အဦတစ်ခုလုံး၊ အခန်းတိုင်းအတွက် သန့်ရှင်းရေးအားလုံး
သူပဲဒိုင်ခံလုပ်ရသည်။ ညလုံးပေါက်အခန်းပြတ်ယူထားသည့် သူတွေ
ရှိသလို ညတစ်နာရီနှစ်နာရီမှ ပြန်ကြသည့်သူတွေလည်းရှိသည်။ ငွေ
ရေလိုသုံးဖြုန်းနိုင်သည့်လူတွေရဲ့ဘဝက တကယ်ကိုအားကျစရာပါလား

"ဟိတ်ကောင်"

"ဗျာ..."



"ဟိုတက်အခန်းမှာ လူတစ်ယောက်အမူးလွန်ပြီး အန်နေတယ်၊
သွားလုပ်ပေးလိုက်ဦး၊ သေချာလုပ်နော်၊ ကာစတမ်မာစိတ်တိုင်းမကျရင်
မင်းကိုနေ့စားယာယီဝန်ထမ်းက ချက်ချင်းအလုပ်ဖြုတ်မှာပဲ"

"ဟုတ်ကဲ့"

ခေါင်းဆောင်ရဲ့စကားကို ကျိုးနွံစွာနာခံပြီး အခန်းသုံးကိုအပြေး
အလွှားသွားရသည်။ မူးနေသောလူရဲ့အန်ဖတ်တွေကို ပျို့အန်ချင်ပါလျက်
ရွံမရှာလုပ်နေရတာ ကိုယ့်ကိုယ်ကိုယ် ရင်နာမိ၏။ နှာခေါင်းရှုံ့မျက်နှာ
ရှုံ့ကာပြီး ငြိုငြင်မိလျှင်လည်း အလုပ်ပြုတ်နိုင်သည်တဲ့။ ကာစတမ်မာတွေ
ကို အပြုံးမပျက်ပြုစုပေးနိုင်လို့ သူတို့စိတ်တိုင်းကျပြီဆိုမှ စမ်းသပ်ခံ
အောက်ခြေနေ့စားယာယီဝန်ထမ်းဘဝက အတည်ခန့်ခြင်းခံရမည်။

မဟုတ်လျှင် လျော်ကြေးတောင်မရဘဲ အလုပ်ထုတ်ခံရမှာပါ။
ဒါကြောင့် အလုပ်သွင်းပေးထားသည့် ကိုထွန်းဝင်းမျက်နှာထောက်ပြီး
သူသည်းညည်းခံလုပ်ရမှာပါ။ သူ့အတွက်လည်း အလုပ်တစ်ခုရဖို့မလွယ်
ဘူးမဟုတ်လား။

"ညီလေးရေ"

"ဟုတ်ကဲ့"

အားလုံးဆေးကြောသန့်စင်ပြီးသည်နှင့် သူ့လက်ထဲတစ်ထောင်
တန်နှစ်ရွက်လာထည့်ပေးတော့ သူမငြင်းဘဲ ယူထားလိုက်သည်။ ဦး
ခေါင်းလေးညွှတ်ကာ ကျိုးနွံစွာနှင့်ပြန်ထွက်လာတော့ ခေါင်းဆောင်လုပ်
သူက အပြင်ကနေအဆင်သင့်စောင့်နေ၏။

"ဟိတ်ကောင်ဘယ်လောက်ပေးလိုက်လဲ"

"နှစ်ထောင်ပါ"

"ပေးတစ်ထောင်"

"ဟုတ်ကဲ့"

ကိုယ်ရသည့်ထဲက တစ်ဝက်ကို ကြည်ဖြူစွာပေးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေါင်းဆောင်ဆိုတာ ဒီလိုခေါင်းပုံဖြတ်တတ်သူမျိုးလားမသိပေ။

''ဟိတ်ကောင်လာဦး''

''ဟုတ်ကဲ့''

''မင်းကိုငါကြည့်နေတာ ငါတို့ဆိုင်ကိုလာလာနေတဲ့ တစ်ယောက်နဲ့ နည်းနည်းခပ်ဆင်ဆင်တူနေသလိုပဲ''

''ဗျာ''

''အရပ်အမောင်းရော မျက်နှာကျပုံ၊ နောက်စကားပြောလေသံထွက်တာကအစပေါ့၊ ဒါပေမဲ့ ဘဝကတော့ ဘယ်လိုမှန္နိုင်းယှဉ်မရအောင် ခြားနားတယ်၊ ဟိုကသူဌေးသား၊ ကိုယ်ပိုင်ကားနဲ့ ငွေကိုရေလိုသုံးပြီး ဒီမှာလာဖြုန်းနေတာ၊ မင်းကသူများအနှိမ်ဖတ်လာကျုံးနေတဲ့ကောင်''

''သူကဒီကိုအမြဲတမ်း လာတတ်သလားအစ်ကို''

''အခုတလောစာမေးပွဲရှိလို့ မလာဘူး။ စာမေးပွဲပြီးရင်တော့လာမှာပဲ၊ ဒီနေရာက လုပ်ငန်းရှင်တွေ သူဌေးတွေအပျော်လာရာတဲ့နေရာပဲ၊ စားကြသောက်ကြ သီချင်းတွေဆိုကြ၊ တစ်ယောက်တည်းလာကဲနှစ်ယောက်တွဲကဲ၊ တချို့အဖွဲ့နဲ့၊ တချို့ကျတော့လည်း အပျော်မယ်လေးတွေနဲ့ လာနှပ်နေတာပေါ့၊ ပါတီဒင်နာအမျိုးမျိုး အကြောင်းပြနေကြတာပေါ့''

''အားကျဖို့ကောင်းလိုက်တာနော်၊ ငွေတွေကို ဘယ်ကနေသွားနိုက်ပြီး သုံးဖြုန်းနေကြတာလဲမသိဘူး''

မင်းထက်ခိုင်မှာ စရောက်ကတည်းက ဒီလိုငွေတွေလာဖြုန်းနေသောလူတွေကိုကြည့်ကာ အားကျနေမိခြင်းဖြစ်သည်။

သောက်ကြစားကြမူးကြ ကကြပေမယ့် ရမ်းကားဆဲဆိုခြင်းတုတ်ဆွဲရန်ဖြစ်ခြင်းမရှိတာတော့ အထက်တန်းလွှာတွေရဲ့ အဆင့်အတန်းဆိုတာလားမသိပေ။





သူနှင့်တူသည်ဆိုသောလူကိုလည်း သူတွေ့ဖူးချင်လှသည်။ ခမည်တူလူတူမရှားဆိုပေမယ့် အခြေအနေချင်းကွာခြားတာ ဘာကြောင့်လဲလို့ စိတ်ဝင်စားနေမိ၏။

အကျိုးပေးခြင်းကွာတာ အတိတ်ကံအကြောင်းတရားကြောင့်ဖြစ်ပေလိမ့်မည်။

တစ်ညတာကုန်ဆုံးဖို့ဆိုတာ ဒုက္ခတွေကိုရင်ဆိုင်ရင်း . . .။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''ဟိတ်ကောင် ကားတစ်စီးဝင်လာတယ် မြန်မြန်လုပ်''

အလုပ်ရှင်ရဲ့အမိန့်ပေးသံကြောင့် စိတ်အာရုံတွေစုစည်းပြီး သွက်သွက်လက်လက်လုပ်လိုက်ရသည်။ ညက ကာရာအိုကေဆိုင်ကနေ သုံးနာရီလောက်မှ ပြန်ရတာမို့ အိပ်ချိန်သိပ်မရှိခဲ့၍ သူလေးလံတုံ့ဆိုင်းနေတာပါ။ အလုပ်သာလုပ်နေရပေမယ့် နေ့စဉ်ရက်ဆက်အိပ်ရေးပျက်တာတွေများလာတော့ ဒဏ်မခံနိုင်ဖြစ်လာရသည်။

ကားရေဆေးတာလည်း ပိုင်ရှင်က သေသပ်စနစ်ကျမှကြိုက်တာပါ။ သူကလည်း ပိုက်ဆံရဖို့အတွက် အတတ်နိုင်ဆုံး တာဝန်ကျေအောင်ကြိုးစားသည်။

ဒါကြောင့်လည်း အလုပ်နှစ်ခုလုံး အဆင်ပြေနေခြင်းဖြစ်သည်။

နောက်ဝင်လာသော ကားတစ်စီးရေဆေးလို့ ပြီးသွားတော့ ထမင်းစားချိန်ရောက်ပြီမို့ ဝယ်ထားသောထမင်းထုပ်လေးကို ဖြည်စားလိုက်သည်။

''ဟိတ်ကောင်၊ မင်းတစ်နေ့မှ ထမင်းချိုင့်တို့ ထမင်းဘူးတို့ ပါမလာဘူး။ နေ့တိုင်းကြွပ်ကြွပ်အိတ်နဲ့ ထုပ်လာတာပဲ၊ စားတဲ့ချိုင့်တွေ ဘူးတွေ ဝယ်ပါလားကွ''

''ကျွန်တော်အဆောင်လခပေးရမှာမို့ပါ၊ နယ်ကနေ အဝတ်





တစ်ထည်ကိုယ်တစ်ခုနဲ့ ရောက်လာတာဆိုတော့ တခြားမရှိတဲ့အသုံးအဆောင်တွေကလည်း ဝယ်ရသေးတယ်၊ အဲဒါကြောင့်မို့ပါ''

''မင်းမိဘတွေက ရန်ကုန်တက်ပြီး အလုပ်လုပ်တာတောင် ဒါတွေထည့်မပေးလိုက်ဘူးလား''

''ကျွန်... ကျွန်တော့်မှာ မိဘတွေမရှိလို့ပါ''

သူ့ရှည်ရှည်ဝေးဝေးရှင်းမပြချင်၍ မုသာဝါဒပဲ သုံးလိုက်သည်။ အလုပ်ရှင်က သနားသွားသည့်ဟန်ဖြင့် သူ့အနားဝင်ထိုင်၍ . . .

''မင်းဘဝကလည်းကွာ၊ ဒါနဲ့မင်းက တစ်ယောက်ယောက်နဲ့ တူနေသလိုပဲ''

''ဗျာ... ဘယ်သူနဲ့လဲ''

အလုပ်ရှင်ရဲ့စကားကြောင့် မင်းထက်နိုင်စိတ်ဝင်တစား ဖြစ်သွားရပြန်သည်။ ကာရာအိုကေဆိုင်ရောက်တော့လည်း သူ့ကိုလူတစ်ယောက်နှင့်ဆင်လို့တဲ့။ အခုလည်း သူနှင့်တူတဲ့သူရှိပြန်ပြီတဲ့။ ထမင်းဘူးလေးကို ပစ်ချလက်ဆေးပြီး အလုပ်ရှင်နားပြန်ဝင်ထိုင်လိုက်ကာ..

''ဟို... ဆရာ ကျွန်တော်က ဘယ်သူနဲ့တူတာလဲဟင်၊ ကျွန်တော်နဲ့တူတယ်ဆိုတဲ့လူက ဘယ်ကလဲ''

''ငါ့ဆိုင်ကို တစ်ခါတလေကားလာရေဆေးတဲ့သူပဲကွ၊ ကားကအကောင်းစားကြီး၊ မြန်မာပြည်မှာ သူစီးတဲ့ကားမျိုး များများမရှိဘူး၊ အင်း... မင်းနဲ့ရုပ်တင်ဆင်တာမဟုတ်ဘူးကွ၊ လေသံကလည်း တူတယ်ဆင်တာပဲ။ သူကကားရေဆေးပြီး ပြန်တာဆိုတော့ စကားများများမပြောဘူး၊ ဒါပေမဲ့ ကိုယ့်ရဲ့ကာစတမ်မာဆိုတော့ အလပသလ္လာပပြောရင်းသတိထားမိတာ''

''ကျွန်တော်အဲဒီလူကို မြင်ဖူးချင်လိုက်တာဆရာရယ်''

''အေး... တွေ့တော့တွေ့ရမှာပါ၊ သူလာတတ်ပါတယ်၊ အဲအစားအပြုအမူအဆင့်အတန်းကွာပေမယ့် မင်းသူ့မျက်နှာကိုမြင်ရင်

www.burmeseclassic.com



ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်ရသလို အံ့သြသွားလိမ့်မယ်ကွ၊ ငါတော်မှ မင်းကိုအလုပ်ခန့်တာ၊ တစ်ယောက်ယောက်နဲ့တူသလိုလို ရင်းနှီးပြီးသားလူလိုလိုဖြစ်နေလို့ ခန့်လိုက်တာ''

''ကာရာအိုကေဆိုင်မှာလည်း ကျွန်တော့်ကို အဲလိုပဲပြောကြတယ်ဗျ''

''ဟုတ်လား၊ ငါ့ဆိုင်လာတဲ့လူနဲ့တစ်ယောက်တည်းဖြစ်ချင်ဖြစ်နေမှာပေါ့၊ နာမည်တူမရှား လူတူမရှားဆိုပေမယ့် အများကြီးတော့မတူနိုင်ပါဘူး''

ဒီလိုပြောတော့ သူပိုပြီးတွေ့ချင်လာသည်။ ဘယ်လိုအကြောင်းရေစက်ရှိခဲ့လို့ တခြားလူတွေ သတိထားမိလောက်အောင် တူနေရတာလဲ။ အဲဒီလူက သူနဲ့ဘာပတ်သက်မှုရှိခဲ့လို့။

ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အမြွှာညီအစ်ကိုတွေများဖြစ်နေမလား။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ . . .။

✪✪✪



# အခန်း (၁၅)

''မင်းလုပ်ရကိုင်ရတာရော အဆင်ပြေရဲ့လားကွ''

''ဟုတ်ကဲ့ကိုထွန်း''

ကိုထွန်းအတွက် ပန်းကန်ထဲကို ထမင်းထုပ်ဖြည်ထည့်ပေးကာ အနားမှာထိုင်ချပြီး သူနှင့်တူသည့်လူရှိနေသည်ဆိုသောအကြောင်း ပြောသင့်မပြောသင့် ချင့်ချိန်နေမိသည်။ ကိုယ်လည်းတွေ့ဖူးသေးတာ မဟုတ်တာကြောင့် မပြောသေးတာဘဲကောင်းပါသည်ဟုတွေးရင်း ပြန်ထရပ်လိုက်တော့ . . .

''ကာရာအိုကေဆိုင်သွားတော့မလို့လားကွ''

''စောတော့စောပါသေးတယ် ကိုထွန်း၊ ဒီနေ့ကားရေဆေးတဲ့ဆိုင်က အလုပ်ရှင်ရဲ့သမီးမွေးနေ့မို့ ဆိုင်စောစောပိတ်လို့ ကိုထွန်းနဲ့ တွေ့ရသေးတာ''

''အေး. . . မင်းနဲ့ငါလည်း တစ်ခန်းတည်းနေပြီး လူချင်းသိပ်တွေ့တယ်မရှိဘူး။ နေ့ရောညရော အလုပ်နှစ်ခုလုပ်နေတော့ မင်းမပင်ပန်းဘူးလားကွ''

''ကိုထွန်းလည်း ဒီလိုပဲ ပင်ပင်ပန်းပန်းလုပ်ပြီး ငွေရှာခဲ့တာပဲ ကိုထွန်းကို အတုယူရမှာပေါ့ဗျာ၊ ယောကျ်ားပဲလုပ်နိုင်ပါတယ်။ အဆောင်လခလည်းပေးရမယ်၊ အိမ်ကိုလည်း ငွေပို့ချင်တယ်၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပညာရေးအတွက်ရော၊ စားဝတ်နေရေးအတွက်ရော တော်တော်က
သီလင်တအခက်အခဲဖြစ်နေကြမှာ''

''မင်းမိဘအရင်းမောင်နှမအရင်းလည်း မဟုတ်ဘဲနဲ့ ဘာဖြ
တွေးနေတာလဲ''

''ကျေးဇူးဆိုတာ ရှိသေးတယ်လေ၊ မိဘအရင်းတွေကြောင့်ဆို
ရင် ကျွန်တော်ဒီလိုအသက်ရှင်မှာ မဟုတ်တော့ဘူး၊ သူတို့ကြောင့် လူ
ဖြစ်နေသေးတဲ့အတွက်၊ အဲဒီကျေးဇူးကို ပြန်ဆပ်ရဦးမှာပေါ့ဗျာ'' ကိုထွန်း
ဝင်းက မင်းထက်ခိုင်ပခုံးကိုပုတ်လိုက်ပြီး

''မင်းမိဘအရင်းတွေကို စိတ်နာနေမှာပေါ့''

''စိတ်နာတာထက် ဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတာ ပိုပြီး
သိချင်နေတယ်၊ အကြောင်းရှိခဲ့ရင်လည်း သားသမီးကို စွန့်ပစ်လောက်
တဲ့အကြောင်းက ဘယ်လောက်တောင် ကြီးမားနေလဲ ပြီးတော့''

''ကြားဖူးသလောက်ပြောရရင် သားသမီးအရင်းမဟုတ်လို့
ပြီးတော့ မကျွေးမွေးမစောင့်ရှောက်နိုင်လို့ ဒါမှမဟုတ် မိဘသဘောမ
တာကြောင့် တာဝန်မယူရဲတာ၊ အမျိုးမျိုးပေါ့ကွာ၊ အဲဒီထဲက အကြောင်း
တစ်ခုခုတော့ ဖြစ်မှာပဲ''

ကိုထွန်းဝင်းပြောတာမရေရာသလို သူလည်းဘယ်လိုတွေးထ
ရမှန်း မသိပါ။ ကိုယ့်ဘဝကိုယ့်အဖြစ်ကိုပဲ စိတ်နာနေမိသည်။

သူများတွေစားသလိုမစားနိုင်၊ သူများဝတ်သလို မဝတ်နိုင်၊
သူများတွေသုံးဖြုန်းနေသလိုလည်း မသုံးဖြုန်းနိုင်။ သူနှင့်
သည့်လူရှိနေတာတောင် ဘဝချင်းကျတော့ မတူပြန်ပေ။

''ကိုထွန်းရေသောက်ဦးမလား၊ ကျွန်တော်ခပ်ပေးမယ်''

''အေး. . . ထမင်းကလည်း လည်နင်လိုက်တာကွာ''

မင်းထက်ခိုင်က အလိုက်တသိရေထခပ်ပေး၏။ တစ်ခန်းအ
လည်း မင်းထက်ခိုင်ရောက်လာမှ ရှင်းသန့်နေတာပါ။ ဒီကောင်လေ





ကျိုးနွံမှုတွေရှိလို့လည်း ကိုယ့်မှာသံယောဇဉ်တွေ ဖြစ်နေရသည်။

''မင်းထမင်းစားပြီးမှ အလုပ်သွားပါလားကွ၊ ဗိုက်မဆာဘူး
ထမင်းတစ်ထုပ်ဘယ်လောက်မှ ရှိတာမဟုတ်ဘဲနဲ့''

''ဟိုကျတော့ တန်ဖိုးကြီးအစားအစာတွေ၊ သူဌေးတွေမကုန်
စားလို့ရတယ်ကိုထွန်းရ၊ သူတို့တွေက ဈေးကြီးပေးမှာထားပြီး တချို့
စားချင်မှ စားသွားတာ၊ အရက်သောက်တတ်တဲ့သူဆို၊ သူတို့မကုန်တဲ့
ကတွေ အိမ်တောင်ယူသွားကြတယ်''

''မင်းအရက်သမားတော့ မဖြစ်စေနဲ့ကွ၊ ရန်ကုန်မှာ အရက်
လောင်းကစားသမားဖြစ်သွားလို့ကတော့ ဘာမှတိုးတက်ကြီးပွား
မဟုတ်ဘူး။ ရန်ကုန်က ရကုန်ဖြစ်ပြီး ခွေးဘဝရောက်သွားမယ်''

''ဟုတ်ကဲ့၊ ကျွန်တော်အရက်သမား လောင်းကစားသမားမဖြစ်
ပါဘူး၊ ကိုထွန်းဆုံးမစကားတွေကို ကျွန်တော်အမြဲတမ်းနားထောင်
ငွေကိုလည်း ကိုထွန်းလိုပဲ ကျစ်ကျစ်ပါအောင် ချွေတာစုဆောင်း
ယ်''

''မင်းလည်းမိန်းမယူဖို့စုချင်တာလား''

''မိန်းမမပြောနဲ့ ၊ ရည်းစားတောင်မှုးလို့ရှုစရာမရှိပါဘူး ကို
ရာ၊ ကိုယ့်ဘဝကိုယ်စိတ်နာလွန်းလို့ဘာကိုမှလည်း စိတ်မဝင်စား
ဒီလိုမျိုးနေရတာ ကိုယ့်ကိုယ်ကိုယ် မကျေနပ်လို့ ဘယ်လိုပြောင်းလဲ
မသိဖြစ်နေတာ''

''ချမ်းသာချင်တာလား''

''တစ်သက်လုံးဆင်းရဲပင်ပန်းလာတော့လည်း ချမ်းသာတဲ့
သိမ်ဥစ္စာ ဘယ်လိုအရသာလဲဆိုတာ ခံစားကြည့်ချင်သေးတာ၊ ဒါပေမဲ့
တော့ မလွယ်တော့ပါဘူး''

စိတ်ဓာတ်ကျစကားပြောရင်း အလုပ်သွားဖို့ပြင်လိုက်သည်။
စားပြီးသား ပန်းကန်တွေဆေးပြီးတာနှင့် ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အစမ်းခန့်ယာယီဝန်ထမ်းမို့ ဖယ်ရီမပေးတာကြောင့် လိုင်းကား တိုးစီးပြီးမှ ခြေလျင်လျှောက်ရသည့်ဒုက္ခကလည်း မသေးလှပေ။ သူ့အေ စီးစွာရောက်သွားတော့ တခြားဝန်ထမ်းတွေတောင် မလာကြသေးပါ။

တာဝန်ဝတ္တရားအတိုင်း အခန်းတိုင်းကို သန့်ရှင်းရေးအရင်လု ပြီးမှ အပြင်ဘက်တွေကို သန့်ရှင်းရေးလုပ်ရသည်။ နောက်ကြော်လ ချက်ပြုတ်သည့် မီးဖိုခန်းဘက်ကိုကူညီပြီး လုပ်စရာရှိတာလုပ်ပေးရ

သူ့ရဲ့အလုပ်က မီးဖိုခန်းသန့်ရှင်းရေးလုပ်တာပါပါသည်။ မီး ခန်းကို ကူလုပ်ပေးမှ ကာစတမ်မာတွေရဲ့ စားကြွင်းစားကျန်ကို စားခွင့် ရှိတာပါ။

"ဟိတ်ကောင် . . . ဘာလုပ်နေတာလဲ လာဦး"

ခေါင်းဆောင်ခေါ်တာကြောင့် မီးဖိုခန်းထဲက ကပျာကသီထွက် လာရသည်။

"ဟုတ်ကဲ့ပြောပါအစ်ကို"

"မင်းနဲ့ဆင်တယ်ဆိုတဲ့ သူဌေးလေးရဲ့ ကားလာနေတယ်ကွ သူ့ဘော်ဒါတွေပါမလာလို့၊ ငါတို့အဖော်ရှာပေးထားတယ်"

"သူ့ . . . သူ့ကိုကျွန်တော်ကြည့်လို့ရမလား"

"ဒီအတိုင်း ကြည့်လို့တော့ဘယ်ရမလဲ၊ သူ့အခန်းထဲ လိုအပ်တာ ရှိရင် ငါခေါ်လိုက်မယ်၊ မင်းလာခဲ့တော့"

"ဟုတ် . . . ဟုတ်ကဲ့အစ်ကို"

သူ့စိတ်လှုပ်ရှားကာ ခပ်မြန်မြန်ပင် ခေါင်းဆောင်နောက် လိုက်လာခဲ့သည်။ ထိုအခန်းထဲမှ မြူးကြွသောဘောက်စ်သံသီချင်းသံ အုန်းအုန်းထနေသည်။

မှန်တံခါးပေါ်ကနေ ချောင်းကြည့်ပေမယ့် အမှောင်ခန်းထဲ ယိမ်းထိုးလှုပ်ရှားနေတာ မြင်ရသော်လည်း မျက်နှာတွေကို သဲကွဲစွာမမြင် ရပါ။





အရုပ်အမောင်းကို ခန့်မှန်းကြည့်ရတာတော့ သူနှင့်ရွယ်တူ သောက်ရှိမည်ထင်သည်။ တခြားအခန်းတွေမှာ လုပ်စရာရှိတာလုပ်လိုက်၊ အခန်းနားပြေးလာလိုက်နှင့် သူလည်းကတုန်ကယင် စိတ်တွေလှုပ် နေမိသည်။

"ဟိတ်ကောင် . . အခန်းထဲမှာ မိန်းကလေးတစ်ယောက်မူးပြီး အန်နေတယ်၊ မင်းဝင်လုပ်လိုက်၊ သူဌေးလေးကို ကြည့်ဖို့အခွင့်အရေး သွားတာပေါ့ကွာ"

သူအခန်းတံခါးခေါက်ကာ ဝင်သွားလိုက်သည်။ အခန်းထဲမှာ မိန်းကလေးတစ်ယောက်အန်နေတာကြောင့် သီချင်းသံနှင့်ကနေတာရပ် ပြီး ရောင်စုံမီးဆလိုက်သေးသေးလေးတွေသာ တဖျပ်ဖျပ်လင်းလက် နေသည်။

"အဲဒီမိန်းကလေးကို ခေါ်သွားစမ်းကွာ၊ သောက်လည်းမ သောက်နိုင်ဘဲနဲ့ အိုင်ကျူတွေခေါင်းအောင် လာလုပ်နေတယ်။ သူငယ် ချင်းတွေမရှိလို့ ပျင်းလို့လာပါတယ်ဆိုမှ နောက်တစ်ယောက်လည်းထပ် ခေါ်မလာနဲ့၊ စောစောစီးစီးပြန်တာပဲ ကောင်းတယ်၊ အနံ့အသက်တွေ ဆိုက်ဘူး"

သူအခန်းကို သန့်ရှင်းရေးလုပ်ရင်း ထိုလူကိုခဏခဏ ခိုးကြည့် နေမိသည်။ ဆံပင်ပုံစံကွာခြားနေတာကြောင့် ရုပ်ကတစ်ထေရာတည်း ဟု ပြောလို့မရနိုင်ပေမယ့် စကားပြောသံကတော့ တစ်ထပ်တည်းတူသည် ဟု ပြောလို့ရသည်။

လူမှာအဝတ် တောင်းမှာအကွပ်ဆိုတာကြောင့်သာ ကွဲပြားခြား နားသလိုဆိုပေမယ့် ကိုယ်သာဒီလူလို ဝတ်စားပြင်ဆင်လိုက်လျှင် ရုပ် ရောအသံရော ခွဲလို့တောင်ရမှာမဟုတ်ပေ။

ဘာကြောင့်လဲ၊ ဘာလို့ဒီလောက်တောင်တူရတာလဲ။

"ဟိတ်ကောင် မြန်မြန်လုပ်လေ၊ ပြီးရင် ဝိတ်တာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက် ဘောလ်ရှင်းမယ်''

''ဟုတ်ကဲ့''

မိန်းကလေးကိုတွဲ၍ အပြင်ထွက်လာကာ ခေါင်းဆောင်ကို ပြော လိုက်ရသည်။ ထိုသူဌေးလေးဆိုသူ ကားလေးပြန်ထွက်သွားသည့်အထိ သူလိုက်ငေးကြည့်နေမိ၏။

ဘာကြောင့်လဲ၊ ဘာလို့ဒီလောက်တောင် တူနေရတာလဲ။

စိတ်တွေလှုပ်ရှားကာ ရင်ထဲမှာ ထိုမေးခွန်းတစ်ခုတည်းထပ် နေလျက် . . .။

၀၀၀

# အခန်း (၁၆)

''သားလေးပြန်လာပြီ''

ကားမီးရောင်မြင်လိုက်သည်နှင့် ခင်နန္ဒာအပြေးအလွှား တံခါး သွားဖွင့်မိသည်။ အဘိုးဖြစ်သူကွယ်ရာမှ သားကိုအသည်းအသန် ဂရု စိုက်ရတာပါ။ စားမေးပွဲရက်တွေကဆို သားအနားမှာ စားစရာသောက် စရာတွေ တစ်မျိုးပြီးတစ်မျိုး လုပ်ပေးရင်း သားအခန်းထဲမှာပင် စောင့် အိပ်ပေးခဲ့သည်။

သားအဖေက ဒါကိုမကြိုက်။ သားကအရွယ်ရောက်နေပါပြီ။ သူ့ကျောင်းစာသူဂရုစိုက်တတ်ပါတယ်။

ကလေးလေးတုန်းကလို လုပ်စရာမလိုတော့ပါဘူးဟုပြော သည်။ သူ့အဖေကတော့ နဂိုကတည်းက အနေအေးသည်မို့ သားအပေါ် ဆက်ဆံတာလည်း မိမိလောက်တော့ မနွေးထွေးတတ်ပေ။

မိမိကတော့ ဒီသားလေးအပေါ် အသက်မကချစ်ရတာပါ။ ရှား ရှားပါးပါး ဒီသားလေးတစ်ယောက်တည်း မွေးထားခဲ့တာမဟုတ်ပါလား။ ဒီသားလေးကြောင့်ပင် သူ့အဘိုးရဲ့ အသိအမှတ်ပြုခြင်းခံရတာပင်။ ဒါ တောင် တန်ဖိုးထားလောက်သည့်ချွေးမနေရာတော့ မဟုတ်ပေ။ သားနှင့် မြေးအတွက် လိုအပ်လို့ လက်ခံထားရသည့်သဘောလောက်သာဖြစ်၏။ ပြောရလျှင် သီရိကြွေလောက်ပင် နေရာမရပါ။

www.burmeseclassic.com



"မာမီ . . လာလေ သားတောင်အိမ်ထဲရောက်နေပြီ"

သားအသံကြောင့် တံခါးကိုအမြန်ပိတ်ပြီး ဝင်ခဲ့ရသည်။ သ
က အမေပခုံးကို ဖက်မွှေပြီး

"မာမီက သားပြန်အလာကို စောင့်နေတာပေါ့လေ၊ အဘိုး
ပြောမှာစိုးလို့လား"

"မဟုတ်ပါဘူးသားရယ်၊ မာမီကနေ့တိုင်းစောင့်ပါတယ်၊ သ
ဒယ်ဒီက ဘယ်ချိန်ပြန်လာမှန်းမသိဘဲနဲ့ စောင့်နေရင်း တစ်နေကုန်
လုပ်တွေလုပ်ထားရဘာနဲ့ ပင်ပန်းမှာစိုးလို့ အခန်းထဲပြန်ခေါ်သွား
ပါ"

"ဒယ်ဒီက မာမီကိုသားထက်တောင် ပိုချစ်တယ်နော်၊ 
ကိုဆို သည်းသည်းလှုပ်ပဲ၊ သားကိုသာ အေးစက်စက်ဆက်ဆံတာ"

"မဟုတ်ပါဘူးသားရယ်၊ သားဒယ်ဒီက ဒီလိုပဲနေတတ်တာ
မာမီက သူ့ကိုလှူရိုးလှူအေးကြီးမို့ ချစ်ခဲ့တာလေ၊ မာမီအပေါ်လည်း အ
ချစ်မှန်းသိလို့ မိန်းကလေးတန်မဲ့ ခိုးရာလိုက်ခဲ့တာပေါ့သားရယ်၊ အဲ
ခိုးရာလိုက်ခဲ့မိတော့ တန်ဖိုးမဲ့တယ်လို့ သားအဘိုးအထင်သေးတာ
တာပေါ့"

"အဲလိုဆိုပြီး အဘိုးကိုမာမီစိတ်နာနေတာလား"

"ဟြော် . . မနာပါဘူးသားရယ်၊ ဒါပေမဲ့ ချွေးမချင်းအတူ
သိရှိကြွေလောက် ဦးစားပေးမခံရတာတော့ စိတ်မကောင်းဘူးပေ
မာမီဘက်က ကြည့်တော့လည်း ဟုတ်မှာပဲလို့ တွေးလိုက်မိသည်။
ကြောင့်မို့ မာမီကိုဖြေသိမ့်သည့်သဘောနှင့် ပါးလေးကိုနမ်းလိုက်က

"စိတ်မကောင်းမဖြစ်ပါနဲ့မာမီရယ်၊ မာမီကမွေးတဲ့သားကို အ
ဒီလောက်တောင် ချစ်နေတာပဲ"

"ဟုတ်ပါတယ်သားရယ်၊ မာမီအပေါ် ဘယ်လိုပဲဆက်ဆံ ဆ
ဆံ သားအပေါ်ချစ်ပေးတာနဲ့ မာမီဖြေသာပါတယ်၊ ကဲ . . . သား



ာ စားသောက်လာခဲ့တယ်မဟုတ်လား၊ သားအိပ်တော့နော်၊ ဟြော်
. . . မာမီတစ်ခုတော့ပြောချင်တယ်၊ နေ့တိုင်းအပျော်အပါးမက်ပြီး
သောက်စားနေတာမျိုးတော့ မလုပ်ပါနဲ့သားရယ်၊ သားအရက်သမား
ကြီးဖြစ်သွားမှာစိုးလို့ပါ"

"မာမီကလည်း သားကဘယ်ချိန်တုန်းက အရက်ကိုမူးအောင်
သောက်လို့လဲ၊ ပျော်ချင်ရုံသက်သက်ပါ၊ ဒီအသိုက်အဝန်းမှာက ဒီလို
မနေရင် မသုံးနိုင်မဖြုန်းနိုင်လို့လားဆိုပြီး အထင်သေးချင်ကြတယ်မာမီ
ရဲ့ ကဲ . . မာမီသားအဘိုးကို ဝင်နှုတ်ဆက်လိုက်ဦးမယ်၊ မနက်ဖြန်ကား
ရေဆေးဖို့ မုန့်ဖိုးတောင်းရဦးမှာဆိုတော့လေ"

"လူလည်လေး"

ချစ်စနိုးနှင့်ကျောပြင်လေးကိုပုတ်ပြီး သားအပေါ်ထပ်တက်
သွားမှ အောက်ထပ်ကမိမိအခန်းထဲ ဝင်လာခဲ့သည်။

"ဟင် . . ကိုကျော်မအိပ်သေးဘူးလား"

မွှေ့ယာပေါ်မှာမလှဲဘဲ ထိုင်နေတာတွေ့တာကြောင့် ကိုကျော်
အနားမှာ ဝင်ထိုင်ရင်းမေးလိုက်မိသည်။ ကိုကျော်က အလိုမကျသော
မျက်နှာညိုညိုဖြင့် . . .

"ခင့်သားကိုသွားစောင့်နေတာမဟုတ်လား၊ သူ့မှာခြေသော့အပို
ရှိနေတာပဲ၊ သူပြန်လာချင်တဲ့အချိန်ပြန်လာပြီး အိပ်ချင်တဲ့အချိန်အိပ်မှာ
ပေါ့၊ ခင်ကတစ်နေကုန် အိမ်အလုပ်တွေလုပ်နေရတာ ခင်ပင်ပန်းတာ
ပေါ့ခင်ရယ်"

"ဟြော် . . သားကိုဂရုမစိုက်ရင် ဖေဖေကပြောဦးမယ်၊ သူ့
မြေးကိုဖေဖေကဂရုစိုက်ဦးစားပေးနေမှ ကြိုက်တာသိရဲ့သားနဲ့"

"အဲဒါအနိုင့်အထက်ခိုင်းတာပါခင်ရယ်၊ တကယ်ဆို သူ့မြေး
ကို ဆုံးမသင့်တာ၊ အခုကျတော့ မုန့်ဖိုးဆိုလည်း လိုသလောက်ပေးတယ်၊
သွားချင်ရာသွား လေချင်ရာလေပြီး သူ့ကိုချော့လိုက်ရင် အဟုတ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ်မကျေနပ်တာက ခင့်ကိုကြွေလောက်တောင် အသိအမှတ် မပြုဦးစားမပေးတာဘဲ၊ တကယ်ဆိုခင်လည်းသူ့သားရဲ့ မိန်းမပဲလေ"

"အဲဒါတွေမပြောပါနဲ့၊ ဖေဖေကိုမကျေမနပ်လည်း ဖြစ်မနေ နဲ့တော့ကိုကျော်ရယ်၊ သားအပေါ်ကောင်းပေးနေတဲ့အတွက် ခင်သည်း နိုင်ပါတယ်"

"ကိုယ်ကတော့ ခင့်အပေါ်ကောင်းမပေးတာကို၊ ခင့်အတွက် ရင်ထဲမကောင်းဘူး။ ညီအစ်ကိုနှစ်ယောက်တည်းရှိတာကိုလည်း . ကိုယ် တို့အတွက် ဘာမှသဲသဲကွဲကွဲ စဉ်းစားပေးထားတာမရှိဘူး"

"ဖေဖေတောင်မသေသေးဘဲ၊ ကိုကျော်က အမွေခွဲပေးစေချင် နေပြီလား"

ခေါင်းယမ်းမလိုနှင့် ကိုကျော်ထင်သက်ပြင်းတွေချလျက်

"အမွေရယ်တော့မဟုတ်ဘူး။ လုပ်ပိုင်ခွင့်တစ်ခုစီတော့ ရှင်းရှင်း လင်းလင်းရှိစေချင်ပြီပေါ့ခင်၊ မောင်လွင်လည်း ဒီလိုဆန္ဒမျိုးရှိနေမှာပဲ အခုက ဘာပဲလုပ်လုပ် လွတ်လွတ်လပ်လပ်ပြတ်ပြတ်သားသားမရှိဘူး ဖေဖေကိုတင်ပြဆွေးနွေးတိုင်ပင်နေရတယ်၊ ဖေဖေ့ဆန္ဒမရှိရင် ကိုယ် ဘယ်လိုအကျိုးအမြတ်ရပါမယ်ပြောပြော ဘာမှလုပ်ခွင့်မရှိဘူး"

မကျေနပ်ခြင်းများနှင့် ကိုကျော်ထင်လေသံများက ပို၍မာထန် လာခဲ့သည်။ ဥပေက္ခာတရားများကြောင့် နာကျင်ခံခက်ခြင်းရှိနိုင်တာ နားလည်ပေးလို့ရပါသည်။ ထိုအချိန်မှာ အခန်းတံခါးခေါက်သံက

"ဒေါက်ဒေါက်"

"ဒေါ်ဆွဲမိလား"

"ဟုတ်ကဲ့ . . နွားနို့လာပို့တာပါ"

"ဝင်ခဲ့လေဒေါ်ဆွဲမိ၊ တံခါးလော့ခ်မချရသေးပါဘူး"

"ဟုတ်ကဲ့"

ဒေါ်ဆွဲမိအခန်းထဲဝင်လာပြီး ခုံပေါ်မှာနွားနို့ခွက်နှစ်ခွက်ပါသော





ဗန်းလေးလာချပေးသည်။

မိမိတို့ပြောနေတာတွေ ဒေါ်ဆွဲမိများကြားသွားလေသလား။ ဒေါ်ဆွဲမိက ဦးပြည်သာအောင်ရဲ့ လူယုံတော်ပါ။ အနေကြာလာသူမို့ အားလည်းကိုးရသည်ဟု ပြောလို့ရသည်။

သူ့သားရဲ့မကျေနပ်ချက်တွေကို သူ့အဖေကိုပြန်တိုင်တောတာ မျိုးများ လုပ်နေမလား။ ကိုကျော်ထင်တို့ညီအစ်ကိုကို ခင်တွယ်ခဲ့သူမို့ ဒီလိုတော့ မလုပ်လောက်ပါ။

လင်ယောကျာ်းအတွက် စိုးရိမ်ပူပန်စိတ်များနှင့် . . .။

ooo

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"ဟော့ကောင်လေး ဟိုကားဝင်လာပြီကွ"

"ဘယ်ကားလဲဆရာ"

"မင်းနဲ့တူတယ်ဆိုတဲ့တစ်ယောက်"

"ဟင်"

ကားက ကာရာအိုကေဆိုင်မှာတွေ့လိုက်ရသောကားလေး လို့နေသည်။ တစ်ထပ်တည်းတစ်ရောင်တည်း တစ်ပုံစံတည်းပါ။

"ဟား...တ...တကယ်ပါလား"

နေ့ဘက်မှာမို့ ထိုလူရဲ့ရုပ်ကို သေသေချာချာသဲသဲကွဲကွဲ လိုက်ရချိန်မှာ ကိုယ့်ရုပ်ကိုယ်မှန်ထဲပြန်မြင်နေရသလို အံ့သြသွားစေသ ထိုလူကတော့ ညဘက်ကြီးမှာ သူ့ကိုသေချာဂရုစိုက်ကြည့်နေခဲ့ မဟုတ်၍ သတိထားမိမည်မဟုတ်သလို အခုလည်းကားပေါ်က ဆင်း ပြီး ရေပိုက်ကိုင်ထားသည့်သူ့ကို မြင်သေးပုံမပေါ်။

"ဦးရှမ်းကြီး ကျွန်တော့်ကားသေချာလေး"

"အိုကေစေရပါမယ်၊ ခဏလေးနားပါဦး။ ဟိတ်ကောင် အဲဒီကားပြီးရင် ဒီကားလုပ်မယ်"

"ဟုတ်ကဲ့"

ကိုယ်နှင့်တူသောလူကို ကိုယ်မှာသေချာမကြည့်ရဲ၊ ရေပိုက်



ထားသော ကိုယ့်လက်တွေက စိတ်တွေလှုပ်ရှားကာ တုန်ယင်နေသည်။ အနားယူလို့ရသည့်ထိုင်ခုံမှာ ထိုလူသွားထိုင်နေမှ ကိုယ့်မှာချစ်သူရည်းစားကောင်မလေးကို ခိုးကြည့်သလို ခိုးကြည့်မိသည်။

ဘယ်လိုအကြောင်းရေစက်တွေရှိလို့ ဒီလောက်တောင် အသံရောရုပ်ရော လာတူနေရတာလဲ။ ထိုလူကတော့ တန်ဖိုးကြီးအဝတ်အစားများနှင့် ဆံပင်ပုံစံကြောင့် တကယ်ကိုစမတ်ကျကာ ဝံ့ကြွားထည်ဝါလွန်းနေသည်။ ကိုယ့်ဘဝနှင့်တော့ ဘယ်လိုမှကို နှိုင်းယှဉ်လို့မရပါ။

"ကောင်လေး သေချာကြည့်လုပ်ပြီး ပိုက်ဆံတောင်းထားလိုက်ကွာ၊ ငါဟိုဘက်ကကောင်တွေကို စိတ်မချလို့သွားလိုက်ဦးမယ်"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

"မင်း ဟိုကောင်လေးကိုမြင်ပြီး အံ့သြနေတယ်မဟုတ်လား။ ရုပ်ရှင်ထဲမှာဆို မင်းတို့နှစ်ယောက်နှစ်ကိုယ်ခွဲရိုက်လို့ရတယ်ကွ"

"ဟုတ်မှာပါ"

ပေါ့တန်စွာဖြေလိုက်ရပေမယ့် ရင်ထဲမှာတော့ လေးလေးနက်နက်ပင် စိတ်ဝင်စားနေမိသည်။ ပတ်သက်မှုမရှိလျှင် ဒီလောက်တူစရာအကြောင်းမရှိဘူးမဟုတ်လား။

အရင်ရောက်နေသောကားကိုဆေးပြီးသည်နှင့် ထိုလူကားကို သူဆေးရပြန်သည်။ လက်ကသာ တာဝန်အတိုင်းလုပ်နေရပေမယ့် စိတ်ကတော့ ထိုလူဆီကိုပဲရောက်နေသည်။

ဒီလူကိုယ့်ကိုမြင်သွားရင် သူလိုတွေးပြီး အံ့သြသွားမလား။ စိတ်ကသိချင်နေတာပါ။ အခုတော့ ထိုလူကနားမှာနားကြပ်တပ်လျက် ခြေတလှုပ်လှုပ်ခေါင်းတလှုပ်လှုပ် သီချင်းအပေါ်မှာပဲ အာရုံဝင်စားလျက်ရှိသည်။

"အစ်ကိုလေး ကားရေဆေးလို့ ပြီးပါပြီခင်ဗျ"

"ဟင်...မင်း"

www.burmeseclassic.com

www.burmeseclassic.com



သရုထံထိုင်ခုံကနေ ခုန်ထလိုက်မိသည်။ နားကြပ်ကိုဆွဲဖြုတ်လိုက်ရင်း

"မင်းခုနကဘာပြောတာလဲ"

"ကားရေဆေးလို့ပြီးပြီ-သို့"

အသံ။ သူ့အသံနှင့်တစ်ထေရာတည်း။ ရုပ်ကရော။

"နေဦး.. မင်းဆံပင်တွေလှန်လိုက်စမ်း"

"ဗျာ"

"ဆံပင်တွေလှန်ပါဆိုကွာ"

စိတ်မရှည်တာနှင့် ကိုယ့်လက်နှင့်ပင်ဆံပင်တွေဆွဲလှန်လိုက်ပြီး မျက်နှာကိုသေချာမြင်လိုက်မှ သွေးပျက်မတတ်အံ့ဩသွားရသည်။

မျက်ခုံးမျက်လုံးနှာတံနှုတ်ခမ်း အရုပ်အမောင်း ဘာလို့ကိုယ်နှင့် ထပ်တူဆင်တူကြီးတူနေရတာလဲ။

"မင်း.. မင်းငါ့ကိုမြင်ဖူးလား"

"မြင်ဖူးပါတယ် ကာရာအိုကေဆိုင်မှာ"

"သန့်ရှင်းရေးလုပ်တဲ့တစ်ယောက်လား၊ မီးအလင်းရောင်ကြောင့်လို့ ငါသေချာသတိမထားမိဘူး၊ သန့်ရှင်းရေးသမားက အရုပ်အမောင်းကောင်းလှချည်လားလို့တော့တွေးမိတယ်၊ မင်း.. မင်းရုပ်က ဘာလို့ ငါနဲ့တူနေတာလဲ"

"အဲဒါကိုငါလည်းသိချင်နေတာ"

"ဘာ"

"ငါလုပ်တဲ့ ကာရာအိုကေဆိုင်က ခေါင်းဆောင်ကပြောတယ် ငါတို့ဆိုင်ကို မင်းနဲ့တူတူတဲ့ သူဌေးလေးတစ်ယောက်မကြာခဏလာတတ်တယ်တဲ့၊ ဒီကားရေဆေးတဲ့ဆိုင်ပိုင်ရှင်ကလည်း မင်းနဲ့တူတဲ့လူခဏခဏ ကားရေလာဆေးတတ်တယ်တဲ့၊ မင်းကိုမတွေ့ခင်ကတည်းက ငါအရမ်း အံ့ဩနေခဲ့တာ"



"ဟင်.. မင်း.. မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်"

"ဘယ်.. ဘယ်နှခုဖွားလဲ"

"တစ်ထောင့်ကိုးရာကိုးဆယ့်သုံး၊ မွေးရက်တော့ မသိဘူး၊ မွေးစားမိဘတွေပြောတာတော့ မွေးတဲ့နေ့စွန့်ပစ်ခံရတာဖြစ်မယ်၊ မတ်လ သုံးရက်နေ့ညနေစောင်းမှာ၊ လမ်းဘေးခြုံကြားကနေ ကောက်တွေ့ခဲ့တာတဲ့"

"ဟား"

မေးခွန်းတွေထပ်မေးရမှာတောင် ကြောက်လန့်နေသည်။ သူ သည်းထိုနေ့မှာ မွေးခဲ့တာပါပဲ။ မွေးစာရင်းသန်းခေါင်စာရင်းထဲမှာ ထိုနေ့ ထိုရက်အတိအကျ။

"မင်း.. မင်းက မွေးစားခံရတာလား၊ မင်းမှာမိဘအရင်းတွေ မရှိဘူးလား"

"မိဘတွေက လမ်းဘေးမှာစွန့်ပစ်ခဲ့ပုံပဲ၊ အဲဒါကြောင့် ငါက မွေးစားခံရတာပေါ့"

"ဘယ်မှာလဲ၊ မင်းကိုဘယ်နေရာကနေ မွေးစားခဲ့တာလဲ"

"မြဝတီဘက်မှာ အလုပ်သွားလုပ်ရင်း၊ မွေးစားခံရတာ"

"ကျွတ်.. ဘာတွေလဲကွာ"

တွေးရမှာတောင် ကြက်သီးဖြန်းဖြန်းထမိသည်။ ဒယ်ဒီနှင့် မာမီလည်း မြဝတီဘက်ကိုနီးပြေးခဲ့ကြတာပါပဲ။ အဘိုးက သဘောမတူ လို့တစ်နှစ်ကျော်လောက် ဆင်းရဲဒုက္ခခံပြီး မြဝတီဘက်မှာ နေလာခဲ့ရ တာတဲ့။

သူ့သုံးလသားအရွယ်လောက်မှ မြေးယောက်ျားလေးရမှန်းသိ၍ ပြန်ခေါ်ခဲ့တာပါ။ ဒါဆို သူတစ်ယောက်တည်းမဟုတ်ဘဲ အမြွှာမွေး တာများလား။

www.burmeseclassic.com

www.burmeseclassic.com



"မင်း . . မင်းကိုမွေးစားတဲ့မိဘတွေက အရမ်းဆင်းရဲလို့ ဒီအလုပ်တွေ လုပ်နေရတာလား"

"ဟုတ်တယ် ဆင်းရဲတာမှ ကုန်းကောက်စရာမရှိအောင်ဘဲ၊ ငါ့ကိုမွေးစားတဲ့အချိန်က သူတို့မှာ သားသမီးမရှိသေးဘူး၊ ငါ့အသက်ရှင်အောင်နို့ဘူးတိုက်မွေးဖို့အတွက် ပင်ပန်းဆင်းရဲခံခဲ့ရလို့ ငါ့ကိုအခုအဲဒီကျေးဇူးတွေပြန်ဆပ်ခိုင်းနေတာ၊ ငယ်ငယ်ကတည်းက အရက်ဝယ်ပေးရတယ်၊ အရက်ဖိုးရဖို့အတွက် ဈေးတွေလမ်းတွေမှာ သူတောင်းစားလိုလည့်တောင်းရတယ်၊ ကြီးလာတော့ ဆိုက်ကားနင်း အိမ်သာကျုံးတာ ကုန်ထမ်းအလုပ်ပေါင်းစုံအကုန်လုပ်ပြီး သူတို့တစ်မိသားစုလုံးကို ရှာကျွေးရတယ်"

"ကျွတ် . . စိတ်မကောင်းဘူး၊ မင်း . . . ငါနဲ့အမြွှာဖြစ်နိုင်သလား"

"ဘာ"

"မွေးပြီးပြီးချင်း စွန့်ပစ်လိုက်တာဖြစ်မယ်၊ မင်းကိုကောက်တွေ့တယ်ဆိုတဲ့နေ့နဲ့ ငါ့မွေးနေ့အတူတူပဲ"

"ဟင်"

"အခုဆံပင်ပုံစံနဲ့ အဝတ်အစားကလွဲရင် မင်းနဲ့ငါရုပ်လည်းတူတယ်၊ အသံလည်းတူတယ်၊ ပြီးတော့ ငါ့အဘိုးသဘောမတူလို့ ငါ့ဒယ်ဒီနဲ့မာမီက မြဝတီဘက်ခိုးပြေးကြတာ၊ မြို့နဲ့မနီးတဲ့နေရာမှာ ဆင်းရဲဒုက္ခရုန်းကန်ရင်း ငါ့ကိုမွေးခဲ့တာတဲ့"

"ဒါ . . ဒါဆို"

"ဖြစ်နိုင်တယ်၊ အမြွှာမွေးပြီး နှစ်ယောက်လုံးကို တာဝန်မယူနိုင်လို့ တစ်ယောက်ကို စွန့်ပစ်လိုက်တာ"

"ဟား"

ဒီတစ်ခါ အသက်ရှူကျပ်ကာ အော်လိုက်မိသူက မင်းထက်ခိုင်





ဖြစ်သည်။ အမြွှာလို့တွေးဆလို့ရရင်တောင် ဘဝချင်းကွာခြားလွန်းတာက ရင်နာစရာကောင်းလွန်းလှသည်။

"မင်းနာမည်က"

"သရထံ"

နာမည်ချင်းခေါ်ကြည့်မိပြီး နှစ်ယောက်လုံးကိုယ့်ရုပ်ကို မှန်ထဲပြန်ကြည့်မိသလို အကြာကြီးအကြည့်ဆုံကြည့်နေမိကြသည်။ သွေးကောင်းပြောတာကြောင့်လားမသိ၊ လက်ချင်းဆုပ်လိုက်မိသည်နှင့် နှလုံးသွေးတွေပူနွေးသည်ဟု ခံစားလိုက်ကြရသည်။

"မင်းကကြီးကြီး ငါကငယ်ငယ်၊ အမြွှာဆိုတာ သုံးမိနစ်ငါးမိနစ်အဲဒီလောက်တောင်ကွာချင်မှကွာတာပါ၊ ရေစက်ရှိလို့ ပြန်ဆုံရတာကိုဝမ်းသာပေမယ့် မင်းဒီလိုဘဝမျိုးနဲ့နေခဲ့ရတာကိုတော့ ငါတကယ်စိတ်မကောင်းပါဘူး၊ အခုမင်းဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ ငါ့ကိုပြော၊ ငါအကုန်လုပ်ပေးနိုင်တယ်၊ လုပ်ပေးမယ်ပြော၊ အခုမာမီတို့နဲ့တွေ့အောင် ခင်းအိမ်လိုက်မလား"

သရထံအားတက်သရောပြောလိုက်တာကို မင်းထက်ခိုင်မျက်ညည်ဝဲစွာ ခေါင်းယမ်းလိုက်သည်။

"ငါ့ကိုစွန့်ပစ်ခဲ့တာအမှန်ဆိုရင် ငါအသက်ရှင်လျက်ပြန်ရောက်လာတာ ဝမ်းသာအားရကြိုဆိုမယ်များထင်နေသလား"

"မိဘဆိုတာ ရင်နဲ့လွယ်မွေးထားတဲ့သားသမီးကို မချစ်ဘဲနဲ့တော့ မနေပါဘူးကွာ၊ အကြောင်းတစ်ခုခုရှိလို့နေမှာပါ"

"သားသမီးကို စွန့်ပစ်ရလောက်တဲ့ အဲဒီအကြောင်းအရင်းကို သိချင်တာ၊ တာဝန်မယူနိုင်ရုံသက်သက်၊ မွေးပြီးစွန့်ပစ်ခဲ့တာဆိုရင်တော့ ငါအဖေတာသတ်လက်သစ်ဖြစ်သွားနိုင်တယ်၊ ငါခံလာရတဲ့ဒုက္ခဆင်းရဲခြင်းတွေက သူတို့ပေးတာပဲလေ"

"ထက်ခိုင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်မခံစားရဘဲ စာနာကြည့်ပေးရုံနှင့်တောင် ရင်ဘတ်တစ်ခုလုံး နာကျင်ရူးရှစေသည်။ သွေးသားဆိုသောစိတ်ကြောင့် ထက်နိုင်ခံစားခဲ့ရသောဒုက္ခတွေကို တွေးမိပြီး မျက်ရည်တွေဝဲတက်လာသည်။

"မင်းအဖေတာသတ်ဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါတယ်၊ ဒါပေမဲ့ အကြောင်းအရင်းအမှန်ကိုမသိဘဲ ပြစ်မှားမိတာမျိုးတော့ မဖြစ်စေချင်ဘူး၊ နိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ရင် မိဘကိုပြစ်မှားမိတဲ့အတွက် မင်းငရဲကြီးနိုင်တယ်"

"မင်းအဘိုးက သဘောမတူလို့ ကလေးကိုစွန့်ပစ်ခိုင်းလိုက်တာမျိုးဖြစ်နိုင်သလား"

"မဖြစ်နိုင်ဘူး၊ အဘိုးက မြေးယောကျ်ားလေးရတယ်ဆိုတဲ့သတင်းကြောင့် ဒယ်ဒီနဲ့မာမိကို သဘောမတူပေမယ့် ပြန်ခေါ်ခဲ့တယ်၊ အမြွာဆိုရင် လက်ရုံးနှစ်ဖက်အားကိုးလောက်တယ်ဆိုပြီး သဘောကျဦးမှာ၊ အခုလည်း ငါ့ကိုအရမ်းချစ်တယ်၊ လိုလေသေးမရှိ အလိုလိုက်တယ်"

"ဒါဆို ဒယ်ဒီနဲ့မာမိပဲပေါ့"

"အဲဒါတော့ သေချာမသိနိုင်ဘူး။ ဒါပေမဲ့ အဲဒီအချိန်မှာ အရမ်းဒုက္ခရောက်ပြီး အဆင်မပြေဖြစ်နေတော့ တစ်ယောက်ကိုစွန့်ပစ်လိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

မင်းထက်နိုင်အံကြိတ်ပြီး တက်ခေါက်မိကာ

"မိဘဆိုတာဘာလဲ၊ မွေးပြီးကျိုးထိုးထိုးခွေးစားစား စွန့်ပစ်တာမိဘလား၊ လူစိတ်ရှိတဲ့လူလား"

ထက်နိုင်ပေါက်ကွဲနေတဲ့အတွက် ကိုယ်လည်းစိတ်မကောင်းပေ။ မွေးကင်းစအရွယ်လေးကို တကယ်ကိုလူစိတ်မရှိမှ တိရစ္ဆာန်တစ်ကောင်လို စွန့်ပစ်နိုင်မှာပါ။

ဒယ်ဒီနှင့်မာမိက ဒီလိုအကြင်နာတရားမဲ့သည့် လူတွေလား။





အမြွာမွေးခဲ့သည်ဆိုသည့်အကြောင်း တစ်ခါမှအရိပ်အမြွက်လေးတောင် ပြောဖူးခဲ့ပေ။ ထက်နိုင်ဘယ်လောက်တောင် သနားစရာကောင်းလိုက်သလဲ။

"ငါတို့ဒီလိုလုပ်ကြည့်ရအောင်ထက်နိုင်၊ မင်းပြောသလို တာဝန်မဲ့စွန့်ပစ်ခဲ့တာသေချာရင် မင်းကိုဝမ်းသာအားရကြိုဆိုမှာမဟုတ်တာလည်းသေချာတယ်၊ အဲဒီတော့ သူတို့ဘာကြောင့် စွန့်ပစ်ခဲ့တာလဲဆိုတာ သိကြည့်ချင်တဲ့မင်းရဲ့ဆန္ဒပြည့်အောင် မင်းကငါ့ပုံစံနဲ့ အိမ်ကိုပြန်လိုက်"

"ဘာ"

"မင်းခံစားရတဲ့ဒုက္ခတွေအတွက် စည်းစိမ်ဥစ္စာတွေစံစားသင့်တယ်လေ၊ ငါလည်းမင်းရဲ့ဒုက္ခတွေကို အတွေ့အကြုံရအောင် ပြန်ခံစားကြည့်မယ်"

"မင်းက"

"အေးလေ . . မင်းနဲ့ငါနဲ့ လူချင်းခဏလဲမယ်၊ မင်းစည်းစိမ်ဥစ္စာတွေ မစံစားကြည့်ချင်ဘူးလား"

"ဒုက္ခတွေနဲ့ပဲ နပန်းလုံးနေရတော့ စံစားကြည့်ချင်တာပေါ့ကွာ၊ ပြည့်ပြည့်စုံစုံနေရတဲ့သူတွေကို အမြဲအားကျခဲ့တယ်၊ အဲဒါကြောင့်လည်း မွေးစားသား ဘယ်နေရာကကောက်တွေ့လာတယ်လို့ သိရတဲ့နေ့မှာ ဝမ်းမနည်းနိုင်ဘဲ မိဘအရင်းတွေကို ဒေါသဖြစ်ခဲ့တယ်၊ ကိုယ့်ကံတရားကိုလည်း ကြိတ်မနိုင်ခဲမရနာကျင်ခဲ့တယ်၊ ကာရာအိုကေဆိုင်မှာ မင်းကိုတွေ့တော့လည်း ငါနဲ့ရုပ်ချင်းတူပြီး ဘာလို့ဘဝချင်းမတူတာလဲလို့ တွေးလိုက်မိသေးတယ်"

"အေးပါကွာ၊ မင်းဒီလိုခံစားနေတာမြင်တော့ ငါလည်းဒယ်ဒီနဲ့မာမိကို နည်းနည်းနာကြည်းကြောက်ရွံ့မိတယ်၊ ဒီလိုအကြင်နာတရားကင်းပြီး လူစိတ်မဲ့လိမ့်မယ်လို့ တစ်ခါမှမတွေးမိ မထင်မိဘူး၊ ထက်နိုင် . . . မင်းငါ့နေရာမှာ စံစားပါ၊ ပြီးတော့ မင်းကိုဘာကြောင့်စွန့်ပစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ စုံစမ်းပါ၊ ဒါပေမဲ့ ဒွဲမေးမိတာမျိုးတော့ မဖြစ်စေနဲ့၊ သွေးတိုးစမ်းပြီး မသိချင်ယောင်ဆောင်နေ''

''ငါ ဒီပုံစံနဲ့ အဲဒီအိမ်ထဲ ဘယ်လိုဝင်ရမှာလဲ''

''မင်းရောငါရော ပုံစံပြောင်းမယ်လေ၊ အိမ်ကလူတွေရဲ့ စရိုက်ကို ငါပြောပြမယ်၊ ငါ့မှာ ဒီဇိုင်နာတွေရှိပါတယ်၊ လွယ်လွယ်လေးပါကွာ၊ အဲဒီအတွက် ခက်ခက်ခဲခဲဘာမှမတွေးနဲ့၊ ဖြစ်အောင်လုပ်မယ်၊ ဖြစ်ကိုဖြစ်ရမယ်ထက်နိုင်''

သရထံက စိတ်အားထက်သန်လျက်ရှိသည်။ ထက်နိုင်လည်း စိတ်တွေလှုပ်ရှားနေပါသည်။ ကိုယ့်ဘဝဒီလိုအပြောင်းအလဲဖြစ်လိမ့်မည်ဟု တစ်ခါမှပင် မတွေးခဲ့မိဘူးပါ။

ဘာတွေဘယ်လိုပြောင်းလဲမှာလဲ၊ ဘာတွေဖြစ်ကုန်မှာလဲ။

သရထံက ပန်းတစ်ဖက်ကို ဖျစ်ညှစ်အားပေးတာကြောင့်. . .။

○○○



## အခန်း (၁၈)

ကားမောင်းတာက သိပ်သင်စရာမလို။ နယ်မှာလည်း ကုန်...မ်းရင်းဆိုက်ကားနင်းရင်းဖြင့် ထော်လာဂျီတက်မောင်းလိုက်၊ ဈေးဆိုင်...ွရှေ့ကားတွေပိတ်လျှင် တက်မောင်းပြီး ရွှေ့ပေးလိုက်ဖြင့် သရထံ...ားကိုနည်းနည်းလောက် သင်ပေးလိုက်တာနှင့် တတ်သွားသည်။

သရထံက ကားရေဆေးအလုပ်နှင့် ကာရာအိုကေဆိုင်ကို မလုပ်...တော့ဘဲ ငွေကြေးထောက်ပံ့ကာ အဆောင်ကနေလာခေါ်ပြီး ကား...ာင်းလည်းသင်ပေးသည်။ အိမ်ကလူတွေရဲ့စရိုက်၊ သူနေပုံထိုင်ပုံ၊ ...ကိုးရဲ့အလိုလိုက်ခြင်းခံရပုံတွေ အသေးစိတ်ပြောဆိုသင်ပေးသည်။ ...နေ့တော့ သူ့ကိုဆံပင်အဝတ်အစားဒီဇိုင်းတွေပါ သရထံနှင့်ထပ်တူ...ပြောင်းပေးလိုက်ပြီး မင်းအိမ်ကိုသွားလို့ရပြီတဲ့။

ငါကမင်းအဆောင်မှာနေမယ်။ မင်းလုပ်ခဲ့တဲ့အလုပ်တွေ သွား...ပ်ရင် နည်းနည်းရှုပ်ကုန်မှာစိုးလို့မလုပ်တော့ဘူး။

နေဖို့စားဖို့အတွက် အိမ်ကနေမုန့်ဖိုးတောင်းပြီး ငါ့ကိုလာပေး...ဆိုသည်။ သူတကယ်သူ့ကိုမွေးပြီး စွန့်ခဲ့သည့်အဖေနှင့်အမေကို တွေ့ရ...တော့မှာလား။

သရထံအိမ်နားအထိ လိုက်ပို့ပြီးမှ တက္ကစီငှားကာပြန်သွား...သည်။ အရှိန်အဝါများဖြင့် ခမ်းနားကြီးကျယ်လှသောအိမ်ကြီးထဲကို သူမ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရဲသေးပါ။

သူမိဘတွေက ဒီလိုတခမ်းတနားချမ်းသာကြွယ်ဝသောအိမ်ကြီး ထဲမှာ နေတာတဲ့လား။ ဒီလိုမျိုးရိုးဂုဏ်ရှိပါလျက် သူ့ကိုတာဝန်မဲ့စွာ စွန့် ပစ်ရက်တာတော့ အံ့သြစရာပင်။

''တီတီ''

သရထံပေးလိုက်သောခြိသော့နှင့်ဖွင့်ကာ ပြောထားသည့်အ တိုင်း တိုက်ဆင်ဝင်အောက်အထိ မောင်းဝင်လာခဲ့သည်။

ကားတံခါးဖွင့်ပြီး ဆင်းဖို့အတွက် သူခြေတွေလက်တွေတုန် ကာ စိတ်တွေလည်းလှုပ်ရှားနေသည်။

သူ့ကိုဘယ်လိုတွေဆက်ဆံကြမှာလဲ။ ဟင့်အင်း. . . သရ၏ အပေါ်ဘယ်လိုမေတ္တာတွေ နွေးထွေးမှုတွေပေးကြတာလဲ သူသိရတော့ မည်။

''သားလေးပြန်လာပြီလား။ ဒီနေ့အစောကြီးပါလားကွယ်၊ မာ့ သား အရမ်းကိုလိမ္မာနေပါလား''

''ဟင်''

မာမီတဲ့။ ဒါသူ့အမေဆိုတာပေါ့။

အသက်လေးဆယ်ကျော်လို့ မထင်ရအောင် နုပျိုလန်းဆန်း ချောမောလှပလွန်းနေသည်။ မဟာဆန်သောအလှပိုင်ရှင်ဟုပင် တင်စား လို့ရနေ၏။ ဒီလိုအမေက သူ့ကိုစွန့်ပစ်ခဲ့တာတဲ့လား။

''သား. . . ဘာတွေကြောင်ကြည့်နေတာလဲ၊ မာမီကိုမမြင်ဘူးတဲ့ သူလိုကြည့်နေတယ်''

''ဗျာ. . . မ. . . မဟုတ်ပါဘူး အမေ. . . အဲ. . . မာမီကချော လို့ ပါ''

''အထူးအဆန်းပါလားသားရယ်၊ မာမီကိုအခုလိုဂရုစိုက်မြင်ပေး လို့ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မာမီက ဒီနေ့ရေတောင်မချိုးရသေးဘူး

ရွှေပြည်သိန်းစာပေ



သားရဲ့''

ရယ်စရာစနောက်လိုက်တာသိပေမယ့် သူမရယ်မိပါ။ လက် ဆွဲခြင်းကိုလာပြီးဆုပ်ကိုင်တော့ ကျင်ခနဲခံစားလိုက်ရသည်။

သူ့ကိုစွန့်ပစ်သွားသည့်သူမို့ မိခင်တစ်ယောက်ရယ်လို့ နွေးထွေး မှုမရှိဘဲ သူစိမ်းတစ်ယောက်အဖြစ် မြင်နေမိသည်။

''လာလေသားရဲ့ အိမ်ထဲဝင်ရအောင်၊ သားအဘိုးက သား စောစောပြန်လာရင် ထမင်းအတူတူစားရမှာမို့ ပျော်နေမှာ၊ နောက်နေ့ တွေလည်း အိမ်ကိုစောစောပြန်လာပါသားရယ်နော်''

''ဟုတ်ကဲ့''

''ပြောလိုက်ရင်တော့ ငြင်းတာမရှိဘူး၊ သားကလူဆိုးလေး ဟုတ်ပေမယ့် ပြန်မပြောနားမထောင်လူပေလေးနော်၊ အဘိုးကအလို လိုက်တယ်ဆိုပြီး နေချင်သလိုတော့ မနေပါနဲ့သားရယ်၊ သားနဲ့အတူ နေမယ့် သူငယ်ချင်းတွေလည်းမရှိဘဲနဲ့ တစ်ယောက်တည်းအထီးကျန်ရာယ် နေပါတယ်''

''သားအတွက် အရမ်းစိုးရိမ်တာပဲလား''

''ဘယ်နှယ့်ပြောပါလိမ့်သားရယ်၊ မာမီ့မှာ ဒီသားလေးတစ် ယောက်တည်းရှိတာ စိုးရိမ်တာပေါ့။ မာမီ့သားလေးကို မာမီကအစွန်း ထင်းအပွန်းအပဲ့မခံနိုင်အောင်ကိုချစ်တာ''

မင်းထက်ခိုင်နာကျင်စွာပြုံးလိုက်မိသည်။ သားနှစ်ယောက်မွေး ပြီး တစ်ယောက်ကိုဒီလိုချစ်ပြီး တစ်ယောက်ကိုတော့ ရက်ရက်စက်စက် စွန့်ပစ်ရက်တယ်မဟုတ်လားဟု မေးပစ်လိုက်ချင်ပါသည်။ ဒါပေမဲ့ ဆန္ဒ တွေကို နာကျင်စွာပင် မျိုသိပ်လိုက်ရ၏။

''ဟော. . . တူလေးပြန်လာပြီလား၊ အဲဒါမှပဲ အန်တီတို့လည်း ထမင်းစောစောစားရတော့မှာပဲ။ မဟုတ်ရင် ဘယ်ချိန်ပြန်လာမယ်မှန်း မသိတဲ့မြေးကို ထမင်းစားမစောင့်ရင် တူလေးအဘိုးက ပြဿနာရှာလွန်း

www.burmeseclassic.com



လို့ အဆာခံစောင့်ရတယ်လေ၊ အချိန်လွန်မှပဲ စားရတော့တာ''

''အဟင်း''

ဘာမှပြန်မပြောတတ်၍ ဟင်းခနဲရယ်ပြလိုက်ရသည်။ အ
ကိုအားလုံးကြောက်ရွံ့ရိုသေရတာတော့ သိသာထင်ရှားနေသည်။ အ
ကိုကြောက်ရလို့ သရထံကိုဦးစားပေးနေကြတာဖြစ်နိုင်၏။

''အဘိုးကို သွားတွေ့ဦးလေသား အခန်းထဲမှာ ရှိလိ
ပြီးရင် ထမင်းစားဖို့ခေါ်ခဲ့နော်၊ မာမီထမင်းပွဲပြင်ထားလိုက်မယ်''

''ဟုတ်ကဲ့မာမီ''

အဘိုးနေတာအပေါ်ထပ်ပေမယ့် ဘယ်အခန်းမှာလည်း
တာမို့ နီးစပ်ရာအခန်းတံခါးကိုသာ ခေါက်လိုက်သည်။

အခန်းတံခါးလာဖွင့်သူက အဘိုးအရွယ်လည်းမဟုတ်ပါ

''တူလေးဘာလဲကွ''

''ဩော်. . ဟို. . ထ. . ထမင်းစားရအောင်လို့''

''ဟား. . . . တူလေးကိုယ်တိုင်လာခေါ်လို့ပါလား၊ အိမ်ကို
စောစီးစီးပြန်လာပြီး အထူးအဆန်းတွေလုပ်နေတယ်၊ အေးပါကွာ
ကယ်လေးလာခဲ့မယ်နော်''

''ဟုတ်. . ဟုတ်ကဲ့''

ဒါအန်ကယ်လေးဆိုသူ ဖြစ်ရမည်ပေါ့။ သူကယောင်က
ပြန်ထွက်လာခဲ့ပြီး နောက်ထပ်အခန်းတံခါးကို ခေါက်လိုက်မိပြန်
အထဲက ဘာတုံ့ပြန်မှုမှ မကြားရ။

ဒါဆိုလျှင် စာကြည့်ခန်းသာဖြစ်ရမည်။ ဒါဆိုလျှင်ဘု
နှင့်အနီးဆုံးအခန်းက အဘိုးအခန်းပဲ ဖြစ်ရမည်ပေါ့။

''ဒေါက်ဒေါက်အဘိုး''

''ဟင်. . မြေးလေး. . ဒီနေ့မြေးလေး အစောကြီးပြန်လာ
လား''



''ဟုတ်. . . ဟုတ်ကဲ့အဘိုး''

သရထံဘယ်အချိန်မှ အိမ်ပြန်လာတတ်သည်မသိပေ။ ညနေ ခြောက်နာရီလောက်အိမ်ပြန်ရောက်တာကို တစ်မိသားစုလုံးအထူးအဆန်း အံ့ဩဝမ်းသာနေကြသည်။ အဘိုးကအခန်းထဲကထွက်လာပြီး သူ့ပခုံး ကိုလာဖက်တော့ ရင်ထဲရှိန်းမြမြနွေးထွေးတေးတေးခံစားလိုက်ရ၏။

''အဘိုးကို ထမင်းတူတူစားဖို့ လာခေါ်တာ၊ မာမီထမင်းပွဲပြင် နေတယ်''

''စားမှာပေါ့မြေးလေးရာ၊ အဘိုးက မြေးနဲ့အဲလိုစကားတွေ ပြောရင်း ထမင်းတူတူစားချင်တာ၊ တစ်အိမ်လုံးမှာ အဘိုးစကားပြော ချင်တာဆိုလို့ မြေးလေးတစ်ယောက်တည်းရှိတာကွ၊ ကျန်တဲ့လူတွေ ဘယ်သူ့မှစိတ်တိုင်းမကျဘူး''

''ဟုတ်ကဲ့. . နောက်နေ့လည်း သားစောစောအိမ်ပြန်လာပါ့ မယ်''

သူလိုလိုလားလားစိတ်ပါလက်ပါ ပြောလိုက်မိသည်။ သူက မေတ္တာတရားတွေလိုအပ်တောင့်တနေသူပါ။ အဘိုးက သူ့ကိုဒမင်းစား ခန်းထဲထိ ပခုံးဖက်ကာခေါ်လာခဲ့သည်။ ထမင်းစားခန်းထဲမှာ လူစုံတက် စုံပါ။ သူမတွေ့သေးသောတစ်ယောက်က သူ့အဖေဆိုတာပဲဖြစ်ရမည်။

''ကျော်ထင်မရောက်သေးဘူးလား''

''ရောက်ပါပြီဖေဖေ၊ သူရေချိုးနေလို့ပါ၊ သားရောက်ပြီဆိုပြီး ထမင်းစားဖို့ခေါ်ထားပါတယ်''

အဘိုးနှင့်သူထိုင်ခုံတွေမှာ ဝင်ထိုင်ပြီးမှ အသက်လေးဆယ် ကျော်ခန့်ခန့်ညားညားလူတစ်ယောက်ဝင်လာသည်။ အဖေဆိုသောသူကိုသူ အခုမှမြင်ဖူးရတာပါလား။

သူ့ကိုစွန့်ပစ်ခဲ့သည့်အဖေပေါ့။ မေမေနှင့်စိတ်တူကိုယ်တူစွန့်ပစ် ခဲ့ကြတာပဲဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



''မြေးလေးကြိုက်တဲ့ ပုစွန်တုပ်ဟင်းပဲကွ၊ ရော့မြေးလေးစား''

အဘိုးက သရထံကို အချစ်ပိုသည်ဆိုတာ ဟုတ်ပေလိမ့်မည် ကျန်သည့်လူတွေနှင့်နွေးထွေးမှုမရှိဘဲ သူ့ကိုသာဂရုစိုက်လျက်ရှိ သူကလည်း အဘိုးပန်းကန်ထဲကို ဟင်းတွေခပ်ထည့်ပေးမိသည်။ ဖေဖေ ကတော့ သရထံပြောထားသလို သူ့အပေါ်အေးစက်စက်ပါ။ စကားနည် ပြီး အနေအေးဆေးတာကြောင့်ဖြစ်နိုင်သည်။

ဒီလိုလူမျိုးက သားသမီးကိုစွန့်ပစ်ရက်အောင် အကြင်နာကင် မဲ့သူတဲ့လား။

''မြေးလေး . . စားမကောင်းဘူးလားမြေးလေး၊ ဒီနေ့စကာ နည်းလှချည်လား''

''ဖေဖေ့မြေးက အပြင်မှာစားသောက်လာလို့နေမှာပေ့ါဖေဖေ ရယ်၊ အိမ်ရောက်ရင် ဖေဖေမျက်နှာသာပေးတာခံရအောင်လို့ မယုံ မလွန်စားချင်ဟန်ဆောင်နေတာ''

''မောင်လွင် . . မင်းငါ့မြေးကို ဘယ်လိုပြောလိုက်တာလဲ''

''စ . . . စတာပါဖေဖေ၊ တူလေးကိုချစ်လို့စတာပါ''

အဘိုးလေသံမာသွားတော့ အန်ကယ်လေး ပျာပျာသလဲဖြ သွားသည်။ အန်ကယ်လေး မိန်းမက မျက်စောင်းရှယ်ကာခါးတို့၍ သင ပေးလိုက်တာလည်း မြင်လိုက်ရ၏။ မလိုလားမှုတွေ ရှိနေသလား တာ သံသယဝင်စရာပါ။ ဒီအိမ်မှာ အဘိုးလောက်တော့ သရထံ ချစ်နိုင်သည့်သူရှိပုံမပေါ်။

သူကတော့ ဘယ်သူ့မျက်နှာကိုမှ မကြည့်မိအောင် ကြိုးစာ ရင်း ငြိမ်သက်နေမိသည်။ ဒီအိမ်ကလူတွေနှင့် အထာမကျသေးလို့ အ ရခက်နေတာပါ။ တဖြည်းဖြည်းရင်းနှီးလာလျှင်တော့ သူ့ကိုဘာကြော စွန့်ပစ်ခဲ့တာလဲဆိုတာ စုံစမ်းကြည့်ရမည်။

ဒီအပြစ်တွေ ဖေဖေနှင့်မေမေ . . ဒယ်ဒီနှင့်မာမီ ကျူးလွန်



တာ အဘိုးမှသိပါလေစ။

''သား . . စားလေသားရဲ့၊ သားတအားငြိမ်နေတယ်၊ နေ မကောင်းလို့များလားသား''

''မ . . မဟုတ်ပါဘူးမာမီ . ခံတွင်းမတွေ့သလိုဖြစ်နေလို့ပါ''

''ဟင် . . မာမီလက်ရာကို ကြိုက်လှချည်ရဲ့ဆိုသားရဲ့၊ သား ဘာနဲ့စားချင်လို့လဲ၊ မာမီအခုချက်ချင်းလုပ်ပေးမယ်လေ''

''ရ . . ရပါတယ် ဒါတွေကအရမ်းကိုကောင်းနေပါပြီ၊ သား သိပ်မဆာသလိုဖြစ်နေတာပါ''

''သြော် . . သားရယ် ဆာမှစားရောပေ့ါ၊ မာမီတို့က သားအပြင် က စောပြန်လာတိုင်းစားနေကျမို့ ထမင်းပွဲပြင်လိုက်တာပါ''

''ခင် သားကိုဘာတွေလေပြောထိုးနေတာလဲ၊ သူငယ်ချင်းတွေ မရှိလို့ အိမ်ကိုစောပြန်လာတာ၊ အခုအဲဒီသူငယ်ချင်းတွေကို လွမ်းနေ လို့ဖြစ်မှာပေ့ါ။ ကျော်သက်ကိုတော့မဟုတ်လောက်ဘူး၊ ငွေလဟံသာကို ဖြစ်လိမ့်မယ်၊ ဟုတ်တယ်မဟုတ်လားတူလေး၊ မင်းအရမ်းလည်းလွမ်း ဖျားလွမ်းနာကျမနေပါနဲ့ကွာ၊ ငွေလက ပြန်လာတော့မှာပါ''

သီရိကြွေရဲ့စကားကြောင့် အဘိုးမျက်နှာကပြုံးသွားကာ

''မြေးလေးကတော့ စံပဲဟေ့၊ အဲဒီလိုဖြစ်နေရင် ကျောင်းမပြီး သေးလည်း လက်ထပ်လိုက်လေကွာ၊ အဘိုးကကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ပေးမှာပေ့ါ''

''ဖေ . . ဖေဖေအဲဒါတော့ မဖြစ်သေးဘူးထင်တယ်၊ ကျောင်း မပြီးသေးဘဲနဲ့ ငွေလမိဘတွေက ဘယ်လိုလုပ်သဘောတူမှာလဲ''

မာမီဝင်ပြောတာကို အဘိုးကခေါင်းယမ်းလိုက်ကာ

''ပြည်သာအောင်မြေးကို ဘယ်သူကသဘောမတူဘူးပြောရဲ မှာလဲ၊ မြေးလေးရမယ့်အမွေတွေ ပိုင်ဆိုင်မှုတွေမက်လို့ ချက်ချင်းတောင် ပေးစားချင်ကြဦးမယ်၊ ပြည်သာအောင်ဘယ်လောက်ချမ်းသာတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းရှင်လောကတစ်ခုလုံးသိတယ်၊ ဒါတွေအားလုံး မြေ
တစ်ယောက်တည်းပိုင်မယ်ဆိုတာလည်း အားလုံးသိတယ်''

''ဟင်''

သူအံ့သြသွားမိသလို ကျန်သည့်လူတွေမသိမသာမျက်ခုံး
သွားကြတာလည်း သတိထားမိသည်။ ဘာကြောင့်လဲတော့မသိပါ။

သရက်ထံပြောသလို အဘိုးကသရက်ထံကို အရမ်းချစ်မြတ်နိုးသည်
ဆိုတာတော့ ယုံကြည်သွားသည်။

သရက်ထံကံကောင်းလိုက်တာ။ အရာရာပြည့်စုံသောဘ၀မှာ
ဖူးမှုတ်အလိုလိုက်ချစ်မြတ်နိုးခံနေရသည်။ သူကတော့ စက္ကန့်မိနစ်လော
ပဲခြားမည့် အမြွှာညီအစ်ကိုဖြစ်ပါလျက် ဘာကြောင့်ကံဆိုးရတာလဲ။

ဒယ်ဒီနှင့်မာမီသာမစွန့်ပစ်ခဲ့ဘူးဆိုလျှင်သူလည်း . . .။

၀၀၀

## အခန်း (၁၉)

''အဘိုး . . သားနှိပ်ပေးမယ်လေအဘိုး''

''မြေးမုန့်ဖိုးလိုချင်ပြန်ပြီပေါ့''

''ဗျာ . . မ . . မဟုတ်ပါဘူး''

အဘိုးစကားကြောင့် သူရှက်အမ်းအမ်းဖြင့် မျက်နှာနီသွားသည်။ ဒါပေမဲ့ ငါမုန့်ဖိုးလိုချင်တိုင်း အဘိုးကိုဖားပြီးနှိပ်ပေးနေကျကွလို့ သရက်ထံပြောလိုက်သည့်စကားကြောင့် ခပ်ပြုံးပြုံးလုပ်လိုက်ရကာ

''သားကတကယ်နှိပ်ပေးချင်လို့ပါ''

''ဒီလိုပဲပြောပြီး မီးခံသေတ္တာထဲက မြေးလိုချင်သလောက်ယူသွားတာပဲမဟုတ်လား၊ ကဲပါဗျာ ဘယ်လိုပဲဖြစ်ဖြစ်နှိပ်ပါ၊ အဘိုးကမြေးလက်ကလေးနဲ့ ထိလိုက်မှအိပ်ပျော်တာကွ'' အဘိုးကမွေ့ယာကြီးပေါ်မှာ ခြေဆန့်ကာလှဲလိုက်တော့ သူခုတင်ပေါ်တက်ကာ အဘိုးခြေထောက်တွေကို စေတနာပါပါနှင့် နှိပ်ပေးလိုက်သည်။ အဘိုးခြေထောက်တွေက တွန့်ခနဲဖြစ်သွားလျက် . .

''ဟင် . . မြေးလေးလက်တွေက ဒီနေ့ကြမ်းလှချည်လားကွ''

''ဗျာ''

''အရင်နေ့တွေက မြေးလက်ကလေးတွေ နူးနူးညံ့ညံ့လေးပါ၊ အခုဘယ်လိုဖြစ်တာလဲ''

www.burmeseclassic.com



"ဗျာ. . . ဟို. . . ဟိုလေ ကားစတီရာရင်အမြဲတမ်းကိုင်နေတော့ လက်က ဒီလိုဖြစ်ပြီပေါ့အဘိုးရဲ့၊ နေ့လယ်ကလေ၊ ကားမောင်းရင်းနဲ့ ကားအက်ဆီးဒင့်တစ်ခုဖြစ်တာနဲ့ ကြုံသေးတယ်၊ အဲဒါ လမ်းပိတ်နေတာနဲ့ သူ့ကားကိုယ့်ကားအကုန်တွန်းကြရွှေ့ကြလုပ်ကြရသေးတယ်၊ အဲဒါကြောင့်လည်းဖြစ်မှာပါ"

"ဪ အင်း. . . အဲလိုဖြစ်မှာပါနော်မြေးလေး၊ ဒါပေမဲ့ လက်ကကြမ်းပေမယ့် ဒီနေ့အနှိပ်ခံရတာတော့ ကောင်းသားမြေးရဲ့၊ အရင်နေ့တွေက ဖွဖွလေးထိရုံထိတာ၊ ဒီနေ့တော့ မြေးလေးစေတနာပါပါ အားစိုက်ပြီးနှိပ်နေတာပဲ။ သာဓုပါမြေးလေးရယ်၊ မီးခံသေတ္တာထဲက လိုသလောက်ယူသွားနော်မြေးလေး"

"ဟုတ်. . . ဟုတ်ကဲ့အဘိုး"

ပြောသာပြောလိုက်ရပေမယ့် မီးခံသေတ္တာကို ဘယ်လိုဖွင့်ရမည်မှန်းမသိပါ။ သရဏံက အဘိုးဆီက မုန့်ဖိုးတောင်းခဲ့ဦး၊ မင်းကိုလုပ်ပေးလိုက်ရတာတွေနဲ့ဆိုတော့ ငါ့မှာသုံးဖို့ပြတ်နေပြီဟု မှာလိုက်သည်။

"အဘိုး"

"ဟင်. . . မြေးလေး"

"နောက်ဆိုရင်လေ၊ မီးခံသေတ္တာထဲက သားဘာသာမယူတော့ဘူး၊ အဘိုးပေးချင်သလောက်ပေးတာပဲ ယူတော့မယ်"

"ဟင်. . . ဘာဖြစ်လို့လဲမြေး"

"သားဘာသာဆို များများယူမိတယ်လေ၊ အဘိုးဆီက အဲလိုတွေမသုံးချင်တော့ဘူး၊ အဘိုးက အသက်ကြီးနေပြီ၊ သားကဘာမှပြန်လုပ်မကျွေးနိုင်သေးဘဲနဲ့ အဘိုးဆီကပဲ ဒီလိုတွေယူသုံးနေတာ ဘယ်ကောင်းမလဲ၊ အဘိုးမသေခင်သားက ပြန်လုပ်ကျွေးခွင့်ရချင်သေးတာ"

"အောင်မလေး. . . အဘိုးမြေးဒီနေ့ပြောတဲ့စကားတွေက အရမ်းကိုတန်ဖိုးရှိနေပါလား၊ သိတတ်နေပါလားကွယ်၊ အေးပါကွာ မြေးလေး



ဆီက ဒီလိုသိတတ်မှုလေးကြားရတာ အဘိုးဝမ်းသာပါတယ်၊ သေမယ့်အချိန်တောင် သေပျော်ပါပြီ၊ မြေးအတွက် အဘိုးရည်မှန်းထားတာတွေကို နောင်တမရတော့ဘူး"

ဘာတွေမှန်းမသိပေမယ့် အဘိုးရဲ့အချစ်တွေကို ပိုခံစားလို့ရသွားသည်။ ဒီလိုအဘိုးနှင့် နေခွင့်ရတာ သရဏံအရမ်းကံကောင်းပါသည်။ ဒါတောင် သရဏံလိမ်လိမ်မာမာမနေခဲ့ဘူးထင်သည်။

"မြေးလေး. . . တော်ပြီရပြီ သွားနားတော့လေမြေး"

"ရပါတယ်အဘိုးရဲ့၊ အဘိုးအိပ်ပျော်သွားမှ သားအခန်းကိုပြန်မယ်"

"မြေးရယ်မလုပ်ပါနဲ့၊ အဘိုးကိုဒီလောက်ကြီး လုပ်ပေးစရာမလိုပါဘူးကွဲ့၊ မြေးလေး ဒီလောက်သိတတ်တာပဲ အဘိုးကဝမ်းသာနေတာ၊ မြေးလေး"

"ဗျာ. . . အဘိုး"

"မင်း ငွေလကိုတကယ်ချစ်တာ မဟုတ်လား"

"ဗျာ"

"မြေးဖြစ်ချင်တာ မြေးဆန္ဒရှိတာတွေအားလုံး အဘိုးအားလုံးလုပ်ပေးမယ်၊ ကဲ. . . သွားနားတော့နော်မြေး"

ငွေလ. . . ငွေလဟံသာ။ သရဏံက ဖုန်းထဲကနေ သူမပုံတွေပြသော်လည်း သူတစ်ခါမှမတွေ့ဖူးသေးသည့် မိန်းကလေးပါ။

သရဏံနှင့် ဘယ်အခြေအနေထိပတ်သက်ရင်းနှီးသည့် မိန်းကလေးလဲ။ သရဏံကိုမေးကြည့်ဦးမှပါ။

အခန်းထဲပြန်ရောက်တော့ သရဏံပေးလိုက်သည့်ဖုန်းကိုဖွင့်ကာ ငွေလဟံသာရဲ့ပုံတွေကို ပြန်ကြည့်မိသည်။ သူမအပြုံးလေးကိုမြင်လိုက်ရချိန်မှာ ရင်တွေလှုပ်လှုပ်ခါသွား၏။

ထိုခံစားမှုဟာဘာကြောင့်ဆိုတာတော့. . .။

❂ ❂ ❂

ရွှေမြည်သင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

''မင်းအလုပ်မသွားသေးဘူးလားထက်နိုင်''

အခုထိအိပ်ရာမထသေးသော မင်းထက်နိုင်ကို ကိုထွန်းဝင်းခြေထောက်ဖြင့်ကန်၍နှိုးလိုက်သည်။ ညကလည်း ကာရာအိုကေဆိုင်ကိုသွားပုံမပေါ်။ ဘာမှလည်းမစား ကိုယ့်ကိုလည်းဘာမှမပြောဘဲ အစောကြီးအိပ်ရာဝင်သွားသည်။

အိပ်တော့လည်း ရှိသမျှစောင်တွေ သူ့အောက်မှာ အကုန်ခင်းအိပ်၍ ကိုယ့်မှာစောင်မခြုံရဘဲ ပုဆိုးဖြင့် ကွေးလိုက်ရသည်။ အခုလည်း အိပ်ရာက မထသေးဘဲ နှပ်နေတုန်း။

အရင်နေ့တွေကဆို ကိုယ်မနိုးခင်က စောစီးစွာအိပ်ရာထပြီး တစ်ခန်းလုံးသန့်ရှင်းရေးလုပ်၊ ကိုယ့်အဝတ်အစားတွေပါ လျှော်ဖွတ်ပေးထားတတ်တာ။

ကားရေဆေးဆိုင်ကို သွားတော့မည်ဆိုမှ ကိုယ့်ကိုအိပ်ရာကနှိုးခဲ့တတ်တာပါ။ မင်းထက်နိုင်က ကိုယ့်ထက်တောင် ဝီရိယကောင်းနေလို့ လေးစားနေရတာပါ။

''ဟိတ်ကောင်မထသေးဘူးလား၊ ဘယ်အချိန်ရှိနေပြီလဲ နောက်ကျနေပြီလေ''

''ဘာလဲဗျာ..ဒီမှာအိပ်ကောင်းတုန်းရှိသေးတယ်''





''ဘာ..မင်းအလုပ်မသွားတော့ဘူးလား''

''အင်း..မသွားတော့ဘူး''

''ဟာ..မင်းဘယ်လိုဖြစ်နေတာလဲ၊ ညကလည်း ဟိုဆိုင်ကို အလုပ်သွားမဆင်းဘူးမဟုတ်လား၊ မင်းက အစမ်းခန့်ဝန်ထမ်းပဲရှိသေးတယ်၊ အလုပ်ပြုတ်မယ်နော်''

''ပြုတ်ချင်လည်းပြုတ်ပစေဗျာ''

''ဟင်..လစာထုတ်ဖို့ သုံးရက်လောက်ပဲလိုတော့တယ်၊ မင်းအလုပ်သွားမဆင်းရင် အဆောင်လစာဘယ်လိုလုပ်ပေးရမှာလဲ၊ အလုပ်ဆင်းမှလစာထုတ်လို့ရမှာပေါ့''

''ပူမနေပါနဲ့ဗျာ ဖြစ်လာမှာပါ''

''ဟကောင်ရ''

မင်းထက်နိုင်ဒီလိုပေါ့ပေါ့တန်တန် မပြောဖူးတာကြောင့် အံ့ဩရသည်။ အလုပ်ကိုတန်ဖိုးထားပြီး အလေးအနက်ရှိလွန်းတာကြောင့် ကိုယ်တောင်လေးစားမိသလိုဖြစ်နေရသည့်ကောင်က ဘယ်လိုဖြစ်တာလဲ။

စိတ်မရှည်တော့တာမို့ စောင်တွေကိုဆွဲလှန်ပစ်လိုက်သည်။

''ထက်နိုင် မင်းဘာဖြစ်နေတာလဲ''

''ဘာဖြစ်လို့လဲ''

''ဟာ..အရင်နေ့တွေက အလုပ်သွားဖို့ ငါ့ထက်ဝီရိယကောင်းခဲ့ကောင်က အပျင်းကြီးနေတယ်လေ၊ ဒီအလုပ်တွေပြုတ်ရင် မင်းဘယ်လိုလုပ်မှာလဲ၊ ဒီနှစ်ခုတောင် ငါမနည်းသွင်းပေးထားရတာ၊ မင်းမှာ ပညာဘာအောင်လက်မှတ်မှ ပါတာမဟုတ်ဘူး။ ပြီးတော့ မင်းမွေးမိဘတွေဆီကို ငွေလွှဲချင်တယ်ဆို၊ မင်းအပေါ်မကောင်းခဲ့ပေမယ့် မွေးခဲ့တဲ့မိဘအရင်းတွေထက် ကျေးဇူးရှိတယ်ဆို ကျေးဇူးဆပ်သင့်တယ်

ဘာတွေနားညည်းအောင်လာလုပ်နေတာလဲလို့ အော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်ပေမယ့် သူဟာသရထံမဟုတ်ပါလား၊ မင်းထက်နိုင်အဖြ
ရောက်လာတာပါလားလို့ ကိုယ့်ကိုယ်ကိုယ် သတိပြန်ပေးနေရသည်။

မင်းထက်နိုင်က သူ့ဘဝအကြောင်း သူ့နေထိုင်မှုအကြောင်း
တွေ အသိပေးထားတာမို့ ကိုထွန်းဝင်းကို မချေမင်တော့ ဆက်ဆံလို့
မရပေ။

"ကိုထွန်းကားထွက်တော့မှာမဟုတ်လား၊ သွားလေ၊ ကျွန်တော့်
အတွက်စိတ်မပူပါနဲ့၊ အဆောင်လခရော အိမ်ပေးဖို့ရော ကျွန်တော်
အဆင်ပြေအောင် ရှာနိုင်ပါတယ်"

"မင်းအလုပ်မလုပ်ဘဲ ဘယ်ကပိုက်ဆံရမှာမို့လဲ၊ မင်းအရင်
လိုမဟုတ်ဘူး၊ ပေါ့ပျက်ပျက်ဖြစ်နေတယ်၊ ရန်ကုန်ရောက်တာမကြာ
သေးဘူး၊ မင်းပျက်စီးချင်နေပြီလား"

ဒီလောက်ဆရာလုပ်လွန်းနေတာတော့ စိတ်မရှည်ချင်ပေ။ ကိုယ်
နေလာခဲ့သည့်ဘဝမှာ ကိုယ့်ကိုဒီလိုဆရာလုပ်သင်ပြနေသူမရှိပါ။ အချ
ပိုအလိုလိုက်ခံရသည့်ဘဝမှာ နေချင်သလိုနေခဲ့ရတာမဟုတ်ပါလား။

ကိုယ့်ရဲ့ညီလားအစ်ကိုလား မသိရသည့်မင်းထက်နိုင်ဘဝက
တော့ လူတကာရဲ့အပြောခံ အနှိမ်ခံအောက်ကျို့ခံကာ နေခဲ့ရရှာသည်
ဒီလိုအလုပ်မျိုးတွေ သွင်းပေးသည့်သူကိုတောင် ကျေးဇူးတင်နေရသည်
ဘဝမျိုးပါလား။

"ကဲ. . . ကိုထွန်းပြောမနေနဲ့တော့ဗျာ၊ ကျွန်တော်အလုပ်သွား
မယ်ဗျာ၊ ဟုတ်ပြီလား"

"ဟာ. . . ဟိုတ်ကောင်စောင်တွေ ခေါက်သွားဦးလေ၊ အာ. . .
ဒီကောင်ဘယ်လိုဖြစ်နေတာလဲမသိဘူး"

အရင်ကဆို ကိုယ့်စောင်တွေကိုပါ သေသေသပ်သပ်ခေါက်ပြီ
အခန်းကို သန့်ရှင်းရေးလုပ်ပြီးမှ ရေချိုးခန်းဝင်တတ်သည့်ကောင်က ဒီ
နေ့စောင်တွေ အဝတ်အစားတွေ ဒီအတိုင်းပုံထားခဲ့ပြီး ရေချိုးခန်းဝင်သွား





သည်။ ရေချိုးခန်းက ထွက်လာတော့ အင်္ကျီတစ်ထည်ကောက်ဝတ်ကာ
ပြင်ထွက်သွားသည်။

ကိုယ်ပြောတာတွေ နားငြီးလို့ အရွဲ့တိုက်ထွက်သွားတာလား။
င်းထက်နိုင်အရင်က ဒီလိုမဟုတ်ပါ။ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ။
ကလည်း အရင်ထက် သန့်ပြန့်လာသလိုပင်။ ပြောင်းလဲသွားတာတော့
ပြောင်းလဲသွားတာပါ။ ဒါပေမဲ့ ဘာတွေပြောင်းလဲသွားမှန်းမသိဘဲ. . .။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သားတော်တော်ကို ပြောင်းလဲသွားတယ်။ ဒီနေ့တစ်နေ့ အပြင်မထွက်ဘူး၊ သူ့အခိုးနဲ့ စကားတပြောပြောလုပ်လိုက်၊ ခြံထဲဆင်း လိုက်၊ အပေါ်ထပ်အောက်ထပ်တက်လိုက်ဆင်းလိုက်နဲ့ အိမ်ကိုက သားကောင်းနေတယ်နော်။ ဖေဖေ့ဆီက ဘာတွေကြီးကြီးမားမားလိုချ ပြန်ပြီလဲမသိဘူး"

ကမ္ဘာထဲကအပြန်မှာ ဖနီးသည်သီရိကြွေရဲ့စကားကြောင့် မောင်လွင်စိတ်ကသိကအောက်ဖြစ်သွားရသည်။ တူလေးကို ဒီလိုမ လားသည့်စကားမျိုး ပြောတာမကြိုက်ပါ။

ကိုယ့်မှာသားသမီးရှိတာလည်းမဟုတ်။ တခြားဆွေးသားမျ များစားစားလည်းမရှိတာမို့ တူလေးကိုတော့ မငြိုမငြင်ချစ်စေချင်သည်

ဒါပေမဲ့ကိုယ်လည်း တူလေးကိုဖေဖေဦးစားပေးလွန်းတာကြေ သိပ်တော့မကြိုက်ချင်ပါ။ လိမ္မာအောင်သွန်သင်ဆုံးမသင့်ပါလျက် လူ လေးဖြစ်အောင် အလိုလိုက်မြှောက်ပင့်ပေးနေသည်ဟုထင်မိသည်။

ဒီလိုနဲ့ မိုက်ရိုင်းဆိုးသွမ်းသည့်သူဖြစ်သွားတော့ ဘယ်လိုလ မလဲ။

"ကိုလွင်"

"ဟင်. . . ကြွေ"



"မျက်နှာက ဘယ်လိုဖြစ်သွားတာလဲ၊ ကိုလွင့်တူကို ပြောလို့ ကြိုက်တာလား"

"မဟုတ်ပါဘူးကြွေရယ်၊ တူလေးက တခြားကလေးတွေ လောက်တော့ မဆိုးသေးပါဘူး၊ သူ့နောက်က ငွေထုတ်ပိုက်ပြီးလိုက် နေရတဲ့ ကိစ္စမျိုးမှ မရှိသေးတာ၊ အပေါင်းအသင်းနဲ့သုံးဖို့ဖြုန်းဖို့လည်း ဖေ့ဆီကပဲ တောင်းနေတာ၊ ကိုယ်တို့ဆီကတော့ နည်းနည်းပါးပါး လောက်နဲ့ ဟိုဟာဝယ်ပေးဒီဟာဝယ်ပေး ဒီလောက်ပဲပူဆာတာပါ"

"ကြွေက အဲလောက်ဆို ငြိုငြင်နေပါ့မလား၊ အခုကိုလွင့်တူက ဆိုးကပ်ချွဲပြီး ရှင်တို့ရသင့်တာတွေပါ အပိုင်စီးသွားမှာစိုးလို့ ပြောနေ တာ"

"ဟိုနေ့က ဖေဖေပြောတဲ့စကားကြောင့်လားကြွေ၊ ရသင့်လို့ ကြမယ်ဆိုလည်း သူလည်းသူ့ရသင့်တာ၊ ကိုယ်လည်းကိုယ်ရသင့်တာ တွေမျှတူပဲဖြစ်မှာပါ"

"ကိုလွင်အဖေက အဲလိုတရားမျှတရင်တော့ ကောင်းတာပေါ့၊ ခုက သားတွေကို စာရင်းထဲရှိတဲ့ပုံမပေါ်ဘူး၊ သူ့မြေးကိုပဲ ယုံကြည် ကိုးပြီးသည်းသည်းလှုပ်နေတာ၊ ငွေလဟာသာနဲ့ ပေးစားပြီးရင် အမွေ ခွဲတော့မယ်ထင်တယ်"

"အဲဒါဆိုကောင်းတာပေါ့၊ ကိုယ့်လုပ်ငန်းနဲ့ ကိုယ်ဆိုရင်ဒီထက် အောင်မြင်အောင်လုပ်လို့ရတယ်၊ ဘာမှ တွေးပူမနေပါနဲ့ကြွေရယ်၊ ညော်. . . ဒေါ်ဆွဲမိဘာလဲ"

ဒေါ်ဆွဲမိရောက်လာတာကြောင့် စကားစပြတ်သွားကြသည်။

"အဝတ်ညစ်ရှိသလားလို့လာယူတာ၊ လျှော်လက်စနဲ့ တစ်ခါ တည်း လျှော်လိုက်ရအောင်လို့လေ"

"ဪ. . . ရှိတယ်ယူသွားလေဒေါ်ဆွဲမိ"

ဒေါ်ဆွဲမိက အဝတ်ညစ်တွေယူပြီး ပြန်ထွက်သွားသည်။ အခုမှ

www.burmeseclassic.com



ကိုမောင်လွင်ရေချိုးဖို့ ပြင်ဆင်လိုက်သည်။ ဒေါ်ဆွဲမိက မိဘတွေလ ထက်ကတည်းက အိမ်အကူလုပ်လာခဲ့သူမို့ အခုဆိုမိသားစုလိုဖြစ်နေ အခန်းတိုင်းကိုဝင်ချင်တိုင်း ဝင်ထွက်ချင်တိုင်းထွက်ခွင့်အခွင့်အရေး ပါ ရထားသည်။

နှစ်တွေအတော်ကြာကြာ နေလာခဲ့ကြသူတွေမို့ မိသားစု ဖြစ်နေခြင်းဖြစ်၏။

ဖေဖေအပေါ်လည်း တရိုတသေ လေးစားကြောက်ရွံ့မှ နှင့် . . .။

၀၀၀



# အခန်း (၂၂)

"ဒေါက်ဒေါက် . . သားလေးမအိပ်သေးဘူးလား"

အခန်းတံခါးခေါက်သံကြောင့် မင်းထက်ခိုင်အခန်းထဲက သရုပ် အုပ်တွေဖတ်ကြည့်နေရာမှ တံခါးထဖွင့်ပေးလိုက်ရသည်။ အခန်းထဲ ကို နွေးထွေးသောအပြုံးလေးနှင့် မာမိဝင်လာ၏။

"သားအခန်းမီးလင်းနေလို့ မာမိဝင်လာတာ၊ ကျောင်းတောင် မဖွင့်သေးဘူး စာတွေကြည့်နေတာလားသား"

"ဟင် . . အဲ . . ဟုတ် . . ဟုတ်ကဲ့"

"သားဒီရက်ထဲအရမ်းပြောင်းလဲနေသလိုပဲနော်၊ မာမီအပေါ် ည်း နည်းနည်းစိမ်းသလိုပဲ၊ မာမီကိုဖက်တွယ်တာတွေ နမ်းတာတွေ ည်းမလုပ်တော့ဘူး၊ သားဘာဖြစ်လို့လဲ"

"ဘာ . . ဘာမှမဖြစ်ပါဘူး"

"မဖြစ်ပါဘူးပြောပေမယ့် မာမိကတော့ သားတစ်ခုခုဖြစ်နေ ယ်လို့ ထင်တယ်ကွယ်၊ အရင်က တစ်အိမ်လုံး သားအသံချည်းပဲ၊ ဘိုးကိုစလိုက် ဒယ်ဒီနဲ့မာမိကိုစနောက်လိုက်၊ အန်ကယ်လေးနဲ့ အ ဒ်လေးလည်း အငြိမ်မနေရ၊ ငွေလဟံသာအနားမှာ မရှိတော့တာနဲ့ ားရင့်ကျက်သွားတာလား၊ လွမ်းလို့ငြိမ်သွားတာလားသား"

"မ . . မဟုတ်ပါဘူးမာမိ"



www.burmeseclassic.com

www.burmeseclassic.com



''ရှက်မနေနဲ့ပါနဲ့သားရယ်၊ သားတို့လူငယ်ချင်းကိစ္စ မာမီတို့က နားလည်ပေးပါတယ်၊ အားလုံးကအသိုက်အဝန်းတူ အဆင့်အတန်းတူလို့ သဘောလည်းတူကြတယ်၊ သားအဘိုးကငွေလတို့ ခရီးသွားရာက ပြန်လာရင် လူကြီးချင်းစကားပြောမယ်လို့တောင် ပြောနေတာ''

''ဟာ. . . အဲလိုမလုပ်ပါနဲ့ဦး၊ ရပါတယ်သားတို့က. . . ဟို''

''အမယ်လေးသားရယ်၊ အရင်ကငွေလဆိုတာကို ပါးစပ်များကမချဘဲနဲ့ ဘာဖြစ်ရပြန်တာလဲ''

''မာမီ''

''ဟင်. . . ပြောလေသား''

ရင်ထဲမှာ မေးခွန်းတွေရှိပါလျက် မေးဖို့ခက်နေသည်။ ဘယ်ကဘယ်လိုစမေးရမလဲ။ ကျွန်တော့်ကို ဘာကြောင့်စွန့်ပစ်ခဲ့တာလဲလို့ ဒဲ့မေးလိုက်ရမလား။

ဟင့်အင်း. . . ထိုမေးခွန်းက အများကြီးရှုပ်ထွေးသွားနိုင်သလို မိသားစုတွေလည်း ပြဿနာတက်သွားနိုင်သည်။

''ဟိုလေ. . . မာမီဘာလို့သားအတွက် အဖော်ရအောင် ညီလေးညီမလေးတွေ ထပ်မမွေးခဲ့တာလဲ''

''ဩော်. . . အခုမှ ထူးထူးဆန်းဆန်းမေးနေပါလားသားရယ် ဘာလဲသားက အခုပျင်းနေတယ်ပေါ့၊ အစကတော့ တစ်ဦးတည်းကြေး တစ်ဦးတည်းသောသားဖြစ်ရတာကံကောင်းတယ်၊ အမွေလုစရာမလိုဘူး အားလုံးရဲ့ဦးစားပေးတာ အလိုလိုက်တာခံရတယ်ဆို''

''ဟို. . . သား. . . သားကမေးကြည့်တာပါ၊ သူများတွေမှာ မောင်နှမတွေအများကြီးရှိတာ ပျော်စရာကောင်းလို့ပါ၊ အဲဒါမာမီ ဘာလို့ သားသမီးထပ်မယူခဲ့တာလဲလို့''

သူ့ဇွတ်မေးတော့ မာမီတွေတွေငေးငေးလေးဖြစ်သွား၏။ မျက်ရည်ကြည်တွေလည်း ရစ်ဝိုင်းနေကာ. . .



''အခြေအနေမပေးခဲ့လို့ဘဲ ပြောရမလား၊ မာမီတို့က မိဘသဘောတူပေးစားခဲ့တာမဟုတ်ဘူးလေ၊ တစ်ယောက်နဲ့တစ်ယောက်မခွဲခွာနိုင်ကြလို့ သားအဘိုးကိုဆန့်ကျင်ပြီး ခိုးရာလိုက်ခဲ့ကြတာ၊ သားလေးကြောင့်၊ သားအဘိုးပြန်ခေါ်လို့ရောက်လာကြပေမယ့် သားအဖေကို အလုပ်တွေဖိဖိစီးစီးခိုင်းတယ်၊ လုံးဝမျက်နှာသာမပေးဘူး၊ မာမီကိုလည်း အခုထိ သမီးချွေးမရယ်လို့ တန်ဖိုးမထားခဲ့ဘူး၊ အဲဒါနဲ့ပဲ မာမီတို့သားသမီးထပ်မယူဖြစ်ခဲ့တော့တာသား''

''ကိုယ့်အတွက် ကိုယ်ကြည့်ပြီး သားသမီးထပ်မွေးရင် တာဝန်ယူရမှာစိုးလို့တော့ မဟုတ်ပါဘူးနော်မာမီ''

''ဟင်. . . ဘယ်လိုပြောလိုက်တာလဲသား၊ မာမီသားအပေါ်မှာ တာဝန်မဲ့ခဲ့လို့လား၊ သားလေးကို မာမီတုန်နေအောင်ချစ်တာပါ၊ သားသမီးလည်း ထပ်ယူချင်ခဲ့ပါတယ်၊ မာမီက မိခင်ကောင်းပီသချင်တဲ့သူပါ သားရယ်၊ သားဒယ်ဒီကတော့ သူ့အဖေအဲလိုတွေဖြစ်နေတာနဲ့ မယူပါနဲ့တော့တဲ့''

''ဩော်. . . ဒယ်ဒီက တားခဲ့တာလား''

ဘယ်သူ့ကိုအပြစ်ဖို့ရမှန်းမသိဘဲ သူဒီလောက်ပဲညဉ်းညူနိုင်တော့သည်။ မာမီက သူ့ပခုံးလေးကိုဖက်တွယ်လာပြီး သူ့နဖူးလေးကို နမ်းလိုက်သည့်အချိန်မှာ သူတွန့်ခနဲဖြစ်သွားသည်။

သူ့ကိုစွန့်ပစ်ခဲ့သောသူတွေဆိုသည့်အသိကြောင့် ရင်ကမခံစားနိုင်ပါ။ သူထရပ်ပြီး စာအုပ်တွေကိုဟိုဒီလှန်လျက်

''သားစာဖတ်လိုက်ဦးမယ်မာမီ၊ ခဏနေသားအိပ်တော့မှာ''

''ဩော်. . . အေးပါသားရယ်''

''ဒေါက်. . . ဒေါက်. . . ခင်''

သူတို့စကားပြောနေဆဲမှာ တံခါးခေါက်သံနှင့်အတူ ဒယ်ဒီအသံကို ကြားလိုက်ရ၏။ အခန်းထဲကိုတော့ ဒယ်ဒီဝင်မလာပါ။ မာမီကသာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးပေါက်ဘက်ကို မျက်လုံးစွေကြည့်လျက်

"မာမီသွားမယ်နော်သား"

"ဟုတ်ကဲ့"

အသိပေးနှုတ်ဆက်ပေမယ့် သားကခါတိုင်းလို နဖူးလေးပါးလေး ကိုနမ်း၍ ဝွတ်နိုက်မာမီလို့ပြန်ပြီးနှုတ်မဆက်ပါ။

သားဘာဖြစ်နေတာလဲဆိုတာ တွေးလို့မရ။ သားအခန်းထဲက နေ စိတ်စနိုးစနောင့်နှင့်ပင် ထွက်လာခဲ့ရသည်။ အခန်းပေါက်မှာ မျက်နှာအောက်သိုးသိုးနှင့် အလိုမကျဖြစ်နေဟန်ရှိသော လင်တော်မောင်က မိမိလက်ကိုဆွဲ၍ အိပ်ခန်းထဲထိခေါ်သွားသည်။

"ဘာဖြစ်နေတာလဲကိုကျော်၊ သားအခန်းထဲကိုသွားတာ ဘာလို့ လိုက်လိုက်ခေါ်နေတာလဲ"

"မင်းကသားကိုပဲ ဂရုစိုက်နေတာပဲခင်၊ တစ်နေကုန်အလုပ်လုပ် ပြီး ပြန်လာတဲ့ယောကျ်ားနေကောင်းလား၊ ပင်ပန်းလာသလား၊ လုပ်ငန်း ကိစ္စတွေကြောင့် စိတ်ဖိစီးမှုတွေများသလား၊ စိတ်ဦးနှောက်တွေ ရှုပ်လာ သလားမေးပါဦးတော့လား"

"ဟင်. . . ကိုကျော်နေမကောင်းလို့လား၊ ခုနကပြောပါတော့ လားကိုကျော်ရယ်၊ ထမင်းမစားခင်ကလည်းတွေ့တယ်၊ ထမင်းစားနေ တုန်းကလည်း အကောင်းပါပဲ၊ အခုကိုကျော်ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ လဲဟင်"

"အခုမှလာမေးမနေနဲ့"

"ကဲပါကိုကျော်ရယ်၊ ကလေးမဟုတ်ဘဲနဲ့ စိတ်ကောက်မနေပါ နဲ့၊ သားအခန်းသွားတာပဲ၊ အဲဒီမျက်နှာကြီးဖြစ်နေရလား၊ ကဲပြော ဘာ ဖြစ်တာလဲ၊ ဘယ်နေရာက နေမကောင်းတာလဲ၊ ခင်လုပ်ပေးပါ့မယ်"

"ဇက်ကြောတွေတက်နေတာ"

"ဒါများအစကပြောတာမဟုတ်ဘူး ခင်နှိပ်ပေးမှာပေါ့၊ ကဲ ဟို ဘက်လှည့် ခင်နှိပ်ပေးမယ်"

ခင်နန္ဒာထိထိမိမိလေးနှိပ်ပေးလိုက်မှ ကိုကျော်ထင် မျက်နှာနူး နူးညံ့ညံ့ပြုံးယောင်သမ်းလာသည်။ ခင်နန္ဒာက ဘယ်တော့မဆို စေတနာ ပါပါနှင့် လုပ်ပေးနေကျပါ။

"ကိုကျော်"

"ဟင်. . . ခင်ပြောလေ"

"သားကဒီတစ်ရက်နှစ်ရက်အတွင်း တစ်မျိုးပဲနော်၊ လိမ္မာသွား တာလား၊ ရင့်ကျက်သွားတာလားမသိဘူး။ ခင့်အပေါ် ဆက်ဆံတာ တောင် အေးစက်သွားသလိုပဲ"

"ခင့်သားက အလကားပလီပလာလုပ်နေတာပါကွာ၊ သူ့အဘိုး နဲ့တော့ ပလူးပလဲအဆင်ပြေနေတာပါပဲ၊ အဘိုးကမြှောက်ပင့်နေတော့ ကိုယ်တို့ကိုဂရုစိုက်စရာမလိုဘူးဆိုတဲ့သဘောမျိုး ချိုးနေတာပါ၊ ခင်က ဘာလို့လွမ်းနေတာလဲ၊ မိဘကိုတောင် အရေးမလုပ်ချင်တာ ထားလိုက် စမ်းပါ"

"ကိုကျော်ဘယ်လိုပြောလိုက်တာလဲ၊ သားကမိဘတွေကို တစ် ခါမှအဲလိုမစော်ကားဖူးပါဘူး။ လူငယ်သဘာဝစိတ်ဆိုးချင်ဆိုးမယ်၊ စိတ် ကောက်ချင်ကောက်မယ်၊ လက်သာတဲ့သူ့ဆီမှာ ပျော်မွေ့ချင်ပျော်မွေ့ မယ်ဒီလောက်ပါပဲ၊ ကိုကျော်ကသားကို ဘယ်နှခါနွေးနွေးထွေးထွေး ဆက်ဆံဖူးလဲ၊ သားရယ်လို့မွေးကတည်းက ခုချိန်ထိကြင်ကြင်နာနာရော မှီခဲ့သလား"

"ခင်"

ခင်တစ်ခါမှ ကိုယ့်အပေါ်လေသံမာမာမပြောဖူးတာမို့ အံ့အား သင့်ကာ ခင်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။ ခင်က ကိုယ်ကုပ်ပေါ်က လက်တွေကို ရုပ်သိမ်းလျက်

"မဟုတ်လို့လားကိုကျော်၊ အဘိုးက အလိုလိုက်လို့ ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



လို့ သူ့အဘိုးနဲ့ပဲ ဒီလိုနေတာသားမှားသလား၊ ကိုယ်ကျော်ကတော့ အ
နေအေးတာကို အကြောင်းပြုပြီး သားအပေါ်စိမ်းလွန်းတယ်၊ ခင်နဲ့တရင်
တနှီးနေရင်လည်း မကြိုက်ဘူး၊ သားအခန်းကိုသွားရင်လည်း အကြောင်
အမျိုးမျိုးနဲ့ ပြန်ခေါ်တယ်၊ မကြိုက်ဘူးဟုတ်တယ်မဟုတ်လားကိုကျော်''

''ခင်. . . မင်းစကားတွေက ကိုယ်နဲ့သားကို သွေးခွဲနေသလို ပဲ၊ ကိုယ်ကဘာလို့သားအပေါ် အဲလိုဖြစ်ရမှာလဲ၊ ကိုယ်ကတစ်နေကုန် ကုမ္ပဏီမှာနေရတာ ပြန်လာရင် ခင်နဲ့စကားပြောချင်တယ်၊ ခင်နဲ့အတူ နေချင်တယ်၊ ခင်အိမ်အလုပ်တွေလုပ်ရတာ ကိုယ့်မှာအချိန်ရှိတိုင်း စိတ် မကောင်းဖြစ်နေရတာ၊ အဲဒါကြောင့် အနားမှာထားပြီး ဖြေသိမ့်ချင်တယ် နှစ်သိမ့်ချင်တယ်၊ ကိုယ်ကရောမှားနေလို့လားခင်''

ဒီလိုရှင်းပြပြန်တော့ ခင်ဘာပြောရမှန်းမသိပြန်ပေ။ ခင့်ကိုတော့ ကိုကျော်အရမ်းချစ်ပြီး ဂရုစိုက်တာခင်သိပါသည်။ သားအပေါ်လည်း ဒီလိုပဲနေစေချင်တာပါ။

ဒါပေမဲ့ သားအပေါ်တော့ ကိုကျော်အနေအေးလွန်းတာအမှန် ပင်။

''ခင်ပြောတဲ့သဘောက သားကိုလည်း ခင့်ကိုအလေးအနက် တန်ဖိုးထားပြီးချစ်သလို ချစ်စေချင်တာပါ''

''ကိုယ်ကမချစ်လို့လားခင်ရယ်၊ ကိုယ့်သွေးသားပဲ ကိုယ်ချစ် တာပေါ့''

''သူ့အဘိုးက ဦးစားပေးလွန်းလို့ သားကိုကိုကျော်မနာလို ဖြစ်နေတာတော့မဟုတ်ပါဘူးနော်''

''ခင်. . . စကားတွေကို ရှေ့နောက်ဆင်ခြင်ပြီးပြောပါလား ခင်ရယ်၊ ဖေဖေကြားရင်ဖြစ်ဖြစ် သားကြားရင်ဖြစ်ဖြစ် မကောင်းပါဘူး ကွဲ. . . တော်ပြီခင် ကိုယ်ဒီနေ့ပင်ပန်းလာတယ်၊ အိပ်တော့မယ်''

''ဟင်. . . ဒေါ်ဆွဲမိတောင် နွားနို့လာမပို့သေးဘူး၊ အိပ်တော့



မလို့လား''

''ဖေဖေနဲ့မောင်လွင်တို့အပေါ်ထပ်ကို အရင်ပို့နေဦးမှာပေါ့၊ နောက်ဆုံးမှ အောက်ထပ်မှာနေတဲ့ ကိုယ်တို့အခန်းကို လာပို့မှာ၊ နေပ စေ မစောင့်တော့ဘူး၊ တံခါးခေါက်လို့ အသံမပေးရင် နွားနို့ခွက်ပြန်ယူ သွားလိမ့်မယ်''

''တကယ်မသောက်တော့ဘူးပေါ့''

''အင်း. . . ခင်နဲ့ပဲ စောစောအိပ်ရာဝင်မယ်၊ ခင်ရဲ့နှုတ်ခမ်းလေး တွေက နွားနို့ထက်ပိုချိုတာပဲ''

''ဟွန်း. . . ကိုပို''

ကိုကျော်က ဒီအသက်ဒီအရွယ်ရောက်တာတောင် အချစ်တွေ နပျိုလတ်ဆတ်နေအောင် ဆွဲဆောင်နေတုန်းပါ။ ဒီလိုကြင်နာတတ်ပါ လျက်နဲ့ သားအပေါ်တော့ ဘာကြောင့်အနေစိမ်းရတာလဲ။ ဒါပေမဲ့ ကို ကျော်ပြောသလို ကိုယ့်သွေးသားကိုမချစ်လို့တော့ ဟုတ်မှာမဟုတ်ပေ။ မိမိကိုနှစ်သိမ့်ချင်တာနှင့် နီးနီးကပ်ကပ်အတူနေချင်တာကြောင့် ဒီလိုဖြစ် နေသည်ဆိုတာလည်း ဟုတ်မှာပါ။ ကိုကျော်အနမ်းတွေက အခုချိန်ထိ လိုက်ဆူနေဆဲ . . .။

၀၀၀

www.burmeseclassic.com

## အခန်း (၂၃)

"မင်းကွာ ဘာလို့ထွက်မလာတာလဲ၊ ဖုန်းဆက်တာလည်း ဖုန်းပိတ်ထားတယ်၊ အဲဒါဘာလုပ်တာလဲ"

တွေ့တွေ့ချင်း သရဏံပြောတာကြောင့် ဘောင်းဘီအိတ်ထဲ ထည့်လာသောဖုန်းကို ထုတ်ပေးလိုက်သည်။

"ဖုန်းသံကမမြည်ဘဲ ငါဘယ်လိုလုပ်ကိုင်မှာလဲ၊ ဘာဖြစ်တာလဲ တော့မသိဘူး"

"ပေးစမ်း"

ယူကြည့်လိုက်မှ လော့ခ်ကျနေမှန်းသိလိုက်ရသည်။

"လော့ခ်ကျနေတာ၊ ဒီမှာကြည့် ဒါကိုဒီလိုလုပ်၊ သေချာကြည့် နော် ဟိုကလိဒီကလိရင်းနဲ့ တတ်သွားမှာပါ"

ဖုန်းနှင့်ပတ်သက်ပြီး မင်းထက်ခိုင်ကိုင်တတ်အောင် သင်ပေးနေရင်းမှ မင်းထက်ခိုင်အတွက် စိတ်မကောင်းဖြစ်မိသည်။ လူတိုင်းဖုန်းနှင့်မစိမ်းသောခေတ်ကြီးထဲမှာ မင်းထက်ခိုင်အခြေအနေက အလှမ်းဝေးလွန်းပါလား။

"မင်းအဆင်ရောပြေရဲ့လား"

"အဘိုးနဲ့က အဆင်ပြေပါတယ်၊ အန်ကယ်လေးနဲ့ အန်တီလေးကိုလည်း ဆက်ဆံလို့ရတယ်၊ ဒါပေမဲ့ ဒယ်ဒီနဲ့မာမီအပေါ်တော့





ငဲ့ဟန်ဆောင်လို့ သိပ်မရသေးဘူးကွာ၊ မိဘတွေလို့သတ်မှတ်ရမှာခက်နေသလိုပဲ၊ ငါ့ကိုစွန့်ပစ်ခဲ့တဲ့သူတွေလို့ အတွေးဝင်သွားတာနဲ့ မျက်နှာချင်းဆိုင်ရမှာတောင် တစ်မျိုးပဲ"

"အဲဒီစိတ်ကိုမဖျောက်ရင် မင်းဘယ်လိုလုပ်စုံစမ်းလို့ အဆင်ပြေမှာလဲ၊ မင်းကိုဘာကြောင့် စွန့်ပစ်ခဲ့တယ်ဆိုတာ သိချင်တယ်ဆို"

သရဏံကို မျက်လုံးလှန်ကြည့်မိလျက်–

"ငါမာမီကို မေးကြည့်သေးတယ်"

"ဟင်. . မာမီဘာပြောလဲ"

"ဒဲ့မေးတာတော့မဟုတ်ဘူးပေါ့ကွာ၊ ဘာလို့ငါ့ကိုတစ်ယောက်တည်းမွေးပြီး ကလေးထပ်မယူတာလဲလို့၊ ဒယ်ဒီက အဘိုးကြောင့်မွန်းကျပ်လို့ ထပ်မယူနိုင်းတဲ့သဘောပဲ၊ မာမီကတော့ ထပ်မွေးချင်တဲ့ပုံပါပဲ"

"ဒါဆိုဒယ်ဒီက မာမီမသိအောင် စွန့်ပစ်လိုက်တာလို့ တွေးမိသွားလား"

"ကိုယ့်မွေးထုတ်လိုက်တဲ့သားကို စွန့်ပစ်တာ မာမီမသိဘဲနေပါ့မလား။ စိတ်တူကိုယ်တူပဲ စွန့်ပစ်လောက်တယ်၊ ဘာလို့လဲဆိုတော့ ဒယ်ဒီနဲ့မာမီက သူတို့ချင်းအရမ်းချစ်ကြတယ်၊ ဒယ်ဒီက ကုမ္ပဏီကပြန်လာရင် မာမီ့ကိုသူ့အနားမှာပဲရှိစေချင်တာ၊ ငါကသတင်းအစအနလေးများသိရမလားဆိုပြီး နည်းနည်းလေ့လာကြည့်နေတာ မာမီတို့အခန်းနားကိုသွားပြီး ချောင်းနားထောင်တာ ဒေါ်ဆွဲမိတောင် တွေ့သွားတယ်"

မင်းထက်ခိုင်ဆန္ဒပြင်းပြသွားတာကို ကိုယ်ချင်းစာမိသည်။ ကိုယ်သာမင်းထက်ခိုင်နေရာရောက်သွားလျှင်လည်း ဒီလိုခံစားရမှာပါပဲ။ သူတို့ စကားပြောနေဆဲမှာ မင်းထက်ခိုင်လက်ထဲကိုင်ထားသော သရဏံရဲ့ဖုန်းလေးက မြည်လာသည်။

"ဟိတ်ကောင်. . ငွေလတဲ့ကွ မင်းကိုင်"

မင်းထက်ခိုင်က သရဏံလက်ထဲကို ဖုန်းထည့်ပေး၏။ သရဏံ



www.burmeseclassic.com

www.burmeseclassic.com



ကဖုန်းဖွင့်နားထောင်လိုက်ပြီး . .

"ငွေလပြော ဘန်ကောက်ကပြန်လာနေပြီလား"

"အေး . . ပြန်ရောက်နေပြီ၊ ဟိုမှာကတည်းက ဖုန်းဆက်နေတာ နင်ဘာလို့စက်ပိတ်ထားတာလဲ၊ နင်ဖုန်းပိတ်ပြီး လျှောက်ပွေးနေတာပေါ့ ငါတို့မရှိတဲ့အချိန်မှာ"

"မဟုတ်ပါဘူးဟာ၊ ဘက်ထရီဒေါင်းနေတာနဲ့ လော့ခ်ကျတာကို သတိမထားမိတာနဲ့ အဲလိုဖြစ်သွားလို့ပါ"

"ဖြစ်ရမယ်နင်ကတော့၊ ကျော်သက်လည်း ငါ့ဆီဖုန်းဆက်တယ်၊ နင့်ကိုဖုန်းဆက်မရလို့တဲ့၊ သူလည်းပြန်ရောက်နေပြီပြောတယ် သူ့ဆီဖုန်းလှမ်းဆက်လိုက်ဦး"

"အေးပါ နင်ငါ့အတွက်ဘာလက်ဆောင်ပါလဲ"

"နာရီလေးတစ်လုံးဝယ်လာတယ်၊ ကျော်သက်ကတော့ အညာလက်ဆောင်ပါမှာပေါ့၊ ဟဲ့ . . သရထံ နင်အခုဘယ်မှာလဲ၊ ငါတို့လာခဲ့မယ်"

"ဟင် . . ခြော် . . ငါအပြင်ရောက်နေတယ်ဟ၊ ကိစ္စတစ်ခုရှိနောက်နေ့မှ ဆုံမယ်လေ"

"နင်က ငါပြန်ရောက်တာမပျော်ဘဲ တွေ့ရမှာကို ရက်ချိန်းနေသေးတယ်ပေါ့"

"မဟုတ်ပါဘူးဟာ ငါပျော်ပါတယ်၊ နင်နဲ့ကျော်သက်မရှိတော့ ငါတစ်ယောက်တည်း ပျင်းနေတာဟ၊ အခုတကယ်မအားလို့ပါ၊ ဒါပဲနော် ငွေလ . . ဘိုင့်"

သရထံက ဖုန်းအရင်ပိတ်လိုက်သည်။ သရထံက ပြုံးစိစိဖြင့်

"ငွေလအသံလေးက ချစ်စရာမကောင်းဘူးလား ထက်နိုင်"

"မင်းနဲ့သူနဲ့က ချစ်သူတွေဖြစ်နေကြပြီလား"

"ပရိုပို့စ်လုပ်ထားတာပဲရှိပါသေးတယ်၊ မင်းမီးစင်ကြည့်ကလိုက်





ငါကပြန်လာလို့မှ မရသေးတာ"

"အဘိုးက အရမ်းသဘောတူနေတဲ့ပုံနော်၊ မင်းနဲ့လက်ထပ်ပေးချင်နေပြီထင်တယ်၊ စီစဉ်တော့မယ်တဲ့"

"အဲဒီကိစ္စက ဖြစ်သေးမှာမဟုတ်ပါဘူး၊ ငွေလဆီက ငါအဖြေမရသေးတာ၊ မင်းကအခြေအနေကြည့်ပြီး မီးစင်ကြည့်ကတတ်အောင်တော့လုပ်ဦး၊ ကျောင်းတွေဖွင့်ရင် မင်းအတွက်အခက်အခဲဖြစ်မှာ"

"အဲဒါတော့ ငါလည်းတွေးမိတယ်၊ တက္ကသိုလ်ဆိုတာကြီးကို မြင်ဖူးတွေ့ဖူးပြီး အတွေ့အကြုံရချင်ပေမယ့် စာမတတ်တော့မလွယ်ဘူး၊ ကျန်တာကို ရုပ်ချင်းအသံချင်းတူလို့ ဟန်ဆောင်ရတာအဆင်ပြေပေမယ့် ကျောင်းတက်ဖို့က"

"ငါစိတ်မကောင်းပါဘူးထက်နိုင်ရာ၊ ငါကအရာရာပြည့်စုံတဲ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းခဲ့ရပေမယ့် မင်းကတော့ အရမ်းကိုချို့တဲ့လွန်းခဲ့တယ်၊ မင်းကံဆိုးလွန်းတယ်ကွာ"

စိတ်မကောင်းဖြစ်ကာ မင်းထက်နိုင်ပခုံးကို ဖျစ်ညှစ်ဖက်တွယ်ပြီး သရထံမျက်ရည်ဝဲသည်။ ပြီးတော့ မင်းထက်နိုင်မျက်နှာလေးကိုကြည့်ပြီး

"မာမီတို့က မင်းကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲလို့ မေးခွင့်မကြုံသေးလည်း မင်းအဲဒီအိမ်ကြီးမှာ ပျော်သလောက်စည်းစိမ်တွေ ခံစားနေပါကွာ၊ မင်းမရခဲ့တဲ့စည်းစိမ်းချမ်းသာတွေ မင်းအပြည့်အဝ စံစားစမ်းပါကွာ"

"မင်းရော၊ မင်းကရော ဒီလိုနေရတာ အဆင်ပြေလို့လား"

"မပြေဘူး၊ ငါနေခဲ့တဲ့ဘဝနဲ့ အရမ်းကွာခြားလို့ စိတ်ပျက်ဖို့ကောင်းတယ်၊ မနေနိုင်ဘူး၊ ဒါပေမဲ့ မင်းနေခဲ့တဲ့ဘဝပဲ၊ မင်းကိုကိုယ်ချင်းစာလို့ ငါနေနိုင်အောင်နေမှာပါ၊ မင်းအဲဒီမှာ အဆင်ပြေနေသရွေ့ ငါလည်းနေနိုင်အောင်နေမယ်၊ မင်းသာသာယာယာနဲ့ အဆင်ပြေနေရင်



www.burmeseclassic.com

www.burmeseclassic.com



ငါကျေနပ်ပါတယ်ကွာ၊ ငါမင်းကို သနားလွန်းလို့ပါ''

ဒါဟာ သွေးစကားပြောတာပဲဖြစ်လိမ့်မည်။ မင်းထက်ခိုင်ရင် ထဲမှာလည်း သရထံကိုသွေးသားသံယောဇဉ်များနှင့် ခင်တွယ်နေခဲ့ သည်။

''ငါတို့ညီအစ်ကိုတွေ အတူတူနေရရင် သိပ်ကောင်းမှာပဲကွာ ဒါပေမဲ့ မိဘတွေကိုတော့ ငါလက်ခံလို့မရသေးဘူး။ ငါသိချင်တာသိပြီ ရင် မင်းရဲ့ဘဝမှန်မှာပြန်နေပါ၊ ငါက ငါနေခဲ့တဲ့ဘဝကို နေသားကျနေ ပါပြီ''

''အဲလိုတော့မပြောပါနဲ့၊ တကယ်လို့အမှန်ကိုသိရရင် မင်းကို သူတို့ရဲ့သွေးသားဆိုတာ လက်ခံအောင်ငါလုပ်မှာပါ၊ အခုက ဘာကိုမှ ရှင်းရမှန်းမသိသေးလို့ငြိမ်နေတာ၊ ငါ့ဆန္ဒအတိုင်းဆို ပွင့်ပွင့်လင်းလင်း ဖွဲ့မေးပစ်လိုက်ပြီ''

''အဘိုးမျက်နှာရှိသေးတယ်လေ၊ ခဏစောင့်ကြည့်တာကောင်း ပါတယ်၊ ကဲ . . ငါသွားတော့မယ်''

မင်းထက်ခိုင်ထရပ်ဖို့ပြင်တော့ သရထံက လက်ကိုဆွဲထား သည်။

''မင်းကလည်း ဘာလို့အိမ်ကိုစောစောစီးစီးပြန်မှာလဲ''

''အဘိုးက မျှော်နေတတ်တယ်ကွ၊ အဘိုးကမင်းကို တကယ် ချစ်တာပါ၊ မင်းသိထတ်ခဲ့သင့်တယ်''

မင်းထက်ခိုင်ပြောမှ သရထံလည်းနောင်တရမိသလိုပင်။ အဘိုး မျှော်မှန်းသိပေမယ့် သူအိမ်ပြန်ချိန်စောဖို့ ခဲယဉ်းခဲ့သည်။ အဘိုးအလ လိုက်တာကို အခွင့်ကောင်းယူပြီး သူနေချင်သလိုပဲနေခဲ့၏။ ဘဝဆိုတာ ဒီလိုကြမ်းတမ်းမှုတွေရှိမှန်း သူမသိခဲ့ပါ။

''သရထံ''

''ဟင်''



''မင်းအိမ်ကိုပြန်ချင်လို့လား''

''ထက်ခိုင် . . အခုချိန်မှာ မင်းအဆင်ပြေဖို့ပဲ ငါဆန္ဒရှိပါတယ်၊ . . မင်းပြန်မယ်ဆိုပြန်တော့လေ''

''မင်းကိုအဆောင်ထိ ငါပြန်လိုက်ပို့မယ်''

''မလုပ်နဲ့ငါ့ဘာသာပြန်လိုက်မယ်၊ ကိုထွန်းဝင်းမြင်ရင် ရှင်းရ က်နေဦးမယ်၊ လိုင်းကားတိုးစီးတယ်ဆိုတဲ့ မင်းခံခဲ့ရတဲ့ဒုက္ခတွေပဲကွာ''

''ရော့ ပိုက်ဆံယူသွားဦး''

အိတ်ထဲကတစ်သိန်းအုပ်နှစ်အုပ်ပေးလိုက်တော့ သရထံနှာ င်းရှုံ့သွားပြီး . .

''မင်းကလည်း အဘိုးဆီက ဒါပဲယူခဲ့တာလား၊ ငါဆိုရင်တစ်နေ့ ငါးသိန်းဆယ်သိန်းသုံးချင်သုံးပစ်လိုက်တာ''

''အဘိုးက မီးခံသေတ္တာသော့ပေးပါတယ်၊ ဒါပေမဲ့ ငါတစ်လလုံး ပ်တာ တစ်သိန်းရဖို့မလွယ်ဘူး၊ ကိုယ်ရှာနိုင်သေးတာမဟုတ်ဘဲ မင်း ာ အဲလောက်သုံးစရာလားကွာ''

မင်းထက်ခိုင်ရဲ့ ရင့်ကျက်မှုကိုလေးစားရသည်။ ဘဝကိုပေါ့ပေါ့ ပါးပဲ ဖြတ်သန်းခဲ့တာမို့ သူဘာကိုမှ အလေးအနက်မတွေးခဲ့ဘူးပေါ့။ းစားမှုနှင့်မင်းထက်ခိုင်ပခုံးကို ဖျစ်ညှစ်လိုက်ပြီး ဒီတစ်ရက်အတွက် မ်းခွဲလိုက်ကြသည်။

မင်းထက်ခိုင်ကို တသွေးတမွေးပြောင်ပြောင်ရောင်ရောင် မြင် ချိန်မှာ သူနှင့်ပိုတူသည်ဆိုတာ သတိထားမိလိုက်သည်။ ဒါကြောင့် ည်း အဘိုးနှင့်မာမီတို့ နည်းနည်းလေးမှ သံသယမဝင်ခဲ့ကြတာနေမှာ။

ဒါဟာ သွေးသားရင်းအမြွှာညီအစ်ကိုဖြစ်နိုင်သည့် သက်သေ င်၊ မင်းထက်ခိုင် မင်းကင့်ရဲ့ညီလားအစ်ကိုလား . . .။

○○○

www.burmeseclassic.com

## အခန်း (၂၄)

''သရထံ. . . ဟဲ့သရထံ''

ခေါ်သံကြားပါလျက် ကိုယ့်နာမည်မဟုတ်တာမို့ မထူးဖြစ်ခ ခပ်ကြောင်ကြောင်ကြည့်နေမိသည်။ ဖုန်းထဲမှာ မြင်ဖူးထားတာမို့ ဒါဟာ ငွေလဟံသာဖြစ်ရမည်ဟုသိလိုက်ပြီး ရင်ဘတ်တစ်နေရာက ဒိတ်ခ လိုက်ခါသွားသည်။

''ဟိတ်ကောင်. . . ဘာလဲကွ သရထံ၊ ဒီမှာမင်းအိမ်အတွက် လက်ဆောင်တွေယူလာတာ နည်းနည်းပါးပါး လာသယ်ပါဦး''

''ဪ. . . အေး''

နောက်ကကျော်သက်ရော ပါလာတာမြင်မှ သူလှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ကျော်သက်လက်ထဲက အနက်ရောင်ကြွပ်ကြွပ်အိတ်ထုပ် ကို သွားဆွဲရသည်။

''လာ ထိုင်ကြကွာ''

ညှိခန်းထဲမှာ ထိုင်ခိုင်းလိုက်ရင်း သူဘာပြောရမှန်းမသိ ငွေလဟံသာမျက်နှာကို ကြည့်ရမှာလည်း မဝံ့မရဲပါ။

''ဟဲ့. . . သရထံ နင်မတုန်မလှုပ်နဲ့ ဘာဖြစ်နေတာလဲ၊ ငါနင့် နာရီဝယ်လာတယ် ဝတ်ကြည့်ဦး''

ငွေလဟံသာက ဆိုးဆိုးဆတ်ဆတ်ပင် သူ့လက်ကိုဆွဲပြီး နာ





ပတ်ပေးသည်။ သူ့မှာတော့ လက်ကိုအကိုင်ခံထားရ၍ ရင်တွေကတဖျပ် ဖျပ်ခါနေရသည်။

မိန်းကလေးတစ်ယောက်နှင့် ဒီလိုထိတွေ့ဆက်ဆံမှုမျိုး တစ် ခါမှမရှိဖူးပါ။ ငွေလဟံသာက သူ့လက်ကိုဆုပ်ကိုင်ထားရင်းနှင့်. . .

''နင့်လက်နဲ့အရမ်းလိုက်တယ်တွေ့လား၊ ငါဈေးဝယ်ရင်းနဲ့ ဒီ နာရီလေးကိုမြင်တော့ တန်းခနဲအမှတ်ရလိုက်တာ၊ ဘာလက်ဆောင် ပေးရမလဲ စဉ်းစားရင်းနဲ့ ဝယ်ခဲ့တာလေ''

''ငါကတော့ မကျေနပ်ဘူးကွ၊ မင်းအတွက်ပဲပါတာ၊ ငါ့အတွက် မပါဘူး။ တော်တော်မကျေနပ်စရာကောင်းတယ်၊ မင်းအပေါ် သူငယ်ချင်း ထက်ပိုတယ်ဆိုတာ သိသိသာသာပဲ''

''ဟဲ့ ကျော်သက်လျှောက်ပြောမနေနဲ့''

''ဘာလျှောက်ပြောလို့လဲ အမှန်ပဲဥစ္စာ၊ ငါကတော့ သူငယ်ချင်း တွေပဲဆိုပြီး မျှမျှတတပဲ၊ လက်ဆောင်ကို နင့်အတွက်လည်းတစ်ထုပ် ပေးခဲ့တယ်၊ ဒီကောင်အိမ်လည်းတစ်ထုပ်၊ ဟိတ်ကောင် ဒီမှာသနပ် ခါးရော၊ မြေပဲရော၊ လက်ဖက်တွေရောပါတယ်၊ အညာလက်ဆောင် ပေါ့၊ ငါတို့ဒီမှာနေ့လယ်စာ စားမှာနော်၊ မင်းမာမိကို ချက်ခိုင်းလိုက်ဦး၊ ပြီးမှ ငါတို့လစ်ကြမယ်၊ မင်းမာမီလက်ရာမစားရတာကြာတော့ နည်းနည်း လွမ်းသားကွ၊ ဘရိတ်ဖက်စ်ချိန်ကို မင်းမာမီရဲ့အစုံသုပ်လက်ရာကို ပိုပြီး သတိရတယ်၊ ဟိုမှာသိပ်စားလို့မကောင်းခဲ့ဘူး''

''ဪ. . . အေး''

''အာ. . . ဒီကောင်မတုန်မလှုပ် အေးစက်စက်နဲ့ ဘာဖြစ်နေတာ လဲ၊ ငါကဖုန်းဆက်မရလို့ တင်းနေတာနော်၊ ကလပ်ရော ကာရာအိုကေ ရော နှစ်ဝိုင်းလောက်ဆက်ပြီး စပွန်ဆာလုပ်ပေးမှ ဒေါသပြေမှာ၊ အဲဒီ့ အတွက်အခုလာတာ''

သရထံက သူငယ်ချင်းတွေနှင့် ကဲသည့်အကြောင်းတွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြထားပါလျက် သူသေချာမသိသေးသောလူတွေနှင့် တရင်းတနှီးနေရမှာ ကစ်မျိုးကြီးဖြစ်လို့နေသည်။

ငွေလက သူကျောကိုအုန်းခနဲထုပြီး. . .

''နင်ငါတို့မရှိဘဲ ရည်းစားတွေဘာတွေရလို့ စိမ်းသွားတာလား သရထံ''

''မဟ. . မဟုတ်ပါဘူးဟာ၊ ငါလည်းနင်တို့ကို သတိရနေတာပါ၊ နင်တို့ထမင်းစားမယ်ဆို ငါမာမီကို သွားပြောလိုက်ဦးမယ် ခဏနော်''

သူသုတ်ခနဲထကာ မီးဖိုခန်းထဲမှာရှိသော မာမီ့ဆီလာခဲ့သည်။ မာမီကိုလည်း တရင်းတနှီးခေါ်ပြောဆက်ဆံဖို့ မဝံ့မရဲသေးပါ။

''မာမီ''

''ဟင်သား၊ ဘာစားချင်လို့လဲ၊ မာမီဘာလုပ်ပေးရမလဲ''

''ငွေလတို့ရောက်နေတယ်၊ နေ့လယ်ထမင်းစားချင်လို့တဲ့မာမီ''

''ဩော်. . ဟုတ်လား၊ ဝက်ပုန်းရည်ချက်ထားတာတော့ ရှိပါတယ်၊ သားအဘိုးစားချင်တယ်ဆိုလို့ ငါးကြင်းဆီပြန်လေးလည်း ချက်ထားတယ်။ သူတို့ကြိုပြောရင်တော့ တခြားဖွယ်ဖွယ်ရာရာလေးလုပ်ရတာပေါ့ကွယ်၊ အခုလည်း ရေခဲသေတ္တာထဲက အသီးအရွက်လေးတွေကြော်လိုက်သုပ်လိုက်ပါဦးမယ်၊ ခဏလေးစောင့်လို့ပြောလိုက်နော်သား။ မာမီမြန်မြန်လေးလုပ်လိုက်ပါ့မယ်''

''သားဘာကူလုပ်ရဦးမလဲ''

ပျာပျာသလဲကျိုးနွံသလိုဖြစ်နေတာကြောင့် မသိစိတ်နှင့်လွှတ်ခနဲထွက်သွားတော့ မာမီပြုံးလျက်

''သားလေးကလိမ္မာလိုက်တာကွယ်၊ တစ်ခါမှ ဒီလိုမပြောဖူးပါဘူး၊ မာမီကြည်နူးလိုက်တာသားရယ်၊ ရပါတယ်သား၊ ဘာမှကူလုပ်ပေးစရာမလိုပါဘူး၊ ဒါတွေက ဒီအိမ်ကိုရောက်ကတည်းက မာမီလုပ်နေကျပါ၊ မာမီအတွက်ရိုးနေပါပြီ''





ဒီလိုပြောတော့ စိတ်ထဲမကောင်းဖြစ်သွားသည်။မာမီကိုတောက်တိုမယ်ရ ကူညီနေတာဆိုလို့ ဒေါ်ဆွဲမိတစ်ယောက်သာတွေ့သည်။ အန်တီလေးက အဘိုးရှေ့ကျမှ ဟိုလိုလိုဒီလိုလိုဆားဖြူးတတ်သူပါ။ အန်တီလေးကိုတော့ အဘိုးကမျက်နှာသာပေးလွန်းတာမျိုးလည်းမဟုတ်ဘဲ အပြစ်ပြောသံမျိုးလည်းမကြားရပေ။

မာမီကတော့ ဘယ်သူ့ငြိုငြင်မှုမှ ခံချင်ပုံမရဘဲ တာဝန်ဝတ္တရားကျေဖို့တစ်ခုပဲ အာရုံစိုက်နေပုံရသည်။ တစ်နေကုန်နားရသည်လည်း မရှိပါ။ ဒယ်ဒီပြန်လာမှ သားဒယ်ဒီက အနားမှာနေစေချင်တာကြောင့် မာမီကိုသက်သောင့်သက်သာနေခိုင်းခဲ့ခြင်းဖြစ်သည်။

''သား ဘာလိုသေးလို့လဲ''

''ဗျာ. . ဘာမှမလိုပါဘူး''

အတွေးဝင်သွားတာကြောင့် ငြိမ်သက်နေမိရင်းက ရေတစ်ဘူးယူကာပြန်ထွက်လာခဲ့ရသည်။ ဧည့်ခန်းထဲကို ပြန်ရောက်တော့ ငွေလတို့ရှေ့ကို ရေဘူးချပေးလိုက်ကာ. . .

''ရော့ ရေအရင်သောက်ထားကြ၊ မာမီက အခုမှပြောလို့ ဟင်းထပ်လုပ်ဖို့အတွက် ခဏကြာဦးမှာ''

''အသီးလေးဖျော်ရည်လေးဆွဲလာတာမဟုတ်ဘူးကွာ၊ ရေပဲသောက်ရမှာလား''

''မင်းတို့ကကွာ လက်ဆောင်ပေးတာကနည်းနည်း၊ အခွင့်ကောင်းယူချင်တာကများများဖြစ်နေပြီ''

''အောင်မာ၊ ငါတို့ကိုဒီလိုမျိုး ဘယ်နှခါပြောဖူးလို့လဲဟိတ်ကောင်၊ ငွေလကို မျက်နှာလိုမျက်နှာရလုပ်ချင်တာနဲ့ ရေခဲသေတ္တာထဲက အကုန်ထုတ်ချလာတဲ့ကောင်က ငွေလဒီကောင်ကို အရေခွံနွာမပြီးတော့ ယယ်ထင်တယ်''

''မသိဘူး၊ အချိုးကိုမပြောသလိုဘဲ၊ ဩော်. . အန်တီလေး''

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေဆဲမှာ အန်တီလေးရောက်လာတာကြောင့် အ သက်ရှူချောင်သွားသည်။ အန်တီလေးက သူ့အနားမှာ ဝင်ထိုင်ပြီး...

''သူငယ်ချင်းတွေက လက်ဆောင်လာပေးကြတယ်ဟုတ်လား''

''ဟုတ်ကဲ့အန်တီလေး၊ သနပ်ခါးတုံးတွေရော၊ လက်ဖက်တွေ ရော၊ မြေပဲရောပါတယ်''

''လက်ဖက်နဲ့မြေပဲတွေ ခင့်ကိုပေးလိုက်လေ၊ သနပ်ခါးတုံးကို တော့အန်တီလေးယူသွားမယ်၊ အန်တီလေးက သနပ်ခါးသိပ်ကြိုက်တာ''

''ဟိုး. အန်တီလေး''

မာမီသနပ်ခါးမှုန်ဖွေးဖွေးလေး လိမ်းထားတတ်တာ သတိထား မိတာကြောင့် ဟန့်တားလိုက်ချင်သော်လည်း အန်တီလေးက ပါလာသော သနပ်ခါးနှစ်တုံးလုံးယူပြီး ထထွက်သွား၍ ပြောချိန်မရလိုက်ပေ။ အန် တီလေးက ဒီလိုမျိုးမာမီ့အပေါ်မညှာတာတတ်သူလား။

တွေးကြည့်လျှင် မာမီ့အဖြစ်က သနားစရာတော့ကောင်းနေ သည်။ သူဘာကြောင့် ဒီလိုတွေးမိတာလဲ။ တကယ်ဆို သူ့ကိုစွန့်ပစ်ခဲ့ သူမို့ မသိချင်ယောင်ဆောင်ကာ ဥပေက္ခာပြုထားလိုက်သင့်ပါသည် ဒါပေမဲ့ မိခင်ဆိုသောစိတ်ကြောင့် ဒီလိုမျိုးဖြစ်နေတာကို ရင်ကမခံစား နိုင်ပေ။

ဒီအိမ်ကြီးမှာ ဒယ်ဒီကိုချစ်သောစိတ်တစ်ခုကြောင့် မာမီသည် နေထိုင်နိုင်ခဲ့ခြင်းဖြစ်မည်။ မာမီမှာ သည်းခံနိုင်ခြင်းတွေ ကြင်နာတတ် ခြင်းတွေရှိပါလျက် ဘာကြောင့်များသူ့ကိုစွန့်ပစ်ခဲ့သည်အထိ ရက်စက်နိုင် ရတာလဲ။

ရင်မှာနာကြည်းခြင်း ကြင်နာခြင်းတွေ ရှုပ်ထွေးလျက်...။

✺✺✺

# အခန်း (၂၅)

''ဟဲ့ သရုထံကလေး၊ ဘာဘာလိုတောင့်တောင့်ကြီးလုပ်နေတာလဲ''

သီချင်းသံက အုန်းအုန်းထမြူးကြွနေပေမယ့် သူက ဟိုယိမ်း ယိမ်းတောင် စည်းချက်ညီအောင်မကတတ်ပေ။ သီချင်းဆိုလည်း ကျော် သက်နှင့် ငွေလက အသံကုန်လိုက်ဆိုနိုင်ပေမယ့် သူကပါးစပ်လှုပ်ဖို့တောင် ကျက်သလိုကြီးဖြစ်နေခဲ့သည်။

ကျော်သက်က သူ့ပခုံးကိုဖက်ပြီး

''သူငယ်ချင်း.. လန်းသွားအောင် ဘီယာနှစ်ခွက်လောက်ကစ် သိုက်ပါလား၊ မင်းအခု ဒူငကြောင်ကြီးလိုဖြစ်နေတယ်''

''ငါခေါင်းကိုက်လို့ စိတ်မပါဖြစ်နေတာပါ၊ မင်းတို့ပဲ ကကြဆို ကြပါကွာ၊ ငါထိုင်နေပါ့မယ်''

''နင်အဲလိုလုပ်နေရင် ပျင်းစရာကောင်းတာပေါ့ဟဲ့၊ အရင်က ငါတို့ထက်လန်းတဲ့ကောင်၊ စိတ်မပါသလိုလုပ်နေတာ သွေးရိုးသားရိုး ဟုတ်တော့ဘူးထင်တယ်''

''ဟုတ်ပါတယ်ဟာ၊ တကယ်ခေါင်းထဲနောက်တောက်တောက် ဖြစ်နေလို့ပါ၊ ရင်ထဲမရှင်းလို့လားမသိဘူး အန်ချင်သလိုကြီးကိုဖြစ်နေတယ်''

''ဟင်.. တကယ်လား''

သူ့မျက်နှာပျက်ယွင်းနေတာကြောင့် ငွေလဟာ ယုံချင်သလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားဟန်တူသည်။ သူတကယ်လည်း သီချင်းသံဘောက်စ်သံနှ မီးရောင်တဖျပ်ဖျပ်ကြောင့် လှောင်ပိတ်သောအခန်းထဲ မွန်းကျပ်နေ တာပါ။ ဒီကနေကလပ်ကို ဆက်သွားဦးမည်ဆိုလျှင် ပိုတောင်ဆိုးဦးမည် ဒါကြောင့်နားထင်လေးကိုဖိကာ ဟန်ဆောင်နေမိခြင်းဖြစ်သည်

ငွေလဟံသာက တကယ်မှတ်ပြီး သူ့နားထင်လေးကိုလာဖိ၍...

"ငါနှိပ်ပေးရမလား သရထံ"

"ရပါတယ်ဟ၊ ငါ့ကြောင့်နင်တို့အပျော်တွေ မပျက်စီးပါစေ နင်တို့ဘာသာ ဆိုချင်ဆို ကချင်က... ငါဒီအတိုင်းလေးထိုင်နေပါ့မယ်"

သူမကတတ်လို့ ထိုသို့ပြောပြီး ထိုင်ခုံမှာဝင်ထိုင်တော့ ကျေ သက်ကပါ သူ့ဘေးမှာဝင်ထိုင်ကာ

"အဲဒါမင်းမပက်လို့ မလန်းတာ၊ ပက်လိုက်ပါလား။ ကြွသွား အောင်"

"ငါတကယ်မသောက်ချင်လို့ပါကွာ၊ သောက်ချင်ရင် မင်းပြေ စရာတောင်မလိုဘူး"

"ငါက အကောင်းပြောတာ"

"ကျော်သက်ကလည်းဟယ်၊ သူမသောက်ချင်တာ မတိုက် နဲ့၊ သူကချင်ရင် ငါတို့တောင်တားလို့မရဘူး။ အဲ... နင်ကတော့ကသ တယ်ဟ၊ ကလိုက်ရင် ထိုင်းမှိုင်းနေတာတွေ လန်းသွားတယ်၊ ငါတော ခရီးကအပြန် အကြောအခြင်တွေပြေအောင်လို့ လာကတာ၊ မဟုတ်ရ နင်တို့ခေါ်တိုင်း ငါလိုက်လို့လား၊ ကဲပါ... ထ ငါတို့တွဲကရအောင်"

ငွေလက သူ့လက်ကိုအတင်းဆွဲခေါ်သည်။ သရထံက ဒါ တွေ စွယ်စုံတတ်ဟန်တူသည်။ ဒီကောင်ပြီးပြည့်စုံအောင်နေပြီး စည်း အကုန်စံစားခဲ့ရသည့်ကောင်ပါလား။

"ဟွန်း... ဘယ်လိုကြီးကနေတာလဲ၊ ငါ့ခြေထောက်ကိုပဲ တင် နင်းနေတယ်၊ သရထံနင်ဘာဖြစ်နေတာလဲ"



"ခေါင်းကိုက်လို့ပါဆိုဟာ၊ ငါပြန်ချင်နေပြီ"

သူစိတ်မရှည်စွာ အော်လိုက်မိသည်။ သူမက တွဲဖက်နေလို့ ရင်ခုန်နေတာတစ်ကြောင်း၊ မကတတ်တာတစ်ကြောင်းကြောင့် စိတ်တွေ တကယ်ရှုပ်ထွေးနောက်ကျိနေသည်။ သရထံ ပရိုပို့စ်လုပ်ထားသော မိန်းကလေးကို သူဒီလိုမျိုးကြီးဖြစ်မနေသင့်။ အမြွာမို့ စိတ်ခံစားချက်ချင်း တူကာ ဖုန်းထဲမှာ သူမပုံတွေမြင်ရုံနှင့် ရင်ခုန်နေခဲ့ခြင်းလား။ သရထံအပေါ် သစ္စာမဖောက်မိအောင် ရှောင်ဖို့တိမ်းဖို့ ကြိုးစားရတော့မည်ထင်သည်။

"ငွေလ... ဟို... နောက်နေ့မှ ထပ်ဆုံကြမယ်ဟာ၊ ငါတကယ် မလန်းနိုင်ဘူးဖြစ်နေတယ်"

"အေးလေ... အဲလိုဆိုလည်း ပြန်တာပေါ့၊ နင်ဒီလိုဖြစ်နေတော့ ငါတို့လည်း ပျော်လို့မရဘူး။ အေး... ငါစိတ်မပါတဲ့အချိန်မှ... ဖွတ်အ တင်းငါ့ကိုလာမခေါ်နဲ့၊ တော့တာပဲ"

မခံချင်စိတ်နှင့်ပြောလိုက်ရင်း သူမပြန်လာရင် အဖြေပေးပါမည် လို့ ပြောတာတောင် ထိုအကြောင်း စကားမစတာကြောင့် သူမစိတ်ထဲ ကသိကအောက်ကျလိုကျလိုဖြစ်နေရသည်။ တကယ်ဆို သရထံဝမ်းသာ အားရပျော်ရွှင်နေရမှာပါ။ သူမပြန်လာလျှင် သူလိုချင်သောအဖြေ တိတိ ကျကျရမှာလို့ တွက်ထားမှာပဲမဟုတ်လား။

မြူးကြွခြင်းတွေမရှိဖြစ်နေသောသရထံကို သူမမျက်စောင်းပင် ထိုးလိုက်မိသည်။ ကျော်သက်လည်း စိတ်ရှည်ပုံမပေါ်။

"သရထံ မင်းကွာမမိုက်ဘူး၊ ငါကတော့ ဒီလိုအချိန်လေး သတိရပြီး အရမ်းပြန်လာချင်နေတာ၊ ရွာမှာကလပ်မရှိ၊ ကာရာအိုကေ မရှိနဲ့၊ အရမ်းကိုခြောက်သွေ့လာတာကွ၊ ဒီရောက်ရင် မင်းနဲ့အပြင်ကဲ ရမှာပဲဆိုပြီး တွေးထားတာ"

"အေးပါကွာ နောက်တစ်ခါပေါ့၊ ငါလည်းမင်းတို့ကို မျှော်နေ တာပါပဲ၊ အမြဲဆုံရမှာပဲဥစ္စာ၊ စိတ်မကောက်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျော်သက် ပခုံးကိုဖက်ကာ ချော့လိုက်ရသည်။ ဒီလိုအဆိုအကတွေ သင်မပေးသော သရုထံကို အပြစ်တင်ရမလားမသိပေ၊ ကျော်သက်နှင့်ငွေလ စိတ်ဆိုးနေကြလို့ပါ။

ဘာဖြစ်ဖြစ် ကလပ်လည်းမသွားဖြစ်တော့ဘဲ အိမ်ကိုစောစောပြန်ခွင့်ရတာ စိတ်သက်သာမိသေးသည်။ အဘိုးရော မာမီရော သူ့ကိုအိမ်စောစောပြန်စေချင်သည့်ဆန္ဒတွေ ရှိနေကြသည်မဟုတ်လား။ ကျော်သက်နှင့်ငွေလကို အိမ်ပြန်ပို့ပြီးမှ သူ့အိမ်ကိုပြန်လာခဲ့သည်။ အဘိုးကအိပ်ရာဝင်ချိန်မရောက်သေးဘဲ အခန်းအောင်းနေဟန်တူသည်။

"ဒေါက်ဒေါက်.. အဘိုး သားပြန်လာပြီ"

တံခါးခေါက်ပြီး အခန်းထဲဝင်လာတော့ အဘိုးကခုတင်ပေါ်မှာ လဲလျောင်းနေသည်။ သူ့အဘိုးအနားမှာ ဝင်ထိုင်ကာ

"အဘိုးနေမကောင်းဘူးလား"

"အသက်ကြီးလာတော့ အစားအသောက်အမှားမခံတော့ဘူးလေ၊ သွေးတိုးနေလို့ ဆရာဝန်ခေါ်လိုက်ရတယ်"

"ဟာ.. အခုဘယ်လိုနေသေးလဲအဘိုး သားဘာလုပ်ပေးရမလဲ"

သူ့ပျာပျာသလဲ ခြေကိုင်မလိုလက်ကိုင်မလိုဖြစ်သွားတော့ အဘိုးမျက်နှာပြုံးနေကာ..

"ဆေးထိုးဆေးသောက်နဲ့ သက်သာနေပါပြီ မြေးရယ်၊ လူကြီးဆိုတော့ ဒီလိုပဲဖြစ်တတ်ပါတယ်၊ အဘိုးက ဆေးသောက်ဖို့အတွက်ထမင်းစားပြီးသွားတော့ မြေးလေးထမင်းသွားစားချည်နော်၊ အပြင်ကပြန်လာတော့ မြေးလေးပင်ပန်းနေမှာပဲ၊ ပြီးရင်အနားယူလိုက်ပါ"

"ဟင့်အင်း.. သူငယ်ချင်းတွေနဲ့ သားအပြင်က နည်းနည်းစားလာခဲ့ပါပြီ၊ ဒီညအဘိုးအခန်းမှာ သားစောင့်အိပ်မယ်၊ အဘိုးကိုစိတ်မချလို့"

ဦးပြည့်သာအောင် ကြည်နူးပီတိတွေဖြစ်ကာ မြေးလက်ကလေးကို အားနှင့်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း



"မြေးလေးဒီလိုသိတတ်လိမ္မာတာ အဘိုးဝမ်းသာကျေးဇူးတင်ပါတယ်မြေးရယ်၊ သူငယ်ချင်းတွေနဲ့ အပြင်သွားလို့ ပြန်လာရင် အရင်ကသားပါးစပ်အရက်နံ့ရတယ်၊ ရီဝေဝေနဲ့မူးနေတဲ့ပုံစံမျိုး အခုမြေးပါးစပ်က အရက်နံ့ကိုမရပါလား၊ အိမ်ကိုလည်း စောစောပြန်လာတယ်၊ အရင်လိုလည်း တစ်နေကုန်တစ်နေခန်း အပြင်သိပ်မထွက်တော့ဘူး၊ အဘိုးမျှော်လင့်ထားသလို ပြောင်းလဲလာတာ အဘိုးကျေနပ်ပြီ"

"ဗျာ.. အဘိုးကသားကို ဘာတွေမျှော်လင့်ထားလို့လဲ"

"လူဆိုတာ ချုပ်ချယ်တင်းကျပ်ရင် ထွက်ပေါက်ရှာတတ်တယ်၊ အရွဲ့တိုက်ပြီးလုပ်ဖို့ စိတ်ဓာတ်ပြင်းထန်ကြတယ်၊ အဲဒါကြောင့်မို့ မြေးလေးနေချင်သလိုနေဆိုပြီး အဘိုးက လွှတ်ထားတာ၊ အခုမြေးက ကိုယ့်ဘာသာပြောင်းလဲလာတယ်မဟုတ်လား၊ ရင့်ကျက်တည်ငြိမ်လာတယ်လို့လည်း အဘိုးခံစားရတယ်၊ အဲဒီတော့ မြေးလေးကို လုပ်ပေးစရာရှိတာလုပ်ပေးရတော့မှာပေါ့"

အဘိုးဘာတွေလုပ်ပေးမှာလဲ သူမသိပါ။ သူကတော့ ဘာမှမျှော်လင့်မထားဘဲ အဘိုးကိုစေတနာအမှန်နှင့် ပြုစုလုပ်ကိုင်ပေးချင်သောဆန္ဒတွေသာရှိနေခဲ့သည်။ သူ့အပေါ်မှာ အဘိုးတစ်ယောက်သာအပြစ်ကင်းလိမ့်မည်ဟု ယူဆလို့ပါ။

ဒီည အဘိုးအနားမှာပဲ စောင့်အိပ်ဖြစ်သည်။ ကျန်းမာရေးသိပ်အဆိုးကြီးမဟုတ်တာမို့ ဝေယျာဝစ္စအများကြီးလုပ်ပေးစရာမလိုပေမယ့် အဘိုးအနားမှာ နေရတာနွေးထွေးသည်ဟု ခံစားရသည်။

ဒါဟာသွေးသားသံယောဇဉ် မေတ္တာအမှန်ဆိုတာကိုတော့ ..။

○○○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''မြေးလေးကို ကျောင်းမတက်ခင်ငွေလဟာသာနဲ့ စေ့စပ်ထား ထားဖို့ သူမိဘတွေနဲ့ စကားပြောပြီးသွားပြီ၊ ဒီတစ်ပတ်အတွင်းမှာ စီစဉ်မယ်၊ ဒီတစ်နှစ်ကျောင်းပြီးသွားမှ လက်ထပ်ပွဲလုပ်ပေးမှာ''

ဘရိတ်ဖက်စ်ဝိုင်းမှာ အဘိုးပြောလိုက်သည့်စကားကြောင့် အားလုံးစားရင်းသောက်ရင်း မျက်ခုံးပင့်သွားကြသည်။ အဘိုးသူ့ သူ့စိတ်ကြိုက်စီစဉ်နေမှုကို ဘယ်သူမှဘာမှတော့ မပြောရဲကြပါ။

မင်းထက်ခိုင်သာ ကော်ဖီသီးမတတ် တုန်လှုပ်သွားပြီး ကတုန် ကယင်ဖြစ်သွားရလေသည်။ ဒီကိစ္စက သူနှင့်ဘယ်လိုမှ မပတ်သက်ပါ သရဖူအတွက် ရည်ရွယ်ထားခြင်းမို့ သူသွေးပျက်ချောက်ချားသွားမိခြင်း ဖြစ်သည်။

သူကသရဖူမှမဟုတ်တာ။ ဒါပေမဲ့ ဖြေရှင်းမှ ပိုရှုပ်သွားမည့် ကိစ္စမို့ ဒီအတိုင်းငြိမ်နေလိုက်ရသည်။ အဘိုးကပြောဖို့စကားကျန်နေသေး သလို ချောင်းတစ်ချက်ဟန့်ပြီး အလေးအနက်ဆုံးဖြတ်ထားဟန်ဖြင့်...

''အမွေကိစ္စ ငါဆုံးဖြတ်ထားတာလည်း အသိပေးချင်တယ် အဲဒီအပေါ်မှာလည်း ဘယ်သူမှစောဒကတက်ဖို့မစဉ်းစားနဲ့၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်သမျှအားလုံး ငါ့သွေးနဲ့ချွေးနဲ့ ရင်းထားရတာတွေချည်းပဲ၊ မင်း တို့က အဆင်သင့်စင်ပေါ်တက်လာရုံပဲရှိတယ်၊ မတရားဘူး တရားတယ်



တဘုံးမျှတတယ် မင်းတို့မှာဘာမှဝေဖန်ကန့်ကွက်ခွင့်မရှိဘူး၊ မကျေ ဘူးဆိုတဲ့ကောင်က အားလုံးကိုလက်လွှတ်ဆုံးရှုံးခံပြီး အိမ်ပေါ်က ဆင်းသွားလို့ရတယ်၊ ကိုယ်ကြိုက်တဲ့မိန်းမကိုယူပြီး ငါ့ကိုအာခံဆန့်ကျင် ခဲ့သွားသလို ဘာမှမမက်မောဘဲ ထွက်သွားလို့ရတယ်လို့ပြောတာ'' ပြည့်သာအောင်ရဲ့ ပြတ်သားမှုကြောင့် အားလုံးတုတ်တုတ်မျှမလှုပ် ကြ။ ဘယ်လိုဆုံးဖြတ်ထားတာလဲဆိုတာပဲ စိတ်ဝင်စားကာ နားစွင့် ကြသည်။

သူလည်း အဘိုးဆုံးဖြတ်ချက်ကို သိချင်နေသည်။

''စက်ရုံနှစ်ရုံရှိတာ မောင်ကျော်နဲ့မောင်လွင်တစ်ခုစီရမယ်၊ အိမ်ကတော့ မိသားစုတစ်ယောက်မှ မပိုင်ဘူး၊ ငါမသေမချင်းနေမယ် သေပြီးရင် ဒီအိမ်မှာနေချင်တဲ့သူကနေ၊ မနေချင်တဲ့သူကထွက်သွားရ တယ်၊ ဘယ်သူမှညှိနှိုင်းပြီးတော့ပဲဖြစ်ဖြစ်၊ ကိုယ့်ဆန္ဒအလျောက်ပဲဖြစ် ရောင်းချခွင့် ခွဲဝေယူခွင့်မရှိဘူး''

''ကာ..ကုမ္ပဏီကရောဖေဖေ''

ကိုကျော်ထင် မနေနိုင်စွာ အရဲကိုးပြီးဖြတ်မေးသည်။ ဦးပြည့် သာအောင်က သရဖူပခုံးကိုလှမ်းပုတ်ပြီး..

''ကုမ္ပဏီက ငါ့မြေးအတွက်ပေါ့၊ ငါကြိုးကြိုးစားစားတည် ထောက်ထားရတဲ့ကုမ္ပဏီ၊ အခုရှေ့နေကြီးနဲ့အားလုံးတိုင်ပင်ညှိနှိုင်းပြီး ပြီးပြီ''

''ဟာ..အဲ..အဲဒါ''

ကိုကျော်ထင်က အံ့ဩလွန်းစွာ ပါးစပ်အဟောင်းသားဖြစ်သွား သလည်း ကိုမောင်လွင်က စောဒကတက်ကြည့်ဖို့ ပါးစပ်ဟလိုက်စဉ် ဦးပြည့်သာအောင်က လက်ကာပြီး..

''ဘယ်သူမှစောဒက တက်စရာမလိုဘူးလို့ ငါသတိပေးထား သနော်၊ မင်းတို့အစွမ်းအစနဲ့ တည်ထောင်ထားတာ ဘာရှိလဲ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အမေဘက်ကရော ဘာချန်သွားတာရှိလဲ၊ ငါ့မတရားဘူး မမျှတဘူးလို့ ထင်လို့လား''

''မ. . . မဟုတ်ပါဘူး ဒါပေမဲ့''

''မင်းမှာသားသမီးတွေရှိရင်တောင် အဲဒီစက်ရုံရဲ့အကျိုးအမြတ် က နောက်တစ်သက်စားမကုန်ဘူး၊ မင်းမိန်းမက သားသမီးမွေးထားတာ လည်း တစ်ယောက်မှမရှိဘဲနဲ့ ဘာကိုလောဘတက်ချင်လို့လဲ''

''ဟို. . . ကျွန်တော်ပြောချင်တာက''

''လျှာမရှည်နဲ့မောင်လွှင်၊ မင်းမကျေနပ်ရင် မင်းမိန်းမခေါ်ပြီး ဆင်းသွား၊ ငါ့ကိုဆန့်ကျင်ပြီး ကိုယ်လုပ်ချင်တာလုပ်ခဲ့ကြပြီးမှ ငါ့ဆီက မတော်လောဘမမျှော်လင့်နဲ့၊ ပေးတာကိုမရောင့်ရဲနိုင်ရင် နေစရာအိမ် မရှိပါဖြစ်သွားမယ်''

ဦးပြည်သာအောင်တင်းမာပြတ်သားစွာပြောလိုက်၍ ကိုမောင် လွင်ငြိမ်ကျသွားသည်။ ကျန်သည့်လူတွေလည်း ဘာမှမပြောရဲကြပါ။

ဘရိတ်ဖက်စ်ဝိုင်းက အတန်ကြာအသံတိတ်သွားခဲ့ပြီး ဦးပြည် သာအောင် အရင်ဆုံးထထွက်သွားသည်။

မင်းထက်ခိုင်လည်း မျက်နှာပူအနေခက်သလိုကြီးဖြစ်နေတာ မို့ ထထွက်သွား၏။ နောက်တော့ ကိုကျော်ထင်ထသွား၍ ခင်နှာ လိုက်သွားသည်။ အခုမှ သီရိကြွေမကျေမနပ်ကျယ်ကျယ်လောင်လော တက်ခေါက်တော့သည်။ ဒေါ်ဆွဲမိက စားပြီးသားပန်းကန်တွေကို ဆေ စင်မှာဆေးကြောသန့်ရှင်းနေသည်။

''ကိုမောင့်အဖေ အရမ်းတရားလွန်တာပဲ၊ အခုကိုမောင်စက် အသေးတစ်ခုပဲရတာကျေနပ်သလား''

''ကိုကျော်လည်း စက်ရုံပဲရတာပါပဲ''

''တစ်ခုတည်းလို့မထင်နဲ့၊ သူ့သားကို ကုမ္ပဏီကြီးပေးလိုက်တာ လေ၊ စက်ရုံဆယ်ခုစာမကတန်ဖိုးရှိတဲ့ကုမ္ပဏီကိုပေးလိုက်တာ၊ သား





ရင် ဖအေရတာပဲပေါ့၊ သူတို့က တစ်မိသားစုတည်းနဲ့ နှစ်ခုတောင်ရ တာ''

''ကိုကျော်လည်း ကျေနပ်ပုံမရပါဘူး၊ မျက်နှာပျက်သွားတာ မတွေ့လိုက်ဘူးလား''

''ခင်ပြုံးနေတာရှင်မြင်တယ်မဟုတ်လား၊ ကိုကျော်လည်းဟန် ဆောင်နေတာဖြစ်မှာပေါ့၊ သူ့သားရတာ သူမကျေနပ်ဘဲနေမလား၊ ရှင့်အဖေအတ္တကြီးချက်ကတော့ ချွေးမတွေအတွက် နည်းနည်းတောင် မစဉ်းစားပေးဘူး၊ ခင်ကတော့ သူ့သားရလို့ပျော်နေတာ၊ အခုကျတော့ အဘိုးကြီးက ကြွေတို့ကလေးမရတာကို အပြစ်တင်ချင်သလိုနဲ့ သူတို့ တစ်မိသားစုလုံးကို အကုန်ပေးလိုက်တာနဲ့ဘာထူးလဲ''

''ပြောနေလည်းအပိုပဲ၊ မကျေနပ်ရင် အိမ်ပေါ်ကဆင်းလို့ပြော သွားတာ ဘာလုပ်လို့ရမှာလဲ''

''ကြွေကတော့ မကျေနပ်ဘူး''

ဆောင့်အောင့်ကာအော်ရင်း စားပွဲခုံကိုဒုန်းခနဲထုလိုက်၍ ပန်း ကန်ဆေးနေသော ဒေါ်ဆွဲမိလန့်ဖျပ်သွားသည်။ မိန်းမရဲ့ပေါက်ကွဲမှုကို ကိုမောင်လွင်လည်း မဖျောင်းဖျချင်တော့ပါ။ ကိုယ်လည်းရသင့်သလောက် မရတာမို့ မကျေနပ်ချင်။

ဒါပေမဲ့ ဖေဖေပြောသလို ကိုယ်တိုင်ကြိုးစားရှာဖွေထားသည့် အရာတွေမဟုတ်တာမို့ ဘာတတ်နိုင်မှာလဲ။ တရားမမျှတပေမယ့် နည်း လမ်းကျသည်လို့ပဲ ပြောရမလား. . .။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

"သရထံ. . ဟဲ့မေးနေတာဖြေလေ၊ နင့်အဘိုးက ငါတို့အကြောင်းဘာပြောလိုက်လဲလို့"

မတုန်မလှုပ်အေးစက်စက်တုံ့ဏှိဘာဝေဖြစ်နေသော သရထံပခုံးကို ကိုင်လှုပ်၍မေးလိုက်သည်။ သရထံက မျက်လုံးတစ်ချက်သာလှန်ကြည့်၍. .

"ငါနဲ့နင်စေ့စပ်ဖို့ နင့်မိဘတွေနဲ့ ပြောဆိုပြီးပြီဆို၊ အဲဒါတော့ ငါ့ကိုပြောတယ်"

"အဲဒါကို နင်ကဘာစိတ်မပါသလိုလုပ်နေတာလဲ၊ ဘာလဲငါအဖြေမပေးသေးလို့လား၊ အခုငါပြန်ရောက်ကတည်းက နင်ကတစ်ခွန်းတောင်မေးလို့လား၊ ပြောခဲ့တာတော့ ပြောခဲ့တာပဲ၊ နင်ကမျှော်လင့်တကြီးမျှော်ရှင်ပုံလည်းမပေါက် မေးတာလည်းမဟုတ်ဘဲ၊ ငါကချစ်ပါတယ်ပြောရမှာလား"

"ဟို. . . မဟုတ်ပါဘူးဟာ၊ ဒီလိုပါ"

"ငါအဖြေမပေးဘဲ ပြန်ရုပ်သိမ်းလိုက်ရမလား၊ နင့်စိတ်မပါရင်စေ့စပ်ပွဲမလုပ်လည်းရတယ်နော်၊ အထာကြီးနဲ့ ဆရာကြီးစတိုင်တော့လာမချိုးနဲ့"

"အဲ. . . အဲလိုမလုပ်ပါနဲ့ ငွေလရယ်၊ ငါ. . . ငါ့နင့်ဆီကအဖြေ





မရလို့ နင်အလေးအနက်မရှိဘူးထင်လို့ပါ၊ နင်ကမိန်းကလေးလေး၊ နင်စိတ်မပါဘဲ ဖွတ်အတင်းစီစဉ်တာမျိုး ဖြစ်မှာစိုးလို့ပါ"

"နင်နဲ့ငါသူငယ်ချင်း၊ ငါအထာကိုင်နေတာမဟုတ်ဘူး၊ နင်ကအရင်ကသာဖွတ်ဖြစ်နေတာ၊ အခုငါ ဘန်ကောက်ကပြန်လာကတည်းကအချိုးတွေပြောင်းသွားတယ်၊ ဟော့ဟော့ရမ်းရမ်း ကျာရာအိုကေသွား၊ ကလပ်သွားသုံးလိုက်ဖြုန်းလိုက် မူးရူးသောက်စားနေတာမဟုတ်တော့တဲ့အတွက်တော့ ချီးကျူးပါတယ်၊ အရင်က ငါသဘောကျလို့ အားပေးနေခဲ့တာမဟုတ်ဘူး၊ သူငယ်ချင်းတွေမို့ ငါပျင်းတဲ့အခါ အဖော်ရတာပဲဆိုပြီး တစ်ခါတလေနင်တို့နဲ့လိုက်ခဲ့တာ၊ ဒါပေမဲ့ အမြဲတမ်းဆိုးတာကြီးမဖြစ်စေချင်ခဲ့တာတော့ အမှန်ပဲ"

"သရထံကို. . . အဲ. . . နင်ငါ့ကိုချစ်သလားငွေလ"

သရထံကိုယ်စားမေးပေးခြင်းတော့မဟုတ်။ သရထံအပေါ်ဘယ်လိုသဘောထားလဲ သိချင်လို့မေးလိုက်ခြင်းဖြစ်သည်။

ငွေလဟံသာမျက်နှာက ရင့်ကျက်သလိုတည်တည်ငြိမ်ငြိမ်လေးဖြစ်သွားပြီး. . .

"နင်နဲ့ငါ့ကြားမှာ အချစ်ကအရေးတကြီးမလိုအပ်ပါဘူးဟာ၊ သူငယ်ချင်းသံယောဇဉ်တွေ အခိုင်အမာရှိပြီးသားပဲ၊ တစ်ယောက်အကြောင်းတစ်ယောက်သိပြီးသားမို့ မငြင်းသင့်တဲ့လူအဖြစ်နဲ့ မိဘတွေဆန္ဒကို ငါလက်ခံလိုက်တယ်"

"အဲဒါငါ့ကို အဖြေပေးတာမဟုတ်ဘူးထင်တယ်နော်"

"ငါ့ဆီက ချစ်တယ်ဆိုတဲ့အဖြေပဲကြားချင်နေတာလား၊ နင့်အဘိုးနဲ့ ငါ့မိဘတွေဆန္ဒကို လက်ခံလိုက်ပါပြီဆိုမှပဲ နင်လိုချင်တဲ့အဖြေရပြီလို့ အောက်မေ့လိုက်ပေါ့ဟာ၊ မဟုတ်ဘူးလား"

မတင်မကျနှင့်မို့ သရထံဘက်က မအီမလည်ပင်ခံစားလိုက်ရသည်။ သရထံကို ချစ်တာလား မချစ်တာလား မသဲကွဲပါ



www.burmeseclassic.com

www.burmeseclassic.com



သရထံသိရင်ရော ဘယ်လိုခံစားမှာလဲ။

"ငွေလ"

"ဘာလဲ. . ရှေ့တည့်တည့်မှာရှိနေတာကြီးကို မသိတဲ့သူလို နာမည်ခေါ်မနေနဲ့၊ ပြောစရာရှိတာပြော၊ အရင်လိုကိုမဟုတ်ဘူး၊ မပွင့်တပွင့်အားကိုမရဘူး"

"ငါဘာကြောင့် ဒီလိုဖြစ်သွားတယ်ဆိုတာ နင်မသိချင်ဘူးလား"

"ငါ့ကိုချစ်လို့ ပြောင်းလဲတာတော့မဟုတ်ဘူးမဟုတ်လား။ နင် ဒီလိုတည်ငြိမ်သွားတာတော့ ငါသဘောကျပါတယ်၊ မိန်းကလေးဆိုတာ ယောကျ်ားတစ်ယောက်ကို တည်ငြိမ်ရင့်ကျက်ပြီး ယောကျ်ားပီသ ချစ်သူတော်ရဲကြ၊ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရဲကြတာ၊ ငါအ အတိုင်းဝန်ခံရရင် နင့်ရဲ့အရင်ပုံစံကို မကြိုက်ဘူး၊ ချစ်လည်းမချစ်ရဲ သူငယ်ချင်းသံယောဇဉ်ကြောင့်ပဲ နင့်ကိုအဖြေပေးမယ်လို့ပြောခဲ့တာ အသိုက်အဝန်းကောင်းလို့ မမှားလောက်ပါဘူးဆိုပြီး လက်ခံဖို့စဉ်းစား တာ၊ အခုငါကံကောင်းတယ်ပဲပြောရမလား။ နင်အရမ်းပြောင်းလဲသွားတယ်"

သရထံဆိုရင်တော့ ဘယ်လိုခံစားမိမလဲမသိပေ။ သူကလော ခံရဲ့ရိုက်ပုတ်ထုထောင်းခံရမှုတွေကြောင့် ရင့်ကျက်လာခဲ့ခြင်းဖြစ်သည် ဒီပုံစံကိုမှ ငွေလကသဘောကျသည်တဲ့လား။ ငါကသရထံမဟုတ်ဘူး ပြောထွက်ခွင့်မသာသေးပါ။ ဒီကိစ္စကို သရထံနှင့် တိုင်ပင်ရဦးမည် သည်။ သရထံမဟုတ်သောသူ့ကို ငွေလနှင့်ဖွတ်အတင်း စိစဉ်ချင် သောအဘိုးကြောင့် အားလုံးရှုပ်ထွေးသွားနိုင်လို့ပင်။

သရထံက သူ့ကိုစည်းစိမ်ဥစ္စာတွေ စံစားစေချင်ပေမယ့် ငွေလ ကိုတော့ ပေးဆပ်စွန့်လွှတ်ဝံ့လိမ့်မည်မထင်။

သရထံ. . မင်းဒီအကြောင်းတွေသိရင် . . .။

❂ ❂ ❂



# အခန်း (၂၈)

"ဘာ. . ငွေလက အဲလိုပြောတာလား"

အကြောင်းစုံပြောပြပြီးသည့်အချိန်မှာ သရထံမခံချိမခံသာပုံစံ ဖြစ်သွား၏။ ပြီးမှမချိုသွားဖြိုပြုံးကာ. .

"ဒါဆိုငွေလက မင်းကိုကြိုက်တာသေချာတာပဲကွ"

"မင်းထက်နိုင်ကို မဟုတ်ပါဘူးကွာ၊ သရထံကိုပါ၊ ငယ်သံ ယောဇဉ်တွေ၊ စိတ်တူကိုယ်တူပေါင်းဖြစ်တဲ့ သူငယ်ချင်းဆိုတဲ့ငြိတွယ်မှု တွေနဲ့ သရထံကို လက်ခံလိုက်တာပါ၊ မင်းထက်နိုင်ဆိုတာကို သူသိ တောင်မသိပါဘူး"

"ဒီစေ့စပ်ပွဲကို မင်းလက်ခံလိုက်"

"ဘာဖြစ်လို့လဲ"

"ငွေလက သရထံနဲ့မင်းထက်နိုင်ကို မခွဲခြားနိုင်ပေမယ့် အခု မှာတွေ့နေတဲ့သူကို လက်ခံတယ်ဆိုတာ ရှင်းနေတာပဲကွာ၊ ငါလည်း ငွေလကို သိပ်အလေးအနက်ကြီးမဟုတ်ပါဘူး"

"သရထံ မင်းဘယ်လိုပြောလိုက်တာလဲ၊ မင်းတကယ်ချစ်လို့ စေ့စပ်လုပ်ခဲ့တာမဟုတ်ဘူးလား"

ဒါကိုငြင်းလိုက်ရမှာတော့ သရထံမလုပ်နိုင်ပေ။ မဖြစ်မနေပိုင် ဆိုင်ရမှုဆိုတာမျိုး အလေးအနက်ကြီးမဟုတ်ခဲ့ပေမယ့် ငွေလကိုချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ချစ်ခဲ့မိသည်။

သူငယ်ချင်းသံယောဇဉ်များ၊ သူမရဲ့အလုပ်တာဝန်များကြောင့်
ငြိတွယ်မိခဲ့တာလည်း အမှန်ပဲဖြစ်၏။ ဒါပေမဲ့ငွေလရဲ့စိတ်သဘော
အမှန်ကို သိလိုက်ရချိန်မှာ မပိုင်ဆိုင်ရလို့ စွန့်လွှတ်လိုက်ရလည်း
ခံစားရမှာမဟုတ်။

ပြီးတော့ မင်းထက်နိုင်ကို သူပိုင်ဆိုင်ရမှာတွေအားလုံး ပိုင်
စေချင် ရစေချင်သည်။ အခုမှ မင်းထက်နိုင်ဘဝလုပဖို့ အစပဲရှိပါ
သည်။

"ငါ မင်းအတွက်ရက်ရောနိုင်တယ်ထက်နိုင်၊ ဘာမဆို
တာပါ၊ အဘိုးအမွေပေးတာလည်း မင်းလက်မှတ်ထိုးပြီး ယူလိုက်၊ ငါ
မှတ်ပုံစံထိုးတတ်အောင် ငါသင်ပေးမယ်"

"မင်းဒီအတိုင်းနေသွားမလို့လား၊ ငါသိချင်တာသိပြီးရင်
နေရာမှန်မှာ ပြန်နေပါ၊ ငါ့ကိုသားတစ်ယောက်အဖြစ် အသိအမှတ်
ဘဲ စွန့်ပစ်ခဲ့တဲ့လူတွေကို ငါအရှက်မရှိတွယ်ကပ်နေမှာမဟုတ်ဘူး"

"အကြောင်းရင်းကိုမသိသေးလို့ အလိုက်အထိုက်တော့
ကြည့်ပါဦး၊ အဆောတလျင် ဘာမှမဆုံးဖြတ်နဲ့၊ ဒီလိုပြည့်ပြည့်စုံစုံတ
မင်းကိုမြင်ရတာ ငါစိတ်ချမ်းသာသေးတယ်"

"မင်းအဆင်မပြေဖြစ်နေတာတော့ ငါစိတ်မချမ်းသာဘူး"

"ဘာဖြစ်လဲကွာ၊ ဒါအတွေ့အကြုံပဲ၊ ကိုထွန်းဝင်းက
ပါတယ်၊ ငါ့ကိုအလုပ်မလုပ်ဘဲ အဆောင်လခဘာညာပေးနိုင်လို့
နည်းအုံ့ညြနေတယ်၊ မင်းမဟုတ်တာတွေ လုပ်နေလားဆိုပြီး ဆုံးမ
အခုမင်းယူလာတဲ့ငွေကို မင်းမွေးစားမိဘတွေနေတဲ့ရွာအထိ သွားပေ
စဉ်းစားနေတာ"

"မင်းအဲလောက်ဒုက္ခမခံပါနဲ့ကွာ၊ ကိုထွန်းဝင်းကတစ်ဆင့်
ပွဲလိုက်ရင် ရောက်ပါတယ်၊ မင်းရွာကိုသွားရင် ပိုပြီးစိတ်မချမ်းသာ





တွေ ဖြစ်လိမ့်မယ်"

"မင်း နှစ်နှစ်ဆယ်ကျော်နေလာခဲ့တဲ့ဘဝကို ငါသွားကြည့်ချင်
ပါ။ မင်းနဲ့ငါအမြွှာညီအစ်ကိုပဲကွာ၊ မင်းဘဝထဲကို ငါဘာမသွားရဲ့စရာ
ဲ၊ ဒါနဲ့ ငွေလအပေါ် မင်းဘယ်လိုခံစားရလဲ"

မင်းထက်နိုင်မဖြေ။ ကားမှန်အပြင်ဘက်မှာ မြင်ရသောအရာ
တွေကို အဓိပ္ပာယ်မဲ့လျှောက်ကြည့်နေသည်။ သရထံက စိတ်မရှည်သလို
ကိုဆွဲလှည့်ပြီး . .

"အမြွှာဆိုတာ ခံစားမှုချင်းတူတတ်တယ်၊ မင်းလည်းငွေလကို
မိသွားတယ်မဟုတ်လား"

"အဲဒါမင်းလည်း ငွေလကိုတကယ်ချစ်တယ်ဆိုတာ ဝန်ခံလိုက်
လား၊ ဒါဆိုရင်တော့"

"ငါ့ဘက်ကိုမတွေးနဲ့၊ တကယ်ချစ်ရင်တော့ ချစ်မိခဲ့လိမ့်မယ်၊
ပေမဲ့ ပိုင်ဆိုင်မှုဖြစ်မယ်ဆိုပြီး အလေးအနက်တော့မရှိဘူး"

"ငါ့အတွက်သက်သက် စွန့်လွှတ်ပေးတာဆိုရင်တော့ ငါစိတ်
ကောင်းမှာမဟုတ်ဘူး"

"ငါပိုင်ဆိုင်ရမှာတွေ မင်းရသွားလည်း ငါကျေနပ်ပါတယ်ဆို
ကဲပြောပါ ငွေလကို"

"ချစ်တယ်၊ ဒါပေမဲ့ မင်းလိုတော့မဟုတ်ဘူး၊ ပြောချင်တာက
လေးအနက်တန်ဖိုးထားမိတယ်၊ ဒါငါဝန်ခံတာပါ၊ မင်းနေရာမှန်ပြန်
ကလာရင် မင်းပိုင်ဆိုင်ရမှာတွေအကုန်ပြန်ယူပါ၊ ငါကဘာမှမရှိတဲ့
မှာ နေသားကျခဲ့ပြီးသား"

ထိုသို့ပြောတော့ ပိုပြီးစိတ်မကောင်းဖြစ်ရသည်။ အမြွှာညီအစ်
အတွက် အရာအားလုံးပေးဆပ်စွန့်လွှတ်ပစ်လိုက်ချင်၏။ နှစ်နှစ်ဆယ်
ကျော်လောက်တောင် ဒုက္ခတွေခံလာခဲ့ရတာ။ ဒီလောက်လေး ရက်ရော
တာတောင် အားမရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုဒီထက်မကတောင် ပြည့်စုံစေချင်ပါသေးတယ်လို့ ရင်[illegible] က ပြောနေမိသည်။

မာမီတို့ဘာကြောင့်များ ကိုယ့်ရင်သွေးအပေါ် ရက်စက်ရ[illegible] လဲ။ အတူနေဖို့ မျှော်လင့်ချက်တွေပြည့်ရင် ဘယ်လောက်များကောင်[illegible] မည်လဲ။

မာမီနှင့်ဒယ်ဒီအပြစ်ကင်းပါစေ။ ပြစ်မှားမိမှာစိုးလို့ပါ။ မိဘ[illegible] ပြစ်မှားစော်ကားတဲ့သားသမီးတွေမဖြစ်ဖို့ မိဘတွေမှာပဲ တာဝန်ရှိသည်[illegible] ဆိုတာ . . .။

၀၀၀

## အခန်း (၂၉)

တစ်နေကုန်ပင်ပန်းထားတာမို့ ခင်နန္ဒာအစောကြီး အိပ်ပျော်သွားသည်။ ဒေါ်ဆွဲမိလာပို့သော နွားနို့ခွက်ထဲကို နှစ်ခြိုက်စွာအိပ်ပျော်အောင် အိပ်ဆေးအနည်းငယ်ခပ်လိုက်တာကြောင့်ဆိုလည်း မမှားပေ။ နေ့က ဖေဖေပြောလိုက်သည့်ကိစ္စ၊ အများရှေ့မှာမို့ ဘာမှအတိုက်အခံလုပ်ခွင့်မရဘဲ ငြိမ်နေခဲ့ရသည်။ ဣန္ဒြေမပျက်ကမ္ဘာထွက်သွားရပေမယ့် နေမထိထိုင်မသာဖြင့် အလုပ်ထဲမှာ လုံးဝစိတ်မပါပေ။

ကမ္ဘာကို သရထံနာမည်နှင့် ရသွားတာကို ခင်ပျော်နေတာသည်၊ မခံစားနိုင်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဖေဖေ့ကိုရှင်းမပြလို့မဖြစ်တော့။ ဖေဖေ့ကိုရှင်းပြဖို့ ခင့်ကိုစောစောအိပ်ခိုင်းလိုက်ရတာပါ။ ဒီကိစ္စ ခင်သိလို့မှ မဖြစ်တာ။

''ဒေါက်ဒေါက်''

''ဘယ်သူလဲ၊ မြေးလေးလား ဝင်ခဲ့လေမြေး''

''သားပါဖေဖေ''

မြေးအကောင်းစားကြီးပြန်လာပြီဟု ဖေဖေထင်နေပုံပေါ်သည်။ အခုတလော အပြင်သိပ်မထွက်ဘဲ ထွက်လျှင်လည်း စောစောပြန်လာတတ်သော သရထံက ဒီနေ့မှာတော့ အခုချိန်ထိ ပြန်မရောက်သေးပေ။ ပြန်ရောက်လာလျှင် တခြားသူတွေကို ဂရုမစိုက်ဘဲ အဘိုးအခန်းထဲ

www.burmeseclassic.com



အရင်ရောက်တတ်သူပါ။

''မောင်ကျော်၊ ငါ့အခန်းထဲတစ်ခါမှမဝင်ဖူးတဲ့ကောင်က ဘာကိစ္စလာတာလဲကွ''

''ကျွန်တော်ပြောစရာရှိလို့ပါ''

ကိုကျော်ထင်ကို တအံ့တသြကြည့်ပြီးလှဲနေရာမှ ဦးပြည်သာအောင် ထထိုင်လိုက်သည်။ ဒီသားက ဒီလောက်အနေအေးဆေးသူမှ ဟုတ်ဘဲ စကားနည်းသူပါ။

ဒါလည်း အိမ်ထောင်ကျပြီးနောက်ပိုင်းမှပဲ ပြောလို့ရသည်။

''ဘာပြောမှာလဲ ပြော၊ သြော် . . မင်းက ခြေအိတ်လက်အိတ်တွေနဲ့ ဘယ်လိုဖြစ်တာလဲ''

''ဟင်''

ဖေဖေပြောမှ သတိမေ့ပြီး ခြေအိတ်လက်အိတ်တွေ မချွတ်ခဲ့မိတာ သတိထားမိသည်။ မနက်ကကိစ္စ စိတ်ထိခိုက်နေခဲ့တာကြောင့် သွေးဆုတ်အားလျော့သလို ခြေဖျားလက်ဖျားတွေအေးပြီး စေးကပ်နေခဲ့တာပါ။

ဒါကိုခင်က နဖူးလေးစမ်း လက်ကလေးစမ်းဖြင့် အဲကွန်းတွေ ပိတ်၊ ခြေအိတ်လက်အိတ်တွေစွပ်ပေးပြီး သွေးပေါင်ချိန် ဆေးတိုက် ပျာပျာသလဲ စိုးရိမ်နေခဲ့တာပါ။

ဒီလိုဂရုစိုက်ကြင်နာမှုလေးတွေကြောင့် ဒီမိန်းမအပေါ်မစွန့်လွှတ်နိုင်ခဲ့တာ။ အသည်းနှင့်အောင် အသက်ပေးဝံ့လောက်အောင် ချစ်ခဲ့မိတာမို့ အပြစ်မမြင်ရက်ဘဲ ဒီနေ့ဒီအချိန်ထိ မျက်စိအောက်က အပျောက်မခံနိုင်ဘဲ ချစ်နေခဲ့ရတာ။

ဒါပေမဲ့ . .

''ဟိတ်ကောင် မင်းကျန်းမာရေးမကောင်းရင်လည်း ပြောစရာရှိရင် နောက်နေ့မှပြော၊ လူကြီးဖြစ်တဲ့ငါတောင် အဲကွန်းဒဏ်ခံနိုင်တယ်၊



နေမကောင်းလို့ဆိုပြီး အဲကွန်းပိတ်မနေနိုင်ဘူး''

''ရဲ . . ရပါတယ်ဖေဖေ မပိတ်ပါနဲ့၊ ကျွန်တော်လည်း အခန်းပြန်ရောက်ရင် ခြေအိတ်လက်အိတ်တွေ ချွတ်လိုက်မှာပါ''

''ဒါဆိုဘာပြောမလို့လဲပြော''

''သဲ . . သရထံကို ကုမ္ပဏီပေးမယ့်ကိစ္စ ပြန်စဉ်းစားပါဦးလား ဖေဖေ''

''ဘာဖြစ်လို့လဲ၊ ကုမ္ပဏီကို စီမံအုပ်ချုပ်မှုမလုပ်တတ်မှာစိုးလို့လား။ အဲဒီအတွက်မပူနဲ့ အခုလွှဲပြောင်းပေးထားမယ်ဆိုပေမယ့် ကျောင်းပြီးရင် လုပ်ငန်းနဲ့ပတ်သက်တဲ့သင်တန်းတွေ အုပ်ချုပ်မှုစီမံမှုသင်တန်းတွေ၊ လိုအပ်တဲ့ပညာတွေကို သင်နိုင်းဦးမှာပါ၊ ပြည်သာအောင်က နောက်မသိ ဦးနှောက်ချောင်နေတဲ့ကောင်မှ မဟုတ်တာ''

''အဲ . . အဲလိုပြောတာမဟုတ်ပါဘူး၊ ဟို . . သရထံကို ဒီလောက်တန်ဖိုးကြီးတဲ့အရာတွေ မပေးသင့်ဘူး''

''ဘာကွ၊ ငါကမင့်သားကိုပေးတာ၊ မင်းကဘာလို့မကျေမနပ်ဖြစ်နေတာလဲ မောင်ကျော်၊ မင်းတို့ရတာနည်းပြီး သူရတာများလို့ မနာလိုဖြစ်ရအောင် သူကမင်းတို့မွေးထုတ်ထားတဲ့သားမဟုတ်ဘူးလား''

''မဟုတ်ဘူး''

''ဘာ''

ယောင်ယမ်းကာ ထွက်သွားခြင်းမဟုတ်၊ ဒီစကားပြောဖို့ လာခဲ့တာပါ။ ဖေဖေကအံ့သြလွန်းစွာနှင့် ခုတင်ပေါ်ကဆင်းရပ်ပြီး . . . .

''ဒါဆို မင်းတို့မွေးထားတာမဟုတ်ဘဲ မွေးစားခဲ့တာပေါ့၊ ဒါကြောင့် အမွေမပေးသင့်ဘူးလို့ ပြောတာလား၊ မင်းအမွေစားအဖြစ် မွေးစားခဲ့တယ်ဆိုရင် ပေးသင့်တာပေးရမှာ ထုံးတမ်းစဉ်လာပဲလေ၊ မပေးချင်ရင် အစကတည်းက မင်းမမွေးစားခဲ့နဲ့ပေါ့ကွ၊ ငါကတော့ ငါ့အပေါ်ဒီကလေးကောင်းလို့ မင်းတို့မွေးစားခဲ့တာဆိုလည်း မြေးအဖြစ် သတ်မှတ်

www.burmeseclassic.com



ပြီး ပေးရတော့မှာပဲ''

''မဟုတ်ဘူး။ သရထံက ကျွန်တော့်သားမဟုတ်ပေမယ့် ခင့်ရဲ့သားပါ''

''ဘာ''

ဦးပြည့်သာအောင် ထပ်ဆင့်အံ့သြကာ မျက်လုံးပါပြူးသွားသည်။ တက်တစ်ချက်ခပ်ပြင်းပြင်းခေါက်လျက်

''ဒါဆိုမင်းအမြတ်တနိုးတန်ဖိုးထားပြီး ခိုးပြေးသွားတဲ့ခင်နွယ်က အပျိုမဟုတ်ဘူး၊ တစ်ခုလပ်ပေါ့၊ မုဆိုးမပေါ့''

''အဲဒါတွေမဟုတ်ပါဘူး၊ တစ်ခုမှမဟုတ်ပါဘူး''

''ဟိတ်ကောင် ငါဒေါသတွေထွက်နေတယ်နော်၊ ငါ့ကိုရှင်းအောင်ပြောစမ်း''

''အလိုမတူဘဲ မှားယွင်းရာကရတာပါ၊ ဖေဖေသဘောမတူကန့်ကွက်ပြီး မတူမတန်ပြောလို့ မြင့်ဦးဆိုတဲ့ကောင်နဲ့ အရွဲ့တိုက်တွဲခဲ့တယ်၊ အဲဒီကောင်က တစ်နေ့ခင့်ကို ချိန်းတွေ့ပြီး အအေးခွက်ထဲမှာ အိပ်ဆေးခပ်စော်ကားခဲ့တယ်၊ ခင်ကဘာမှမသိဘူး၊ သူ့ကိုယ်သူအပျိုရည်မပျက်ဘူးလို့ ထင်ခဲ့တာ၊ နောက် ကျွန်တော်နဲ့ခိုးရာလိုက်ပြီး ကိုယ်ဝန်ရှိတဲ့အချိန်မှာလည်း ကျွန်တော်နဲ့ရတဲ့ကိုယ်ဝန်လို့ပဲ သူထင်နေတာ''

''အာကွာ''

''တကယ်တော့ ကျွန်တော်နေထိုင်မကောင်းလို့ ဆေးစစ်ကြည့်တဲ့အချိန်က ဆရာဝန်က ကျွန်တော့်ကိုသားသမီးရအောင် မစွမ်းဆောင်နိုင်ဘူးလို့ပြောလိုက်ပြီးသားပါ၊ ဒါကို ကျွန်တော့်ကိုယ်ကျွန်တော်ပဲသိတယ်၊ အဲဒါကြောင့် သရထံက ကျွန်တော့်သားမဟုတ်ပါဘူးဖေဖေ ဖေဖေဘာအမွေမှ မပေးပါနဲ့ ပေးစရာမလိုပါဘူး''

''မင်း..အခုမှ ပြောရသလား၊ ပြောရလား မောင်ကျော်ဒီကိစ္စမဖြစ်ရင် တစ်သက်လုံးမင်းနွားကျခံနေမှာလား၊ ဘာဖြစ်လို့ ဒီလို





ခင်းမကိုပေါင်းသင်းနေတာလဲ၊ သိတဲ့အချိန်ကစပြီး မင်းကွာရှင်းခဲ့ရမှာ၊ ပြတ်ပြတ်သားသားစွန့်ပစ်ခဲ့ရမှာ''

ကိုကျော်ထင် ခေါင်းကိုတွင်တွင်ယမ်းကာ

''ကျွန်တော်ခင့်ကို မကွာရှင်းနိုင်ပါဘူး၊ မစွန့်လွှတ်နိုင်ပါဘူးဖေဖေ၊ ဒီအမှားက သူ့ကိုယ်တိုင်လော်မာဖောက်ပြန်တဲ့ အမှားမဟုတ်ပါဘူး။ ဖေဖေ့ကြောင့် ကျွန်တော့်ကိုချစ်လျက်နဲ့ အဲဒီကောင်နဲ့တွဲခဲ့တာပါ၊ ဒါကြောင့် ခင့်ကိုတစ်သက်လုံးပေါင်းသင်းပြီးချစ်သွားမှာပါ၊ ဒါ..ဒါပေမဲ့ အဲဒီကောင်ရဲ့သွေးသားကိုတော့ ကျွန်တော်လုံးဝသားတစ်ယောက်အဖြစ် အသိအမှတ်မပြုနိုင် အမွေမပေးနိုင်ပါဘူး''

''မောင်ကျော်..မင်း..မင်းကွာ''

ဦးပြည့်သာအောင် ဒေါသတွေဖြစ်ပြီး တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေကာ

''မင်းကတော့ တစ်သက်လုံးပေါင်းသင်းချင်ပေမယ့် ငါကတော့ ချွေးမအဖြစ် မသတ်မှတ်နိုင်ဘူးကွ၊ ဒီလိုဖောက်ပြန်တတ်တဲ့မိန်းမမျိုးကို မင်းအမေဖြစ်ခဲ့တာတောင် ငါခွင့်မလွှတ်ခဲ့ဘူး၊ အိမ်ထောင်ရေးမသာယာလို့ဘဲ အကြောင်းပြပြ၊ သဘောမတူလို့အရွဲ့တိုက်တွဲခဲ့တယ်ပဲအကြောင်းပြပြ၊ အဲဒါ ကိုယ်ကျင့်တရားပျက်တာပဲ၊ လော်မာဖောက်ပြန်တာပဲကွ၊ ကြည့်စမ်းငါ့မှာတော့ ငါ့သွေးသား ငါ့မျိုးဆက်ဆိုပြီး ချစ်လိုက်ရတာ၊ မင်း..မင်းကနွား..နွားကျခံနေတဲ့ကောင်၊ ဟိတ်ကောင် အခုချက်ချင်းအဲဒီမိန်းမနဲ့ ကွာရှင်းလိုက်''

''ကျွန်တော်အဲလိုမလုပ်နိုင်ပါဘူးဖေဖေ ခင့်ကိုမကွာရှင်းနိုင်ပါဘူး''

''ဘာ..ဘာကွ''

ဦးပြည့်သာအောင်ဒေါသဖြစ်လွန်းစွာ ခုတင်အံ့ဝှက်ထဲမှာ အမြဲတမ်းသိုဝှက်သိမ်းဆည်းထားသော ခြောက်လက်မအသွားရှိသည့် ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်ကို ထုတ်ယူလိုက်သည်။

နီမြန်းခက်ထန်နေသော မျက်နှာနှင့် ဓားအိမ်ကိုဆွဲချွတ်လိုက်ပြီး

''ငါကမျှော်လင့်တကြီးနဲ့ ငါ့မျိုးဆက်လေးရပြီဆိုပြီး သဘောမတူတဲ့ကြားက မင်းတို့ကိုပြန်ခေါ်ခဲ့တာ၊ ဒီမယ် ငါကပရဟိတအလှူအတန်းလုပ်နေတဲ့ကောင်၊ မွေးစားထားတာဆိုလည်း ရင်နာနာနဲ့ လက်ခံလိုက်ဦးမယ်၊ ဖောက်ပြန်တတ်တဲ့မိန်းမတွေကိုတော့ လုံးဝလက်မခံနိုင်ဘူးကွ၊ ဟိတ်ကောင် မင်းကွာရှင်းမလား၊ မကွာရှင်းဘူးလား၊ ရှင်းရှင်းပြတ်ပြတ်ပြောစမ်း၊ မကွာရှင်းရင်မင်းကိုဒီဓားနဲ့ ငါအသေထိုးသတ်မယ်''

''ဖေ..ဖေဖေ''

တကယ်ထိုးဖို့ရွယ်တိုးလာတာမို့ ကိုကျော်ထင်နောက်ကိုခြေနှစ်လှမ်းလောက်ဆုတ်လိုက်ရသည်။ ဖေဖေဘယ်လိုပြောပြော ခင့်ကိုတော့မကွာရှင်းနိုင်ပါ။ ခင့်ကို ဟိုးအရင်ကတည်းက အမြတ်တနိုးချစ်ခဲ့သည်။

ဖေဖေ့ကြောင့်သာမဟုတ်ရင် ဒီလိုကိစ္စတွေဖြစ်လာစရာအကြောင်းမှ မရှိတာ။ ဖေဖေမတူမတန်နှိမ့်ချဆက်ဆံခဲ့လို့ ခင်အရွဲ့တိုက်ရင်း ဖြစ်ခဲ့ရတာ။

ဒါပေမဲ့ ဟိုကောင့်သွေးကိုတော့ လုံးဝလက်မခံနိုင်ပါ။ ဒီရင်သွေးကြောင့် ဖေဖေပြန်လက်ခံခဲ့တာမို့ ဒီအချိန်ထိ မျက်နှာမကြည့်ချင်ဘဲ ကြည့်ရ၊ သားတစ်ယောက်အဖြစ်မဆက်ဆံချင်ဘဲ ဆက်ဆံရ၊ လက်မခံချင်ဘဲ လက်ခံထားခဲ့ရတာပါ။

ဒါတွေဘာမှ မသိသော ခင်ကတော့ ကိုယ်အနေအေးဆေးတာကြောင့် သရထံအပေါ် ဆက်ဆံရေးမနွေးထွေးတာလို့ ထင်ခဲ့သည်။ ဒီလိုနေတာလည်း ကြိုက်ပုံမရဘဲ သားအပေါ်ကြင်နာလို့လား နွေးထွေးလို့လားဟု စိတ်ဆိုးချင်ခဲ့၏။ ကိုယ့်ကိုချစ်ပေမယ့် သားနှင့်ပတ်သက်လျှင်တော့ ခင်စိတ်ကောက်တတ်ခဲ့သည်။



ဒါတောင် ခင်မွေးထုတ်ခဲ့တာ အမြွှာလေးပါ။ အရင်ဆုံးခင်ဗိုက်ထဲကထွက်လာသည့်ကလေးကို လက်သည်ကိုအကူအညီတောင်းပြီး ကိုယ်တိုင်တောထဲမှာသွားရှုစွန့်ပစ်ခဲ့သည်။

တစ်ယောက်ကိုချန်ထားခဲ့ရတာက ခင့်ရင်သွေးမို့ပါ။ ဒါတွေကိုဆေးရုံဆေးခန်းမသွားနိုင်ဘဲ ချို့တဲ့စွာမွေးရသည်မို့ ပင်ပန်းပြီး ခင်သတိလစ်နေခဲ့တာကြောင့် အမြွှာမွေးလို့မွေးမှန်းပင် မသိခဲ့တာဖြစ်သည်။

''ဟိတ်ကောင်''

''ဗျာ..ဗျာဖေဖေ''

''မင်းဘာကြောင်တောင်တောင်ဖြစ်နေတာလဲ၊ ငါမင်းကိုမသတ်ရဲဘူးထင်နေလားမောင်ကျော်၊ မင်းတို့ကို အပင်ပန်းခံပြုစုပျိုးထောင်ခဲ့တာ၊ ဒီလိုဂုဏ်သိက္ခာနဲ့နေနိုင်အောင်ကြိုးစားခဲ့တာ၊ သိက္ခာမရှိတဲ့မိန်းမတွေအတွက် နှာကျခံဖို့မဟုတ်ဘူး အဲလိုဖြစ်မယ့်အစား မင်းတို့ကိုသတ်ပစ်လိုက်မယ်''

''ဖေ..ဖေဖေ၊ ဟာ..မလုပ်နဲ့ဖေဖေ၊ မလုပ်ပါနဲ့''

''အ...အား..အား''

''ဟင်..ဖေ..ဖေဖေ၊ ဖေဖေ''

ဓားနှင့်ကိုယ့်ကိုထိုးသောဖေဖေ့လက်ကို တွန်းထိုးရှောင်တိမ်းမှု ရုန်းကန်လိုက်သည့်အချိန်မှာ အရှိန်မထိန်းနိုင်ဘဲ ဖေဖေသူ့ကိုယ်သူထိုးမိသွားသည်။ တအားအားညည်းညူရင်း ပျော့ခွေကျသွားတာမို့ အံ့ဩထိတ်လန့်သွားရ၏။

ဓားဦးချွန်စိုက်ဝင်နေသော ရင်ညွန့်တည့်တည့်ကနေ သွေးတွေမြင်မကောင်းအောင် ပွက်ခနဲထွက်လာသည်။ ရင်ညွန့်မှာ စိုက်ဝင်နေသောဓားကိုဆုပ်ကိုင်ထားသည့်ဖေဖေ့လက်က တဖြည်းဖြည်းအောက်ကို ပြုတ်ကျသွားသည်။

''ဖေဖေ..ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ထင် ခြေမကိုင်မိ လက်မကိုင်မိ သွေးပျက်ထိတ်လ
သွား၏။ နှာခေါင်းနားကို ကပ်ကြည့်သော်လည်း လေဝင်လေထွက်
တော့။

''ဘယ်.. ဘယ်လိုလုပ်ရမလဲ၊ ဖေ.. ဖေဖေသေပြီ၊ ဟား..
ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲကွာ ဖေဖေ''

ဒါကိုယ့်ရဲ့ဥပါဒါန်ကြောင့် ဖြစ်တာ၊ ကိုယ်သာရုန်းကန်တွန်း
တာမျိုးမလုပ်လျှင် ဖေဖေဒီလိုဖြစ်မှာမဟုတ်။ ကိုယ့်ကိုစားနှင့်ထိုးတ
လည်း ဟန်ဆောင်ငြိမ်းခြောက်တာပဲဖြစ်မှာပါ။

ဘာ.. ဘာလို့ ဒီလိုဖြစ်သွားရတာလဲ။ ဘယ်လိုလုပ်ရမလဲ

ဒင်း.. သရဏံ။ ဒီကောင်ပြန်ရောက်နေပြီလား၊ ပြန်လာခါ
ပြီလား။ အမွေတွေက ဖေဖေကရှေ့နေနှင့် လွှဲပြောင်းပြီးပြီမို့ ဒီကော
လက်မှတ်ထိုးယူရုံပဲ ကျန်တော့တာ။

ပြန်ရုပ်သိမ်းမည့်ဖေဖေမှ မရှိတော့လျှင် ရှေ့နေကြီးလက်ထဲ
ရှိသော စာချုပ်စာတမ်းတွေက အတည်ဖြစ်ပေတော့မည်။ ကိုယ်က
သွေးသားရင်းမဟုတ်ပါဘူးဆိုပြီး ကန့်ကွက်လို့ဖြစ်ပါ့မလား။

ဒီလိုသာလုပ်လိုက်လျှင် ခင်ကကိုယ့်ကို စိတ်နာကြည်းက
စွန့်ခွာသွားမှာ သေချာသလောက်ရှိသည်။ သူမသားကိုအထိပါးခံပါ့မလာ
အမြှာကာစ်ယောက်ကို စွန့်ပစ်ခဲ့တာကိုပါ သိသွားနိုင်သည့်အခြေအနေဖြ
တာမို့ ဆုပ်လည်းစူးစားလည်းရှူးဘဝမျိုး ဖြစ်နေမိသည်။

သရဏံ.. မင်းဒီအတိုင်းပျောက်ကွယ်သွားမှဖြစ်မှာ။

အတွေးများဖြင့် ဖေဖေကိုတစ်ချက်ကြည့်ပြီး အခန်းထဲကကြေ
မပျက်ပြန်ထွက်လာခဲ့သည်။

ဒီကိစ္စကို အဘိုးကိုသိပ်ချစ်သော သရဏံလာမှ . . . ။

◎◎◎



# အခန်း (၃၀)

''ဟာ.. အဘိုး.. အဘိုး။ အဘိုးဘာဖြစ်တာလဲ၊ ဘာဖြစ်
တာလဲ''

စားဒဏ်ရာနှင့်လဲနေသောအဘိုးကို သူလျှင်မြန်စွာပြေးပွေ့ပြီး
သက်ရှူသံကိုနားထောင်ကြည့်လိုက်သည်။

''ဟာ.. အဘိုးအသက်မရှိတော့ဘူး။ ဟား.. အဘိုးကိုဘယ်
သူသတ်သွားတာလဲ၊ အဘိုးရာ''

သူယူကျုံးမရ အဘိုးလက်ကိုဆုပ်ကိုင်လိုက်၊ ရင်ဝကဓားကို
ဆုပ်ကိုင်လိုက်ဖြင့် မခံစားနိုင်အောင်ဖြစ်သွားသည်။ အရင်နေ့တွေက
ပြင်ထွက်ဖြစ်ရင်တောင် စောစောအိမ်ပြန်ပြီး အဘိုးအနားမှာ နေပေး
ခဲ့တာပါ။ ဒီနေ့က ငွေလနှင့်တွေ့ပြီးမှ သရဏံဆီသွားကာ ဇကားတွေ
ပြောနေတာနှင့် အိမ်ပြန်ချိန်နောက်ကျသွားသည်။

ထုံးစံအတိုင်း အိမ်ပြန်ရောက်တာနှင့် အဘိုးအခန်းထဲကို အရင်
လာခဲ့တာပါ။ အခုတော့ အဘိုးကအခန်းထဲမှာ စားဒဏ်ရာနှင့် လဲကျ
သေဆုံးသွားခဲ့သည်။

အဘိုးကို ဘယ်သူသတ်တာလဲ။ ဒီလိုမျိုးဖြစ်အောင် ဘယ်သူ
လုပ်တာလဲ။ သူခိုးလား၊ ဓားပြလား။ အိမ်ကလူတွေရော တစ်ယောက်
မှသိကြဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



''အဘိုး . . . အဘိုး''

''ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ''

''ဟာ . . . ဖေဖေ''

''ဖေဖေ''

''သရထံ . . . မင်းဒါဘာလုပ်တာလဲ၊ ဖေဖေဘာဖြစ်သွား လဲ''

ကျန်သည့်လူတွေက အံ့သြထိတ်လန့်ရုံဆိုပေမယ့် ကို ထင်ကတော့ သရထံကို မယုံသင်္ကာမျက်ဝန်းများဖြင့် လက်ညှိုးထိုးသ မေးခွန်းက ဒီအဖြစ်အပျက်ကို အပြစ်ပုံချဖို့အတွက် သရထံကို သံသ ဝင်နေသလိုပါ။ ခင်နန္ဒာက အဘိုးကိုဖက်တွယ်ထားသော သားအ ကို ဒူးလောက်ထိုင်ချလျက် . . .

''ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲသား၊ သားအော်သံကြား မာမိတို့နိုးလာတာ၊ သား . . . သားအဘိုးကိုဘယ်သူ''

ခင်နန္ဒာစကားဆက်မပြောနိုင်အောင် ဆို့နင့်နေသည်။ ကို လွင်ကရှေ့တိုးလာပြီး . . .

''သူခိုးလား၊ ဓားပြလား ဖေဖေကိုဘယ်သူသတ်သွားတာ လိုချင်တဲ့ပစ္စည်းမရလို့ လူသတ်သွားတာဖြစ်မယ်၊ တူလေးသရထံ မ မြင်လိုက်လား ဘယ်သူလဲ''

''ကျွန်တော်မသိဘူး၊ ကျွန်တော်အဘိုးအခန်းထဲဝင်လာ အဘိုးကို ဒီအတိုင်းတွေ့ရတာပဲ''

''တခြားဘာပစ္စည်းတွေပျောက်သေးလဲ ရှာကြည့်ကြဦး လိုချင်တဲ့ပစ္စည်းမပေးလို့လား၊ ဖေဖေက ခုခံကာကွယ်လို့ လူကိုသ သွားတာလား''

''အခန်းထဲမှာ ခြေရာလက်ရာပျက်တာလည်း တစ်ခုမှမ ဘူး၊ တံခါးတွေလည်း တစ်ခုမှပွင့်တာမရှိဘူး၊ ဒါအတွင်းလူပဲဖြစ်ရမယ်





''ဒေါ်ဆွဲမိရော''

''ရှင်''

မေးလိုက်ခါမှ မယုံနိုင်အောင် ဝမ်းနည်းသွေးပျက်နေသော ဒေါ်ဆွဲမိက တုန်ယင်စွာထူး၏။

''ဒေါ်ဆွဲမိရော ဖေဖေ့အခန်းထဲက ဘာအသံမှ မကြားမိဘူး လား၊ အစောကြီးအိပ်ရာဝင်တာလား ဒေါ်ဆွဲမိ''

ကိုကျော်ထင် ခပ်တည်တည်လေသံမာမာနှင့် မေးလိုက်တော့ ဒေါ်ဆွဲမိ ကတုန်ကယင်ထူးပြီး ရှေ့ထွက်လာသည်။

''သူဌေးကြီး . . . သူဌေးကြီးဘယ်လိုဖြစ်သွားတာလဲ သူဌေးကြီး ယ်၊ အသက်ရှိသေးလား သေချာကြည့်ကြပါဦး၊ ဆေးရုံပို့လို့ရသေး သား၊ ရဲစခန်းတွေဘာတွေတိုင်ဖို့ အကြောင်းကြားမှဖြစ်မယ်၊ ဒီအတိုင်း ကြည့်မနေကြပါနဲ့''

ဒေါ်ဆွဲမိငိုချလိုက်မှ အားလုံးအံ့အားသင့်နေရာက မျက်ရည် ဖို့ သတိရကြသည်။ သရထံက အဘိုးကိုယ်ကြီးကိုပွေ့ချီထားရာမှ ညည်းညင်းစွာအောက်ကိုချလိုက်ပြီး . . .

''ရဲစခန်းကို အမြန်အကြောင်းကြားလိုက်ပါဒယ်ဒီ၊ ဒီကိစ္စအ ခြန်ဆုံးသိရမှဖြစ်မယ်၊ အဘိုးကို ဘယ်သူသတ်သွားတာလဲ၊ ဘာလို့ဒီ လိုလုပ်သွားတာလဲ၊ အဘိုးနဲ့ဘယ်သူရန်ငြိုးရှိလို့လဲ၊ တောက် . . . ဘယ် လူတွေက ဒီလိုလုပ်သွားတာလဲကွာ''

ကြိတ်မနိုင်ခဲမရအံကြိတ်ပြီး သရထံပြောတော့ ကိုကျော်ထင် ဘယ်သူမှမမြင်အောင် မဲ့ပြုံးပြုံးလိုက်သည်။ ပြီးမှ ဖုန်းကိုထုတ်ကာဆက် လိုက်ပြီး . . .

''ကျွန်တော်တို့အိမ်မှာ ကျွန်တော့်အဖေအသတ်ခံရလို့ လာပြီး စစ်ဆေးပေးပါခင်ဗျာ၊ အိမ်နံပါတ်က''

အိမ်လိပ်စာပြောလိုက်ပြီး ဖုန်းကိုပိတ်လိုက်သည်။ ရုံထဲက



www.burmeseclassic.com

www.burmeseclassic.com



လိုက်တက်လာကာ ဝမ်းနည်းစွာတစ်ချက်ရှိုက်၍ . .

"ဖေဖေရယ် ဘာလို့ဒီလိုဖြစ်သွားတာလဲ၊ ဖေဖေ့ကို ဘယ်
သတ်သွားတာလဲ၊ မမြင်ရက်မကြည့်ရက်ပါဘူးဖေဖေရယ်၊ အိမ်ထဲမှာ
ပြီး ရောဂါဝေဒနာနဲ့မဟုတ်ဘဲ ဒီလိုပုံစံမျိုးအသေဆိုးနဲ့ သေရသလ
ဖေဖေရယ်၊ သားတို့ကို ဒီလိုပုံစံနဲ့ နာကျင်နေအောင် လုပ်ခဲ့ရလား

ကိုကျော်ထင်က ဝမ်းနည်းပြီးမျက်ရည်ကျနေပေမယ့် ဦးပြ
သာအောင်ကိုယ်ကြီးကို လုံးဝမတို့မထိ။ ကိုမောင်လွင်ကတော့ ဖအေ
သူကို မကြည့်ရက်သလို မျက်လုံးကြီးပိတ်၍ အံကြိတ်ထားသည်။

သီရိကြွေလည်းဝမ်းနည်းသလို မျက်ရည်လည်၍ ခင်နှ
မျက်ရည်မဆယ်နိုင်စွာ ရှိုက်ရှိုက်ပြီးငိုသည်။

ဒေါ်ဆွဲမိကတော့ ဦးပြည်သာအောင်ကို ထိုင်ကန်တော့ပြီး မျ
ရည်တွေကျလို့ . . .။

✪✪✪



## အခန်း (၁၁)

"ကျွန်တော်တို့အခန်းတွင်းအခန်းပြင် တစ်အိမ်လုံးတစ်ခြံလုံးကို စစ်ဆေးကြည့်တာတော့ အပြင်လူဝင်တဲ့ခြေရာလက်ရာ၊ အခြေအနေဘာမှ မတွေ့ရပါဘူး။ ကျွန်တော်တို့အဖွဲ့သားတွေအားလုံး စေ့စေ့စပ်စပ်သေသေချာချာကို စစ်ဆေးပြီးပါပြီ၊ အဲဒါ ဒီအိမ်ထဲမှာ ဦးပြည်သာအောင်နဲ့ ရန်ငြိုးရန်စရှိတဲ့သူ၊ ဒါမှမဟုတ် ပြဿနာတက်ဖူးတဲ့သူ၊ ရှင်းရှင်းမေးရရင် ဦးပြည်သာအောင်ကိုမုန်းပြီး ငြိုးနေ၊ နာကြည်းနေတဲ့သူများ ရှိပါသလား"

"ဟာ. . . ကျွန်တော်တို့က အားလုံးမိသားစုတွေချည်းပါ၊ သားနှစ်ယောက်ချွေးမနှစ်ယောက် မြေးတစ်ယောက်ရှိပါတယ်၊ သူစိမ်းဆိုလို့ အိမ်အကူ ဒေါ်ဆွဲမိတစ်ယောက်ပဲရှိတာပါ၊ သူကလည်း ကလေးဘဝကတည်းက ဘိုးစဉ်ဘောင်ဆက်ဆွေမျိုးသားချင်းလို ဆက်ဆံလာတဲ့သူတစ်ယောက်ဖြစ်ပါတယ်၊ ဖေဖေကို သတ်ပစ်ရဲလောက်အောင် လုပ်မယ့်သူတစ်ယောက်မှ မရှိပါဘူးခင်ဗျာ"

စုံစမ်းစစ်ဆေးရေးမှူးရဲ့အမေးကို ကိုမောင်လွင်ပျာပျာသလဲပင် ဖြေရှင်းပြသည်။ ရဲမှူးက အားလုံးစစ်ဆေးပြီး မိသားစုအားလုံးကို စစ်ဆေးမေးမြန်းဖို့ အိမ်ရှိလူကုန်၊ ဧည့်ခန်းမှာ စုဝေးခိုင်းထားတာပါ။ ဦးပြည်သာအောင်ရဲ့အလောင်းကိုတော့ ဆေးရုံကိုသယ်သွားပြီး ရင်ခွဲရုံမှာစစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးနေကြသည်။

မိသားစုအားလုံးမှာ ဦးပြည့်သာအောင်သေသွားသည့်အတွက် ပူပင်သောကဖြစ်နေကြရသည့်အချိန်မှာ ရဲတွေရဲ့စစ်ဆေးမေးမြန်းခြင်းခံနေရသည့်အတွက် စိတ်ဦးနှောက်တွေ ခြောက်နေကြရသည်။ အားလုံးရဲ့မျက်နှာများက ညှိုးငယ်ဝမ်းနည်းနေကြပါသည်။

ရဲမှူးက အားလုံးကိုတစ်ချက်မျက်လုံးဝေ့ကြည့်လျက် . . .

"ဦးပြည့်သာအောင်အလောင်းကို ဘယ်သူစတွေ့တာလဲ"

"ကျွန်.. ကျွန်တော်ပါ၊ ကျွန်တော်က အပြင်ကပြန်လာတဲ့အချိန်တိုင်း **အဘိုးအခန်း**ကို အရင်ဆုံးဝင်တတ်ပါတယ်၊ အဘိုးကိုနှုတ်ဆက်ပေး၊ **အဘိုးနဲ့စကား**တွေပြောပြီးမှ ကိုယ့်အခန်းကိုပြန်နေကျပါ၊ ညကလည်း အဲ**လိုပဲ အဘိုးအခန်း**ကို ဝင်လိုက်တဲ့အချိန်မှာ စားဒဏ်ရာနဲ့လဲကျသေဆုံး**နေတာကို တွေ့**လိုက်ရတာပါ"

"အိမ်ကလူ**တွေကိုချက်ချင်း** အသိပေးအကြောင်းကြားတာမျိုး မလုပ်ဘူးလား"

"ဟုတ်ကဲ့.. **အဘိုးကို ဓားဒဏ်**ရာနဲ့လဲနေတာ တွေ့တွေ့ချင်း အရမ်းအံ့ဩဝမ်းနည်းပြီး မေ့**လဲသွားတယ်၊ အသက်ရှင်**နေဦးမလားစမ်းသပ်ကြည့်မိပါတယ်၊ အဘိုးအသက်**မရှိတော့တာကိုသိမှ** ထိတ်လန့်ပြီးအော်ငိုမိတာပါ"

"အဘိုးနဲ့တစ်ခုခုပြဿနာတက်လို့ **ဒေါသူန်လက်လွန်ဖြစ်**သွားတာမဟုတ်ဘူးပေါ့"

"ဟာ.. မ.. မဟုတ်ပါဘူး၊ အဘိုး**နဲ့ဘာပြဿနာတက်စရာ**ရှိလဲ၊ အဘိုးက ကျွန်တော့်ကိုအရမ်းချစ်တဲ့သူပါ၊ **ကျွန်တော်ကလည်း** အဘိုးကိုချစ်တယ်၊ သေစေလောက်အောင်နာကြည်းစရာဘာမှမရှိ**ပါဘူး**"

"အေးလေ.. သွေးစွန်းနေတဲ့ မင်းရဲ့လက်နဲ့အဝတ်အစားတွေကိုသေချာစစ်ဆေးနေတာပဲ၊ အဖြစ်မှန်ကို သိရမှာပါ၊ ဥပဒေကို လက်



တစ်လုံးခြားလုပ်လို့မရဘူး၊ လှည့်စားလို့မရဘူး၊ မိသားစုပဲဖြစ်ဖြစ် ဘယ်လောက်ပဲချစ်ချစ် ကတောက်ကဆစိတ်လိုက်မာန်ပါကိစ္စမျိုးဆိုတာ ရှိတတ်ပါတယ်၊ ဒီတော့အမှုမှန်ပေါ်ဖို့ ကျွန်တော်တို့ကအားလုံးကို မေတ္တာရပ်ခံတောင်းဆိုပါတယ်၊ မှန်မှန်ကန်ကန်တိတိကျကျ ဖြေပေးပါ"

"ဒီအိမ်က တစ်ယောက်ယောက်ဖြစ်ရမယ်လို့ အတိအကျ စွပ်စွဲနေတာလားဆရာ"

သီရိကြွေရဲ့ ခပ်ဆတ်ဆတ်အမေးကို ရဲမှူးကြီးက ခပ်လေးလေးနှင့် စိတ်မကောင်းစွာခေါင်းညိတ်၍ . .

"အပြင်က ဖြစ်နိုင်တယ်လို့ သံသယဝင်စရာတစ်ခုမှမရှိလို့ အတွင်းကလူတွေကို ကျွန်တော်တို့ စစ်ဆေးနေရတာပါ၊ နာရေးကိစ္စမပြီးသေးလို့ အိမ်မှာစစ်ဆေးနေတာ၊ ဒီကြားထဲမှာ အပြစ်ရှိတဲ့သူက ဝန်မခံဘူးဆိုရင် နာရေးပြီးတာနဲ့ ရဲစခန်းမှာ ကျွန်တော်တို့တစ်ယောက်ချင်းခေါ်စစ်ဆေးမှာဖြစ်ပါတယ်၊ အဲဒါကြောင့် တရားဥပဒေအတိုင်း အမှန်အတိုင်းအဖြစ်မှန်ပေါ်အောင် ကျွန်တော်တို့နဲ့ပူးပေါင်းပေးပါ ကူညီပေးပါ"

"အဲဒါတော့ ဆရာတို့လွန်တယ်ထင်ပါတယ်၊ ကျွန်မတို့အိမ်မှာ ဒီလိုမျိုးစိတ်လိုက်မာန်ပါ ဒေါသဖြစ်တတ်တဲ့သူ၊ ဟို.. ဖေဖေ့ကိုလွန်ဆန်တိုက်ခိုက်ရဲတဲ့သူတစ်ယောက်မှ မရှိပါဘူးရှင်၊ ဖေဖေ့ကိုကြောက်ရွံ့ရိုသေလေးစားတဲ့သူချည်းပါ၊ ပြီးတော့ သားကိုသူ့အဘိုးက အချစ်ဆုံးပါ၊ သားနဲ့ဒီလိုဖြစ်စရာအကြောင်းကိစ္စ ဘာမှမရှိပါဘူး၊ အဲဒါကြောင့် သားကို သံသယမေးခွန်းတွေ မမေးပါနဲ့ရှင်"

ခင်နန္ဒာဝင်ပြောလိုက်၍ ရဲမှူးကြီးရဲ့အကြည့်က သရထံဆီရောက်သွားကာ . .

"သေတဲ့လူကို အရင်ဆုံးတွေ့တာ ဒီကလေးဖြစ်နေတယ်၊ ပြီးတော့သူ့လက်တွေ အဝတ်အစားတွေမှာ သေသူရဲ့သွေးတွေစွန်းနေတယ်၊ ဒီအနေအထားစစ်ရင် အဖြေပေါ်နိုင်တယ်ဆိုပေမယ့် တရားခံက အမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာဝန်ခံလိုက်ရင် အပြစ်ဒဏ်ပေါ့သွားနိုင်လို့ စစ်ဆေးနေရခြင်းဖြစ်ပါတယ်၊ အရှင်းဆုံးပြောရရင်တော့ ဒီအထဲက တစ်ယောက်ယောက်က ဝန်မခံဘူးဆိုရင် အားလုံးကို ကျွန်တော်တို့သံသယဖြစ်ရမှာပါပဲ ခင်ဗျား အားလုံးကို တရားခံလို့လည်း ယူဆနိုင်ပါတယ်''

''ဗျာ''

''ရှင်''

အားလုံးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်ဟိုလူဖြစ်နိုင်လား၊ ဒီလူဖြစ်နိုင်လားဖြင့် အချင်းချင်းသံသယတွေဝင်သွားခဲ့ကြခြင်းဖြစ်၏။

ဒီအထဲမှာ ကိုကျော်ထင်တစ်ယောက်ကတော့ မှင်အသေဆုံးပါ။ ကိုယ်လုပ်ထားသည့်အပြစ်မို့ ကိုယ့်ကိုသံသယကင်းအောင် ဣန္ဒြေရနေခြင်းလည်းဖြစ်နိုင်သည်။

''ဒီအိမ်မှာ သားအကြီးဆုံးက ဘယ်သူပါလဲ''

''ခင်ဗျာ့ . . ကျွန်တော်ပါ၊ ကျွန်တော်ဖေဖေ့ရဲ့သားအကြီးပါ''

''ခင်ဗျားရဲ့ဇနီးကရော''

''သူပါ့ . . ခင်နန္ဒာလို့ခေါ်ပါတယ်''

''ဒီကသရထံက ခင်ဗျားရဲ့သားနော်''

''ဗျာ့ . . ဟုတ် . . ဟုတ်ကဲ့ဟုတ်ပါတယ်''

''ဟိုကသားအငယ်ပေါ့''

ကိုမောင်လွင်ကိုမေးငေ့ါပြီးမေးတော့ ကိုမောင်လွင်ခေါင်းညိတ်၍ . . .

''ဟုတ်ပါတယ် ကျွန်တော့်နာမည်မောင်လွင်ပါ။ သူကကျွန်တော့်ဇနီးသီရိကြွေ''

သီရိကြွေပခုံးကိုဖက်ပြီး ကိုမောင်လွင်ပြောပြီးချိန်မှာ ရဲမှူးကြီးမျက်လုံးက ဒေါ်ဆွဲမိဆီရောက်သွားပြီး သေချာကြည့်၍ . . .



''ဒေါ်ဆွဲမိနော်၊ ဒီအိမ်မှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ''

''ကျွန်မဆယ်နှစ်သမီးကတည်းက ဦးပြည်သာအောင်တို့အိမ်ကိုရောက်တာပါ၊ ဦးပြည်သာအောင်အိမ်ထောင်မကျသေးဘူး၊ ဒီကလေးတွေလည်း မမွေးသေးပါဘူး၊ ဒီမိသားစုက ကျွန်မအပေါ်ကောင်းလို့ အိမ်ထောင်မပြုဘဲ ဒီအချိန်ထိ အတူနေလာခဲ့တာပါ''

''သြော် . . တော်တော်တောင်ကြာခဲ့ပြီပဲ၊ မိသားစုလို ဖြစ်နေတာပေါ့''

''ဟုတ်ကဲ့''

''အားလုံးရဲ့အကြောင်းကိုလည်း သိနေမှာပဲ၊ ဒီအိမ်မှာ အမွေကိစ္စတွေနဲ့ မိသားစုတွေပြဿနာတက်တာမျိုးရောရှိလား ဒေါ်ဆွဲမိ''

''ရှင် . . အဲ . . အဲဒါ''

''အားလုံးရှေ့မှာမို့ ပြောရခက်ရင် မပြောပါနဲ့၊ ကိုယ့်ရဲ့ပိုင်ရှင်သူဌေးတွေချည်းပဲဆိုတော့ ကြောက်ရွံ့ရှိသေနေရတာနဲ့ ထိန်ချန်ထားရတာလည်းရှိမှာပဲ၊ တစ်ယောက်ချင်းစီ စစ်ဆေးရင်တော့ ကျွန်တော်တို့မေးသမျှကို အမှန်အတိုင်း ဖြေပေးစေချင်တယ်၊ ဒါမှအမှုမှန်ပေါ်မှာမို့ တရားခံက သူ့အပြစ်ဒဏ်မခံရဖို့အတွက် ဒေါ်ဆွဲမိကို အပြစ်ပုံချချင်လည်း ပုံချနိုင်တယ်၊ အဲဒါကြောင့် ဒေါ်ဆွဲမိကလည်း ဒေါ်ဆွဲမိကို သံသယမဝင်ဖို့အတွက် တွေ့ရင်တွေ့တဲ့အတိုင်း မြင်ရင်မြင်တဲ့အတိုင်း ဖြေပေးစေချင်တယ်၊ မဟုတ်ရင် ဒေါ်ဆွဲမိလည်းတရားခံဖြစ်နိုင်တာပဲ''

''ရှင် . . ကျွန် . . ကျွန်မသူဌေးကြီးကိုမသတ်ပါဘူး၊ သူဌေးကြီးကို ကျွန်မငယ်ငယ်ကတည်းက လေးစားခဲ့ရ၊ ချစ်ကြောက်ရိုသေခဲ့ရတာ၊ အဲ . . အဲလိုလုပ်ဖို့ စိတ်ကူးတောင်မရှိပါဘူး၊ တကယ်ပြောတာပါ''

''ထောင်ထဲမှာရောက်နေတဲ့သူတွေအားလုံး ကိုယ့်အပြစ်ကိုယ်ဝန်ခံတဲ့သူ ရာခိုင်နှုန်းတော်တော်နည်းပါတယ်၊ ကိုယ့်အပြစ်ကိုယ်ဝန်ခံ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထောင်ကျခံမယ်ဆိုရင် ဒီနိုင်ငံမှာရှိတဲ့ ထောင်တွေအားလုံး တရား တွေဆုံတောင်ဆံ့မှာမဟုတ်ပါဘူး''

ကိုကျော်ထင်ကလွဲ၍ အားလုံးရဲ့အကြည့်များ ဒေါ်ဆွဲမိ သံသယမကင်းစွာ ရောက်သွားကြသည်။ ဒေါ်ဆွဲမိမှာ အမှားမလုပ်ထ ပေမယ့် အားလုံးရဲ့အထင်လွဲသောအကြည့်ကြောင့် မျက်နှာမထားတ အောင် ခေါင်းကြီးငုံ့ထားရှာသည်။

ရဲမှူးကြီးရဲ့အကြည့်က သီရိကြွေဆီပြောင်းသွားပြန်သည်။ သီ ကြွေမှာ ရဲမှူးကြီးရဲ့မျက်လုံးကို ရင်ဆိုင်မကြည့်ရဲဘဲရှိရှာသည်။ ရဲမှူးကြီ က အားလုံးကိုတစ်ယောက်နှင့်တစ်ယောက်သံသယမကင်းအောင် ‌ တိုက်ပေးပြီး အမှုမှန်ပေါ်ဖို့ ကြိုးစားနေသည်ဆိုတာ ဘယ်သူမှမသိ

''ခင်ဗျားက ဒရွှေမအငယ်ပေါ့''

''ရှင်. . . ဟုတ်ကဲ့''

''ဦးပြည့်သာအောင်အပေါ် မကျေနပ်စရာတွေမရှိပါဘူးနော်

''ရှင်. . . မ. . . မရှိပါဘူး၊ ဆက်ဆံရေးအားလုံး အဆင်ပြေ တယ်၊ ကျွန်မနဲ့က အဆင့်အတန်းတူတယ်၊ သဘောမတူလို့ နိုးရာလို ပြေးထားတာမျိုးလည်းမဟုတ်ပါဘူး၊ သဘောမကျပေမယ့် ကျွန်မ တော့ လက်ခံပေးပါတယ်''

''ခင်ဗျားကိုလက်ခံပေးတယ်ဆိုတော့ ရွှေမအကြီးကို လက် မပေးတဲ့အနေအထားတွေ ရှိခဲ့တယ်ပေါ့''

''ရှင်. . . ကျွန်မပြောတာက''

''ထိန်ချန်မထားပါနဲ့ သိသလောက်ပြောပါ၊ **ခင်ဗျားမပြောလည်း** ကျွန်တော်တို့က သူ့ကိုမေးရင် သူပြောရမှာပဲလေ၊ **သူမပြောလည်း** တခြားတစ်ယောက်ကတော့ပြောကိုပြောမှာ၊ ဖုံးကွယ်**ထားရင် ခင်ဗျာ** မှာလည်း အပြစ်ရှိသွားပါလိမ့်မယ်''

''ရှင်''



''ကျွန်တော်တို့က အမှုမှန်ပေါ်ဖို့ အခြေအနေမှန်ကို စစ်ဆေး နေရတာပါ''

''ဟုတ်ကဲ့. . . ခင်နဲ့ကိုကျော်က ဖေဖေသဘောမတူလို့ နိုးပြေး ကြတာပါ၊ အဆင့်အတန်းမတူလို့ မတန်မရာပြောတာကြောင့် ခင်က တခြားတစ်ယောက်နဲ့တောင် တွဲလိုက်ပါသေးတယ်''

''ကြွေ. . . ဘာတွေပြောနေတာလဲ၊ ဒီကိစ္စက ဖေဖေသေတာနဲ့ ဘာမှမဆိုင်ဘူး''

ဦးကျော်ထင်ပျာပျာသလဲ ဝင်ပြောတာကြောင့် ရဲမှူးကြီးမျက် မှောင်ကြုတ်သွားကာ. . .

''ကျွန်တော်တို့ ဒေါ်သီရိကြွေကိုမေးနေတဲ့အချိန်မှာ ဦးကျော် ထင်ဝင်မပြောစေချင်ဘူး။ ဘယ်အရာက အမှုဖြစ်စေတာလဲ၊ လူသတ်မှု ကျူးလွန်တာလဲဆိုတာ ကျွန်တော်တို့လေ့လာနေရတဲ့သဘောပါ''

''မဆိုင်တဲ့စကားတွေနဲ့ လူတစ်ယောက်ကို တရားခံဖြစ်အောင် ဖိအားပေးနေသလိုတော့ မဖြစ်စေချင်ဘူး''

''အပြင်ကလူက ဝင်သတ်သွားတာ၊ ဒါမှမဟုတ် ပစ္စည်းလာခိုး ရင်း ဓားပြဝင်တိုက်ရင်း လက်လွန်ခြေလွန်ဖြစ်သွားတဲ့သဘောဆိုရင် မိသားစုတွေကို ကျွန်တော်တို့ ဒီလိုမျိုးမေးမြန်းစုံစမ်းနေမှာမဟုတ်ပါဘူး၊ ဒါမှမဟုတ် ဒီမိသားစုထဲမှာ ဦးပြည့်သာအောင်ကို တကယ်သေစေချင် လို့ လုပ်ကြံတဲ့သူက အပြစ်ဝန်ခံမယ်ဆိုရင်လည်း မေးမြန်းစစ်ဆေးနေ စရာမလိုတော့ပါဘူး။ ကျွန်တော်တို့ကို နားလည်ပေးပါ၊ ခင်ဗျားလည်း ပညာတတ်တစ်ယောက်ပဲ၊ အမှုတစ်ခုဖြစ်ပြီဆိုရင် တရားခံကိုမိဖို့ တရား ခံအစစ်ကို သူ့အပြစ်သူ့ဝန်ခံဖို့အတွက် ဒီလိုပဲလုပ်ရမှာပါပဲ''

''ဟုတ်သားပဲကိုကျော်၊ ကြွေပြောတာအမှန်ပဲဥစ္စာ၊ ဘာ**ဖုံးကွယ်** ထားစရာရှိလို့လဲ၊ ရဲမှူးကြီးတို့မေးစရာရှိတာ ဆက်မေးပါ၊ **ကျွန်မကို** မေးရင်လည်း အမှန်အတိုင်းပဲဖြေမှာပါ''

www.burmeseclassic.com

www.burmeseclassic.com



ခင်နန္ဒာက အပြစ်မလုပ်ထားသူမို့ ရဲရဲတွာပင်ပြောသည်။ ဦးကျော်ထင်ကတော့ ခင်နန္ဒာအတွက် စိုးရိမ်ပြီးမျက်နှာတွေပျက်နေ၏။ သရထံကို တရားခံဖြစ်သွားစေချင်ပေမယ့် ခင်နန္ဒာကိုတော့ အထိပါးမခံနိုင်ပေ။ သားအတွက်ကာကွယ်ချင်သလိုဖြစ်နေတာကြောင့် သရထံကိုပို၍မုန်းတီးနေခဲ့သည်။

သရထံသာ တရားခံဖြစ်ပြီး ထောင်ကျသွားလျှင် အားလုံးအေးချမ်းပြီဟု ယူဆနေခဲ့၏။ ရဲမှူးကြီးက အားလုံးရဲ့မျက်နှာများကို အကဲခတ်ပြီးမှ . .

''ဒေါ်သီရိကြွေပြောသလိုဆိုရင် ဦးပြည်သာအောင်နဲ့ ဒေါ်ခင်နန္ဒာရဲ့ ဆက်ဆံရေးက အဆင်မပြေဘူး၊ အာဃာတတွေလည်းရှိခဲ့မှာပေါ့၊ အဲဒီလိုဖြစ်တော့ ဦးပြည်သာအောင်အပေါ် အမုန်းအငြိုးတွေရှိခဲ့မှာပေါ့၊ တခြားယောက်ျားနဲ့မခံမရပ်နိုင်ဖြစ်ပြီးတောင် တွဲခဲ့သေးတာ ဟုတ်တယ်မဟုတ်လား''

''အဲဒါက ကျွန်မအိမ်ထောင်မကျခင်က ငယ်ရွယ်စိတ်နဲ့ဖြစ်ခဲ့တာပါ၊ သူ့သားထက်သာတာ တွဲပြမယ်ဆိုတဲ့စိတ်မျိုးနဲ့ပေါ့၊ နောက်တော့ ကိုကျော်ကို မခွဲနိုင်တဲ့စိတ်နဲ့ ခိုးရာလိုက်ခဲ့တယ်၊ မြဝတီဘက်မှာ ဒုက္ခတွေခံပြီးနေခဲ့ကြရပါတယ်၊ သားလေးရမှ အမေ့ပြတ်စွန့်လွှတ်ထားတဲ့ သူ့သားကို အိမ်ပြန်လာဖို့ခေါ်ခဲ့တာပါ၊ ကျွန်မကမွေးပေးတဲ့သားလေး သရထံကိုချစ်ပေးတာနဲ့တင် ကျွန်မဒီအိမ်မှာ ကျိုးနွံစွာနေနိုင်ခဲ့တာပါ''

''ဒီကြားထဲမှာ ဦးပြည်သာအောင်ရဲ့ ဆက်ဆံရေးကရော လုံးဝသဘောမတူခဲ့ဘူးဆိုတော့ ချွေးမအဖြစ် အသိအမှတ်ပြုခဲ့ရဲ့လား''

''အိမ်မှာခေါ်ထားတာ ချွေးမအဖြစ် သတ်မှတ်လို့ပေါ့ဗျာ၊ ခင်ဗျားတို့ လူသတ်မှုဖော်ထုတ်တာမဟုတ်ဘဲ၊ အိမ်တွင်းရေးကို စပ်စုနေသလိုဖြစ်နေပြီ၊ ဖေဖေ့ကိုသတ်တာ ဘယ်သူဖြစ်နိုင်လဲ လက်ဗွေရာရှာ၊ ဒီအန်လ်အေစစ်၊ ဒါဆိုအဖြေပေါ်နေပြီပဲ''





''ဒါလောက်ပဲဆိုရင် ဒီကမောင်သရထံပဲဖြစ်လိမ့်မယ်၊ သေသွားတဲ့ဦးပြည်သာအောင်ရဲ့ ကိုယ်ပေါ်မှာ မောင်သရထံရဲ့လက်ဗွေရာတွေပဲ နေရာအနှံ့တွေ့ရပါလိမ့်မယ်၊ သူတစ်ယောက်ပဲ သူ့အဘိုးကိုကိုင်တွယ်ဖက်ပွေ့ပေးထားတာကိုး၊ တကယ်ဆိုသတ်တဲ့သူတရားခံအစစ်က သူ့လက်ဗွေရာကိုချန်ခဲ့မှာမဟုတ်ပါဘူး၊ တကယ်ကို စာအုပ်စာပေတွေဖတ်၊ ပညာတတ်တဲ့လူက ကိုယ့်ကိုယ်ကိုယ် တရားခံဖြစ်အောင် ဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူး''

''ဟင်''

ရဲမှူးကြီးပြောသလိုဆိုရင် သရထံက တရားခံမဖြစ်နိုင်တော့ဘူးလား။ ရဲမှူးကြီးက အဓိပ္ပာယ်ပါပါပြုံးလျက်. .

''ဦးကျော်ထင်က သရထံကို တရားခံဖြစ်စေချင်တယ်ထင်တယ်''

''ဗျာ. . . မ. . . မဟုတ်ပါဘူး၊ ကျွန်တော့်အဖေကို သတ်တဲ့တရားခံကို အမြန်ဆုံးဖော်ထုတ်စေချင်တာပါ''

''အဲဒါကြောင့် ကျွန်တော်တို့စစ်ဆေးနေတာပဲလေ၊ ဦးကျော်ထင်အဲလိုဝင်ပြောနေမယ်ဆိုရင် တရားခံတွေ့ဖို့ နှောင့်နှေးသွားပါလိမ့်မယ်၊ ကျွန်တော်တို့ရိုက်နက်စစ်ဆေးနေတာမဟုတ်ပါဘူး၊ မေးမြန်းနေတာပါ၊ ဦးပြည်သာအောင်က ခင်ဗျားတို့အားလုံးရဲ့မိသားစုအကြီးအကဲတစ်ယောက်ဖြစ်နေပါတယ်၊ သူ့ရဲ့အုပ်ချုပ်မှုကိုမကြိုက်တဲ့သူက စိတ်လိုက်မာန်ပါကိစ္စမျိုးရှိနိုင်ပါတယ်''

''ဟုတ်သားပဲကိုကျော်၊ စကားနည်းပြီး အနေအေးဆေးတဲ့ ကိုကျော်က ဒီနေ့မှ ဘာလို့စကားတွေများနေရတာလဲ၊ ဖေဖေ့အသုဘအတွက် စီစဉ်ရဦးမှာ၊ အခုမေးမြန်းနေတဲ့ကိစ္စ မြန်မြန်ပြီးသွားတော့ မကောင်းဘူးလား''

ကိုမောင်လွှင်စကားတွေကိုလည်း ရဲမှူးကြီးရဲ့ တပည့်တွေ မှတ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းယူနေသည်။ ရဲမှူးကြီးက ခပ်ပြုံးပြုံးဖြင့် . . .

"ကဲ . . ဒါဆိုဒီနေ့တော့ ဒီလောက်ပါပဲ၊ အသုဘကိစ္စတွေလုပ်ရဦးမှာဆိုတော့ အားနာပါတယ်၊ နောက်ရက်မှ တစ်ခါထပ်လာပါ့မယ် အမှုမှန်ပေါ်ဖို့ အားလုံးကိုကျွန်တော်တို့နဲ့ ပူးပေါင်းပေးပါလို့ မေတ္တာရပ်ခံပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

စုံစမ်းမေးမြန်းသည့်အဖွဲ့တွေ ပြန်သွားမှ အားလုံးသက်ပြင်းချနိုင်တော့သည်။ ဒါပေမဲ့ တစ်ယောက်နှင့်တစ်ယောက် ဟိုကတရားခံလား ဒီကတရားခံလားဖြင့် မယုံမရဲသံသယတွေနှင့် အကဲခတ်နေမိကြ၏။ အမုန်းမျက်ဝန်းတွေ ကူးလူးစပ်ယှက်လျက် . . .။

၀၀၀

# အခန်း (၃၂)

"ဘာ . . ဘာပြောတယ်ထက်နိုင်၊ အဘိုးသေပြီဟုတ်လား။ ဘာ . . ဘာဖြစ်လို့လဲ၊ အဘိုးက ကျန်းကျန်းမာမာကြီးပါ၊ ဘာဖြစ်သွားတာလဲ၊ သွေးတိုးရောဂါတော့နည်းနည်းရှိတယ်၊ သွေးဆောင့်တိုးလို့သေတာလား"

"မဟုတ်ဘူး၊ အသတ်ခံရတာ"

"ဘာ"

ကားထဲမှာ သရုတ်ရဲ့အံ့ဩသံကြီးက ဟိန်းထွက်သွားသည်။ အံ့ကြိတ်တက်ခေါက်မှုကလည်း မေးကြောကြီးတွေ တင်းရင်းလျက် ပြင်းထန်နေကာ . .

"ဘယ်သူသတ်တာလဲ၊ အဘိုးကို ဘယ်ကောင်လုပ်သွားတာလဲ"

"မသိဘူး၊ အပြင်ကလူမဟုတ်ဘူးဆိုပြီး ရဲတွေကမိသားစုတွေကို စစ်ဆေးနေတယ်"

"အာ . . မိသားစုတွေက အဘိုးကိုဘာလို့ သတ်မှာလဲ၊ ဒယ်ဒီနဲ့အန်ကယ်လေးက အဘိုးရဲ့သားတွေ၊ မာမီနဲ့အန်တီလေးကချွေးမတွေ၊ မင်းလည်းမြေးတစ်ယောက်ပဲ၊ သူစိမ်းဆိုလို့ ဒေါ်ဆွဲမိတစ်ယောက်ပဲရှိတယ်၊ ဒေါ်ဆွဲမိကလည်းကလေးဘဝကတည်းက အဘိုးတို့နဲ့အတူနေလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ အဘိုးကို ချစ်ကြောက်ရိုသေရုံမဟုတ်ဘူး၊ သံယောဇဉ်လည်းရှိ တယ်၊ အဘိုးကိုသတ်ပစ်ရက်လောက်အောင် လုပ်ရက်မယ့်သူမဟုတ် ဘူး၊ သူ့အသက်အရွယ်နဲ့ ဒီလိုအပြစ်ကြီးကျူးလွန်ရဲပါ့မလား''

''ဒါဆို ဘယ်သူဖြစ်နိုင်မလဲ၊ မိသားစုထဲမှာ အမွေကိစ္စနဲ့ပတ် သက်ပြီး မကျေနပ်တဲ့သူရှိနေမှာပဲ၊ အဘိုးက ကုမ္ပဏီကိုမင်းနာမည်နဲ့ လွှဲမယ်လို့ပြောတဲ့နေ့က အန်ကယ်လေးရော အန်တီလေးရော မကျေနပ် ဘူး၊ အဘိုးကိုပြောလို့ အဘိုးတောင်ဆူလိုက်သေးတယ်''

သရဖူမျက်မှောင်ကြုတ်သွားလျက်

''ဒါဆိုအဘိုးကို အန်ကယ်လေး၊ ဒါမှမဟုတ် အန်တီလေးသတ် လိုက်တာလား၊ အဘိုးအခန်းထဲသွားပြီး စကားများရင်းနဲ့ ခြေလွန်လက် လွန်ဖြစ်သွားတာလား''

သရဖူက သူ့ဘာသာတွေးဆပြောပြီး ခေါင်းကိုတစ်ချက်ချင် ယမ်း၍. .

''မ. . မလုပ်လောက်ပါဘူး၊ ငါ့ကိုပေးတာမကျေနပ်တော အဘိုးအပေါ်တော့ အဲလိုမလုပ်ရက်လောက်ပါဘူး''

''မာမီရော၊ မာမီကတော့ တစ်သက်လုံးချွေးမအဖြစ် အသ အမှတ်ပြုမခံရဘဲ မတူမတန်သလို အနှိမ်ခံလာခဲ့ရတာ၊ မာမီ့မှာ မာနတွေ မခံချင်စိတ်တွေ ရှိမနေဘူးလို့ မပြောနိုင်ဘူး''

''ထက်နိုင်. . . မင်းကမာမီ့ကို မုန်းနေတဲ့စိတ်ကြောင့် အဲ ပြောထွက်တာလား၊ မာမီက အဲလိုကြမ်းကြုတ်ရက်စက်တတ်တဲ့စိတ် ပါဘူး၊ အရမ်းကိုနူးညံ့သိမ်မွေ့ပြီး မိန်းမပီသ မိခင်ကောင်းပီသတဲ့သူ အဲဒီအိမ်မှာ အိမ်ကျွန်လိုနေခဲ့ရပေမယ့် တစ်ချက်ကလေးမှ မငြိုငြ အပြုံးမပျက်ခဲ့ဘူး၊ သားကိုချစ်ပေးတာနဲ့တင် အရာရာကျေနပ်ပေ နိုင်ခဲ့တဲ့မာမီပါ''

''လူ့ရဲ့စိတ်ကိုအပြင်ပုံပန်းသဏ္ဌာန်ကြည့်ရုံနဲ့ ဆုံးဖြတ်လို့မရ





အတွင်းစိတ်မှာ မခံချင်စိတ်တွေ၊ မာနတွေ၊ အငြိုးအာဃာတတွေ ရှိနေ တတ်တာပဲ၊ ရင်ကနေ မွေးထုတ်ထားတဲ့သားသမီးကိုတောင် ကျိုးထိုး ထိုးခွေးစားစားစွန့်ပစ်ရက်သေးတာ၊ ဒီလိုကိစ္စမျိုး မကျူးလွန်ရဲဘဲနေပါ့ မလားသရဖူ''

''ဟင်''

ဒီလိုဆိုပြန်တော့လည်း ဟုတ်နေပြန်သည်။ ဒါဆိုအဘိုးကို မာမီ သတ်ခဲ့တာများလား။ ဒယ်ဒီလည်း သွေးသားအရင်းကို စွန့်ပစ်ရဲခဲ့သူပါ ပဲ။

''မင်း. . . မင်းပြောသလိုဆိုရင် ဒယ်ဒီလည်း အဘိုးကိုသတ်ရက် တဲ့သူဖြစ်နိုင်သလားထက်နိုင်၊ သွေးသားအရင်းကို ဒယ်ဒီလည်းစွန့်ပစ် ခဲ့တာပဲလေ၊ လူသတ်ရဲတဲ့စိတ်မရှိဘူးလို့ မပြောနိုင်ဘူး၊ ပြီးတော့ သူ့ မိန်းမကို သမီးချွေးမအဖြစ်လက်မခံပေးဘဲ အိမ်ဖော်လိုခိုင်းနေတာကို အဘိုးအပေါ် နာကြည်းချက်တွေရှိချင်ရှိနေနိုင်တယ်''

''ဒါဆိုဒယ်ဒီရောမာမီရော ဖြစ်နိုင်တယ်ပေါ့''

''ဟာ. . . မ. . . မဖြစ်နိုင်ပါဘူး၊ အဲလိုမလုပ်လောက်ပါဘူး၊ ဘာ လို့ဒယ်ဒီက ကိုယ့်အဖေကိုယ်သတ်မှာလဲ၊ မာ. . . မာမီလည်း မလုပ် လောက်ပါဘူးကွာ၊ မာမီက အရမ်းကိုနွေးထွေးချစ်ခင်တတ်တဲ့သူပါ၊ ဒယ်ဒီနဲ့မာမီက မင်းကိုစွန့်ပစ်တဲ့အပြစ်လောက်ပဲရှိချင်ရှိမှာပါ၊ ဒီအပြစ် ကြီးကိုတော့ ကျူးလွန်ကြမှာမဟုတ်ပါဘူးကွာ''

သရဖူခေါင်းတယမ်းယမ်းဖြင့် လက်မခံနိုင်အောင်ဖြစ်နေမိ သည်။

ကိုယ့်ကိုမွေးထုတ်ခဲ့သည့်မိဘတွေမှ ထိုအပြစ်ကြီးကျူးလွန်မိ လိမ့်မည်ဟု တွေးပင်မတွေးရဲပေ။

မင်းထက်နိုင်ကတော့ သူ့ကိုစွန့်ပစ်ခဲ့သည့်မိဘတွေကို ဒီလိုမျိုး မလုပ်လောက်ပါဘူးလို့ ယုံကြည်ဖို့ ခက်ခဲနေဟန်တူသည်။ [illegible]ရာရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆုပ်ကိုင်ထားသောလက်တွေက တင်းရင်းနေလျက်. .

"အဘိုးကိုလုပ်ရက်ကြတယ်ကွာ၊ အခုချိန်မှာ ဘယ်သူသတ်သွားတယ်ဆိုတာ သိချင်တာထက် အချိန်ကြာကြာအတူနေခွင့်မရသေးတဲ့အဘိုးကို နှမြောတယ်၊ အဘိုးကိုငါကြာကြာပြုစုခွင့်မရလိုက်သေးဘူးကွာ"

"ငါလည်းအရမ်းကိုယူကျုံးမရ ထိခိုက်ခံစားရတယ်၊ အဘိုးက ငါ့အပေါ် အရမ်းကောင်းခဲ့တာ၊ ငါ့အနာဂတ်အထိတောင် တွေးပေးခဲ့တဲ့သူပါ၊ ငါ. . ငါ့အဘိုးရဲ့ နောက်ဆုံးအချိန်လေးတောင် တွေ့ခွင့်မရလိုက်ဘူးကွာ၊ ငါဘယ်လိုလုပ်ရမလဲကွာ"

သရထံသည်းထန်စွာရှိုက်ငိုလိုက်တော့ ပခုံးလေးကိုဖက်ကာ နှစ်သိမ့်လိုက်ပြီး . . .

"အဘိုးရဲ့နောက်ဆုံးခရီးကို မင်းလိုက်ပို့ချင်တယ်ဆိုရင် မင်းပြန်သွားလိုက်လေ၊ ငါဒီမှာကျန်ခဲ့မယ်"

"အဲ. . အဲလိုလည်း မဖြစ်ပါဘူးကွာ၊ မင်းကျတော့"

"ငါ့ကိုထည့်မတွက်နဲ့၊ ငါကအခုမှ အဘိုးနဲ့တွေ့ရတာ၊ မင်းက အသက်နဲ့အမျှ အဘိုးရဲ့အချစ်ကို ခံလာခဲ့ရတာ၊ မင်းနောက်ဆုံးအနေနဲ့ ကန်တော့သင့်ပါတယ်ကွာ"

"ငါ. . ငါအဲဒါဆို အသုဘပို့ပြီးရင် မင်းနဲ့လာလဲပါ့မယ်"

"ရက်လည်တဲ့အထိနေချင်လည်းနေပါကွာ၊ ဒါမှမဟုတ် ဒီလောက်ရှုပ်ထွေးနေတဲ့အချိန်မှာ ငါ့ကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတာလည်း စိတ်မဝင်စားချင်တော့ပါဘူးကွာ၊ ငါအခုမှ စိတ်တွေပိုပြီး ပင်ပန်းနေတယ်၊ ဘယ်သူ့ကိုမှလည်း မယုံကြည်ချင်တော့ဘူး"

"ထက်ခိုင်. . အဲလိုတော့ ဘယ်ဟုတ်မလဲကွာ၊ မင်းစိတ်လျှော့ပြီး အရင်ဘဝကို ပြန်မသွားပါနဲ့၊ ငါမင်းကိုအဲဒီဘဝထဲ အရောက်မခံချင်ဘူး၊ ဒီကိစ္စတွေပြီးသွားရင် အားလုံးပွင့်ပွင့်လင်းလင်းပြတ်ပြတ်သား



သားငါလုပ်မယ်"

"အဲဒါကနောက်မှ အခုက ငါပဲအဘိုးကိုသတ်တဲ့တရားခံဖြစ်မလား၊ ဘယ်သူဖြစ်မလဲမသိဘူး ဘာကြောင့်ဒီကိစ္စပေါ်လာပြီး ဒီလိုတွေဖြစ်လာရတာလဲမသိဘူးကွာ"

"မင်းကိုပြည့်ပြည့်စုံစုံ စည်းစိမ်တွေစံစားစေချင်လို့ ဒီလိုတွေလုပ်ခဲ့ပါတယ်ဆိုမှ ငါလည်းစိတ်မကောင်းပါဘူးထက်ခိုင်ရာ၊ ငါလည်းဘာမှကိုမပြောတတ်တော့ပါဘူး၊ အဘိုးအတွက်လည်း ရင်ထဲဆို့နင့်နေတယ်၊ မင်းအတွက်လည်း ရင်ထဲမကောင်းဘူး၊ ဒါပေမဲ့ ဖြစ်လာမှတော့ ရင်မဆိုင်လို့မှမရတော့တာ၊ ငါ. . ငါသွားလိုက်တော့မယ်ထက်ခိုင်၊ မင်းနဲ့အဝတ်အစားလဲ၊ ဖုန်းချင်းလဲရအောင်၊ ကိစ္စပြီးရင် ငါပြန်ထွက်လာပါ့မယ်"

"အေးပါ. . ငါလည်း ကိုထွန်းနဲ့တွေ့ရတာပေါ့ကွာ၊ အဘိုးကိုတော့ ငါကန်တော့ခဲ့ပြီးပါပြီ၊ မင်းလည်းကန်တော့လိုက်ပါ၊ အဘိုးရဲ့နောက်ဆုံးအချိန်က မလှပဘူးကွာ"

နှစ်ယောက်လုံး မျက်ရည်ကျသည်။ အဘိုးအတွက် ဘာမှမလုပ်ပေးလိုက်နိုင်ကြ။ ဘာကြောင့် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရတာလဲဆိုတာပဲ နားမလည်နိုင်တာပါ။

အဘိုးကိုသတ်သည့်တရားခံက ဘယ်သူလဲ။ ဘာလို့ဒီလိုလုပ်တာလဲ။

တရားခံက တခြားသူစိမ်းမဟုတ်ဘူးဆိုလျှင်. . ။

○○○

www.burmeseclassic.com

# အခန်း (၃၃)

"သရထံ"

အဘိုးရဲ့ရုပ်ခန္ဓာကြီး မီးသင်္ဂြိုဟ်စက်ထဲ လောင်မြိုက်သွားသည့် အခါမှာ သရထံဘယ်လိုမှ ထိန်းချုပ်မထားနိုင်။ တအင့်အင့်တအီးအီး အသံထွက်ကာ ရှိုက်ငိုချလိုက်သည်။ လူကလွတ်ထွက်သွားတာမို့ လဲ ကျသွားတော့မည့်အချိန်မှာ ငွေလဟံသာက ဖမ်းထိန်းဖက်ပွေ့ထားသည်။

သူဟန်မဆောင်နိုင်တော့ဘဲ ငွေလပခုံးလေးပေါ်မျက်နှာမှော ၍ အားရပါးရငိုချပြီး ကူကယ်ရာမဲ့သူတစ်ယောက်လို ငွေလကို အား ကိုးတကြီးဖက်တွယ်ထားလိုက်မိသည်။

"သရထံ . . နင့်စိတ်ကိုထိန်းပါဟယ်၊ လူဆိုတာသေမျိုးချည်း ပါပဲ၊ ဒီလမ်းကိုဘယ်သူမဆိုသွားကြရမှာပါပဲ"

"ငါနားလည်ပါတယ်၊ ငါသိပါတယ်ဟာ၊ လူကြီးရောဂါနဲ့ ပြ ခံပြီး သေသွားရတယ်ဆိုရင်တောင် ငါဖြေသာပါသေးတယ်၊ အခု လူသတ်ခံရတာ၊ သူများသတ်လို့သေရတာ"

"ဒါကတော့ ကံပဲဟယ်၊ ဘယ်သူက ဘယ်လိုပုံစံနဲ့သေရမယ် ဆိုတာ သတ်မှတ်ပြီးသားပဲ နင့်စိတ်ကိုဖြေပါဟာ"

"ငါ့ . . ငါအဘိုးကို ဘာမှလုပ်မပေးလိုက်ရဘူးဟာ၊ ငါ့ . . အဘိုးကို"





"သရထံရယ်"

ကလေးတစ်ယောက်လို ဝမ်းနည်းစွာပြောရင်းငိုနေသော သရထံ ကို ငွေလဖက်တွယ်၍ နှစ်သိမ့်ဖျောင်းဖျပေးနေလိုက်သည်။ အခုတလော သူမကို အရင်လိုတရင်းတနှီးမနေတော့သည့်သရထံက အခုတော့လည်း ရင်းနှီးစွာပင် ဖက်တွယ်နေပြန်သည်။ အဘိုးဆုံးလို့ ဝမ်းနည်းအားငယ် နေတာကြောင့်ပဲဖြစ်မှာပါ။ အရေးကြီးချိန်ကျမှ ကျော်သက်က အနားမှာ မရှိ။ ရွာကလူတွေကို ပြန်လိုက်ပို့နေသည်မို့ သူမတစ်ယောက်တည်း သရထံကို အားပေးနေရသည်။

တစ်မိသားစုလုံးကြေကွဲနေတာမြင်တော့ သူမလည်းစိတ်မ ကောင်းပေ။ သရထံအဘိုးက လူသတ်ခံရပြီးသေတာမို့ လုပ်ငန်းရှင် အသိုက်အဝန်းတစ်ခုလုံး အံ့သြနေကြသည်။

ပြီးတော့သတ်သည့်သူကလည်း တခြားကမဟုတ်ဘဲ မိသားစု ထဲကဆိုတော့ ပိုပြီးအံ့သြကြရသည်။ အများဆုံးသံသယဝင်ခံနေရသူက သရထံဖြစ်နေသည့်အတွက် ဘယ်လိုဖေးမအားပေးရမှန်းပင်မသိတော့ပေ။

သရထံ ဒီလိုမျိုးမလုပ်ဘူးဆိုတာတော့ သူမယုံကြည်သည်။ သူ့အဘိုးက ဒီလောက်တောင်ချစ်ပြီး အမွေတွေပေးဖို့ သူမနှင့်လက်ထပ် ပေးဖို့ စိတ်အားထက်သန်နေတာ။

သူ့အပေါ်အရမ်းချစ်မြတ်နိုးကောင်းနေသည့်အဘိုးကို ဘာကိစ္စ သတ်စရာအကြောင်းရှိမှာတဲ့လဲ။

"သရထံ . . ကားကိုငါမောင်းမယ်နော်"

အရိုးပြာကိုအုတ်ဂူသွင်းပြီးသည်အထိ သရထံကို တွဲဖက်ကာ အားပေးမိသည်။ သရထံရဲ့ ဝမ်းနည်းပူဆွေးမှုက သနားစရာကောင်း လွန်းလှပါသည်။ အိမ်ပြန်ရောက်ကြသည့်အခါမှာတော့ အားလုံးငြီးငွေ့ခြင်း ထဲမှာ အရုပ်ကြိုးပြတ်ပုံကျသွားကြသည်။

"နင်နားနားနေနေလေး နေလိုက်ပါ၊ စိတ်ထိခိုက်ဝမ်းနည်းနေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အရင်ချိန်တွေပြန်မရတော့ဘူး၊ ကျန်းမာရေးထိခိုက်လောက်အောင်တော့ စိတ်မဆင်းရဲပါနဲ့ဟာ၊ နင်တို့မှာ ရင်ဆိုင်ရမှာတွေက ရှိသေးတယ်"

"နင့်ကိုငါ ပြန်လိုက်ပို့မယ်ငွေလ"

"ဟယ်မလုပ်ပါနဲ့၊ နင်ဒီလောက်ပင်ပန်းနေတာကိုဟယ်၊ ငါ ဘာသာတက္ကစီငှားပြန်ပါမယ်"

"ငါအပြင်ထွက်ချင်လို့ပါ၊ အိမ်ထဲမှာ အရမ်းမွန်းကျပ်နေတယ် တစ်ခုခုကိုပေါက်ကွဲပစ်လိုက်ချင်လို့ပါဟာ"

"ကာရာအိုကေမှာ သွားဖွင့်ချမလို့လား၊ အိမ်မှာကနာရေးဖြစ်နေတာမကောင်းပါဘူးဟယ်"

"ခဏပါပဲ၊ အိမ်ထဲမှာ ဒီလိုကြီးနေရရင် ငါမွန်းကျပ်ပြီးသေသွားလိမ့်မယ်"

"အေး . . အေးပါနောက်နေ့ကျရင် ရဲတွေက လာစစ်ဦးမှာဆိုတော့ နင်ပိုပြီးစိတ်ပင်ပန်းရဦးမှာပဲ၊ ဒီနေ့ထွက်ချင်ထွက်လိုက်လေ ငါ့ကိုပြန်လိုက်ပို့တာဆိုတော့ အိမ်ကလူတွေလည်း အမြင်ကောင်းသွားတာပေါ့"

"ဟုတ်တယ်၊ အဲဒါကြောင့် နင့်ကိုပြန်လိုက်ပို့မယ်ပြောတာ"

တကယ်တော့ ထက်ခိုင်နှင့်လူချင်းလဲရမှာမို့ ဒီဂွင်ကိုဆင်လိုက်ခြင်းဖြစ်သည်။ ဒီလိုမှမလုပ်လျှင် နာရေးဖြစ်နေချိန်မို့ အပြင်ထွက်လို့မကောင်းပါ။

သူမာမို့အနားကို ထသွားလိုက်ကာ . .

"မာမီ . . သားငွေလကို ပြန်လိုက်ပို့လိုက်ဦးမယ်၊ ညမိုးချုပ်တော့မှာဆိုတော့ မိန်းကလေးတစ်ယောက်တည်းမကောင်းဘူး"

"အင်း . . သွားလေသား၊ အရမ်းတော့ညဉ့်မနက်စေနဲ့သားရယ်၊ အဘိုးနာရေးနဲ့ဆိုတော့ မကောင်းဘူးလေ"

"ဟုတ်ကဲ့ပါမာမီ"





လွမ်းတမ်းတသည့်စိတ်နှင့် မနမ်းရတာကြာပြီဖြစ်သောမာမီ ပါးလေးကို ခပ်ကြာကြာဖိနမ်းခဲ့သည်။ မာမီအုံသြသလိုဖြစ်သွားပြီးမှ ကြည်နူးစွာပြုံး၏။

ကြင်နာနွေးထွေးစွာ သူ့နဖူးလေးကို ပြန်နမ်းလိုက်၍ သူ့အလွမ်းတွေပြေသွားသည်။ မာမီက ကြင်နာနွေးထွေးတတ်သည့်မိန်းမတစ်ယောက်ပါ။ အဘိုးကိုသတ်လိမ့်မည်လို့ လုံးဝမယုံကြည်။ ဒယ်ဒီ . . အန်ကယ်လေးနှင့် အန်တီလေး။

သူတို့ရောဖြစ်နိုင်သလား။

အားလုံးရဲ့မျက်လုံးများကို သူအကဲခတ်ကြည့်သည်။ ဟင့်အင်း . . မဖြစ်နိုင်ပါ။ အားလုံးဝမ်းနည်းနာကျင်နေကြသည်။

"သရထံသွားမယ်လေ"

"ဩော် . . အင်း၊ သွားမယ်ငွေလ၊ ငါခဏလေးရေချိုးပြီး အဝတ်အစားလဲလိုက်ဦးမယ်"

"အင်း . . လုပ်လေရပါတယ်"

သူ့အခန်းထဲသွားချင်လို့ အကြောင်းရှာလိုက်ခြင်းပင်။ ရေချိုးခန်းဝင်ပြီး အဝတ်အစားလဲကာ လိုအပ်တာ[illegible] ယူလိုက်သည်။ ထက်ခိုင်နေသောအခန်းမှာ နေရတာမပြည့်စုံမှုတွေ များလွန်းလို့ပါ။ ပြီးမှ ပြန်ထွက်လာပြီး ငွေလနှင့်အပြင်ထွက်ခဲ့သည်။ သူဒီအိမ်ကြီးကို ပြန်လာခင်တောင် အဘိုးမရှိသောအိမ်ပြန်ချိန်တွေ တိတ်ဆိတ်နေမှာပါ။

မရောက်တာကြာပြီဖြစ်သော ကာရာအိုကေဆိုင်ကို ခဏတာ စိတ်ထွက်ပေါက်ရဖို့ မောင်းလာခဲ့သည်။ ကျော်သက်မပါတာကြောင့် သူနှင့်ငွေလနှစ်ယောက်တည်း ဖြစ်နေသည်။

"အပြင်းစားပဲညီလေး၊ မှုးအောင်လည်းသောက်မယ်၊ ရွှေးထွက်အောင်လည်း ကချင်တယ်"

သူ့စိတ်ညစ်ညစ်နှင့် ဝိတ်တာလေးတွေကိုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထက်နိုင်နေရာမှာ အစားဝင်နေရသောအဆောင်မှာ ကိုထွန်းဝင်းကြောင့် သူသောက်လည်းမသောက်ရ၊ စားလည်းမစားရ။

ထက်နိုင်လိုဒုက္ခတွေကို မြိန်ရေရှက်ရေခံစားနေတာပါ။

''ကမယ်လေငွေလ ဘာလုပ်နေတာလဲ''

မသောက်ရသေးဘဲနှင့်တောင် နှုတ်သွက်အာသွက်ဖြစ်နေသော သရထံကို အံ့ဩရပြန်သည်။ ဟိုတလောကတော့ မကာတတ်မသောက်တတ်သလို နုံနုံအအကြီးဖြစ်နေတာမဟုတ်ပါလား။

ချင့်ချိန်စဉ်းစားမှုတွေဖြင့် ရင့်ကျက်သလို ဖြစ်နေသောအဲဒီအချိန်က သရထံကို သူမနှစ်သက်သဘောကျနေမိသေးတာပါ။ အခုတော့လည်း သရထံကကွက်တွေက စည်းချက်ညီကာ ကြည့်ကောင်းနေပြန်သည်။ သူမကိုတွဲကနေတာလည်း သူမခြေထောက်ကိုမနင်းမိလက်ရဲဖက်ရဲလိုဖြစ်နေကာ ဟိုတလောကနှင့်လုံးဝမှ မဆိုင်ပြန်။ အိမ်မှာစိတ်ညစ်စရာတွေရှိတာကြောင့် စိတ်ကိုလွှတ်ပေးလိုက်လို့ သူမဘာန်ကောက်မသွားခင်က အချိန်တွေဆီ ပြန်ရောက်သွားခြင်းလား။

ဘာဖြစ်ဖြစ် ဒီတစ်နေ့လေးကိုတော့ သရထံကို စိတ်သက်သာရာရစေချင်ပါသည်။ သရထံဆိုတာ သူမရဲ့သူငယ်ချင်းကောင်းလေးမဟုတ်ပါလား။

ဒီရှုပ်ထွေးမှုတွေက လွတ်မြောက်ပါစေသရထံရယ်...။

❂❂❂

## အခန်း (၁၄)

အခန်းကို ပြန်ရောက်လာချိန်မှာ တောက်ပြောင်သန့်ရှင်းမှုကို မြင်လိုက်ရတော့ ကိုထွန်းဝင်းအံ့ဩသွားသည်။ မင်းထက်နိုင်ဒီလိုသန့်ရှင်းရေးမလုပ်တာ ကြာနေပြီဖြစ်သည်။

ကိုယ်သွင်းပေးထားသည့်အလုပ်တွေလည်းမလုပ်ဘဲ အဆောင်လစာပေးဖို့ သုံးဖို့ဆွဲဖို့ ပိုက်ဆံတွေဘယ်ကရနေမှန်းမသိ။ ကိုယ်ကလည်း ဒီကောင်ကို အချိန်မရွေးစောင့်ကြည့်နေနိုင်တာမဟုတ်ပေ။

မိုးလင်းအိပ်ရာနိုးလျှင် အရင်က ကိုယ့်အတွက်မနက်စာစီစဉ်ပေးထားတတ်သော ထက်နိုင်က အခုနောက်ပိုင်း ကိုယ်ကားထွက်မောင်းရင်တောင် အိပ်ရာက မနိုးတတ်သေးပါ။

ကိုယ်ပြန်လာလည်း အရင်က ကိုယ့်အဝတ်အစားတွေ လျှော်ပေးထားတတ်သောထက်နိုင်က စောစောအိပ်ရာဝင်နေတတ်ပြီး အခန်းတစ်ခုလုံးလည်း ရှုပ်ပွနေတတ်သည်။

ဒီနေ့တော့ဘာတွေစိတ်လိုလက်ရဖြစ်နေရပြန်တာလဲ။ အခန်းထဲ ဝင်လိုက်တာနှင့် ကိုယ့်စိတ်တွေတောင် သန့်ရှင်းလတ်ဆတ်နေသည်ဟု ထင်မိသည်။

''ဟေ့ကောင်ကြီးထက်နိုင်၊ ဒီနေ့တော့တယ် ဟုတ်နေပါလားကွ၊ တစ်ခန်းလုံးတောက်ပြောင်လို့ ငါ့အဝတ်တွေလည်း လျှော်ထား

www.burmeseclassic.com



တယ်ထင်တယ်၊ အဝတ်ညစ်ခြင်းထဲမှာ မတွေ့တော့ဘူး'' ဟိုဒီလျှောက် ကြည့်ရင်း ကိုထွန်းဝင်းဝမ်းသာစွာပြောတော့ မင်းထက်နိုင်ပြုံးသည်။ ကိုထွန်းဝင်းကိုလည်း သတိရအောက်မေ့စိတ်နှင့် လှမ်းဖက်လိုက်ပြီး..

''ဒီအတိုင်းခြင်းထဲမှာ အဝတ်ညစ်တွေတွေ့လို့လျှော်လိုက်တာ ပါ။ ညစာအတွက်လည်း ကျွန်တော်ထမင်းဟင်းတွေ ဝယ်ထားတယ်၊ ကိုထွန်းဝင်းစားတော့မလား၊ ကျွန်တော်ထမင်းပွဲပြင်လိုက်မယ်''

''အေး ကောင်းတာပေါ့ကွ၊ ငါကရေမိုးချိုးပြီးရင် လမ်းထိပ် ကို ထမင်းထွက်စားမလို့လုပ်နေတာ၊ ဒီနေ့အဝတ်ညစ်တွေများနေလို့ လျှော်ရအောင်ဆိုပြီး စောစောပြန်လာတာကွ၊ မင်းကကွာ နေ့တိုင်းအဲလို နေတော့ ဘာဖြစ်လို့လဲ၊ အခုတလော ငါ့ကိုမခေါ်ချင်မပြောချင် တသီး တသန့်နေချင်နေတယ်မှတ်နေတာ၊ ဒီကောင် ရန်ကုန်ရောက်တာမကြာ သေးဘူး အချိုးပြောင်းနေတယ်လို့ ထင်နေတာကွ''

''ကျွန်တော် ကိုထွန်းဝင်းကို အားနာပါတယ်ဗျာ''

''ဘာကိုအားနာတာလဲကွ''

''ဪ.. ကျွန်တော့်စိတ်က တစ်ခါတလေ မကောင်းလို့ပါ ဟိုလေ.. စိတ်ပါတဲ့အခါကျရင် ကျွန်တော်အကုန်လုပ်ပေးပါမယ်၊ ကျွန်တော့်ကိုတစ်မျိုးမထင်ပါနဲ့နော်''

''မထင်ပါဘူးကွာ၊ မင်းလည်းမင်းအဆောင်လခမင်းပေး၊ မင်း ထမင်းမင်းဘာသာရှာစားနေတာပဲ၊ ဒါပေမဲ့ စိတ်ဓာတ်တော့ မပျက်စီး စေနဲ့ကွာ၊ ဘဝပါပျက်သွားလိမ့်မယ်''

''ဟုတ်ကဲ့.. ကျွန်တော်ကိုထွန်းဝင်းကို လေးစားပါတယ်၊ ကို ထွန်းဝင်းဆုံးမတဲ့စကားတွေကိုလည်း ကျွန်တော်ဘယ်တော့မှ မမေ့ ဘူး၊ ကံတရားကောင်းအောင် ကိုယ်တိုင်လုပ်ယူရတယ်၊ ကံမကောင်းလို့ စိတ်ဓာတ်ယုတ်ညံ့ရင် ဘဝပါအောက်တန်းကျသွားတတ်တယ်လို့ သင် ပေးထားတာ ကျွန်တော်မှတ်ထားပါတယ်''



''ငါ့ကောင်ကြီး ဒီနေ့တကယ်ကို တော်နေပါလားကွာ၊ အေးပါ လူ့စိတ်ဆိုတာလည်း အမြဲတမ်းဘယ်ကောင်းနေပါ့မလဲ၊ ဟာကောင်မင်း ဖုန်းမြည်နေတယ်ဟ၊ ဖုန်းတွေဘာတွေနဲ့ ဘယ်ချိန်တုန်းကဝယ်လိုက် တာလဲ၊ ငါတောင်မသိလိုက်ရပါလား''

''ခဏလေးနော်ကိုထွန်း၊ ကျွန်တော်ပြီးမှရှင်းပြမယ်''

သရဖီဆီက ဖုန်းဖြစ်နေတာကြောင့် အခန်းအပြင်ဘက်ကို ထွက်လာခဲ့သည်။

''ပြော သရဖီ ဘာလို့ငါ့ဆီဆက်လိုက်ရတာလဲ၊ ငါဆက်မှာပေါ့ အခုကိုထွန်းငါ့ဆီမှာ ဖုန်းရှိတာသိသွားပြီကွ''

''အဲဒါတွေပြောမနေနဲ့၊ အခုအဆောင်လမ်းထိပ်မှာရောက်နေ ပြီ၊ မင်းထွက်လာခဲ့တော့''

''ဟာ.. အခုလား၊ ကြိုပြောတာလည်း မဟုတ်ဘူးကွာ''

''ငွေလာကိုလိုက်ပို့မယ်ဆိုပြီး အပြင်ထွက်လို့ရအောင်လုပ်လာရ တာ၊ မင်းထွက်လာခဲ့တော့ ငါလမ်းထိပ်ရောက်နေပြီ''

''မင်းကွာ၊ ဒီတစ်ရက်လောက်ဖြစ်ဖြစ် အဲဒီမှာနေခဲ့တာမဟုတ် ဘူး၊ ငါဒီမှာကိုထွန်းဝင်းနဲ့ စကားပြောဖို့လုပ်နေတာ၊ မင်းကငါ့အတိုင်း နေမယ်ပြောပြီး အခန်းထဲမှာလည်းရှုပ်ပွ၊ အဝတ်တွေလည်းမလျှော်ဘူး၊ ကိုထွန်းဝင်းသံသယဝင်ချင်နေသလိုပဲ၊ အေးပါ မင်းကသူဌေးသားဆို တော့ မပြောတော့ပါဘူး''

''မပြောနဲ့ ငါဒီနေ့ညစ်နေတယ်၊ အဘိုးနောက်ကို လိုက်သွား နှင့်စိုင်တောင်ပေါက်နေတယ်ထက်နိုင်၊ အိမ်မှာရှိနေတဲ့လူတွေက မိသား တွေချည်းဖြစ်နေတော့ အဘိုးကိုသတ်တာဘယ်သူဖြစ်နိုင်လဲလို့ ကြည့်ဖို့ မှာလည်း တစ်မျိုးကြီးပဲ၊ ငါမွန်းကျပ်လို့သေတော့မယ်''

''အေးအေး.. ငါလာပြီ''

သရဖီ ငိုသံပါကြီးနှင့်ဖြစ်နေသည်မို့ စိုးရိမ်သွားသည်။ သရဖီ

www.burmeseclassic.com

www.burmeseclassic.com



အရက်တွေသောက်ထားသလားမသိ။ အသံတွေကလေးကန်ဝေဝါးလျက်ရှိသည်။ ဖုန်းပိတ်ပြီးသည်နှင့် အခန်းထဲပြန်ဝင်လာကာ . .

“ကိုထွန်း . . ကျွန်တော်အပြင်ခဏသွားလိုက်ဦးမယ်”

“ဟာ . . မိုးချုပ်နေပြီ၊ ဘယ်သွားမှာလဲ”

“ခဏပါပဲ ကျွန်တော်ပြန်လာမယ်”

ဖွတ်ပြေးပြေးပြီး ထွက်သွားသောမင်းထက်နိုင်ကိုကြည့်၍ ကိုထွန်းဝင်းအံ့သြနေသည်။ ဖုန်းတွေဘာတွေက ဘယ်သူပေးထားလို့ ဒီကောင်ကိုင်နေတာလဲ။

ပြောင်းလဲတော့ပြောင်းလဲနေတာပင်။ ဒါပေမဲ့ ဘာကပြောင်းလဲနေတာမှန်းလည်းမသိပေ။

“ကိုထွန်း”

“ဟာ . . မင်းထက်နိုင်”

အခန်းထဲကို ယိုင်ထိုးစွာဝင်လာတာကြောင့် ကိုထွန်းဝင်းအံ့သြသွားလေသည်။ အခုလေးထွက်သွားသော ထက်နိုင်က အခုပြန်ဝင်လာပြီး ခန္ဓာကိုယ်မထိန်းနိုင်အောင် မူးလာသတဲ့လား။ လျင်မြန်စွာထ၍ မင်းထက်နိုင်ကိုထိန်းပေးလိုက်ပြီး ထိုင်ခိုင်းလိုက်ရသည်။

“မင်းအခုပဲထွက်သွားတယ်၊ ဘယ်ဆိုင်က အရက်ကြမ်းဝယ်သောက်ပြီး ဒီလောက်မူးတာလဲ၊ ဘောင်းဘီအိတ်ကလည်းဖောင်းလို့ ဘာတွေလဲကွ”

“နေနေ ဘာမှမဟုတ်ပါဘူး”

အိမ်ကသွားတိုက်ဆေး၊ သွားပွတ်တံ၊ ရေမွှေးပုလင်းနှင့် နှုတ်ခမ်းမွှေးရိပ်သည့်ကြိုတ်ပါ ယူလာတာမို့ ကိုထွန်းကိုမသိစေချင်။ အဝတ်အစားကတော့ သူရောထက်နိုင်ရောအဆင်ပြေအောင် ကားပေါ်မှာပင် အဝတ်အစားလဲလာခဲ့တာပါ။ ကိုထွန်းက သူ့အိတ်ကိုဖွတ်နှိုက်ပြီး။

“ကဲ . . ပေးစမ်းပါကွာ၊ သိမ်းစရာရှိရင် ငါသိမ်းပေးပါ့မယ်



မင်းအခုထွက်သွားပြီး အရက်မူးလာလို့ ငါအံ့သြနေတာနော်၊ မင်းအရက်သောက်တတ်တဲ့ကောင်မှမဟုတ်တာ၊ ခုနလေးကပဲ ငါ့ကိုလေးစားတယ်၊ ငါ့စကားကိုနာခံတယ်ဆို၊ မင်းကွာ ငါ့ညီသာဆို ငါထိုးပစ်လိုက်ပြီ၊ အခုတလောဘာဖြစ်နေမှန်းကိုမသိဘူး၊ ဟာ” သူ့အိတ်ထဲက ပစ္စည်းတွေကြည့်ပြီး ကိုထွန်းပါးစပ်အဟောင်းသား မျက်လုံးပြူးသွားသည်။

“ဒါ . . ဒါတွေကတန်ဖိုးကြီးပစ္စည်းတွေပဲ ဟိတ်ကောင်၊ မင်း . . မင်းဘယ်စတိုင်းဆိုင်က ခိုးလာတာလဲ၊ မင်းမှန်မှန်ပြောစမ်းထက်နိုင်၊ ဟိတ်ကောင်”

“ကိုထွန်း”

“ဘာလဲ”

“ကျွန်တော့်ကို ထက်နိုင်လို့ထင်နေလား”

“ဘာ . . မင်းကထက်နိုင်မဟုတ်လို့ ဘယ်သူလဲ၊ မူးပြီးငါ့ကိုကြောင်နေတာလား”

“ကျွန်တော်သရဲထံ”

“ဘာ”

“ထက်နိုင်ရဲ့အမြွှာညီအစ်ကို”

“ဟား”

ကိုထွန်းဝင်းက ဘာပြောရမှန်းမသိ။ ဟုတ်များဟုတ်နေသလား။ မူးပြီးလျှောက်ပြောနေတာလားဟု သေချာကြည့်နေသည်။ ထက်နိုင်မဟုတ်သည့်အနေအထား ဘယ်နေရာမှလည်း လွဲစရာမရှိ။ ဆံပင်တစ်ခုသာ ပိုပြီးသေသပ်သည်ဟု ထင်မိသည်။

သူကမျက်ရည်တွေရစ်ဝိုင်းပြည့်လျှံနေကာ

“ကိုထွန်းမယုံနိုင်ဘူးမဟုတ်လား၊ ဒီလိုကိစ္စမျိုးမရှိလောက်ဘူးလို့ထင်နေတယ်မဟုတ်လား၊ ထက်နိုင်ကလည်း ကိုထွန်းကို သိစေချင်သေးမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ သိလည်းသိစေချင်မှာပါ။ အခုဖုံးကွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားပေးမယ့် နောက်လည်းသိရမယ့် ကိစ္စပဲလေ၊ ကျွန်တော်လည်း မပြော ချင်ပါဘူး ကိုထွန်းရယ်၊ ဒါပေမဲ့ ဒီနေ့ကျွန်တော့်ရင်တွေထဲမှာ မခံစား နိုင်ဘူးဗျာ၊ အိမ်မှာပဋိပက္ခတွေဖြစ်နေတယ်၊ သူစုံစမ်းချင်တဲ့ကိစ္စကလည်း ဘာမှမသိရသေးဘူး၊ ဒီလိုအချိန်မျိုးမှာ ကျွန်တော်လည်း အိမ်မပြန်ချင် သေးဘူး၊ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူး''

ကိုထွန်းဝင်းပါ စိတ်ညစ်သွားသည်။ ဘာအကြံဉာဏ်မှလည်း မပေးတတ်။ ထက်ခိုင်နှင့်သရဖီကွဲလွဲမှုတွေကို သံသယဝင်စရာမလိုတော့ သော်လည်း စိတ်တွေဘာကြောင့် ပိုပြီးမောပန်းသွားမှန်းမသိတော့ပေ။

မင်းထက်ခိုင်နှင့်သရဖီ သူတို့ကအမြွှာတဲ့လား။

မင့်မရဲ့ယုံကြည်ဖို့ကြိုးစားနေရကာ . . . ။

○○○

## အခန်း (၁၅)

''ယုံကြည်ဖို့ဆိုတာ ဖြေတဲ့သူတွေက မှန်မှန်ကန်ကန် တိတိကျ ကျဖြေဖို့လိုပါတယ်၊ တစ်ယောက်ယောက်က ကိုယ့်အပြစ်ကိုယ်ဝန်မခံ မချင်း အားလုံးကိုတရားခံလို့ ကျွန်တော်တို့သံသယဝင်နေရမှာပါပဲ၊ အဲဒီ အတွက်အမှုမှန်ပေါ်အောင် ကျွန်တော်တို့ကလည်း စစ်ဆေးမေးမြန်းရမှာ ပါ၊ သေသူက မိသားစုဝင်ပဲဆိုပြီး တရားခံကို ငဲ့ညှာစာနာပြီး အမှုကို ဖုံးကွယ်ထားလို့တော့ မရပါဘူး၊ ဥပဒေအရ ကျွန်တော်ထို့ဆောင်ရွက်ရ မှာပါ''

ရဲမှူးကြီးနှင့်အဖွဲ့ရောက်လာပြန်တော့ အားလုံးမျက်နှာမသာ မယာဖြင့် စိတ်ညစ်ကြရပြန်သည်။ အမှုမှန်ပေါ်ဖို့ဆိုတော့လည်း မဖြေလို့ မရပြန်။

ဒီရက်အတွင်း မိသားစုဝင်တွေအားလုံး ခရီးဝေးမသွားဖို့ သွား လျှင်လည်း သူတို့ကိုအကြောင်းကြားဦးမှဆိုတော့ စိတ်မွန်းကျပ်ကြရတာ တော့ အမှန်ပင်။

ကိုကျော်ထင်က ဒီအမှုကို အမြန်ပြီးပြတ်စေချင်နေသည်။ ဟို လူဒီလူကို မေးမြန်းနေတာကိုမကြိုက်။ ဦးပြည်သာအောင်ရဲ့ ကိုယ်ပေါ် မှာ သရဖီရဲ့လက်ဗွေရာအများဆုံးတွေ့ထားတာမို့ ထိုသံသယနှင့်ပဲ သရဖီကို ဖမ်းဆီးထောင်ချတာမျိုး ဖြစ်စေချင်သည်။

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com



ဒါပေမဲ့ ခင်အထင်မလွဲအောင် တခြားသူတွေသံသယဝင်မလာအောင် ထိန်းသိမ်းနေရင်းက ကိုယ့်ရှူးကိုယ်ပြန်ပတ်ခံရမှာ စိုးရိမ်နေသည်။ အပြစ်က ကိုယ်ကျူးလွန်ထားတာမို့ မလုံမလဲဖြစ်နေရခြင်းပါ။

ရဲမှူးကြီးက အားလုံးကိုအကဲခတ်ကြည့်ပြီး . .

“အခု ကျွန်တော်တို့သက်သေအဖြစ်သိမ်းဆည်းထားတဲ့ သေဆုံးသူရဲ့ကိုယ်ပေါ်မှာ စိုက်ဝင်နေတဲ့ဓားက ဘယ်သူ့ဓားပါလဲ၊ ဒီအိမ်မှာ အမြဲသုံးကြက်သွန်လှီးဓားမဟုတ်ဘူးဆိုတော့”

“အဲ . . အဲဒါဖေဖေ့ဓားပါ၊ ဘိုးစဉ်ဘောင်ဆက်သိမ်းလာခဲ့တဲ့ဓားလို့ပြောရမှာပဲ၊ ဖေဖေက ငယ်ငယ်ကတည်းက အဲဒီဓားကိုကြိုက်လို့ လက်ကိုင်နားမှာ ရွှေကွပ်ထားပါတယ်”

“အဲဒီဓားကို အားလုံးမြင်ဖူးကြတယ်ပေါ့”

ချွေးမနှစ်ယောက်နှင့် သရထံငြိမ်နေကြသည်။ တစ်ခါမှမြင်ဖူး ထားခြင်းမရှိသောမို့ ပြောစရာစကားမရှိဖြစ်နေကြတာပါ။

“မခင်နန္ဒာ မြင်ဖူးပါသလား”

“မမြင်ဖူးပါဘူးရှင်”

“မသီရိကြွေ”

“မတွေ့ဖူးပါဘူး”

“မောင်သရထံ”

“တစ်ခါမှမတွေ့ဖူးပါဘူးခင်ဗျ”

သရထံအဖြေကို ကိုကျော်ထင်အံ့သြသွားသည်။ သရထံ ငယ်က ဖေဖေထုတ်ပြဖူးတာကို ကိုယ်တိုင်တွေ့ဖူးထားတာပဲ။ ဖေဖေ ကလေးက ငယ်ပါသေးတယ်၊ ဓားတွေဘာတွေမပြပါနဲ့လို့တောင် ကို သတိပေးခဲ့ရသေးတာ။

ထိုဓားမှာ ကွပ်ထားသည့် ရွှေအလေးချိန်က ငါးကျပ်သာ မကတာ။





“ကိုကျော်ထင်”

“ဗျာ”

“ခုနက ဖေဖေ့ဓားပါလို့ ခင်ဗျားပြောတယ်နော်၊ ခင်ဗျားတစ်ယောက်တည်းမြင်ဖူးတာလား”

“ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လုံးမြင်ဖူးပါတယ်၊ မေမေရှိတုန်းက ပြဖူးတာ၊ လိမ္မာတဲ့သားကိုပေးမယ်ဆိုပြီးတော့ နောက်တော့ ကျွန်တော်တို့ယူမယ့်မိန်းမတွေနဲ့ သဘောမတူလို့ ဒီဓားနဲ့ထိုးသတ်မယ် ဆိုပြီး ခြိမ်းခြောက်တုန်းကလည်း မြင်ဖူးပါတယ်”

“ခင်ဗျားကို အဲလိုလုပ်ဖူးလားကိုမောင်လွင်”

“ကျွန်တော့်ကိုဓားနဲ့တော့ မခြိမ်းခြောက်ဖူးပါဘူး၊ ပြဖူးတာ တော့ဟုတ်ပါတယ်”

ရဲမှူးကြီးရဲ့မျက်လုံးများက ကိုကျော်ထင်အပေါ် စူးစူးနစ်နစ် ဖြစ်သွားသည်။ ကိုကျော်ထင်ထိတ်ခနဲ တုန်လှုပ်သွားပေမယ့် ဣန္ဒြေ တော့မပျက်ပါ။

“ကျွန်တော်တို့ဆရာဝန်စစ်ချက်နဲ့ တိုက်ကြည့်တဲ့အချိန်မှာ သေဆုံးတဲ့အချိန်နဲ့ သေသူကိုတွေ့တဲ့အချိန်က ဆယ့်ငါးမိနစ်လောက် ကွာဟနေတယ်လို့ စစ်ချက်ထွက်လာပါတယ်၊ အဲဒါမောင်သရထံက အဘိုးသေနေတာကို တွေ့တွေ့ချင်း အိမ်ကလူတွေကို ဘာကြောင့် အကြောင်းမကြားတာလဲ၊ ဘာလို့ဒီလိုဖြစ်ရတယ်ဆိုပြီး ထိတ်လန့်ချောက် ချားပြီး အသိပေးရတာမဟုတ်ဘူးလား”

“ခင်ဗျာ . . ကျွန်တော့်အဘိုးကို ဓားဒဏ်ရာနဲ့လဲနေတာတွေ့လို့ ထိတ်လန့်ပြီး ဖက်ပွေ့ငိုတာ အဲဒီလောက်အချိန်ကြာမယ်မထင်ပါဘူး ခင်ဗျာ၊ အလွန်ဆုံးတစ်မိနစ်နှစ်မိနစ်လောက်ပဲ ရှိမယ်ထင်ပါတယ်ခင်ဗျာ”

“ထူပူပြီး အဘိုးအတွက်ခံစားနေရတဲ့ မောင်သရထံက ဘာလို့ အဲဒီအချိန်လောက်ပဲရှိမယ်ဆိုပြီး ခန့်မှန်းနိုင်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ကျ. . . ကျွန်တော်"

"ဟုတ်သားပဲသား၊ ရဲမှူးကြီးတွေကို အမှန်အတိုင်းဝန်ခံလိုက်ပါ၊ လူကြီးတွေအားလုံး စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေကြရပြီ၊ သား အဘိုးဘယ်လိုအကြောင်းနဲ့ စကားများကြတာလဲ၊ သားအဘိုးက တ ယောက်ယောက်နဲ့ စကားများပြီဆိုရင် အဲဒီဓားနဲ့ခြိမ်းခြောက်တတ်တယ် အဲလိုဖြစ်ရင်းနဲ့ သူ့ကိုယ်သူထိုးမိတာလား၊ ဒါမှမဟုတ် သားကခုခံကာ ကွယ်ခဲ့လို့ အဲဒီလိုဖြစ်သွားတာလား၊ အမှန်အတိုင်းပဲပြောလိုက်ပါသာ ရယ်၊ ကိုယ့်အပြစ်ကိုယ်ဝန်ခံလိုက်ပါ"

"ဟာဖေဖေ၊ အဘိုးနဲ့သားအဲလိုဖြစ်စရာအကြောင်းကိုစွမရှိ ဘူး၊ အဘိုးကသားကိုချစ်လို့ ကုမ္ပဏီလည်းပေးမယ်၊ ငွေလနဲ့လည် လက်ထပ်ပေးမယ်လို့ ပြောနေတာပဲ၊ သားကိုအဘိုးဘယ်လောက်ချ တယ် ဘယ်လိုအလိုလိုက်မြတ်နိုးခဲ့တယ်ဆိုတာ ဖေဖေလည်းသိရဲ့သား"

"ဒါပေမဲ့ အပြစ်နိုင်ဆုံးက သားပဲလေ၊ အဘိုးကိုယ်ပေါ်မှာ သားလက်ဗွေရာတွေပဲရှိတယ်၊ အဘိုးသေနေတာကိုလည်း သားပဲအစ ဆုံးတွေ့တာ၊ သားအော်သံကြားမှ ဖေဖေတို့အားလုံး ဘာဖြစ်တာလဲ ဆိုပြီး ပြေးလာကြည့်ကြတာလေ"

"ကိုကျော်. . . ရှင်က သားကိုတရားခံဖြစ်အောင် မရော ရောက်အောင် တွန်းပို့နေတာလား၊ သားကဘာကြောင့်သူ့အဘိုးကို လိုလုပ်စရာအကြောင်းရှိမှာလဲ၊ ဒီလိုဖြစ်စရာအကြောင်းရှိလည်း ဖေ စိတ်တိုင်းမကျတာဆိုလို့ ရှင်တို့ညီအစ်ကိုနှစ်ယောက်ပဲရှိတာ မဟုတ် လား၊ သားကိုတော့ ဘာတွေလုပ်လုပ်၊ ဘာတွေဖြစ်နေနေ သူ့အဘိုး အပြစ်မမြင်ဘူး၊ ခွင့်လွှတ်ထားတယ်၊ ဓားနဲ့ခြိမ်းခြောက်ရအောင် ဘာ ပြဿနာတက်စရာအကြောင်းရှိလဲ"

"ဒါဆိုဒီအိမ်မှာ ဖေဖေနဲ့ဒီလိုမျိုးဘယ်သူပြဿနာတက်နိုင် လဲ"





"အမွေကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်တဲ့သူရှိချင်ရှိမှာပေါ့၊ ကျွန်မ ဘယ်သူပါလို့ လက်ညှိုးမထိုးချင်ဘူး၊ ဒါပေမဲ့ သားမဟုတ်တာတော့ ကျွန်မယုံကြည်တယ်"

အချေအတင် ဖြစ်နေကြတာကို ရဲမှူးကြီးက ဘာမှဝင်မပြော တော့ဘဲ ကြည့်နေသည်။ ဒီလိုတစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက် ခိုက်ခုန်းနေရမှ ဖြစ်နိုင်သည့်အခြေအနေတွေကို ဖော်ထုတ်လို့ရမှာမဟုတ်ပါလား။

ခင်နန္ဒာရဲ့မျက်လုံးများ သီရိကြွေဆီရောက်သွားတော့ သီရိကြွေ ခံမရပ်နိုင်ပုံစံမျိုး ဖြစ်သွားကာ

"ခင့်သားကို ကုမ္ပဏီကြီးတစ်ခုလုံးပေးတာ ကြွေတို့က ဘာမ ကျေနပ်စရာရှိလဲ၊ သရထံက ကိုယ့်တူသားအရင်းမို့ မကျေနပ်စရာ အကြောင်းလည်းမရှိဘူး၊ ပြီးတော့ စက်ရုံတစ်ရုံရထားတာပဲ၊ ကြွေတို့မှာ သားသမီးမျိုးဆက်မရှိတဲ့အတွက် ရောင့်ရဲနိုင်တယ်"

"ဒါကတော့ လူ့အတွင်းစိတ်ဆိုတာ မမြင်နိုင်ဘူးလေ"

"အဲလိုပြောကြေးဆို၊ ခင့်ရဲ့အတွင်းစိတ်ကရော ဖြူစင်သန့်ရှင်း ပါတယ်၊ ရိုးသားပါတယ်လို့ အာမခံနိုင်သလား၊ ချွေးမကို ကျွန်လိုထား လို့ ခင့်ရင်ထဲမှာ နာကြည်းချက်တွေရှိနေတယ်မဟုတ်လား၊ အိမ်မှုကိစ္စ တွေ ဝေယျာဝစ္စတွေလုပ်ရင်းနဲ့ ကျွန်လိုသဘောထားနေတဲ့ဖေဖေကို သတ်ပစ်ချင်တဲ့အထိ ဖြစ်ချင်ဖြစ်နေမှာပဲ"

"ဟုတ်သားပဲခင်၊ လူတစ်ယောက်ရဲ့ အမုန်းစိတ်ဆိုတာ ကြောက်ဖို့ကောင်းတယ်၊ မကျေနပ်ချက်တွေဖေဖေ့ကို သွားပြောလို့ ဖေဖေ ကသူ့သိမ်းထားတဲ့ ဓားနဲ့ခြိမ်းခြောက်ရင်း ဒီလိုဖြစ်သွားတာမဟုတ်လား၊ ကိုယ်လုပ်ထားတဲ့ကိစ္စဆိုရင်လည်း သူများတွေဒုက္ခမရောက်အောင် ဝန်ခံ လိုက်ပါဗျာ"

ကိုမောင်လွင်တို့လင်မယားရဲ့စကားများကြောင့် ခင့်ကိုတရားခံ ဖြစ်သွားမှာစိုး၍ ကိုကျော်ထင်ဒေါသဖြစ်ကာ မျက်မှောင်ကြုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လွင် မင်းဘာယ်လိုပြောလိုက်တာလဲ၊ ခင့်မှာအဲလိုဒေါသတွေမခံချင်စိတ်တွေမရှိဘူး၊ ဖေဖေဘာယ်လိုပဲဆက်ဆံဆက်ဆံ သူ့သားလေးကို ရွှေပေါ်မြှတင်ထားပြီး ဖြည့်ဆည်းအလိုလိုက်ချစ်ပေးလို့ သူ့ကအရာရာကျေနပ်သည်းခံပေးနေခဲ့တဲ့မိန်းမ၊ ဖေဖေ့ကိုရော မိသားစုတွေကိုရော ဘာတွေလုပ်ပေးရလုပ်ပေးရ ငြီးငြင်တာတွေ့ဖူးလား၊ အပြုံးပျက်တာမြင်ဖူးလား၊ ဒါတောင်ဖေဖေက အကောင်းမမြင်လား၊ ကြွေကရော ချွေးမချင်းအတူတူ မျက်နှာသာပေးခံရတယ်ဆိုပြီး ဘာအလုပ်မှ သိပ်ကူမလုပ်ချင်ဘဲ ခင့်ကိုနှိမ့်ချဆက်ဆံချင်ခဲ့တာပဲမဟုတ်လား၊ ဖေဖေ့ရှေ့မှာသာ အပေါ်ယံဆားဖြူးပြီး လေးနက်ချင်ဟန်ဆောင်နေတာ၊ ဘာအမွေမှမရမှာစိုးလို့လေ၊ ဟုတ်တယ်မဟုတ်လား"

"ဒါဆို ကိုကျော်ရော ကိုယ့်ကိုယ်ကိုယ် အပြစ်ကင်းပါတယ်လို့ အာမခံနိုင်သလား၊ ခင့်ကိုချွေးမအဖြစ်အသိအမှတ်မပြုဘဲ ကျွန်လိုထားလို့ ဖေဖေ့ကိုမကျေနပ်ချက်တွေများနေတာလေ၊ တစ်နေ့နေ့ ဖေဖေ့ကို ပေါက်ကွဲမယ်ဆိုတဲ့ဆန္ဒမျိုးနဲ့ ကြိတ်ခဲထားခဲ့တာမဟုတ်လား၊ အဲဒီလိုသွားလုပ်ရင်းနဲ့ ဖေဖေနဲ့ဒီလိုမျိုး"

"တော်စမ်းကြွေ၊ ငါ့ကိုမွေးထုတ်ထားတဲ့အဖေကို ငါဒီလိုလုပ်စရာအကြောင်းမရှိဘူး"

"ဒါဆိုဒေါ်ဆွဲမိလား"

"ဟင်"

ဒေါ်ဆွဲမိ ကြောင်တောင်တောင်နှင့် ကြောက်ရွံ့တုန်လှုပ်ကာ မျက်လုံးလေးပြူးသွားသည်။ ဒီလိုကိစ္စမျိုးမကြုံဖူးတာမို့ ပူးယှက်ထားသောလက်ကလေးတွေ တဆက်ဆက်တုန်နေရှာသည်။

ကြွေက မျက်စောင်းဝင့်ပြီး. . .

"ဖေဖေ့ကို ဒေါ်ဆွဲမိလည်း မကျေနပ်ချက်တော့ ရှိနေမှာပဲ၊ ငယ်ငယ်ကတည်းက အတူနေလာပြီး အိမ်ထောင်မပြုအတွယ်အတာမရှိဘဲ အလုပ်အကျွေးပြုစုလာပါရဲ့နဲ့ သူ့ကိုတော့ တစ်ပြားတစ်ချပ်၊ အမွေပေးတာမျိုးမရှိဘူးလေ၊ သားသမီးနဲ့မြေးကိုပဲ ခွဲဝေပေးထားခဲ့တာမဟုတ်လား၊ ပြီးတော့ ငယ်ငယ်ကတည်းက ဖေဖေ့ကို ကြိတ်ပိုးမျှော်လင့်တာမျိုး ရှိချင်ရှိခဲ့မှာပဲလေ၊ အဲဒီအတွက် နာကြည်းပြီးပေါက်ကွဲလို့ ဖေဖေကသွားနဲ့ခြောက်လှန့်ရင်း ဒီလိုဖြစ်ခဲ့ရတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်"



"အဲလိုတော့ ဒေါ်ဆွဲမိကို မပုတ်ခတ်လိုက်ပါနဲ့၊ ဒေါ်ဆွဲမိကိုယ်ကျင့်တရားကို မစော်ကားလိုက်ပါနဲ့ကြွေရယ်၊ ကိုယ့်အဆင့်အတန်းနဲ့ သူဌေးကြီးကို အဲလိုမျှော်လင့်ဝံ့တာမျိုးရှိပါ့မလား၊ တကယ်ကို သူဌေးကြီးကို လေးလေးစားစားအလုပ်အကျွေးပြုစုခဲ့တာပါ၊ အဲဒီစေတနာ မှန်ကန်မှုကြောင့်လည်း သူဌေးကြီးက ဒေါ်ဆွဲမိအိုစာနာစာအတွက် ဘဏ်မှာငွေသားသိန်းတစ်ရာအပ်ပေးထားပါတယ်၊ လူ့ဒါန်းလို့ရအောင် ဆေးဘာလို့ရအောင်တဲ့"

"ဟင်"

ဒီကိစ္စကို ဘယ်သူမှသိမထားကြပေ။ တစ်ယောက်အကြောင်းတစ်ယောက်ဖော်ရင်းနှင့် ပြောနေကျမှ မင်းထက်ခိုင်လည်း အကြောင်းစုံသိရတာပါ။ ဒါပေမဲ့ သူနှင့်မရင်းနှီးသေးသည့် သူတွေမို့ဘယ်သူ့ကိုမှ ထိခိုက်ပုတ်ခတ်ခြင်းမရှိ၊ ငြိမ်သက်နေခဲ့သည်။

ရဲတွေကအားလုံးပြောသမျှ မှတ်တမ်းတွေယူပြီး ဒေါ်ဆွဲမိကို သက်ထိတ်ခတ်လိုက်၍ ဒေါ်ဆွဲမိကြောက်လန့်သွားသလို အားလုံးလည်း အံ့အားသင့်သွားကြသည်။

"ဘာ. . ဘာဖြစ်လို့လဲရှင်၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ"

"ဒေါ်ဆွဲမိကို ဘာလို့ဖမ်းတာလဲရဲမှူးကြီး၊ သူကဘာအပြစ်လုပ်လို့လဲ၊ သူကတရားခံမဟုတ်ပါဘူး"

ကိုကျော်ထင်ပျာပျာသလဲ ဝင်ပြောရှာသည်။ ရဲမှူးကြီးက စိတ်ကောင်းသည့်ဟန်ဖြင့် . . .

www.burmeseclassic.com



"ကျွန်တော်တို့သူ့ကို တရားခံဖြစ်နိုင်မယ်ထင်လို့ ဖမ်းလိုက်တာ
ပါ၊ သေချာစစ်ဆေးကြည့်လို့မဟုတ်ဘူးဆိုရင်တော့ ပြန်လွှတ်လိုက်ပါမယ်
မိသားစုထဲမှာ သူစိမ်းဆိုလို့သူတစ်ယောက်ပဲရှိတယ်၊ စကားအသွားအလာ
တွေ နားထောင်ကြည့်တော့လည်း သူပဲဖြစ်နိုင်တယ်ထင်လို့ပါ"

"ဟာ. . . အဲလိုသံသယရှိရုံနဲ့ ဒီလိုလက်ထိတ်ခတ်ဖမ်းဆီးသွား
လို့ရသလား။ မဟုတ်ရင် ခင်ဗျားတို့ကို ပြန်တရားစွဲလို့ရတယ်နော်"

"ဒေါ်ဆွဲမိမဟုတ်ပါဘူးလို့ ခင်ဗျားဘာလို့အတိအကျပြောနိုင်
တာလဲ ကိုကျော်ထင်"

"ဗျာ. . . ကျ. . . ကျွန်တော်ပြောတာက"

"ကဲပါ. . . တရားဥပဒေဆိုတာ အမှန်အတိုင်းဖြစ်ရမှာပါ၊ ဒေါ်ဆွဲ
မိမဟုတ်ရင် တခြားတစ်ယောက်ပေါ့၊ အပြင်လူမဟုတ်တာသေချာနေတဲ့
အတွက် ဒီအိမ်ထဲက တစ်ယောက်ယောက်ကတော့ သေချာနေတယ်
ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"ဟာ. . . ဒေါ်ဆွဲမိ"

"ဒေါ်ဆွဲမိ"

ဒေါ်ဆွဲမိပါသွားတာကို အားလုံးစိတ်မကောင်းဖြစ်နေကြသည်
ဒေါ်ဆွဲမိမှာ အသက်လည်းကြီးနေပြီမို့ ကတုန်ကယင်တုန်လှုပ်နေရှာသည်
ဦးကျော်ထင်မှာ သရထံကို ခပ်စိမ်းစိမ်းမျက်မှောင်ကြုတ်ကြည့်နေ
လျက်. . ။

၀၀၀

## အခန်း (၃၆)

"ဒေါ်ဆွဲမိကို လက်ထိတ်ဖြုတ်ပေးလိုက်"

ကိုကျော်ထင်တို့ခြံဝင်းထဲက ထွက်သည်နှင့်ဒေါ်ဆွဲမိကို လက်ထိတ်ဖြုတ်နိုင်းလိုက်သည်။ ဒေါ်ဆွဲမိက ရဲကားပေါ်ထိုင်လိုက်လာရင်း ကြောက်ရွံ့တုန်ယင်နေသည်။

ရဲမှူးကြီးက ရဲစခန်းရောက်သည့်အခါမှာ ဒေါ်ဆွဲမိကို ရုံးခန်းအတွင်း ကော်ဖီတွေမုန့်တွေကျွေးပြီး ကောင်းမွန်စွာဧည့်ခံသည်။ ဒေါ်ဆွဲမိမှာ စားလည်းမစားရဲ သောက်လည်းမသောက်ရဲရှာ။

ဒီအသက်အရွယ်ရှိမှ ထောင်ကျရမည်ဆိုလျှင် ထောင်ထဲမှာတင်သေရုံပဲမဟုတ်ပါလား။

"ဒေါ်ဆွဲမိ"

"ရှင်. . . ရှင်ရဲမှူးကြီး"

"လူသတ်မှုနဲ့ ထောင်ကျမှာကြောက်တယ်မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ကြောက်ပါတယ်ရှင်၊ ကျ. . . ကျွန်မဒီအသက်အရွယ်ထိ ခြင်တို့ပုရွက်ဆိတ်တို့တောင် နာနာကျင်ကျင်ဖြစ်အောင်သတ်ဖူးပါဘူး၊ ဦးပြည်သာအောင်ကိုသတ်ဖို့မပြောနဲ့၊ စိတ်နဲ့တောင်ပြစ်မှားဖူးပါဘူး"

"ကျွန်တော်သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ဒါ. . . ဒါဆိုကျွန်မကို ဘာလို့ဖမ်းခေါ်လာတာလဲ"

"အဲဒီအိမ်ကလူတွေနဲ့ ဦးပြည်သာအောင်ရဲ့ ဆက်ဆံရေး အခြေ အနေမှန်ကို သိချင်လို့ပါ"

"ဟုတ်. . . ဟုတ်ကဲ့"

"ခင်နန္ဒာအပေါ် ဦးပြည်သာအောင်က သိရိုကြွပြောသ အိမ်ကျွန်တစ်ယောက်လို ဆက်ဆံခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ် အမှန်ပါပဲ၊ အစကတည်းက သဘောမတူပါဘူး သဘောမတူလို့လည်း ခင်ကိုမောင်ကျော်ထင် ခိုးပြေးသွားတော့ အ ဖြတ်ခဲ့ပါတယ်၊ မြေးလေးရမှ ပြန်ခေါ်ခဲ့တာပါ၊ ဒါပေမဲ့ ခင့်ကိုသမီးချွေး အဖြစ် မသတ်မှတ်ခဲ့ပါဘူး"

"အဲဒီအပေါ် ခင်နန္ဒာ နာကြည်းပြီး ဦးပြည်သာအောင်ကို ဒီ လုပ်လိမ့်မယ်လို့ မထင်မိဘူးလား"

"မ. . . မထင်မိပါဘူးရှင်၊ ခင်က အရမ်းကိုရိုးသားသိမ်မွေ့ တယ်၊ စိတ်ထားလေးကလည်း နူးညံ့တယ်၊ သားအသက်နဲ့အမျှ ဒီအိမ် ကြီးမှာ အနှံ့တာခံအနှိမ်ခံသည်းခံနေခဲ့ရပေမယ့် ငြိုငြင်မှုရှိတာ၊ မျက် နာတာ၊ ဦးပြည်သာအောင်ကို မကောင်းပြောတာ တစ်ခါမှမကြား မတွေ့ခဲ့ပါဘူး။ မောင်ကျော်ထင်က မိန်းမကိုဒီလိုဆက်ဆံရပ့်မလား ပြီး ဖအေကိုမကျေမနပ်ဖြစ်တာတောင် ခင်ကဖျောင်းဖျနေခဲ့တာပါ၊ သ ကိုဒီလိုချစ်မြတ်နိုးပေးတာနဲ့တင် ခင်ဒီလိုပေးဆပ်ရကျိုးနပ်တယ်၊ ကျေ နပ်တယ်ဆိုပြီး ပြောနေခဲ့တာပါ"

"အဲလိုပြောတာကို ဒေါ်ဆွဲမိက ဘယ်လိုကြားတာလဲ၊ ဒေါ် မိကြားအောင် တမင်ဟန်ဆောင်ပြောတာမျိုး ဖြစ်နိုင်သလား"

"ဟင့်အင်းမဖြစ်နိုင်ပါဘူး၊ သူတို့လင်မယားအတွက် ညအိပ် ဝင်သောက်ဖို့ နွားနို့သွားပို့တဲ့အချိန်မှာ အခန်းအပြင်ကနေ ကြားရတာ

"ဪ. . . ဒါဆို သိရိုကြွကရော အမွေခွဲဝေမှုနဲ့ပတ်သက်



မကျေနပ်တာမျိုး ရှိသလား"

"အင်း. . . ဟုတ်ကဲ့၊ အဲဒါတော့ ရှိပါတယ်၊ မောင်ကျော်ထင် အနေနဲ့ သူယောက်ျားလိုစက်ရုံတစ်ခုစီရတယ်ဆိုပေမယ့် သားကကုမ္ပဏီ တစ်ခုလုံးပိုင်သွားတာဆိုတော့ သူတို့အနေနဲ့ တရားမမျှတဘူးလို့ ထင် တာပေါ့လေ၊ ကြွေက ကလေးမမွေးတော့ မျိုးဆက်မကျန်ဘူး။ မျိုးဆက် မကျန်တော့ ဝေစုနည်းတာပေါ့၊ သူ့ခွေးကြီးက အရမ်းစဉ်းစားချင့်ချိန်တဲ့ သူပါ"

ဦးပြည်သာအောင်ကို အကောင်းမြင်ပေးသူမို့ ဦးပြည်သာအောင် သေရတာ ဒေါ်ဆွဲမိရဲ့ဥပါဒါန်မပါနိုင်ဘူးဆိုတာ သေချာသွားသည်။

"ကျွန်တော်တစ်ခုလောက်မေးချင်တယ်။ အဲဒါလေး သေသေ ချာချာဖြေပေးပါ"

"ဟုတ်ကဲ့ရှင့်"

"သရထံက ဟို. . . ကိုကျော်ထင်ရဲ့ သားအရင်းဟုတ်ရဲ့လား"

"ရှင်"

"ဒီလိုပါ. . . ကိုကျော်ထင်က သရထံကို အပြစ်ပုံချချင်တဲ့ပုံစံ မျိုးဖြစ်နေတယ်"

"ကျွန်မလည်း တွေးမိပေမယ့် အဲလိုမဖြစ်နိုင်ဘူးထင်ပါတယ်၊ သရထံလေးက ကိုကျော်ထင်နဲ့ ခင်နန္ဒာတို့ရဲ့သားပါ၊ အစကသဘော မတူလို့ ပစ်ထားခဲ့ပေမယ့် သရထံလေးတစ်လသားအရွယ်မှာ သူ့ခွေး ကြီးက ပြန်ခေါ်လို့ရောက်လာကြတာ"

"ဒါဆို သရထံမှာ အမြွှာညီအစ်ကိုတွေဘာတွေရောရှိသလား"

"ရှင်. . . အဲလိုတော့မရှိပါဘူး၊ အိမ်ကိုရောက်လာတာ သရထံ လေးတစ်ယောက်ပဲပါပါတယ်၊ နောက်ထပ်လည်း တစ်ယောက်မှမမွေး တော့ပါဘူးရှင်"

"အဲဒါသေချာသလား။ ဒေါ်ဆွဲမိက ဦးပြည်သာအောင်လက်

www.burmeseclassic.com

www.burmeseclassic.com



ထက်ကတည်းက အတူနေလာခဲ့တယ်ဆိုလို့ အကြောင်းစုံသိနေမလားလို့ မေးကြည့်တာပါ''

''သေချာပါတယ်၊ တစ်ယောက်တည်းပါလာတာပါ၊ သူတို့နိုး ပြေးတာ ဆယ်လဆယ့်တစ်လ၊ အင်းအဲလောက်ရှိမယ်၊ ပြန်လာတော့ ကလေးတစ်ယောက်ပါလာတယ်၊ အမြွှာဆိုရင်လည်းနှစ်ယောက်ပါလာမယ်လေ၊ အဲ. . နောက်ထပ်လည်း မွေးချိန်မရှိပါဘူး၊ သေချာတာက အိမ်မှာလည်း တစ်ယောက်မှထပ်မမွေးပါဘူး။ ဘာလို့အဲဒါကိုမေးတာလဲ ရှင်''

''ကျွန်တော်တို့. . သရထံနဲ့ ရွှတ်စွတ်တူတဲ့လူတစ်ယောက်ကို တွေ့ထားလို့ပါ''

''ရှင်''

''လုံးဝရုပ်ချင်းခွဲမရအောင်တူတယ်၊ ဒီမိသားစုဝင်တွေရဲ့နောက်ကို ကျွန်တော်တို့အဖွဲ့တွေရဲ့ဒိုးလိုက်နေရင်းနဲ့ တွေ့တာပါ၊ သရထံကားပေါ်ကိုတက်တယ်၊ ပြန်ဆင်းတယ်၊ ရုပ်ကတူနေတော့ဘယ်သူက ဘယ်သူမှန်းတော့မသိဘူး။ သရထံကားမောင်းထွက်သွားလို့ နောက်ကလိုက်တာ၊ သူနဲ့တူတဲ့သူက အဝတ်အစားနွမ်းနွမ်းနဲ့ကားပေါ်တက်တယ်၊ ကျွန်တော်တို့အဖွဲ့သားတွေ မျက်လှည့်ပြခံရသလိုကို မျက်စိလည်သွားကြတာ''

''ဪ''

ဒေါ်ဆွဲမိလည်း အံ့ဩသွားသည်။ ဒီလိုလူ့ဝက်မူတွေရှိမှန်းတော့ ဒေါ်ဆွဲမိမသိပေ။ ရဲမှူးကြီးက ချင့်ချိန်စဉ်းစားနေဟန်ဖြင့်

''ဒေါ်ဆွဲမိမသိဘူးဆိုရင်တော့ ဒါဟာ ဒီကိစ္စဖြစ်သွားရတဲ့ အကြောင်းအရင်းဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒီကိစ္စကို သူတို့ဖွင့်ပြောလာတဲ့ အထိ ကျွန်တော်တို့စောင့်ကြည့်ဦးမယ်၊ ဘယ်သူပဲအပြင်ထွက်ထွက် ကျွန်တော်တို့ကတော့ နောက်ကနေ ချက်ကင်လိုက်နေမှာပါပဲ၊ ဒေါ်ဆွဲမိလည်း ဒီအကြောင်းဘယ်သူကိုမှ မပြောပါနဲ့ဦး။ ပြီးတော့ ဒေါ်ဆွဲမိက



ဒီမှာခဏနေစေချင်တယ်''

''ရှင်. . ကျ. . ကျွန်မကို ဖမ်းချုပ်ထားမလို့လား''

''မဟုတ်ပါဘူး။ ဒေါ်ဆွဲမိကို ဖမ်းချုပ်ထားတယ်ဆိုရင် တရားခံဖြစ်သူ ဘာတွေဆက်လုပ်မလဲဆိုတာ သိချင်လို့ပါ၊ အဲဒီအိမ်မှာ ဦးပြည်သာအောင်ကိုသတ်တဲ့သူ၊ ဒါမှမဟုတ် သေစေတဲ့သူ ရှိကိုရှိနေတယ်၊ ကျွန်တော်တို့သိပ်မကြာခင် အမှုမှန်ကိုဖော်ထုတ်နိုင်မှာပါ၊ ကျွန်တော့်အိမ်မှာ ကျွန်တော့်မိန်းမနဲ့အတူတူ အေးအေးချမ်းချမ်းလေးနေရမှာပါဒေါ်ဆွဲမိ၊ ခဏလေးအောင့်အည်းသည်းခံပေးပါ၊ အမှုမှန်ပေါ်ဖို့ ပူးပေါင်းကူညီပေးတယ်လို့ပဲ သဘောထားပေးပါခင်ဗျာ''

ရဲမှူးကြီးရဲ့မေတ္တာရပ်ခံမှုကြောင့် ဒေါ်ဆွဲမိဘာမှမပြောနိုင်တော့ပေ။ သူ့ဌေးကြီးအတွက် အမှုမှန်ပေါ်ဖို့ကိစ္စမို့ မိမိတတ်နိုင်သည့်ဘက်က ကူညီပေးရတော့မှာပင်။

မိသားစုအတွင်းမှာတောင် ဘာကြောင့်ဒီလိုပြဿနာတွေရှိရသည်ဆိုတာ နားမလည်နိုင်တော့ပါ။ ဒေါ်ဆွဲမိမှာတော့ အံ့ဩပြီးရင်းအံ့ဩရင်းနှင့် . . .။

ooo

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဒေါ်ဆွဲမိမရှိသည့်အချိန်မှာ အိမ်အလုပ်တွေက ပိုပြီးမနိုင်မနင်းဖြစ်လာသည်။ ချက်ပြုတ်သည့်နေရာရော အိမ်သန့်ရှင်းရေးလုပ်သည့်နေရာရော သီရိကြွေက ဘာတစ်ခုမှကူမလုပ်ပါ။ ယောက်ျားကမွှတ်ထွက်သွားပြီဆိုကတည်းက မိဘအိမ်သွားဦးမည်ဆိုပြီး ထွက်သွားလိုက်တာ အခုချိန်ထိတောင် ပေါ်မလာတော့။ မောင်လွင်နှင့်အတူ မိဘအိမ်ကနေ ထမင်းစားပြီးမှ ပြန်လာတော့မည်ဟု မှန်းဆက်ထားသည်။

ဒီနေ့တော့ ကိုကျော်ထင်လည်း အလုပ်လုပ်ရတာ စိတ်မပါလို့ဆိုပြီး အိမ်ကိုစောစောပြန်ရောက်နေသည်။ ဖအေတစ်ယောက်လုံး ဆုံးပါးထားတော့ ဘယ်လိုလုပ်အလုပ်ထဲမှာ စိတ်ပါနိုင်ပါတော့မလဲ။

လင်ယောက်ျားမျက်နှာညိုးနွမ်းနေတာကို ခင်လည်းစိတ်မကောင်းပေ။ ဖေဖေသေရသည့်ကိစ္စကိုလည်း စိတ်မကောင်း။ ဒေါ်ဆွဲမိအဖမ်းခံရတာကိုလည်း စိတ်မကောင်းနှင့် ခင်လည်းစိတ်ရောလူရောချုံးချုံးကျနေသည်။

သားကတော့ မိမိကိုနားလည်စာနာပေးရှာသည်။ သူလုပ်တတ်သလောက် ကူလုပ်ပေးပြီး အခုတော့ အပြင်ထွက်သွားသလား၊ ဘယ်ရောက်သွားသလဲမသိပါ။ သားလည်း မိမိလိုပင် စိတ်ပင်ပန်းနေရှာမှာပါပဲ။

---



"ကိုကျော်"

"ဪ . . ခင်"

အခန်းထဲဝင်လာသော ခင့်နဖူးလေးကို ကိုကျော်ထင်အားပေးသလို နမ်းမွှေးလိုက်သည်။

"ခင်ပင်ပန်းနေပြီလား"

"ခင်လုပ်နေကျအလုပ်တွေပဲ ခင်ထူးပြီးမပင်ပန်းတော့ပါဘူး ကိုကျော်၊ ကိုကျော်ကသာ ဖအေကဆုံး။ စက်ရုံအလုပ် ကုမ္ပဏီအလုပ်တွေကနားလို့မရ၊ မိသားစုအတွင်းထဲကဆိုပြီး နာမည်ဂုဏ်သတင်းပျက်တာကို သိက္ခာဆယ်ဖို့တွေတွေးရ၊ ရဲကလာပြီးစစ်ဆေးမေးမြန်းရင်ဖြေရနဲ့ အရမ်းကိုစိတ်ရောလူရော ပင်ပန်းနေမှာပဲ၊ ခင်ကကိုကျော်ကိုပဲ စိုးရိမ်တာပါ"

"ကို့အတွက် မစိုးရိမ်ပါနဲ့ခင်၊ ခင့်အတွက်လည်း ဖေဖေမရှိတော့ဘူးဆိုတော့ အိမ်အလုပ်တွေအားလုံးလုပ်မယ့် အိမ်အကူနှစ်ယောက်လောက် ပွဲစားတွေကတစ်ဆင့် ကိုရှာခိုင်းထားတယ်၊ နောက်ဆို ပင်ပန်းတဲ့အလုပ်တွေ ခင်မလုပ်ရတော့ပါဘူး"

"အို . . ဒေါ်ဆွဲမိပြန်လာမယ့်ဥစ္စာ၊ ဘာလို့နှစ်ယောက်တောင်ခေါ်ရတာလဲ"

"ဒေါ်ဆွဲမိပြန်လာဖို့ဆိုတာ တရားခံက ဝန်ခံဦးမှကိုးခင်ရဲ့၊ တရားခံကဝန်မခံရင် သူ့ကိုဘယ်ပြန်လွှတ်ပါ့မလဲ၊ မိသားစုထဲမှာ သူတစ်ယောက်ပဲ သူစိမ်းပါတာဆိုတော့ သံသယနဲ့ ဖမ်းသွားတာပေါ့"

"ကိုကျော်က ဒီမိသားစုထဲမှာ တရားခံဘယ်သူဖြစ်မယ်လို့ထင်လဲ"

"သားတော့အဖြစ်နိုင်ဆုံးလို့ထင်တာပဲ"

"ရှင် . . ကို . . ကိုကျော်ဘယ်လိုပြောလိုက်တာလဲ ဘာကြောင့်ဒီလိုစကားမျိုးပြောရတာလဲ ကိုကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေသေတဲ့အချိန်မှာ သားတစ်ယောက်ပဲ ဖေဖေ့နားမှာရှိတယ်၊ သူအော်လိုက်မှ ကိုတို့အားလုံး ဖေဖေ့အခန်းထဲရောက်သွားကြတာလေ၊ ခင်အရင်နိုးပြီး ကိုကိုနှိုးတာမဟုတ်လား၊ မောင်လွင်နဲ့ကြရော၊ ဒေါ်ဆွဲမိရော ကိုတို့နောက်ကရောက်လာကြတာ"

"အဲဒါနဲ့ပဲ သားကတရားခံဖြစ်နိုင်ရောလား"

"အဲဒါဆို ခင်ကဘယ်သူကိုထင်နေလို့လဲ"

"ခင်ကတော့ ဘယ်သူ့ကိုမှမထင်ဘူးကိုကျော်၊ မိသားစုဝင်တွေရော၊ ဒေါ်ဆွဲမိရော ဖေဖေ့ကိုဒီလိုဖြစ်အောင် ဘယ်သူမှလုပ်မယ့်သူမရှိဘူး"

"အပြင်ကလူမဖြစ်နိုင်ဘူးလို့ ရဲကအတိအကျကို သုံးသပ်ထားတာ၊ သူတို့ကအတွင်းအပြင် ခြေရာလက်ရာအားလုံး သေချာစစ်ဆေးပြီးမှ အိမ်ကလူတွေကို သံသယဝင်တာခင်"

"အေးပေါ့လေ၊ စုံစမ်းရမှာ ရဲတွေ့အလုပ်ပဲ၊ ခင်ကတော့ ဘယ်သူမှ မဖြစ်ပါစေနဲ့လို့ဆုတောင်းတယ်၊ တကယ်လို့မပြောကောင်းမဆိုကောင်း သားဖြစ်ခဲ့မယ်ဆိုရင် ခင်ရင်ကျိုးပြီးသေမှာပဲ"

"ကိုဖြစ်ခဲ့မယ်ဆိုရင်ရော ခင်ဘယ်လိုခံစားရမှာလဲ"

"အို... နိမိတ်မရှိနမာမရှိ လျှောက်မပြောစမ်းပါနဲ့ကိုကျော်ရယ်၊ ကိုကျော်အဲလိုစိတ်လိုက်မာန်ပါဖြစ်တတ်တဲ့လူမျိုးမဟုတ်ဘူးဆိုတာ ခင်ယုံကြည်ပါတယ်၊ ခင့်ယောကျ်ားက စိတ်သဘောထားနူးညံ့တယ်၊ အနေအေးဆေးသဘောထားကြီးတယ်၊ ကြင်နာတတ်တယ်ဆိုတာ ခင်အသိဆုံးပဲ၊ အင်း... တစ်ခါတလေ သားအပေါ်ပဲ အေးစက်တတ်တာ ခါလည်းကိုကျော်စကားနည်းပြီး အနေအေးဆေးလို့ဆိုတာ ခင်နားလည်ပါတယ်"

ကိုကမင်းထင်သလို ယောကျ်ားမျိုးမဟုတ်ပါဘူးလို့ ခင်မှန်းသွားမှာစိုးလို့ ဝန်မခံရဲပေ။ ခင့်ဆံနွယ်လေးတွေကိုသာ တရှိုက်မက်မက် နမ်း



မွှေးလိုက်ပြီး ကျေးဇူးတင်ပါတယ်ခင်လို့ တိုးတိုးလေးပြောလိုက်မိသည်။ ခင်ကခပ်လွန့်လွန့်လေးရုန်းပြီး...

"ဖယ်ပါဦး၊ ဒေါ်ဆွဲမိမရှိတော့ အဝတ်တွေလျှော်စက်ထဲထည့်ပြီး ခင်လျှော်လိုက်ဦးမယ်"

"အာ... ဘာလို့လျှော်မှာလဲ ခင်ရယ်၊ အိမ်အကူနှစ်ယောက်တောင်ခေါ်ထားပါတယ်ဆို"

"အဲဒါကနောက်မှ အဝတ်တွေက ဖေဖေဆုံးတဲ့ရက်ကတည်းက မလျှော်ဘဲထားတာ ပုပ်သိုးကုန်တော့မယ်၊ ကဲပါလျှော်စက်ထဲထည့်တာ ဘယ်လောက်ပင်ပန်းမှာမို့လဲ"

ပြောပြီး အဝတ်ညစ်ခြင်းထဲကအဝတ်တွေ ဆွဲထုတ်ဖွလိုက်သည်။ ကိုကျော်ရှပ်အင်္ကျီတွေရဲ့ ကပ်ပိုးစတွေကို လက်နှင့်သေချာပွတ်တိုက်ပြီး လျှော်ရမှာမို့ ရွေးထုတ်ရမှာပါ။

"ဟင်"

ကိုကျော်ခြေအိတ်လက်အိတ်တွေ ဘာကြောင့်သွေးစွန်းနေတာလဲ။

ဒီခြေအိတ်လက်အိတ်တွေက ဖေဖေသေဆုံးမည့်ညက ကိုကျော်လက်တွေခြေထောက်တွေအေးစက်နေလို့ မိမိဖွတ်အတင်းကိုယောကျ်ားကိုစိုးရိမ်ကြီးပြီး ဝတ်ပေးထားခဲ့တာပါ။

ထိုညက စောစောအိပ်ရာဝင်ဖြစ်သည်မို့ ညအိပ်ရာဝင်ချိန်မှာ ကိုကျော်ချွတ်ပြီး ဝတ်အိပ်လား၊ မအိပ်လားပင် သေချာမသိ။

"ကို... ကိုကျော်"

"ဟင်... ဘာလဲခင်"

ခင်နန္ဒာရဲ့ကတုန်ကယင်ခေါ်သံကြောင့် ခင့်အနားကပျာကယာပင် ကိုကျော်ထင်ရောက်လာသည်။ ခင်ကိုင်ထားသည်က ဖေဖေဆုံးသည့်ညက ကိုဝတ်ခဲ့သော ခြေအိတ်လက်အိတ်တွေ။

www.burmeseclassic.com



သွေးစွန်းနေတာမို့ ဖျောက်ဖျက်ပစ်သင့်မှန်းသိပေမယ့် ဆိုခဲ့ကာ သရဝဏ်ကားသံကြားလို့ အခန်းထဲဖွတ်ပြေးဝင်ပြီး ခြေအိတ်လက်အိတ်တွေကို နီးစပ်ရာအဝတ်ညစ်ခြင်းထဲပစ်ထည့်ထားလိုက်တာပါ။ နောက်လည်း နာရေးကိစ္စ၊ လူအဝင်အထွက်ရဲ့အဝင်အထွက် ရှုပ်နေခဲ့တာမို့ ဒီကိစ္စကို မရှင်းနိုင်ခဲ့ပေ။

အခုတော့ စိတ်ရောလူရော ပင်ပန်းနေတာမို့ ဒီလက်အိတ်တွေကိစ္စ မေ့မေ့ပျောက်ပျောက်ဖြစ်သွားမိတာပါ။

''ဒါ. . . ဒါဘာလဲ၊ ဘာဖြစ်လို့လဲဒါတွေက''

''ခင်''

''ဒါတွေ''

ခင်နှုတ်စကားထွက်ဖို့ပင် အင်အားမရှိတော့သလိုဖြစ်နေသည်။ တွေးကြည့်ရုံနှင့်ပင် ကြက်သီးထလောက်ပေ၏။ ဘာကယ်ပါလို့ ဝန်ခံလိုက်လျှင် မင်ဘယ်လိုလုပ်ရပါ့မလဲ။

ဘာဖြေရှင်းချက်မှ မပေးသေးပါပဲ ခင်မကြားရဲသလို နားနှစ်ဖက်ကို ပိတ်ထားလိုက်မိသည်။

''ခင်''

''ဟင့်အင်း''

ပခုံးကိုလာဖက်သော ကိုကျော်လက်တွေကို ခင်ကြောက်လန့်ကာ သွေးပျက်ကာ ဆတ်ခနဲခါထုတ်ပစ်လိုက်သည်။

''အဲ. . . အဲဒါတွေက''

''မပြောပြခင်က သဘောပေါက်နေရတာ၊ ခင်. . . ခင်ရင်တွေ အရမ်းနာနေတယ်၊ အဲဒီနေ့က. . . အဲဒီနေ့က''

''ခင်. . . ခင်. . . ကိုမရည်ရွယ်ဘူး။ ကိုဖေဖေ့ကို တမင်လုပ်တာ မဟုတ်ဘူး။ ကိုသတ်လိုက်တာမဟုတ်ပါဘူးခင်''

''ဖေဖေတော့ သေသွားတယ်မဟုတ်လား၊ ဒါ. . . ဒါကိုမျှား





သားကိုသံသယဝင်တယ်၊ သားဖြစ်နိုင်တယ်လို့ မျက်နှာပြောင်ပြောင် ပြောရဲတယ်၊ ရှင်ဘယ်လိုဖခင်မျိုးလဲ၊ ကိုယ့်သားကိုယ် ကြိုးဆွဲချသတ် မယ့်မိဘလား''

''အဲ. . . အဲဒါက ဒီလိုပါခင်၊ ဒီကိစ္စကိုကြောင့်ဖြစ်သွားတာပါလို့ ဝန်ခံလိုက်ရင် ကုမ္ပဏီရော၊ မိသားစုအရှက်သိက္ခာရော ဘာမှအဖက် ဆယ်လို့ရမှာမဟုတ်ဘူး။ ပြီးတော့ ကိုဖြစ်သွားရင် ဘယ်သူကကယ်တင် ပေးနိုင်မှာလဲ ပေးတတ်မှာလဲ၊ သားဆိုရင်တော့ ရဲတွေစုံစမ်းတဲ့အခါ သူ့အဘိုးက ဘယ်လောက်ချစ်တယ်၊ သူ့အဘိုးကို ဘယ်လိုချစ်တယ်ဆို တာသိမယ်၊ ဒါကြောင့်မို့ အမှန်းအငြိုးအာဃာတကြောင့် တမင်တကာ သေစေလိုတဲ့ဆန္ဒနဲ့ သတ်တယ်လို့ ထင်မှာမဟုတ်ဘူး။ မတော်တဆလို့ပဲ သတ်မှတ်မှာ၊ အဲဒါဆိုရင် အမှုကမပေါ့နိုင်ဘူးလား၊ ကိုတို့မိဘတွေက အာမခံနဲ့သားကို မထုတ်ပေးနိုင်ဘူးလား။ သက်သောင့်သက်သာ ဖြစ်ဖို့ရော မကူညီနိုင်ဘူးလားခင်''

ရှင်းပြနေတာ အရှည်ကြီးဆိုပေမယ့် ခင်လက်မခံနိုင်သလို ခေါင်းကိုယမ်းလိုက်မိသည်။ မျက်ရည်တွေက တာကျိုးသလို စီးဆင်းလာလျက် . . .

''အဲဒီလိုဖြစ်ခဲ့တယ်၊ ရှင်အစကတည်းက ခင့်ကိုတိုင်ပင်ပါလား၊ အသိပေးပါလားကိုကျော်၊ အခုတော့ဘာလို့အပြစ်မရှိတဲ့သူလို မျက်နှာ ပြောင်နေရတာလဲ၊ အခုသေသွားတာ ရှင့်အဖေအရင်းနော်၊ ရှင်ဝမ်းမနည်းဘူးလား၊ မနာကျင်ဘူးလား''

''ကိုနာကျင်ပါတယ်၊ ဝမ်းနည်းပါတယ်၊ ရင်ထဲမှာမခံစားနိုင်အောင် မွန်းကျပ်ကြေကွဲနေပါတယ်၊ ဒါပေမဲ့''

''ဘာကိစ္စကြောင့်ဒီလိုတွေ ဖြစ်သွားတာလဲ၊ ဖေဖေနဲ့ရှင်ဘာအကြောင်းပြောပြီး ဘယ်လိုတွေပြဿနာတက်လို့ ဖေဖေသူ့ခါးနဲ့သေသွားရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြောင်းသွားပြောလို့ပါ"

"ဘာ"

"မင်းကိုချွေးမအဖြစ်အသိအမှတ်မပြုတာ၊ အိမ်ကျွန်လိုသဘောထားနေတာ၊ ကိုသွားပြီးပေါက်ကွဲမိတယ်၊ အဲဒါ ဖေဖေကဒေါသဖြစ်ပြီး သူ့သိမ်းထားတဲ့ဓားနဲ့ကိုယ့်ကိုထိုးတာပါခင်၊ ကိုယ်ကရှောင်လိုက်တော့ သူ့အရှိန်နဲ့သူလဲပြီး သူ့ဓားနဲ့သူဖေဖေထိုးမိသွားတာပါ၊ ကို..ကိုလုံးဝ ဖေဖေ့ကို ကိုယ်ထိလက်ရောက်သတ်လိုက်တာမဟုတ်ပါဘူး၊ ကိုကျိန်ပြောရဲပါတယ်၊ ကိုတကယ်ပြောတာပါခင်ရယ်"

ကိုကျော်ထင်ဝမ်းနည်းပက်လက်ငိုရင်း ရှင်းပြသည်။ မိမိကြောင့်ဆိုတော့ ခင်နန္ဒာ ဘယ်လိုမှပင် မဖြေနိုင်တော့။ မိမိကိုနိမ့်ချစွာ ဆက်ဆံတာတွေ၊ ကိုကျော်မကျေမနပ်ဖြစ်နေတာသိလို့ မိမိလည်း ကိုကျော်ကို အမြဲလိုဖျောင်းဖျနှစ်သိမ့်နေခဲ့တာပါပဲ။

အခုတော့ ဒီအခြေအနေထိတောင်ဖြစ်သွားသည်။ အမှန်တရားဆိုတာ တစ်နေ့မဟုတ်တစ်နေ့ ပေါ်မှာပါ။ ဒါဆိုဘယ်လိုလုပ်မလဲ။ ကိုကျော်ထောင်ကျမှာပေါ့။

ဝမ်းနည်းလွန်းစွာ ရင်တွေနာကျင်ပြီး အသက်ရှူမဝဖြစ်နေမေမယ့် ကိုကျော်ကိုမြတ်နိုးမှုများဖြင့်ကြည့်မိရင်း..

"ဘယ်လိုလုပ်မလဲ၊ ဒီကိစ္စဘယ်လိုလုပ်မှာလဲကိုကျော်၊ တစ်သက်လုံးဖုံးကွယ်ရမယ့်ကိစ္စမဟုတ်ဘူး။ ရဲတွေက မကြာခင် အမှုမှန်ဖော်ထုတ်ကြမှာ"

"ခုနပြောသလိုသားကို"

"ကိုကျော်"

"ကို့အသက်အရွယ်နဲ့ထောင်ကျရင် သိပ်မကြာခင် ထောင်ထဲမှာပဲ ကိုသေသွားမှာပေါ့ခင်၊ ခင်ကို့ကိုသေစေချင်သလား"

"ဟင့်...ဟင့်အင်း"



မိမိကြောင့်မို့ မခံစားနိုင်စွာပင် ခေါင်းယမ်းလိုက်သည်။ ကိုကျော်က မိမိပါးပြင်လေးကိုကြင်နာယုယစွာ ပွတ်သပ်လာပြီး..

"သားကိုဝန်ခံခိုင်းလိုက်ပါခင်၊ မင်းအဖေဒီလိုဖြစ်သွားလို့ပါဆိုပြီး နားလည်အောင်ပြောပြလိုက်ရင် သားလက်ခံမှာပါ၊ ခုနပြောသလိုသူချစ်တဲ့အဘိုးကို မတော်တဆဖြစ်သွားတာပါဆိုရင် လူသတ်မှုမမြောက်တဲ့အတွက် ဥပဒေအရ သက်ညှာပါလိမ့်မယ်၊ ပြစ်ဒဏ်အရထောင်ကျမယ်ဆိုလည်း နှစ်နည်းမယ်၊ အဆင်ပြေပြေဖြစ်အောင် သားအတွက်ကိုတို့အများကြီးကူညီပေးနိုင်တယ်"

"ကိုကျော်ရယ်"

ခင်နန္ဒာဆုပ်လည်းစူး စားလည်းရူးဘဝရောက်ရလေပြီ။ လင်ကိုထောင်ထဲပို့ရမှာလား။ သားကိုထောင်ထဲပို့ရမှာလား။ မိမိကိုယ်တိုင်ရက်စက်စွာစီရင်ချက်ချရတော့မှာပါလား။ အသည်းနှလုံးတွေ ကြေကျလုမတတ် တဆတ်ဆတ်နာကျင်နေရသည်။ ဘယ်လိုဝဋ်ဒုက္ခတွေများလဲ။ ဘယ်ဘဝက ဝဋ်ကြွေးတွေများလဲ။

ငိုကြွေးသံတွေဟာ အခန်းထဲမှာ ပျံ့နှံ့ကျယ်လောင်စွာဖြင့်...။

ooo



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၈)

ကြားနေရသည့်စကားတွေအတွက် ထက်ခိုင်အံ့ဩတုန်လှုပ်ရသည်။ မရည်ရွယ်ဘူးဆိုသော်လည်း ချောင်းနားထောင်နေခဲ့မိတာတော့ အမှန်ပဲဖြစ်သည်။ သူ့ကိုစွန့်ပစ်ခဲ့သည့်အကြောင်းအရင်းကို သိချင်စိတ်နှင့် နောက်ပိုင်းမာမီတို့ တိုးတိုးတိတ်တိတ်စကားတွေများကြပြီဆိုလျှင် ဒီလိုပဲ တိတ်တဆိတ်နားထောင်ဖြစ်နေတာပါ။

အခုတော့ ဒယ်ဒီက အဘိုးကိုသေစေပြီး သားကိုထောင်ထဲပို့ချင်နေသူပါလား။ မာမီကို နှိမ့်ချဆက်ဆံတာမကျေနပ်လို့ သွားပြောခဲ့တာတဲ့။ ဟုတ်ချင်လည်းဟုတ်မှာပါ။ အဘိုးအပေါ် ဒယ်ဒီရဲ့မကျေနပ်ချက်တွေကို အနိတီလေးတို့တောင် သိနေခဲ့တာပဲ။

ဒါဆို မာမီကိုချစ်နိုင်သူကြီးဆိုပြီး ချီးမွမ်းပေးရမှာလား။ သူကိုယ်သူ ထောင်ကျမခံရဲဘဲ သားကိုမမှန်ကန်သည့်ဝန်ခံမှုတွေဖြင့် ထောင်ကျခိုင်းတာကရော စေတနာမှန်ရဲ့လား။ သူ့စိတ်တွေမွန်းကျပ်ရသည်။ ရင်တွေနာကျင်နေသည်။ မာမီဆုံးဖြတ်ရခက်ပြီး ရှိက်ကြီးတငင်ငိုကြွေးနေတာကို သူဘာကြောင့် အရမ်းကိုဝမ်းနည်းနေမိမှန်းမသိ။ သူ့ကိုစွန့်ပစ်ခဲ့သော မိဘတွေကို နာကြည်းနေပါလျက် သရထံအတွက် သူစွန့်လွှတ်အနစ်နာခံဖို့ ဆုံးဖြတ်လိုက်သည်။

''ငွေလ. . . ငွေလဟံသာ''

ရင်ထဲက တောင့်တမှုများက ပါးစပ်ဖျားကနေ တိုးတိတ်စွာ





ွက်လာသည်။ မွှင့်လင်းစွာဖွင့်ဟဝန်ခံချင်တာကြောင့် ငွေလကိုဖုန်းက်ချိန်းပြီး ကားကိုမောင်း၍ထွက်လာခဲ့သည်။

သရထံနှင့်သူမတို့တွဲကနေကျ ကာရာအိုကေဆိုင်လေးကိုပါ။

သူနှင့်ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် သူမတက္ကစီတစ်စီးနှင့်ရောက်လာခဲ့သည်။ သူမကကားကို ကိုယ်တိုင်မမောင်း၊ ဒရိုင်ဘာနှင့်ည်း မသွားတတ်ဘဲ သရထံကားနှင့်သာ သွားလာတတ်သည်တဲ့။

အကြောင်းကိစ္စရှိလျှင်တော့ ဒီလိုတက္ကစီကိုသာ အားကိုးတတ်၏။

''သရထံ. . . ဟဲ့''

သူကားပေါ်က မဆင်းတော့၊ တံခါးကိုခေါက်၍လာခေါ်သည်။ ကားပေါ်ကဆင်းလိုက်ပြီး သူမကိုဘာမှမပြောဘဲ ဘွတ်ကင်လုပ်ထားသာ အခန်းနံပါတ်ရှိရာလာခဲ့သည်။

''သရထံ. . . နင်ဘာဖြစ်နေတာလဲ၊ နင့်အဘိုးကိစ္စက ပူပူနွေးပဲရှိသေးတယ်၊ နင်ကဒီကိုခဏခဏလာနေလို့ ကောင်းမလား။ အသုချတဲ့နေ့ကလည်း မွန်းကျပ်လို့ဆိုပြီးဒီကိုလာတယ်''

အဲဒါက သရထံအစစ်ပါလို့မပြောသေးဘဲ ဗိတ်တာလေးကိုချင်းဖွင့်နိုင်း၍ ဒီအတိုင်းဆိုဖာခုံတွေမှာ ဝင်ထိုင်လိုက်သည်။ ငွေလကလက်ကိုလာဆွဲ၍ . . .

''ဟဲ့. . . ရောက်ပြီးမှတော့ ဒီအတိုင်းထိုင်နေလို့ ဘာအဓိပ္ပာယ်ာလဲ၊ ထလေကာမယ်ဆိုမယ်''

မိုက်ကိုသူလက်ထဲလာထည့်ပေး၏။ မိုက်ကိုယူပြီးသံစဉ်စည်းတ်တွေအတိုင်း သူမနှင့်အတူ ကကြည့်သည်ဆိုကြည့်သည်။ ဒါပေမဲ့ထက်ခိုင်ဆိုတာ သူမရဲ့သူငယ်ချင်းကောင်လေးသရထံမဟုတ်၍ မကတ် မလှုပ်တတ် မဆိုတတ်။

ငွေလဟံသာစိတ်မရှည်စွာ သူရင်ဘတ်ကို အုန်းခနဲထုသည်။

''ဘာဖြစ်နေတာလဲ မလှုပ်တလှုပ်နဲ့ စိတ်မပါရင် ဒီကိုမလာနဲ့''

''သရထံက စိတ္တဇမပါလည်း စိတ်ညစ်စရာတွေရှိလည်း ကတတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ် လှုပ်တတ်တယ်မဟုတ်လား ငွေလဟ်သာ''

''ဟင်''

သူပြောလိုက်တာကို နားမလည်သလို၊ လှုပ်ယမ်းကနေသော သူမရဲ့ကိုယ်လေး ငြိမ်သက်သွားလျက် သူ့မျက်နှာကို မော့ကြည့်သည်

''ဟုတ်တယ်၊ ငါက မင်းရဲ့သူငယ်ချင်းသရထံမဟုတ်ပါဘူး ငွေလ''

''ဟဲ့... ဟဲ့နင်ဘာတွေပြောနေတာလဲ၊ ငါ့ကိုရူးအောင်မလုပ်နဲ့''

''နင်မရူးဘဲ ငါရူးသွားရင် သိပ်ကောင်းမှာပဲ၊ ငါဘာလို့ဒီလောက ထဲရောက်လာမိတာလဲမသိဘူး၊ မိဘတွေစွန့်ပစ်လို့ ငါကြီးပြင်းခဲ့ရတဲ့ နေရာမှာပဲ နေခဲ့မယ်ဆိုရင် ကိုယ်ပဲပင်ပန်းရမှာ စိတ်ပင်ပန်းရမှာမဟုတ် ဘူး၊ ထက်ခိုင်ဆိုတဲ့ကောင်က အညတရပါ၊ သရထံလိုသီချင်းလည် မဆိုတတ်ဘူး၊ ကလည်းမကတတ်ဘူး၊ မင်းခြေထောက်ကိုတက်နင်း စိတ်မပါလို့ မကတော့ဘူးလို့ပြောခဲ့တာ ငါပါငွေလ''

''သရထံ... အဲ... နင်... နင်က''

''ငါ သရထံရဲ့အမြွှာညီအစ်ကိုပါ''

''ဟင်''

''အဘိုးသေတဲ့နေ့က နင့်ကိုဒီခေါ်ပြီးလာကတဲ့သူက သရထံပါ''

''ဒါ... ဒါဆို၊ ငါဘန်ကောက်မသွားခင်အဖြေတောင်းတာ သရထံ၊ ပြန်လာမှ မတုန်မလှုပ်မသိသလို ကျွန်ကြီးနဲ့နေခဲ့တာ နင် ခေါင်းညိတ်ပြလိုက်သည့်အခါမှ သူမရင်တွေဟာခနဲ လှိုက်ဖြာ သွားလေသည်။ ဒါကြောင့်မို့ သူမရင်တွေ အမျိုးမျိုးခံစားမှုတွေ ဖြစ် တာဖြစ်မည်။ သရထံနှင့်ဆိုလျှင် ရိုးစင်းပြီး ဒီလူနှင့်တွေ့သည့်အခါ ခံစားမှုတွေလေးနက်နေခဲ့တာလား။

''နင်... နင်တို့က တကယ်အမြွှာညီအစ်ကိုဟုတ်လား ဒါ ဘာဖြစ်လို့''

သူဆိုဖာခုံမှာပြန်ထိုင်တော့ သူမစိတ်ဝင်တစားနှင့် သူအနားဝင်





ရင်း သူ့ကိုမျက်လုံးအကြည့်မလွှဲပေ။ သူလည်းသူမကိုပြန်ကြည့်မိကာ...

''ဒီအိမ်ကိုရောက်လာတာ ရင်တွေနာကျင်ရပေမယ့် ငွေလနဲ့ ဆုံခွင့်ပေးတဲ့ကံကြမ္မာကိုတော့ ကျေးဇူးတင်ပါတယ်''

''သရထံနဲ့ နင်က''

''နှစ်ယောက်တွေ့ပြီး ရုပ်ချင်းခွဲမရအောင်တူလို့ အမြွှာညီအစ် ကိုလို့ သတ်မှတ်လိုက်ကြတယ်၊ ဖြစ်နိုင်တဲ့သက်သေတွေက ခိုင်လုံနေ လို့လေ၊ ဒါပေမဲ့ ငါ့ကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတဲ့ မေးခွန်းကိုတော့ မေးခွင့်မကြုံသေးဘူး။ ပြဿနာတွေပဲဆင့်ကဲဆင့်ကဲ ကြုံနေရတယ်၊ အခု ငယ်ဒီက အဘိုးကိုသတ်တဲ့၊ ဟင့်အင်း... မဟုတ်ဘူး မတော်တဆသေ စေခဲ့တဲ့တရားခံဖြစ်နေတယ်''

''ဟင်... တ... တကယ်''

''ဒါပေမဲ့ သရထံကို တရားခံအဖြစ် ဝန်ခံခိုင်းပြီး ထောင်ကျစေ ချင်တယ်၊ ပြီးမှ သက်သောင့်သက်သာဖြစ် နှစ်နည်းနည်းကျအောင် ယူခံဝင်မယ်ဘာညာပြောနေတယ်''

''ဒါ... ဒါတော့ ဘယ်ကောင်းမလဲ၊ ကိုယ်အပြစ်လုပ်ထားရင် ကိုယ့်ဘာသာခံပေါ့၊ သားကိုထောင်ချမယ်ဆိုတာက ဘာသဘောလဲ။ ဘာကြီးမှန်းလဲမသိဘူး၊ အဲဒါကိုသရထံသိလား''

''သူသိအောင်ပြောသင့်လားလို့ ငါစဉ်းစားနေတယ်၊ ပြောလိုက် ရင် ငါအစားဝင်ခံမှာကို လက်မခံမှာစိုးနေတယ်''

''နင်... နင်က အစားဝင်ခံမယ်''

သူမစိုးရိမ်ကာ မျက်လုံးလေးပြူးလည်သွားသည်။ ဘယ်သူ့ အတွက် စိုးရိမ်တာလဲ။ သရထံအတွက်လား၊ ထက်ခိုင်အတွက်လားဆို တာတော့မသိ။

''သရထံဆိုတာ ရွှေပေါ်မြတင်လိုတချပြည့်စုံတဲ့ဘဝမှာ နေခဲ့ တာ ပညာတတ်တန်ဖိုးရှိပြီးသား လူတစ်ယောက်ပါ၊ ငါကတော့ဘာ စားမရတဲ့အညတရ၊ မိဘစွန့်ပစ်ခံရတဲ့ဘဝကြမ်းမှာ ကြုံသလိုနေ

www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ထောင်တန်းကျလည်း ငိုကြွေးမယ့်သူမရှိဘူး၊ ဝမ်းနည်းမယ့်
မရှိဘူး၊ အဲဒီတော့ သူတို့သရထံလို့ သိနေတဲ့ငါ့ကိုထောင်ချလည်း ငါ
အမြှာသရထံကတော့ ကောင်းကောင်းနေခဲ့ပြီး ကျန်ခဲ့မှာပါ''

''နင့်မှာ အဲလိုအနစ်နာခံနိုင်တဲ့စိတ်တွေလည်း ရှိသားပဲနော်

''ဘာ''

''မကွဲပြားပေမယ့် ငါ့ခံစားမှုတွေက ခွဲခြားနေခဲ့တာ ငါ့ကိုယ်
တောင်နားမလည်ဘူး၊ နင့်ကိုသရထံလို့ပဲထင်နေခဲ့တာ၊ ဒါပေမဲ့ နင်
သရထံမတူညီတဲ့အခါတိုင်း ငါ့ခံစားမှုတွေကလည်း ခွဲခြားနေခဲ့တ
သရထံရဲ့လေးနက်မှုမရှိတဲ့ပေါ့ပျက်ပျက်စတိုင်ကို မကြိုက်၊ နင့်ရဲ့တ
ငြိမ်ရင့်ကျက်မှုတွေကတော့ ငါ့ကိုရင်ခုန်မှုတွေဖြစ်စေခဲ့တယ်''

''ငွေလ''

ငွေလရဲ့ပွင့်လင်းမှုကြောင့် သူ့ရင်ခုန်သံတွေ ပရမ်းပတာ
လာခဲ့သည်။ ငွေလက တကယ်ခံစားရသည့်အတိုင်း အတည်အတံ့
နေသလိုပါ။

သူ့မျက်နှာကိုငေးကြည့်နေပြီး. . .

''ငါဘန်ကောက်မသွားခင် သရထံချစ်ရေးဆိုတော့ ငါရင်မ
ခဲ့ဘူး၊ ငါပြန်လာတဲ့အချိန်မှာ နင်အဖြေမတောင်းတော့ ငါရင်တွေ
နေတယ်၊ အဲဒါအစကတော့ ငါသရထံကိုချစ်မိနေပြီလားလို့ တွေးမိ
တယ်၊ တွဲကဖို့အတွက် နင်မကတတ်ဘဲ ငါ့ခြေထောက်ကိုတက်နင်
အမှားမှားအယွင်းယွင်းဖြစ်တော့လည်း ငါ့စိတ်တွေလှုပ်ရှားနေခဲ့တာ
ဒါပေမဲ့ အဘိုးအသုဘချတဲ့နေ့မှာ သရထံရဲ့အရင်ပုံစံကို ပြန်တွေ့ရ
ငါစိတ်ပျက်သွားမိပြန်တယ်''

''အခုရော''

''ငါ့ရင်ခုန်သံတွေနားထောင်ကြည့်ပါလား''

သူမရင်ဘတ်နားကပ်ပြီး နားထောင်ကြည့်ဖို့ သူမဝံ့ရဲပါ။
လက်ကိုဆုပ်ကိုင်လာသော သူမလက်ကလေးကိုပဲ သူ့လက်နှင့်အုပ်



ဆုပ်ကိုင်လိုက်သည်။

''အဲလိုခွဲခြားခံစားပေးတဲ့အတွက် ကိုကျေးဇူးတင်ပါတယ်
ငွေလရယ်၊ ဒါပေမဲ့ ငါကသရထံကိုအကုန်ပြန်ပေးခဲ့မှာပါ၊ အစကတည်းက
ငါမပိုင်သင့်မရသင့်တဲ့အရာတွေချည်းပဲလေ၊ စည်းစိမ်ဥစ္စာတွေ စံစားဖူး
အောင်၊ ငါမရခဲ့တာတွေ ပိုင်ဆိုင်အောင် စေတနာနဲ့ ငါ့နေရာမှာသွားပြီး
ဒုက္ခခံနေတာ၊ သူ့စေတနာကိုလည်း ငါအသိအမှတ်ပြုရမယ်''

''ငါ့ခံစားမှုတွေကိုရော''

နာကျင်ခံခက်စွာ ငွေလမေး၏။ သူမချိုပြုံးပြုံးလိုက်သည်။

''ငါ မရသင့်တဲ့အရာအတွက် ပိုင်ဆိုင်ဖို့ကြိုးစားသင့်လို့လား
ငွေလ၊ အစကတည်းက ဘယ်သူပိုင်ဆိုင်ရမယ်ဆိုတာ သတ်မှတ်ပြီးသား
အရာတွေပါ၊ ငါနင့်ကို''

''ဟင့်အင်း''

ဖြုန်းခနဲငွေလရဲ့ဖက်တွယ်မှုကြောင့် မင်းထက်ခိုင်အသက်ရှူ
ရပ်မတတ်ခံစားလိုက်ရသည်။ ငွေလရဲ့အချစ်တွေ သူရလိုက်တာသေချာ
ပြီပေါ့။ ငွေလဟံသာဆိုသော မိန်းကလေးရဲ့အချစ်တွေ သူပိုင်ဆိုင်ရပြီပေါ့။

ဒါပေမဲ့ သူ့အတွက်တော့ ငွေလက မပိုင်ထိုက်သည့်ပန်းလေး
တစ်ပွင့်ပါ။ သူ့အတွက် ဘယ်အရာကအရေးကြီးဆုံးလဲဆိုတာတော့ မသိ။

သူများတွေအတွက်ပဲ စဉ်းစားလာခဲ့ရတာမို့ အခုချိန်မှာလည်း
ဘာမှမပိုင်ဆိုင်ချင်တော့ပေ။ ကိုယ့်ကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတာ
တောင်မေးဖို့ အခွင့်အရေးမရှိသည့်ကောင်မို့ ကံစီမံရာအတိုင်းနေလိုက်
တာပဲ ကောင်းပါလိမ့်မည်။

မိဘရင်ငွေ့နှင့်မတန်လို့ စွန့်ပစ်ခံဘဝနှင့်နေလာခဲ့ရပြီး အခုချိန်မှာ
လူချင်းလဲထားတာတောင် မေတ္တာရိပ်နှင့်ဝေးဖို့ ကံကြမ္မာကဖန်လာပြန်သည်။

သရထံ. . . မင်းကံကောင်းတဲ့ဘဝမှာပဲနေပါကွာ။ ငါက ဘာဆို
ဘာမှမဟုတ်တဲ့ကောင်ပါ. . .။

⭘⭘⭘

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

''ငါငွေလကို ဖွင့်ပြောလိုက်ပြီ''

''ဘာ''

''ငါကသရဏံမဟုတ်တဲ့အကြောင်းပေါ့''

''ငွေလဘာပြောလဲ၊ အံ့သြသွားရုံပဲလား''

''ဟင့်..ငါ့ကို''

''ငါသိပြီ..မင်းကိုပဲလက်ခံတာမဟုတ်လား။ သရဏံဆိုတဲ့ ငါ့ကို သူငယ်ချင်းသံယောဇဉ်လောက်ပဲရှိမှာပါ သေချာတယ်''

မင်းထက်နိုင်ဘက်က အကြာကြီးအသံတိတ်သွားသည်။ ဖုန်းနှင့်ပြောနေရတာ အဆင်မပြေပါ။ ငွေလရဲ့စိတ်ရင်းအမှန်ကိုသိရလို့ ပျော်ရွှင်ကြည်နူးရင်ခုန်နေမည့် ထက်နိုင်မျက်နှာကို မြင်ချင်လှ၏။

''ထက်နိုင်..မင်းဘာလို့ အသံတိတ်သွားတာလဲ၊ ငါမနာလိုဖြစ်နေမယ်ထင်လို့လား၊ စိတ်မကောင်းဖြစ်နေမယ်ထင်လို့လား၊ ငါက မင်းကိုအကုန်ရစေချင်နေတဲ့ကောင်ပါကွာ၊ ငါသဘောတူတယ်ထက်နိုင်သိလား၊ ငွေလဆီကို ငါဖုန်းဆက်လိုက်ပါဦးမယ်''

''သရဏံ''

''ဟင်..ထက်နိုင်၊မင်းပျော်နေတယ်မဟုတ်လား၊ ငါ့ကိုကြွားချင်နေတာမဟုတ်ဘူး''



''ငါ..ငါဒီအတောအတွင်း မင်းနဲ့တွေ့နိုင်မှာမဟုတ်တော့ဘူး''

''ဘာဖြစ်လို့လဲ ငွေလနဲ့လျှောက်လည်မလို့ ချိန်းတွေ့မလို့ပေါ့လေ၊ အေးကောင်းပါတယ်ကွာ၊ အဘိုးကိစ္စနဲ့ မင်းလည်းစိတ်ပင်ပန်းနေရတာမဟုတ်လား၊ မင်းကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတာတောင် မာမီတို့ကို မေးဖို့အခွင့်အရေးမကြုံတော့ဘူး မဟုတ်လား''

''ကြုံရင်လည်း ငါမမေးတော့ပါဘူး၊ ငါ့ကံကြမ္မာက ကောင်းလာစရာအကြောင်းမှ မရှိတာ၊ မင်းနဲ့ဆုံရတာ ငွေလနဲ့ဆုံရတာ အဲဒါနဲ့တင် ဒီဘဝအတွက် ငါကျေနပ်လိုက်ပါပြီကွာ၊ ငွေလကိုမင်းဆီပြန်အပ်ခဲ့ပါတယ်၊ ငွေလကိုစောင့်ရှောက်ပါ။ အရင်ကသံယောဇဉ်တွေနဲ့ သူ့အချစ်ကိုရအောင်ကြိုးစားပါ။ သူကလေးနက်တည်ကြည်ရင့်ကျက်တဲ့ယောကျ်ားမျိုးကို ကြိုက်တာတဲ့၊ မင်းအဲလိုဖြစ်အောင်ကြိုးစားလိုက်ပါ''

''ဟာ.ထက်နိုင် မင်းဘာတွေပြောနေတာလဲ၊ ထက်နိုင်..ထက်နိုင် ဟယ်လို.ဟယ်လိုထက်နိုင်''

စိုးရိမ်တကြီးအော်ခေါ်သံကို မျက်ရည်ဝဲစွာနားထောင်ပြီးမှ ဖုန်းကိုနောက်ထပ်ဆက်သွယ်လို့မရအောင် စက်ပါပိတ်ပစ်လိုက်သည်။ ပြီးမှ မျက်ရည်တွေကိုသုတ်ပြီး အခန်းထဲက ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ ထိုင်နေသောမာမီက သူထွက်အလာကိုစောင့်နေဟန်တူသည်။ သူမာမီရှေ့မှာ ရပ်လိုက်တော့..

''ထိုင်ပါဦးသား၊ မာမီသားကို ပြောစရာရှိလို့ပါ''

''ရဲစခန်းမှာ အဘိုးသတ်တဲ့တရားခံပါလို့ အဖမ်းခံနိုင်းမလို့လား''

''ဟင်...သား..သားသိနေတယ်''

''ဒယ်ဒီနဲ့ပြောနေတာတွေ သားအကုန်ကြားပါတယ်မာမီ၊ ဒယ်ဒီက သူ့အပြစ်အတွက်ထောင်ကျမှာစိုးလို့ သားကိုတရားခံလုပ်ခိုင်းနေတာမဟုတ်လား''

''အဲ.အဲဒါက သား..သားကို ပြန်တက်နိုင်မယ့်နည်းလမ်း

www.burmeseclassic.com



တွေ ရှိလို့ပါကွယ်၊ သားကိုတမင်ထောင်ကျစေချင်တဲ့ ရည်ရွယ်ချက်ကြောင့်မဟုတ်ပါဘူး။ မာ. . . မာမီလည်းသားကိုအဲ. . . အဲလိုမဖြစ်စေချင်ပါဘူးကွယ်၊ အဆုံးရှုံးမခံနိုင်ပါဘူး။ မျက်စိအောက်က အပျောက်မခံချင်ပါဘူးသားရယ်''

''မာမီတို့ဆန္ဒတွေ ပြည့်ရမှာပါ''

''ဟင်. . . သား''

''သရထံဆိုတာ မာမီတို့အနားမှာ အမြဲတမ်းရှိနေမှာပါ။ မာမီတို့မျက်စိအောက်မှာပဲရှိနေမှာပါ၊ မာမီတို့အရင်ကလိုပဲ မိသားစုပျော်ပျော်ရွှင်ရွှင်စိတ်ချမ်းသာသာနေရမှာပါ''

သားဘာတွေပြောနေတာလဲ ခင်နန္ဒာနားမလည်နိုင်အောင်ဖြစ်နေမိသည်။ လက်အုပ်ချီထားသောသားလက်ကလေးကို လက်နှစ်ဖက်နှင့်ဆုပ်ညှစ်ထားမိပြီး. . .

''သားက သားဒယ်ဒီကို မကူညီနိုင်ဘူးလို့ ပြောတာလား။ မာမီအနားမှာပဲနေချင်လို့လားသား၊ အေးပေါ့လေ နှစ်နည်းနည်းကျတယ်အာမခံနဲ့ထွက်လို့ရမယ်ဆိုရင်တောင် ထောင်ကထွက်လာရင် နာမည်တော့ သေသွားမှာပဲ၊ သားဂုဏ်သိက္ခာလည်း အဖတ်ဆယ်လို့ရမှာမဟုတ်ဘူး။ မာမီအဲဒါကို တွေးမိပြီး သားကိုမပြောရက် ဖြစ်နေခဲ့တာပါ''

''မာမီစိတ်ချမ်းသာသာနေပါမာမီ၊ ဒယ်ဒီ့အပြစ်တွေကို သားခံမှာပါ၊ သားကိုတစ်ခုပဲဆုတောင်းပေးပါ''

''ဘာ. . . ဘာလဲသား''

''နောင်ဘဝကျရင် မိဘတွေရဲ့စွန့်ပစ်ခံ သားမဖြစ်ပါရစေနဲ့လို့ဆု. . . ဆုတောင်းပေးပါမာမီ''

''သား. . . သားမာမီတို့ကို စိတ်နာသွားတာလားသားရယ်အဲ. . . အဲလိုသဘောမျိုးနဲ့မဟုတ်ပါဘူး၊ သားကိုမာမီတို့စွန့်လွှတ်တာမဟုတ်ပါဘူး၊ သားဒယ်ဒီက သားကိုအမြန်ဆုံးပြန်လွှတ်အောင် လုပ်ပေး



မှာပါ။ မဟုတ်ရင်သားဒယ်ဒီထောင်ကျမှာလေ၊ သားဒယ်ဒီ ဒီအသက်အရွယ် ဒီလိုစိတ်ဖိစီးမှုမျိုးနဲ့ ထောင်ကျသွားရင် အသက်ရှည်ရှည်နေရမှာမဟုတ်ဘူး၊ ပြီးတော့ သားဒယ်ဒီအပြင်မှာရှိနေမှ သားကိုကယ်တင်နိုင်မှာလေ အဲဒါကြောင့်ပါသားရယ်''

''ဟိုတစ်ချိန်ကလည်း အဲလိုဆင်ခြေမျိုးတွေနဲ့ပဲ စွန့်ပစ်ခဲ့တာဖြစ်မယ်၊ မာမီတို့က ကိုယ့်ကိုယ်ကိုယ်ထက် သားသမီးကို ပိုမချစ်နိုင်တဲ့သူတွေ၊ အတ္တကြီးတဲ့သူတွေ''

''သား. . . သား''

ပြောချင်ရာပြောပြီး ထွက်လာခဲ့သည်။ မာမီ့ခေါ်သံကိုထပ်မကြားချင်တော့။

မာမီကတော့ သူပြောခဲ့တာတွေကို နားလည်မည်မထင်။ ငိုရှိုက်သံတွေကြားပေမယ့် သရထံအတွက်ပါစိတ်နာပြီး သူထွက်လာခဲ့တာပါ။ ကားလည်းမယူခဲ့။ ဝေလေလေလျှောက်သွားပြီးမှ ရဲစခန်းကို ဝင်ခံတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူထောင်ကျသွားလျှင်လည်း မာမီတို့အတွက် သရထံဆိုတာရှိနေဦးမှာပါ။ သရထံဘဝလေး အရင်လိုပြည့်စုံစွာနေရဦးမှာပါ။ သွေးသားရင်းအမြွှာညီအစ်ကိုအတွက် သူလုပ်ပေးသင့်တာလုပ်ပေးလိုက်သလိုမိဘတွေလည်း သရထံကို မဆုံးရသည့်အတွက် နဂိုအတိုင်း စိတ်ချမ်းသာပျော်ရွှင်ကြပေလိမ့်မည်။ မင်းထက်နိုင်ဆိုတာ အစကတည်းက သူတို့တွေရဲ့ဘဝမှာ ရှိမှမရှိဘဲ။

အရာအားလုံးက အရင်အတိုင်းပါပဲ။ အဘိုးမရှိတာကလွဲရင်အရင်အတိုင်းပါပဲ။

''ကျို. . .''

''ဟင်. . . ဒယ်ဒီ''

သူ့အနားမှာ ဒယ်ဒီကားထိုးရပ်လိုက်၍ သူအံ့သြသွားသည်။

www.burmeseclassic.com



ဒယ်ဒီက ကားပေါ်ကဆင်းလာလျက် သူ့ပခုံးကိုဖက်ပြီး ...

"သားဘယ်သွားမလို့လဲ၊ သားမာမီကပြောလိုက်လို့ ရဲစခန်းမှာ သွားအဖမ်းခံမလို့လား"

"သား.. သားသွားမှာပါ၊ စိတ်ပြေအောင် လမ်းလျှောက်ရင်းနဲ့ တစ်ခါတည်းသွားပြီး အဖမ်းခံမလို့ပါဒယ်ဒီ"

"စိတ်မကောင်းပါဘူးသားရယ်၊ ဒယ်ဒီမတတ်သာလွန်းလို့ပါ၊ သားကိုအမြန်ဆုံးလွတ်အောင်လုပ်ပေးမယ်၊ သားကလည်း သေစေလိုတဲ့ဆန္ဒနဲ့ မဟုတ်ဘဲ မတော်တဆပါလို့ သက်သာအောင်ပြောပါ၊ သူတို့ကစုံစမ်းနေတဲ့အတွက် သားနဲ့အဘိုးဘယ်လောက်ချစ်တယ် တကယ်သတ်လောက်အောင် နာကြည်းစရာမရှိဘူးဆိုတာ သိနေလောက်ပါပြီ၊ ဒေါ်ဆွဲမိက သားတို့မြေးအဘိုးနှစ်ယောက်ရဲ့ ဆက်ဆံရေးကို ဝန်ခံပြီးလောက်ပြီလေ၊ နော်သား ဒယ်.. ဒယ်ဒီ တကယ်စိတ်မကောင်းဘူးသားရယ်"

သူရောက်ကတည်းက စကားဆယ်လုံးပြည့်အောင် မပြောဖူးသောဒယ်ဒီက စကားတွေအများကြီးရှင်းပြီး မျက်ရည်ဝဲနေတာမို့ စိတ်မကောင်းဖြစ်သွားသည်။ သရဏံအတွက်တော့ မိဘကောင်းတွေပဲဆိုသည့်စိတ်ကြောင့် ဒယ်ဒီပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပေးလိုက်သည်။ သူနှင့် ပတ်သက်တာကိုတော့ မာမီလိုပင်အနည်းငယ်ပေါက်ကွဲခွင့်ရလျှင် ကျေနပ်ပါသည်။

"ဒယ်ဒီသရဏံအတွက် စိတ်မကောင်းဖြစ်နေတာလား။ သရဏံက ဒယ်ဒီတို့အနားမှာ ကျန်ခဲ့မှာပါ၊ အရင်လိုသရဏံကို ချစ်ခွင့်ရကြမှာပါ။ ကျွန်တော်ဆိုတဲ့ကောင်ကပဲ ဟိုတစ်ချိန်က ဒယ်ဒီတို့စွန့်ပစ်တဲ့ သားပဲ၊ ဒယ်ဒီတို့အဝေးကို ပြန်ရောက်သွားတာပါ၊ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ဒယ်ဒီ"

"ဘာ.. ဘာပြောတယ်၊ ဘာပြောလိုက်တာလဲ"



သားလို့ပင်မခေါ်နိုင်တော့အောင် ကိုကျော်ထင် ထိတ်လန့်တုန်လှုပ်သွားရသည်။ ဒီကောင်ဘာတွေပြောနေတာလဲ၊ သရဏံမဟုတ်ဘူးလား။ ဒီကောင်ဘာကောင်လဲ။ သရဏံမဟုတ်ရင်။

"ဟို.. မင်းဘာတွေပြောနေတာလဲသား၊ သရဏံက အနားမှာရှိမယ်ဆိုတာ ဘာလဲ၊ ကျွန်တော်ဆိုတာက"

"ဒယ်ဒီတို့စွန့်ပစ်ခဲ့တဲ့သားလေ၊ မာမီအမြွှာမွေးခဲ့တာမဟုတ်လား၊ ဒယ်ဒီ ကျွန်တော်ထောင်ထဲမသွားခင် ဒီလိုပေါက်ကွဲခွင့်ရလိုက်တဲ့အတွက် ကျေနပ်ပါတယ်၊ ကျွန်တော်ထောင်ထဲသွားနေရကျိုးလည်းနပ်တယ်လို့ ထင်မိတယ်"

"ဘာ.. မင်း.. မင်း"

"သားလို့မသတ်မှတ်ချင်လို့ စွန့်ပစ်ခဲ့တဲ့သားက ထောင်ထဲရောက်သွားလည်း ဒယ်ဒီတို့ခံစားရမှာမဟုတ်ပါဘူး၊ ဒယ်ဒီတို့ကျွေးမွေးပြုစုထားတဲ့သရဏံတစ်ယောက်လုံး အနားမှာရှိနေတဲ့အတွက် ဒယ်ဒီတို့ဖြေသာမှာပါ"

"ဟား"

ကိုကျော်ထင်သွေးပျက်တုန်လှုပ်သွားသည်။ တောထဲမှာစွန့်ပစ်ခဲ့သည့်ကလေးက မသေဘဲ အသက်ရှင်နေတာလား။ ဒါဆိုကိုယ့်အစီအစဉ်တွေအားလုံး ပျက်ပြီပေါ့။

"သား.. ဒယ်ဒီနဲ့ ခဏလိုက်ခဲ့ကွာ၊ သားကိုဒယ်ဒီပြောစရာရှိတယ်"

သရဏံမဟုတ်သည့်ကောင်ကို ကားပေါ်ဆွဲတင်၍ထွက်လာခဲ့သည်။ ကိုယ့်အနားမှာ တစ်ကောင်မှထားလို့မဖြစ်။ ကုန်တိုက်တစ်ခုရှေ့ရောက်တော့ ကားကိုရပ်ကာ မားတစ်ချောင်းဝင်ဝယ်ပြီး...။

❂❂❂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မာမီ"

"အန်တီ"

"ဟင်. . . သားသရထံ"

ခုနက နာကြည်းသလိုပြောပြီး ထွက်သွားသောသားက ငွေလနှင့်အတူတူ ပြုံးပြုံးရွှင်ရွှင်ဝင်လာတာ မြင်လိုက်ရ၍ အံ့သြသွားရသည်။ ထွက်သွားတုန်းက အဝတ်အစားနှင့် ပြန်ဝင်လာသည့်အဝတ်အစားက မတူတာမို့ မျက်လုံးတွေပင် ဘယ်လိုဖြစ်သွားမှန်းမသိ။

သားကတစ်အိမ်လုံးကို အပေါ်ထပ်အောက်ထပ်အကုန်လျှောက်ကြည့်ပြီး–

"မာမီ. . . သရထံရော၊ အဲ. . . ဟိုထက်နိုင်ရော"

"ဘယ်သူ့ကိုမေးနေတာလဲသား၊ ဘယ်ကထက်နိုင်လဲ"

"သားနဲ့တူတဲ့သူလေ၊ ဒီအိမ်မှာ လာနေတဲ့သားရဲ့အမြွှာညီအစ်ကိုကို ပြောတာ"

"ဟင်. . . သား. . . သားဘာပြောလိုက်တယ်၊ အမြွှာညီအစ်ကိုဟုတ်လား၊ အဲ. . . အဲဒါဘယ်လို"

"မြဝတီမှာတုန်းက မာမီတို့မွေးပြီး တောထဲမှာ စွန့်ပစ်ခဲ့တာမဟုတ်ဘူးလားမာမီ"

"ဘာ. . ဘာဘယ်လို"

ခင်နန္ဒာမိုက်ခနဲ မူးမေ့လဲမတတ်ဖြစ်သွားသည်။ အမြွှာတဲ့။ မိမိဘယ်အချိန်တုန်းက မွေးလိုက်တာလဲ။ ဘယ်အချိန်တုန်းက။





"သား. . . ဒါ. . . ဒါဆိုအိမ်မှာရှိနေတာ သားမဟုတ်ဘူးပေါ့၊ သားနဲ့ချွတ်စွပ်တူတာလေ၊ ဒီအိမ်မှာရှိနေတာ"

"ဟုတ်တယ်၊ သားမဟုတ်ပါဘူး၊ ထက်နိုင်တဲ့၊ သူ့ကိုတော ထဲကနေ ဆင်းရဲသားလင်မယားတွေက မွေးစားပြီး အရမ်းကိုဒုက္ခရောက်ခဲ့တာ၊ ရန်ကုန်မှာသားနဲ့တွေ့ပြီး သူ့ကိုစည်းစိမ်ချမ်းသာတွေ စံစားစေချင်လို့ အလဲအပြောင်းလုပ်ထားတာ၊ သူကတော့ မာမီတို့ကိုသူ့ကိုဘာကြောင့်စွန့်ပစ်ခဲ့တာလဲဆိုတာ မေးချင်လို့တဲ့မာမီ၊ ဒုက္ခတွေခံခဲ့ရတာကြောင့် အရမ်းကိုနာကြည်းနေခဲ့တာ"

"အမယ်လေး၊ ဒါ. . . ဒါကြောင့် သရထံက မာမီတို့အနားမှာရှိနေမှာပါ၊ အရင်လိုမိသားစုပျော်ရွှင်ရမှာပါ၊ သားအတွက်ပဲ နောင်ဘဝကျရင် မိဘစွန့်ပစ်တဲ့သားတစ်ယောက်မဖြစ်အောင် ဆုတောင်းပေးပါလို့ပြောသွားခဲ့တာကို၊ ဘုရား. . . ဘုရား ဒါဆိုမာမီအမြွှာမွေးခဲ့တာပေါ့၊ သားတစ်ယောက်တည်း မဟုတ်ဘူးပေါ့"

"ဟင်. . . အမြွှာမွေးတာ မာမီမသိဘူးလား၊ တစ်ယောက်တည်းမွေးတယ်လို့ ထင်ခဲ့တာလား"

"ဟုတ်တယ်၊ အရမ်းကိုအငတ်ငတ် အပြတ်ပြတ်နဲ့ ကိုယ်ဝန်လွယ်ရင်းမွေးခဲ့ရလို့ မွေးတဲ့အချိန်မှာ မာမီအားမရှိဘူး၊ သတိလစ်တစ်ချက်မလစ်တစ်ချက်နဲ့ ကိုယ့်ကိုယ်ကိုယ် ဘယ်နှယောက်မွေးလဲ မသိပါဘူး။ မာမီသတိကောင်းကောင်းရတော့ မာမ့်ဘေးမှာ သားလေးရှိနေတယ်။ လက်သည်အဒေါ်ကြီးကတော့ မျက်နှာမကောင်းဘူး၊ မျက်ရည်ဝဲနေရှာတယ်၊ သားဒယ်ဒီကတော့ မာမ့်ကိုအားပေး"

ခင်နန္ဒာအတွေးဝင်သွားတာမို့ စကားဆုံးအောင်မပြောနိုင်၊ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာလျက် ဖြစ်စဉ်တွေကိုတဖြည်းဖြည်းပြန်မြင်ယောင်လာသည်။

"သား"

"မာ. . . မာမီ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးပြူးနေတာမို့ မာမီကိုသရဲထံဖက်လိုက်ရသည်။ မာမီ အံ့ကြိတ်မနေလျက် ...

"ဒီ.. ဒီကိစ္စတွေ သားအယ်ဒီသိနေရမယ်၊ အဲဒီအမြှာကလေးလေး ကို သူစွန့်ပစ်တာဖြစ်ရမယ်၊ သားအပေါ်လည်း မနွေးထွေးကြင်နာခဲ့ဘူး အ.. အခုလည်း သူ့အပြစ်ကိုသားကိုခံခိုင်းတယ်၊ သူမှာရည်ရွယ်ချက်ရှိရ မယ်၊ အကြံအစည်တွေရှိနေရမယ်၊ အမယ်လေး.. ကိုကျော် ကိုကျော် ဘာလို့ဒီလိုလုပ်တာလဲ၊ ကိုယ့်ရင်သွေးတွေကို ဘာလို့ဒီလိုလုပ်တာလဲ"

"ထက်.. ထက်ခိုင်ဘယ်ရောက်သွားလဲမာမီ၊ သူငွေလကို ဒီအကြောင်းတွေပြောတယ်၊ သားကိုလည်း ငွေလကိုစောင့်ရှောက်ပေး ပါ၊ မင်းပိုင်တာတွေမင်းကို ပြန်ပေးပါတယ်လို့ပြောတယ်၊ သားစိုးရိမ်လို့ မနေနိုင်တော့ဘဲ လာခဲ့တာပါ၊ သူဖုန်းပိတ်သွားတယ်၊ ငွေလဆီဆက် ကြည့်တော့ ငွေလကလည်း သူပြောတာနိမိတ်မကောင်းဘူး၊ သူလည်း ဖုန်းဆက်လို့မရဘူးဆိုတာနဲ့ သားတို့အတူလာခဲ့ကြတာ"

"သူ.. သူရဲစခန်းကို အဖမ်းခံဖို့သွားတာဖြစ်မယ်"

"ဟင် ဘာဖြစ်လို့အဖမ်းခံမှာလဲ၊ အဘိုးကိုသူသတ်လိုက်တာလား"

"မ.. မဟုတ်ပါဘူး၊ သားအဘိုးကို သားအယ်ဒီသတ်လိုက်တာ အဲ.. မတော်တဆသူကြောင့်သေသွားတာပါ၊ အဲဒါကိုသရဲထံကို အဖမ်းခံ ခိုင်းလိုက်ပါ၊ အမှုလျှော့အောင် ဟိုထဲမှာသက်သောင့်သက်သာနေပြီး အမြန် ထွက်လာနိုင်အောင် သူလုပ်ပေးမယ်ပြောတယ်၊ အဲဒါကြောင့် ဒီလိုစကားတွေ ပြောပြီး ရဲစခန်းကို သွားတာဖြစ်လိမ့်မယ်၊ သူကားလည်းယူမသွားဘူး"

"ဟင်"

သူတို့ပြောနေကျဆဲဆဲမှာ ရဲမှူးကြီးနှင့်အဖွဲ့ ဧည့်ခန်းထဲဝင်လာ၍ အားလုံးအံ့အားသင့်နေကြသည်။

"အဲဒီကလေးက ရဲစခန်းကို မရောက်သေးပါဘူး၊ ကိုကျော် ထင်ခေါ်သွားတာကို စုံစမ်းခိုင်းထားတဲ့ ကျွန်တော်တို့အဖွဲ့တွေ တွေ့လိုက် တယ်လို့ ကျွန်တော်တို့ကို သတင်းပို့ပါတယ်"





"ရှင်"

"ကျွန်တော်တို့အဖွဲ့တွေက ဒီအိမ်မိသားစုဝင်တွေအားလုံးရဲ့ သွားလာလှုပ်ရှားမှုတွေအားလုံးကို စုံစမ်းနေတာပါ၊ ဒါမှ အမှုမှန်အမြန် ပေါ်မှာလေ၊ အခုကျွန်တော်တို့အဖွဲ့ထဲကတချို့ကို ကိုကျော်ထင်တို့ နောက် လိုက်ခိုင်းထားပါတယ်၊ ကျွန်တော်တို့က ဒီကလေးဒီအိမ်ထဲဝင်သွားတာ တွေ့လို့ လိုက်ဝင်လာတာပါ၊ အစက ဘယ်သူကသရဲထံမှန်းမသိဘူး၊ အခုတော့ မခင်နန္ဒာတို့ပြောနေတဲ့ စကားတွေကြားပြီး အားလုံးရှင်းသွား ပါပြီ၊ ကိုကျော်ထင်ကိုသွားဖမ်းဖို့ပဲလိုပါတော့တယ်"

"ကို.. ကိုကျော်ထင် ဘယ်သွားတာလဲ သားကိုဘယ်ခေါ်သွား တာလဲ ကျွန်မလည်းလိုက်ပါရစေ၊ ကျွန်မသူ့ကိုမေးစရာတွေရှိနေပါတယ်"

"ကျွန်တော်တို့လည်း လိုက်ပါရစေ"

"ခြော်.. လိုက်ပါ လိုက်လို့ရပါတယ်၊ ကျွန်တော်တို့က ကိုကျော် ထင်ကို အေးအေးဆေးဆေးပြောဆိုပြီးပဲဖမ်းမှာပါ၊ ကျွန်တော်တို့ ကိုကျော် ထင်နောက်လိုက်သွားကြတာပေါ့"

ရဲမှူးကြီးပြောနေဆဲမှာ ဖုန်းမြည်လာသည်။

"အေးပြော၊ မြို့ပြင်ဘက်လား၊ ဟုတ်ပြီ ငါတို့လိုက်လာခဲ့မယ်၊ ဘာအန္တရာယ်မှမဖြစ်နိုင်ပါဘူး၊ သူမိသားစုတွေနဲ့စကားပြောနေတဲ့အချိန် မှာ အေးအေးဆေးဆေးပြောဆိုဖမ်းလို့ရမှာပါ၊ ငါတို့လူတွေရှိနေတဲ့သူ ထွက်ပြေးလို့လည်းမရပါဘူး"

"မြို့ပြင်သွားနေတယ်ဆိုတော့ ထွက်ပြေးသွားမလားလို့ပါ"

"သူ့ကိုယ်သူ တရားခံလို့မထင်တာ ဘယ်ထွက်ပြေးမလဲ၊ သူ့သား ကိုရဲစခန်းမပို့ခင် စကားပြောစရာရှိလို့ဖြစ်လိမ့်မယ်၊ ငါတို့အခုပဲ အမြန် လိုက်လာခဲ့မယ်၊ တာဝန်ကျေပါစေ၊ ကဲ.. ကျွန်တော်တို့အမြန်လိုက်မယ်"

အားလုံးဝရုန်းသုန်းကားဖြင့် ကားကိုအမြန်မောင်းထွက်လာခဲ့ကြ သည်။ ငွေလဟာသာမျက်နှာမှာ ချစ်သူအတွက်စိုးရိမ်မှုတွေလွှမ်းခြုံ..။

◎◎◎



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၁)

"ဒယ်ဒီကားကို ဘယ်တွေမောင်းလာတာလဲ၊ ဘယ်သွားမလို့လဲဒယ်ဒီ"

သူမေးတာကို ဒယ်ဒီဘာမှမပြော။ လမ်းမှာကုန်တိုက်တစ်ခု ဝင်တော့လည်း သူ့ကိုအကြာကြီးကားထဲမှာ လော့ချ်ချထားခဲ့သည်။ အခုလည်း မြို့ပြင်ဘက်ရောက်လာသည့်တိုင်အောင်လည်း သူ့ကိုစကားတစ်ခွန်းမှမပြော။ ဘယ်ကိုဦးတည်နေသည်ဆိုတာ သူလည်းမသိပါ။ ဘာကြောင့်လဲလို့ တစ်လမ်းလုံးတွေးလို့မရဖြစ်လာခဲ့ရင်းနှင့် အဝေးပြေးလမ်းမကြီးရဲ့ညာဘက်တောလမ်းထဲကို ကားချိုးကွေ့မောင်းဝင်သွားတော့ သူအရမ်းအံ့ဩသွားရသည်။

"ကားပေါ်ကဆင်း"

"ဆင်းပါဆိုကွာ"

ဖွတ်အတင်းပင်အောက်ဆွဲချ၍ ကားပေါ်ကဆင်းလိုက်ရသည်။ ဒယ်ဒီမျက်နှာဘာကြောင့်ဒီလောက်တောင် ခက်ထန်ကြမ်းကြုတ်နေသလဲ မသိပါ။

"မင်းနာမည်ဘယ်သူလဲ"

"ဗျာ. . . ထက်. . . ထက်နိုင်ပါဒယ်ဒီ"

"မင်းဘယ်လိုလုပ်ပြီး သရထံနာမည်နဲ့ ငါ့အိမ်ရောက်နေတာလဲ သရထံက ဘယ်ရောက်သွားလို့"



"သရထံအတွက် မစိုးရိမ်ပါနဲ့ဒယ်ဒီ၊ သားတို့ညီအစ်ကိုနှစ်ယောက်ဆိုပြီး သူကသားနေရာကိုသွား၊ သားကဒယ်ဒီတို့နဲ့လာနေတာပါ။ ဒီလိုတွေပြဿနာတွေဖြစ်သွားတဲ့အချိန်မှာ သရထံကိုကူညီခွင့်ရ၊ ဒယ်ဒီတို့မိသားစုတကွဲတပြားမဖြစ်အောင် ပေးဆပ်ခွင့်ရတဲ့အတွက် သားကျေနပ်ပါတယ်၊ သားကိုစွန့်ပစ်ခဲ့တာကို ရင်နာတာကလွဲရင်ပေါ့လေ"

"ငါကတော့ အခုမှပိုပြီးရင်နာတာ"

"ဗျာ"

"ငါ့ကိုမင်းတို့အဖေအရင်းလို့ထင်နေလား၊ ဟားဟား. . . တစ်ယောက်ကိုသတ်ခဲ့တာတောင် မသေဘဲ ငါ့ရှေ့ရောက်လာသေးတယ်၊ တော်တော်ရေစက်ပါတာပဲ"

"ဗျာ. . . ဒါဆို"

"ဟားဟား. . . ငါ့အဖေကိုအရှဲ့တိုက်ပြီး တွဲလိုက်တဲ့ကောင်နဲ့ ကိုယ်ဝန်ပါလာတာ၊ ငါကမင်းတို့အမေကို ချစ်လို့မခွဲနိုင်လို့ သည်းခံပေါင်းသင်းနိုင်ပေမယ့် အဲဒီကောင်ရဲ့သွေးသားဖြစ်တဲ့ မင်းတို့ကိုတော့ လက်မခံနိုင်ဘူးလေ၊ အဲဒါကြောင့် အမြွှာမွေးတာကို တစ်ယောက်ကို စွန့်ပစ်ခဲ့တာ၊ သရထံကိုမွေးခဲ့တယ်ဆိုတာလည်း ခင်ခံစားနာကျင်ရမှာစိုးလို့ပဲ၊ သရထံကို ငါချစ်လို့မဟုတ်ဘူးကွ၊ အခုဖေဖေသေရတဲ့ကိစ္စမှာ ဖေဖေက သရထံကိုကုမ္ပဏီတစ်ခုလုံးအမွေပေးလိုက်တာ မကျေနပ်လို့ ဖေဖေကိုသွားပြောရင်းနဲ့ ဒီကိစ္စတွေဖြစ်သွားရတာ"

"ဗျာ. . . တ. . . တကယ်ပေါ့"

ဒီလောက်ပြောနေမှတော့ မယုံလို့မရတော့ပေ။ ဒါဆိုအမြွှာမွေးခဲ့တာ မာမီမသိဘူးပေါ့။ သူ့ကိုစွန့်ပစ်ခဲ့တာဒယ်ဒီ။ အဲ. . . ဦးကျော်ထင်။

"ဒါဆို သရထံကို တရားခံမဟုတ်ဘဲ ဝန်ခံခိုင်းပြီး ထောင်ကျစေချင်တာလည်း ကောက်ကျစ်အောက်တန်းကျတဲ့အကြံဉာဏ်ပေါ့၊ ဟုတ်လားဦးကျော်ထင်"

"ငါက ငါ့အဖေကို သတ်ချင်လို့သတ်ရမှာလား၊ ဒီကောင်က

www.burmeseclassic.com

www.burmeseclassic.com



သားအရင်းမဟုတ်ဘူး၊ အမွေတွေပေးစရာမလိုဘူးလို့ ပြောလိုက်ရင် ဖေဖေဒေါသဖြစ်သွားတာ၊ ခင့်ကိုကွာရှင်းနိုင်းတယ်၊ ဒီလိုကိုယ်ကျင့်တရား မကောင်းတဲ့မိန်းမကို မပေါင်းရဘူးလို့ပြောတယ်၊ ငါကခင့်ကိုချစ်တယ် မကွာရှင်းနိုင်ဘူးပြောလို့ ဖေဖေပေါက်ကွဲပြီး သူသိမ်းထားတဲ့ဓားနဲ့ ငါ့ကို ထိုးတာ၊ လုံးထွေးရုန်းကန်ရင်းနဲ့ ဖေဖေသူ့ကိုယ်သူထိုးမိသွားခဲ့တာပဲ"

"အဲဒါ လူသတ်မှုမမြောက်လည်း လူကိုသေစေတဲ့ပြစ်မှုမြောက် တာပဲလေ"

"ငါသိတယ်၊ အဲဒါကြောင့် ရှောင်ထွက်လာပြီးသရထံကို တရား ခံဖြစ်အောင် ဖေဖေ့အခန်းထဲအဝင်ကို စောင့်ကြည့်ခဲ့တာပဲ၊ သူ့လက်ဗွေ ရာချည်းတွေ့အောင်လုပ်ခဲ့တာပဲ၊ ဒါပေမဲ့ ရဲတွေကစေ့စပ်သေချာနေတော့ ဟိုလူလိုလို ဒီလူလိုလိုသံသယတွေပဲ ဝင်နေတယ်၊ ဒီကောင်ကို မဖမ်း သေးဘူး၊ အဲဒါကြောင့် ခင့်ကိုတစ်မျိုးလှည့်ပြောပြီး သူ့ကိုဝန်ခံနိုင်အောင် လုပ်ရတာ"

"ခင်... ခင်ဗျား အောက်တန်းကျလိုက်တာဗျား မာမို့ကို စိတ်နာအောင်ခင်ဗျားလုပ်လိုက်တာပဲ၊ တစ်ယောက်ကိုစွန့်ပစ်ပြီး တစ် ယောက်ကိုထောင်ထဲပို့တယ်၊ ခင်ဗျားလက်မခံချင်ရင်အစကတည်းက မာမို့ကိုလက်မထပ်သင့်ဘူး၊ လက်ထပ်ပြီးကိုယ်ဝန်ပါမှန်းသိတယ်ဆိုရင် လည်း အစကတည်းက ကွာရှင်းသင့်တယ်"

"ခင်ကငါ့ကိုမချစ်လို့မဟုတ်တာ၊ ဖေဖေ့ကိုရှုပြီးတွဲတာ၊ အဲဒါ ကို ဟိုကောင်ကခင့်အအေးခွက်ထဲ အိပ်ဆေးခတ်ပြီး စော်ကားခဲ့တာ ခင်ကမသိဘူး၊ ကိုယ်ဝန်ပါလာမှန်းလည်းမသိဘူး၊ ငါနဲ့ရတဲ့ကလေးလို့ ပဲသူထင်နေတာ"

"ဘာပဲဖြစ်ဖြစ်လေ အခုခင်ဗျားစွန့်ပစ်ခဲ့တဲ့ကျူပ်လည်း မသေ ဘူး၊ ခင်ဗျားမကြည်ဖြူဘဲမွေးထားတဲ့ သရထံလည်းထောင်မကျတော့ ခင်ဗျားဘာလုပ်မလဲ၊ ခင်ဗျားဖြစ်ချင်တဲ့အတိုင်း ဖြစ်မယ်ထင်နေလား"

"ဖြစ်အောင်လုပ်ရင် ဖြစ်ရမှာပေါ့၊ မြင့်ဦးဆိုတဲ့ကောင်ရဲ့သွေး



သားကြောင့် ငါ့ရဲ့ရင်ထဲမှာ မကောင်းတဲ့စိတ်တွေကိန်းအောင်းလာခဲ့တာ၊ ဒီထက်ပိုဆိုးတာတွေလုပ်ရလည်း မထူးတော့ဘူး။ အဲဒီတော့ ဒီအ ကြောင်းတွေ မင်းကိုငါပြောပြလို့ မင်းတစ်ယောက်တည်းသိတာ၊ မင်း ကိုသတ်လိုက်ရင် ဘယ်သူသိမှာလဲ၊ ကျန်နေတဲ့သရထံကို တရားခံအ ဖြစ် ဖမ်းနိုင်းလိုက်ရုံပဲလေ မဟုတ်ဘူးလား"

"ဟာ... ခင်... ခင်ဗျားဘာလုပ်တာလဲ"

ဦးကျော်ထင်ခါးကြားထဲက ဓားကိုဆွဲထုတ်လိုက်၍ ထက်နိုင် လန့်ဖျပ်သွားသည်။ ဦးကျော်ထင်က တကယ်ကိုစိတ်ရိုင်းဝင်ပြီး လုပ် ချင်တာကိုဖြစ်အောင်လုပ်မည့်ပုံပါ။ ဦးကျော်ထင်ဓားကိုင်ရှေ့ကာ ရှေ့တိုး လာတော့ ထွက်ပြေးရမလား၊ အသေခံခုခံကာကွယ်ရမလား မတွေး တတ်အောင်ဖြစ်နေသည်။

"ကိုကျော်"

"ဟင်... ခင်"

ခင်နန္ဒာခေါ်သံကြားလိုက်၍ ကိုကျော်လက်က ရပ်တန့်သွား သည်။ ခင်နန္ဒာက ရှေ့ကိုတဖြည်းဖြည်းတိုးလာ၏။ ကိုကျော်ထင်ရဲ့ ဝန်ခံမှုတွေကို အားလုံးကြားလိုက်ရသည်။ ရုန်းရင်းဆန်ခတ်ဖမ်းဆီးလိုက် လျှင် သားကိုအန္တရာယ်ဖြစ်မှာစိုး၍ ခင်နန္ဒာအသံပြုလိုက်ခြင်းပါ။

ရဲတွေနှင့်သရထံတို့ကို အခြေအနေမကောင်းမှ ထွက်လာပါဆို ပြီး ကုန်းကမူအကွယ်လေးမှာ ပုန်းအောင်းနားစွင့်ခိုင်းထားသည်။ သရထံ က အမေကိုစိတ်မချလို့ တားဆီးသေးသော်လည်း မင်းတို့ဒယ်ဒီက မာမိ ကိုအရမ်းချစ်တာ မာမို့ကိုဘာမှလုပ်မှာမဟုတ်ပါဘူးဟု ပြောပြီးထွက်လာ တာပါ။

ကိုကျော်ထင်ကတော့ ခင့်ကိုမြင်လိုက်သည်နှင့် သွေးပျက်တုန် လှုပ်နေသည်။ ဓားကြီးကို ကိုင်ထားသောလက်က တဆတ်ဆတ်တုန် ယင်နေလျက်...

"ခင်... ခင်ရှေ့တိုးမလာနဲ့၊ အဲဒီမှာနေနော်၊ မင်းဘယ်လိုလုပ်

www.burmeseclassic.com



ပြီး ရောက်လာတာလဲ''

''ကိုကျော်ဘာတွေဖြစ်နေတာလဲ၊ အဲဒီဓားကြီးဘာလို့ကိုင်ထား တာလဲ၊ လွှတ်ချထားလိုက်ပါ ခင်နဲ့စကားပြောရအောင်''

''ခင်. . . ခင်ကိုပြောတာတွေ အကုန်ကြားသွားတာလား၊ မင်း သားကြီးကိုစွန့်ပစ်တာ မင်းသားငယ်ကို ထောင်ထဲပို့တာ''

''ဩော်. . . ရှင့်ရှေ့မှာရှိနေတာ. . . ခင်အရင်မွေးထုတ်ခဲ့တဲ့ ကလေးလား၊ ဒါဆို သရုထံလေးက အငယ်ပေါ့၊ အဲလိုပြောပေးထား တော်သေးတာပဲ၊ မဟုတ်ရင် ဘယ်သူကအငယ် ဘယ်သူကအကြီးမှန်း သိရမှာမဟုတ်ဘူး''

''ဟင်''

စိတ်ဆိုးဒေါသမဖြစ်ဘဲ နဂိုပုံမှန်အေးအေးလေးပင် ပြောနေ မှု ကိုကျော်ထင်အံ့ဩနေရသည်။ ခင့်ရဲ့သားတွေကို ဒီလိုလုပ်တာ ကိုနာကြည်းမုန်းတီးမသွားဘူးလား။

''ကိုကျော်''

ခင်ကခြေလှမ်းမှန်မှန်နှင့်ပင် ကိုဆီကိုလျှောက်လာနေသည် တားဆီးဖို့မေ့လျော့နေကာ အနားရောက်မှ ခင့်မျက်နှာလေးကို မှင်တက် စွာကြည့်နေမိ၏။ ခင်ကကို့ရဲ့ဓါးကို ဖက်တွယ်လာချိန်မှာ နှလုံးသွေး တွေ ဆူဝေသွားအောင် ဖြောင်းဆန်နေသည်။ လက်တစ်ဖက်ကဓား ကိုင်ထား၍ ကျန်လက်တစ်ဖက်နှင့်သာ ခင့်ကိုပြန်ပြီးဖက်လိုက်ရသည် ထက်နိုင်လည်း မှင်တက်စွာကြည့်နေ၏။

''ခင်. . . ကို့ကိုမမုန်းဘူး မနာကြည်းဘူးလားဟင်''

''ဘာလို့မုန်းရ နာကြည်းရမှာလဲ၊ ခင့်ကိုချစ်ပေးနားလည်ပေး တဲ့ယောကျ်ားကို ခင်ဘာလို့မုန်းရမှာလဲ၊ ခင့်ကိုကိုယ်ဝန်ပါလာမှန်းသိ နဲ့ မြတ်မြတ်နိုးနိုးလက်ထပ်ပေးခဲ့တဲ့သူ၊ ကိုကျော့်အဖေကြောင့် ခင် ကျင်ရမှာစိုးပြီး ကြင်နာယုယမှုတွေနဲ့ အားပေးနွေးထွေးပေးခဲ့တဲ့ယောကျ်ား ကို ခင်ဘာလို့နာကြည်းရမှာလဲ''

[redacted]



''ခင်ရယ်''

ခင့်သွေးသားတွေကို ရက်စက်ခဲ့မိတာ နောင်တတောင်ရချင်လာ သည်။ တကယ်လူစိတ်ရှိလျှင် ဒီလိုတွေမလုပ်သင့်ပါ။ ကိုကခင့်ကို ချစ် သည့်စိတ်နှင့် ဟိုကောင်ရဲ့သွေးသားတွေကို ခင်ချစ်မြတ်နိုးတာတွေကို မနာလိုဖြစ်ခဲ့တာပါ။ ကိုယ့်သွေးသားမဟုတ်ဘူးဆိုသည့်အတွက်ကြောင့် လက်မခံနိုင်ဖြစ်ခဲ့တာပါ။

''ကိုကျော်''

''ဟင်''

''အဲဒီဓားကြီးခင့်ကိုပေးနော်၊ ကိုကျော်ကနူးညံ့သိမ်မွေ့တဲ့ လူလေ၊ ဓားကြီးကိုင်ထားတာ ဘယ်လိုမှမလိုက်ဖက်ပါဘူး။ ခင့်ကိုချစ် တယ်မဟုတ်လားကိုကျော်၊ ခင့်ကိုပေးပါနော်''

ခင့်ရဲ့စကားချိုချိုလေးတွေကို မှိုင်းမိနေဆဲမှာ ကိုယ့်လက်ထဲက ဓားက ခင့်လက်ထဲကိုရောက်သွားသည်။ ကိုယ့်မျက်နှာကို မြတ်မြတ်နိုး နိုးခင်ငေးမောစိုက်ကြည့်နေတော့ ငယ်မူငယ်သွေးပြန်ကာရင်တွေပင် ခုန် လာ၏။ ထက်နိုင်ရှေ့မှာပင် ခင့်နဖူးလေးကို ရှိုက်ခနဲနမ်းမွှေးမိတော့ ထက် နိုင်ဆတ်ခနဲမျက်နှာလွှဲသွားသည်။ မိဘတွေရဲ့အဖြစ်ကို ထက်နိုင်နား လည်ပုံမပေါ်။

''ကိုကျော်. . . ကိုကျော့်ကို ခင်အရမ်းချစ်တယ်၊ နောင်ဘဝမှာ လည်း ကိုကျော့်အချစ်ကိုခံရတဲ့ ကိုကျော့်ရဲ့ဇနီးမယားပဲဖြစ်ချင်ပါတယ်''

''ကိုလည်းခင်. . . ခင့်ကို အရမ်းချစ်တယ်၊ ခင့်သားတွေနဲ့ ပတ် သက်ပြီး ကို့ကိုခွင့်လွှတ်ပါခင်ရယ်နော်၊ ခွင့်လွှတ်ပါ''

''ဟင့်အင်း. . . အဲဒီအတွက်တော့ ခွင့်မလွှတ်နိုင်ဘူး''

''အင့်. . . ခင်. . . ခင်''

ခင်ကိုင်ထားသောဓားဦးက နှလုံးတည့်တည့်ကို စိုက်ဝင်သွား တာမို့ အသံကျယ်ကျယ်ပင် မအော်လိုက်နိုင်။ ခင်ကအမူအယာပျက် ပါ။ ရင်ဘတ်ကိုဖက်တွယ်ထားသလိုဖြင့် လဲပြိုမခံဘဲ ကိုယ့်ကိုသူမပခုံး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ မှီနွဲ့ထားသည်။

"သားတွေကို ဒီလိုလုပ်တာ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ခွင့်လွှတ်နိုင်မှာလဲကိုကျော်၊ မိန်းမနဲ့ယောကျ်ားရဲ့ချစ်ခြင်း၊ လင်နဲ့မယားရဲ့ ချစ်ခြင်းတွေနဲ့ကိုကျော်ကို အသည်းအသက်ပေးပြီး ချစ်နိုင်ပါတယ်၊ ဒီဘဝတင်မဟုတ်ဘူး၊ နောင်ဘဝမှာလည်း အတူပေါင်းသင်းချင်ပါတယ်၊ အခုကသားကြီးကိုစွန့်ပစ်ခဲ့တဲ့အတွက် သားငယ်ကိုထောင်ကျဖို့ကြံစည်တဲ့အတွက် ပြီးတော့သားကြီးကို အခုဓားနဲ့ထိုးသတ်ဖို့ ကြိုးစားတဲ့အတွက် မိခင်တစ်ယောက်အနေနဲ့ လက်တုံ့ပြန်တာပါ"

"ခင်. . . ခင်ရယ်. . . အ. . . အား"

"ကိုကျော်ရော ခင့်ကိုခွင့်လွှတ်တယ်မဟုတ်လားဟင်၊ ခင့်ကို မမုန်းဘူးမဟုတ်လား"

"ခွင့်. . . ခွင့်လွှတ်ပါတယ်၊ မ. . . မုန်းပါဘူးခင်"

"ကိုကျော့်အဖေအတွက် ကိုကျော်ထောင်မကျချင်ဘူးမဟုတ်လား၊ ထောင်ကျမှာစိုးတယ်မဟုတ်လား၊ အဲဒါကြောင့် သားကိုအဖြစ်တွေကိုယ်စားခံခိုင်းခဲ့တာနော်၊ အခုကိုကျော်ထောင်မကျအောင် ခင်လုပ်ပေးလိုက်ပြီ၊ တမလွန်ကျရင် ဖေဖေ့ကိုတွေ့ပြီး ဒီအကြောင်းတွေ ပြောလိုက်ပါ၊ ခင်နဲ့နောင်ဘဝကျရင် ပေါင်းသင်းဦးမှာလို့"

"ဒီ. . . ဒီစကားပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်၊ ကို. . . ကိုနဲ့ပေါင်းသင်းပေးမယ်ဆိုလို့ ခင်. . . ခင့်ကိုချစ်တယ်"

"နှုတ်ဆက်ပါတယ်ကိုကျော်"

ပခုံးလေးပေါ်ခေါင်းငိုက်စိုက်လည်ကျသွားသော ကိုကျော့်ကိုယ်ကြီးကို ခင်တင်းတင်းဖက်မထားနိုင်တော့။ အသက်ဝိညာဉ်မရှိတော့သော ခန္ဓာကိုယ်ကြီးက အဆမတန်လေးပင်လာလို့ပါ။ နောက်ဆုံးအနေနှင့် ကိုကျော့်နဖူးလေးကို မျက်ရည်တွေပြည့်လျှံနေလျက်နှင့် ရှိုက်နမ်းလိုက်သည်။

"ဟာ. . . မာမီ. . . မာမီ"

www.burmeseclassic.com



ထက်ခိုင်အလန့်တကြားအော်လိုက်မိသလို သရဏံနှင့်အတူ ရဲတွေရောငွေလရောအကွယ်လေးကနေ အပြေးအလွှားထွက်လာကြသည်။ ဒီလိုဖြစ်လိမ့်မည်ဟု ဘယ်သူမှ ထင်မထားကြပါ။ အေးအေးဆေးဆေး အလွမ်းသယ်ပြီး စကားပြောနေကြတယ်ထင်တာ။ ခင်နန္ဒာဘယ်လိုပုံစံမျိုးနှင့် ကိုကျော်ထင်ကို သတ်လိုက်ကြမှန်းပင်မသိ။

ခင်နန္ဒာက ရဲတွေရှေ့ကိုလက်ထိုးပေးလျက်. . .

"ကျွန်မကိုဖမ်းနိုင်ပါတယ် ဖမ်းကြပါ၊ သားတွေအတွက် ဒီလိုလက်စားမချေရရင် သူ့ကိုမုန်းသွားမိမှာစိုးလို့ပါ"

"မာ. . . မာမီ"

"မာမီ. . . ဘာကြောင့်ဒီလိုလုပ်လိုက်ရတာလဲဗျာ၊ သူ့ဘာသာဥပဒေကပေးတဲ့ပြစ်ဒဏ်ကို ခံလိမ့်မပေါ့၊ မာမီနဲ့သားတို့နဲ့အတူတူနေရရင် ပြီးပြီပေါ့ဗျာ"

"မာမီသူ့ကိုမမုန်းချင်ဘူးသားတို့ရယ်၊ မာမီအပေါ်တော့ တကယ်ကောင်းခဲ့တဲ့သူပါ၊ သားတို့အပေါ် မကောင်းတာကိုတော့ မာမီခွင့်မလွှတ်နိုင်ဘူး၊ မိခင်ဆိုတာ အဲလိုမျိုးတွေပါသား၊ သားကြီးထက်ခိုင်. . . မာမီကလေ သားကိုမွေးခဲ့မိမှန်းတကယ်မသိလို့ပါ၊ မာမီသိရင် မာမီမစွန့်ပစ်ပါဘူးကွယ်"

"သား. . . သားသိပါပြီ၊ သားနားလည်ပါပြီမာမီ၊ မာမီချစ်တဲ့ယောကျ်ားကိုဒီလိုလုပ်လိုက်ရလားဗျာ၊ သားတို့အပေါ် ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့ မာမီချစ်တယ်ဆိုရင် သားတို့ကနားလည်ပေးမှာပါ၊ အခုတော့ဗျာ၊ မာ. . . မာမီထောင်ကျတော့မယ်၊ သားတို့နဲ့ဘယ်လိုလုပ် အတူနေရမှာလဲ"

"ထောင်ကထွက်လာရင် အတူနေရမှာပေါ့သားရယ်၊ မာမီက သူ့ကိုချစ်ပေမယ့် သားတွေမုန်းတဲ့မိခင်တစ်ယောက်လည်း မဖြစ်ချင်ဘူး၊ သားတွေအတွက်ချစ်တဲ့ယောကျ်ားကိုသတ်လိုက်ရတာ မာမီနောင်တမရဘူးသား၊ မာမီကျေနပ်တယ်၊ အရမ်းကိုကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီရယ်"

"မာမီ"

သားအမိသုံးယောက်အတန်ကြာဖက်၍ ငိုမိကြသည်။ ခင်နှာက သားနှစ်ယောက်ရဲ့ ကျောလေးတွေကိုပုတ်၍နှစ်သိမ့်ပြီး မျက်ရည်တွေကြားက အံကြိတ်ကာပြုံး၏။

"သားတို့အရွယ်ရောက်နေပြီ၊ ချစ်တဲ့သူတွေနဲ့လက်ထပ်တဲ့အချိန်မှာ မာမီရှိမပေးနိုင်တဲ့အတွက် မာမီစိတ်မကောင်းပါဘူး၊ မာမီကို ခဏခဏထောင်ဝင်စာလာမတွေနဲ့၊ ညီအစ်ကိုနှစ်ယောက် မာမို့သားအမြွှာနှစ်ယောက် သင့်သင့်မြတ်မြတ်လိမ်လိမ်မာမာနေကြနော်၊ အဖေမရှိတဲ့သားတွေဆိုပြီး သားတို့အားမငယ်ရဘူး။ မာမီထောင်ကထွက်လာတဲ့အခါကျရင် အဖေမေတ္တာအမေမေတ္တာတွေနဲ့ပေါင်းပြီး မာမီချစ်ပေးမှာပါ၊ နော်သားတို့၊ မာမို့အတွက်စိတ်မပူနဲ့ မာမီကထောင်ထဲမှာ တရားမှေ့ကျင့်မှာပါ"

"မာမီရာ"

"မာမီရယ်"

"ကျွန်တော်တို့ကို တာဝန်အရ ဆောင်ရွက်ခွင့်ပြုပါ"

ဖက်တွယ်ငိုရှိုက်နေဆဲမှာပင် ခင်နှာကို လက်ထိတ်ခတ်၍ ရဲကားပေါ်တင်ခေါ်သွားသည်။ နေရာမှာ သရထံတို့ညီအစ်ကိုနှစ်ယောက်နှင့် ငွေလဟံသာတို့သုံးယောက်သာ ကျန်ခဲ့တော့၏။

ငွေလက ထက်ခိုင်ရဲ့မျက်ရည်တွေကို သူမလက်လေးနှင့် ဖွဖွလေးသုတ်ပေးသည်။

"မငိုပါနဲ့တော့ထက်ခိုင်ရယ်၊ နင့်အမေက သူလုပ်သင့်တာကို လုပ်သွားတာပါ၊ လူတိုင်းမလုပ်နိုင်တဲ့အလုပ်ကို တန်ဖိုးကြီးကြီးလုပ်သွားခဲ့တာ၊ ဒီခေတ်မှာ သားသမီးအတွက်ဆိုပြီး ကိုယ်ချစ်တဲ့ယောက်ျားကိုယ်ချစ်တဲ့မိန်းမကို ဘယ်သူကသတ်ပစ်ကြမှာလဲ၊ သတ်ရက်ကြမှာလဲ"

"ငါ့..ငါမာမို့ကို အထင်လွဲပြီး မုန်းတီးနာကြည်းနေခဲ့တာ"



"အဲဒီလိုနင်တို့စိတ်ထဲမှာ ဒဏ်ရာတွေဖြစ်နေမှာစိုးလို့ နင့်မာမီ ဒီလိုလုပ်သွားတာပေါ့ထက်ခိုင်၊ နင်တို့အတွက် ဒီလိုလုပ်သွားတာကို နောင်တမရဘူးဆိုတဲ့မေတ္တာတရားက ဘယ်လောက်တောင်ကြီးမားလိုက်သလဲ၊ အဲဒီလိုမိခင်မျိုးဖြစ်အောင်ငါလည်း ကြိုးစားချင်ပါတယ်"

"ငွေလ"

"ငါတို့အဲဒီအကြောင်းတွေ နောက်မှပြောရအောင်၊ အခုတော့ ပြန်ကြရအောင်ထက်ခိုင်၊ သရထံလာလေ သွားရအောင်"

"ညီ"

"ကိုကို"

ဘယ်သူကအကြီး ဘယ်သူကအငယ်ဆိုတာ သိသွားပြီမို့ အခုမှ ပွင့်လင်းစွာခေါ်ဖြစ်ကြသည်။ ညီအစ်ကိုနှစ်ယောက်မျက်ရည်တွေ မခန်းခြောက်နိုင်သေးပါ။

သရထံမောင်းသည့်ကားလေးပေါ်မှာ ထက်ခိုင်နှင့်ငွေလတို့ပါလာကြသည်။ သရထံက ရဲကားပေါ်ပါသွားသည့်မာမို့ကိုမြင်ရဖို့အတွက် ကားကို အရှိန်မြှင့်မောင်း၍လိုက်သည်။

သူတို့ကားလေးကိုမာမီလှည့်ကြည့်ပြီး ပြုံးနေမှာပါ။

အတိတ်ဆိုးတွေအားလုံး ထိုနေရာမှာပင် ကျန်ခဲ့လိမ့်မည်မထင်။

မာမီချစ်သောယောက်ျားကို မာမီကိုယ်တိုင်သတ်ပြီး မာမီလွမ်းနေဦးမည်ဆိုတာ..။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၂)

ခင်နန္ဒာထောင်က ထွက်လာပြီးမှပင် ထက်ခိုင်နှင့်ငွေလဟံသာ မင်္ဂလာဆောင်ဖြစ်ကြသည်။ ကိုမောင်လွင်နှင့် သီရိကြွေက သူတို့အဖေနှင့်အစ်ကိုရဲ့အပြစ်တွေအတွက် သရထံကို ပိုင်ဆိုင်မှုတွေ ကြည်ကြည်ဖြူဖြူပေးပြီး တူသားတစ်ယောက်လိုပင် စောင့်ရှောက်ခဲ့သည်။

အပြစ်ကျူးလွန်လျှင် ထိုအပြစ်ကိုပြန်ပြီးပေးဆပ်ရမှာ သဘောပေါက်သွားကြလို့ပါ။ ဒါကြောင့်မို့ ခင်နန္ဒာထောင်ကထွက်သည့်အခါမှာ သူတို့ကိုယ်တိုင် သရထံတို့နှင့်အတူ သွားခေါ်လာခဲ့ပြီး အိမ်ကြီးမှာပင် ခေါ်ထားသည်။ ဒီအမြွာနှစ်ယောက်ကိုလည်း တူသားအရင်းလိုပင် စောင့်ရှောက်ပါမည်ဟု ကတိပေး၏။

ငွေလမိဘတွေကလည်း လူ့ဘဝရဲ့ရှုပ်ထွေးပြောင်းလဲမှုတွေကို နားလည်ပေးပြီး ထက်ခိုင်နှင့်သဘောတူကာ လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

အခုတော့ အားလုံးအေးအေးချမ်းချမ်းနှင့်ပင် မင်္ဂလာပွဲပြီးဆုံးသွားပြီမို့ ငွေလကိုအိမ်ခေါ်ကာ ပြန်လာခဲ့ကြသည်။

"ကဲငွေလ. . မင်္ဂလာဆောင်ပြီးတာတော့ ဟုတ်ပါပြီ၊ ညကျရင်နင့်အနားလာအိပ်မယ့်သူက ငါ့အစ်ကိုလား၊ ငါလားဆိုတာ နင်ခွဲခြားနိုင်ပါ့မလား"





"အောင်မာ ဘာလို့မခွဲခြားနိုင်ရမှာလဲ၊ ငါချစ်တဲ့ထက်ခိုင်က ရုပ်ချင်းသာတူတာ နင့်လိုဗရုတ်သုတ်ခ အရှုပ်ထုပ်မဟုတ်ဘူး၊ ဇာကယ်ကိုယောကျ်ားပီပီသသတည်တည်ငြိမ်ငြိမ်ခံ့ခံ့ညားညားဟဲ့သိရဲ့လား၊ အဲဒါကြောင့် ငါကချစ်တာ"

ငွေလဟံသာစကားကြောင့် ညီအစ်ကိုနှစ်ယောက်မျက်စပစ်လိုက်ကြသည်။ ညရောက်တော့ မင်္ဂလာအိပ်ခန်းဆောင်ထဲကို သရထံက သူ့အစ်ကိုဆီခွင့်တောင်းပြီး ထက်ခိုင်ပုံစံနှင့်ငွေလှဆီရောက်သွား၏။

ငွေလကလုံးဝသတိမထားမိရှာ၊ အရမ်းကိုရင်ခုန်စိတ်လှုပ်ရှားပြီး ထက်ခိုင်ကိုချစ်မြတ်နိုးသည့်ပုံစံမျိုးဖြစ်နေသည်။

ထက်ခိုင်အမှတ်နှင့်တရွေ့ရွေ့တိုးကပ်လာကာ ညကြလီးယားမျက်လုံးများနှင့်နမ်းတော့မည်ပြင်မှ သရထံအသည်းတယားယားဖြစ်သွားပြီး ခုန်ထတော့သည်။

"ဟာ. . ဟာမလုပ်ပါနဲ့၊ ငါသရထံပါဟငွေလ"

"ဘာ. . နင်လျှောက်မပြောနဲ့၊ ငါချစ်တဲ့ယောကျ်ားကို ငါမှတ်မိတယ်၊ ထက်ခိုင်ပါနော် ဟုတ်တယ်မဟုတ်လား၊ လာပါ နမ်းချင်လို့လာပါဆို"

"ဟာ. မ. . မလုပ်ပါနဲ့ဟာ၊ ငါနင့်ကိုစချင်လို့လာတာပါ၊ ငါနင့်ချစ်တဲ့ထက်ခိုင်မဟုတ်ဘူး၊ သရထံပါလာခဲ့"

"မယုံဘူး၊ နမ်းမှာပဲ"

"အစ်ကိုရေလုပ်ပါဦး၊ အစ်ကို့မိန်းမကျွန်တော့်ကို နမ်းတော့မယ်ဗျ"

သရထံငယ်သံပါအောင်အော်လိုက်မှ ထက်ခိုင်အခန်းထဲဝင်လာသည်။ ငွေလကိုသရထံရဲ့အကြံအစည်ကို ပြောပြထားတာမို့ငွေလကကြိုသိပြီး သရထံကို ပညာပေးလိုက်တာပါ။

လင်မယားနှစ်ယောက်မျက်စပစ်ကာ ရယ်လိုက်မှ သရထံ



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားတော့သည်။ သားတွေအသံကြားတော့ ဒေါ်ခင်နှာ ရောက်လာပြီး ပြုံးပြုံးကြီးလုပ်နေသည်။

"ဟဲ့ သရထံ ငါနဲ့လာအိပ်လေ"

"မအိပ်ပါဘူး၊ မာမိနဲ့ပဲအိပ်မှာနော်မာမိ၊ သားတစ်သက်လုံး မိန်းမမယူဘူး၊ မာမိနဲ့ပဲသားကနေမှာ"

"အေးပါသားငယ်ရယ်၊ သားအစ်ကိုက မိန်းမယူသွားပြီဆိုတော့ သားငယ်က မာမိနဲ့နေပေါ့၊ လာပါသား ကိုကိုတို့အိပ်ကြပါစေ"

"နေပါဦး"

"သရထံငါ့အနမ်းခံချင်လို့လား"

"နိုးနိုးသွားပြီသွားပြီ"

ရယ်သံတွေဟာ အိမ်ကြီးအပြည့်ဆူညံလို့ အခုတော့ပျော်ရွှင်မှုများနှင့်သာ . . ။

ooo

[redacted]

## စာရေးဆရာမ လုံမ၏ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

| | | | |
|---|---|---|---|
| ၁။ | ရင်ခွင်စားငှက် | | |
| ၂။ | ရင်ထဲရှိတဲ့အတိုင်း | - | သစ္စာနှင်းဆီဗီဒီယို |
| ၃။ | အရောင်ကွဲပုံရိပ် | | |
| ၄။ | အခမဲ့ရင်ပြင် | - | အောင်သီရိဗီဒီယို |
| ၅။ | ခြယ်သမင် တိမ်ပန်းချီ | - | အောင်သီရိဗီဒီယို |
| ၆။ | နှိုက်သံကင်းမဲ့ဖုန် | - | အောင်သီရိဗီဒီယို |
| ၇။ | အလင်းမဲ့ည | - | မာန်ထက်ချိုဗီဒီယို |
| ၈။ | ရွှေရင်သိမ်းသစ်စကဏ္ဍာ | - | အောင်သီရိဗီဒီယို |
| ၉။ | စိတ်ပျော်စင် | | |
| ၁၀။ | မိန်းမလှ၌ကာ | - | အောင်သီရိဗီဒီယို |
| ၁၁။ | အနာဂတ်ရလေပြည် | - | ပါဝါကင်းဗီဒီယို |
| ၁၂။ | ပင်လယ်ရေနဲ့ဆေးပါ့မယ် | - | |
| ၁၃။ | ပန်းနုရောင်နီဒါန်း | - | မျက်ခြယ်ဗီဒီယို |
| ၁၄။ | တိမ်ပြာပြာနေ့တစ်နေ့ | - | |
| ၁၅။ | ရင်ခုန်သံအစီပွာယ် | - | ရုပါဝတီးဗီဒီယို |
| ၁၆။ | အချစ်ညွှတ်ကွင်း | - | Hear & Soule |
| ဗီဒီယို | | | |
| ၁၇။ | အသည်းကွဲအောင်လက်မှတ် | - | သစ္စာနှင်းဆီဗီဒီယို |
| ၁၈။ | အနမ်းများနှင့်ရေ့ဆက်ခွင့်ပြုပါ | - | အောင်သီရိဗီဒီယို |
| ၁၉။ | အရောင်မဲ့သင်္ကေတ | - | ရွှေစင်ဦးဗီဒီယို |
| ၂၀။ | ပြောဖို့လိုသေးလား | - | အောင်သီရိဗီဒီယို |
| ၂၁။ | မင်းအတွက်ဆို | - | မာန်ထက်ချိုဗီဒီယို |
| ၂၂။ | သက်တမ်းရင့်သမုဒယ | - | သစ္စာင်းဆီဗီဒီယို |
| ၂၃။ | မေ့ဖို့မလွယ် | - | အောင်သီရိဗီဒီယို |
| ၂၄။ | အကြင်နာလက်တစ်ကမ်း | - | ရွှေစင်ဦးဗီဒီယို |
| ၂၅။ | မေ့လို့မရသည့်အကြောင်းအရင်း | - | အောင်သီရိဗီဒီယို |

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## တရေးဆရာမ လုံမ၏ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သီရိဗိဒ်ယို
၂၇။ မကြိုက်ဘူးလို့ ချစ်မိတယ် – အောင်သီရိဗိဒ်ယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သီရိဗိဒ်ယို
၂၉။ ငြိတွယ်ခြင်း သင်ခန်းစာ – အောင်သီရိဗိဒ်ယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သီရိဗိဒ်ယို
၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သီရိဗိဒ်ယို
၃၂။ နှောင်ဖွဲ့မီး – အောင်သီရိဗိဒ်ယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သီရိဗိဒ်ယို
၃၄။ ချစ်တယ်လို့ပြောပါဦး – မာန်ထက်ရှိဗိဒ်ယို
၃၅။ မျက်ရည်မြစ်များ – အောင်သီရိဗိဒ်ယို
၃၆။ မြတ်နိုးတတ်မယ်ဆိုရင် – အောင်သီရိဗိဒ်ယို
၃၇။ ရည်းစားဦးကျိန်စာ – အောင်သီရိဗိဒ်ယို
၃၈။ တိမ်တိုက်ကကြိုး – အောင်သီရိဗိဒ်ယို
၃၉။ ရွှေနားတော်သွင်းမည့် ချစ်ခြင်းဒီကာ – အောင်သီရိဗိဒ်ယို
၄၀။ ရင်ခုန်သံနားကြွပ် – အောင်သီရိဗိဒ်ယို
၄၁။ နှလုံးသားသံတမန် – သဇ္ဇာနှင်းဆီဗိဒ်ယို
၄၂။ အနမ်းနှစ်သိန်ခု
၄၃။ အချစ်များဖြင့် ဖွဲ့သီအပ်သော
၄၄။ အလွမ်းမျက်ခြေ
၄၅။ အနမ်းတွေနဲ့အသက်ဆက်မယ်
၄၆။ မျှော်လင့်ခြင်းနန်းတော်
၄၇။ လျှို့ဝှက်လမင်း


ယခုလ

အချစ်ဆီဝိသင့်စေ

ဆက်လက်၍

ထားရက်ခဲ့လည်း မနေရဲပါ

www.burmeseclassic.com